
www.burmeseclassic.com

# လရောင်ကျူးရင့်

ယုံပါ

BURMESE CLASSIC



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ – ဒေါ်နိုင်ယုလင်း (၀၁၆၆၀)
ရွှေငွေလှိုင်စာပေ၊ အမှတ်(၃၉)၊ ၄၄–လ
မိုလ်တာထောင်မြို့နယ်၊ ရန်ကုန်မြို့။

အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)

အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း
ရန်ကုန်မြို့။

အကြိမ် – ပထမအကြိမ်
၂၀၁၇ ခုနှစ်၊ ဇူလိုင်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

လရောင်ကျူးရင့် ၈၉၅.၈၃
ယုံပါ/ လရောင်ကျူးရင့်၊
ရန်ကုန်။ ရွှေငွေလှိုင်စာပေ၊ ၂၀၁၇။
၃၀၄ စာ ၊ ၁၅ စင်တီ x ၁၈ စင်တီ ။
(၁) ယုံပါ


BURMESE CLASSIC



## အခန်း [၁]

"ဟော့ကောင်ရေ ဟိုမှာ လာပြီ ကားမည်းကြီးနဲ့"

"အချိန်ကို မှန်နေတာပဲနော် ..."

သူတို့ တစ်ဖွဲ့လုံး လှည့်ကြည့်လိုက်မိကြသည်။ မြင်နေကျပေမယ့် မြင်တိုင်းမရိုးနိုင်တာက ထိုကားနက်ကြီးကို စီးနင်းသော ပိုင်ရှင်တွေက အလွန်ပင် ဟိတ်ဟန်ကြီးကာ သွားလေရာမှာ ရှေ့တော်ပြေးကားတစ်စီးက အရင်ဖြစ်နေသောကြောင့် ...။

"ရှေ့ပြေးကားကို မမြင်လိုက်ဘူး ဘယ်တုန်းက ဒီက ဖြတ်သွားတာလဲ"

"မင်းလိုပဲလေ၊ စာမရသေးလို့ ကျောင်းရောက်မှ ကုန်းရုန်းကျက်နေရတာကိုး"

"ဒါဆိုလည်း ဆက်ကျက်မယ်၊ လိုက်မော့မနေနဲ့"

"သခင် .. ဟိုမှာကြည့်ကွ၊ ဒီနေ့ နောက်ဆုံးနေ့မို့လို့ထင်တယ် ဓာတ်တော်ကြီးကိုလှတာ .."

www.burmeseclassic.com

www.burmeseclassic.com



သူ နောက်ထပ် လည်ပင်းလိမ်၍ လှည့်ကြည့်မိပြန်သည်။ ခင်ဦးသျှောင် ဆိုသော သူမသည် ပန်းသွေးမက မနီမကျ ရဲရဲတောက်နေသော ဝတ်စုံကို လည်ကပ်လက်ပြတ်လေးဝတ်ထားသည်။

ထုဘီ၏ ဒူးနားမှာ ပြိုးပြက်လက်နေသော ကန့်လန့်ဖြတ်ငွေမှင်ကြောင်းလေးတွေ ခပ်ရေးရေးပါကာ လည်ကပ်စတစ်ကော်လံလေးမှလည်း တလက်လက်တောက်ပနေ၏။

ပြီးတော့ သူမရဲ့ လည်တိုင်မှာ ခုနစ်ပင်လိမ် ပလက်တီနမ်ကြိုးပျော့ကို ရင်ညွန့်အောက်ထိ အရှည်ဆွဲထား၏။ လက်ကောက်ဝတ်မှာသည်း လည်ပင်းကအတိုင်း ကြိုးပျော့လေးက တွဲရွဲကျနေသည်။

ခြေလှမ်းလိုက်တိုင်း ဖွေးနုသော ခြေကျင်းဝတ်လေးမှာ လှုပ်လွဲပေါ်လွင်သွားသော ဖုချိန်းလေးကလည်း ဆင်တူ ..။

"အင်း ..."

"ဘာလဲကွ .. အင်းသံကြီးက ..."

"လှတယ်လို့"

"လှတာတော့ ဟုတ်ကောင်း မင်းထက်နောက်မကျတာ သေချာတယ်"

"ဘာလဲ ငါက သူနဲ့ ဘယ်သူပိုလှလဲ ပြိုင်နေလို့လား"

"မင်းကလည်း ပန်းသခင် လေ၊ ပန်းကလေးများရဲ့ သခင် ဟဲ .. ဟဲ ဒါပေမဲ့ .."

"မင်းကလည်း တောင်ငူရာ အဲ့ဒါကြီးက လှမေမယ့် ကျီးအာသီးကြီးပါ။ အပြင်ကတော့ ရဲရဲစိုစိုမွှေးမွှေးကြိုင်ကြိုင် အထဲကတော့ မွနေလောက်တက် ..."

"မင်းက အထဲထိ ဘယ်လိုမြင်လိုက်တာလဲ"

"ဟုတ်ကောင်း"



"ဟုတ်တယ်လေ ... သူများကို မစာမနာဝေဖန်ရမယ်ဆို သက်ရော မျက်နှာရော မင်း ..."

တောင်ငူနဲ့ သုံးခွ နှစ်ယောက်တည်း စစ်အေးဖြစ်နေကြသည်။ သူတို့သုံးယောက်မှာ ဝင်းစိုးက တောင်ငူသားဖြစ်ကာ ကြည်စိုးဦး က သုံးခွဇာတိဖြစ်သည်။

ထို့ကြောင့် သူတို့ကို မြို့နာမည်တွေပဲ ခေါ်ဖြစ်ကြကာ ..။

"ငါက ကျီးအာသီးရဲ့ အထဲကိုပြောတာ .."

"အေးပါ အဲ့ဒီ ကျီးအာသီးကိုပဲ မြင်ဖူးလားမေးနေတာ .."

"အဲဒါလည်း အမေတို့ ပြောပြတာလေ"

"ဟား .. ဟား .. ဟား .. ဟား"

ရယ်ချလိုက်တော့ သခင့်အသံ။

"ဟ .. ဟိုမှာကြည့်နေပြီ .."

ခင်ဦးသျှောင် နှင့် နောက်လိုက်နောက်ပါများက သူတို့နောက်ကနေ ဖြတ်သွားစဉ် သခင့်ရယ်သံကြောင့် ထိုထဲမှ အသက်အကြီးဆုံးလူထွားကြီးက တုံ့ခနဲ ရပ်ပြီး လှည့်ကြည့်၏။

သခင် ပါးစပ်ပြဲကြီးက နေရာမကျခင် ပြလျက်သား ရပ်တန့်သွားကာ အသံပါပျောက်၏။ တောင်ငူတို့ မျက်တောင်လေးတွေ ပုတ်ခတ်ပုတ်ခတ်လွဲ၍ ...

"တားတားတို့ ရယ်ဘု"

"ဗလနဲ့ အနိုင်ကျင့်နဲ့နော်၊ ကိုယ့်လမ်းကိုယ်ချက်တွား .."

မျက်နှာလွဲ၍ နှုတ်ခမ်းလှုပ်ရုံပြောနေကြသဖြင့် သခင့်မျက်နှာရယ်ချင်ပက်ကျိဖြစ်လာခဲ့ပြီး ...

"ဟား .. ဟား .. ဟား .. ဟား .."

www.burmeseclassic.com

ww.burmeseclassic.com



"ဟော့ သူငယ် ..."

သခင် ရယ်ခြင်းကို တိခနဲ ရပ်၍ ...

"ခင်ဗျာ ..."

နေရာမှ ထရပ်ပြီး ပျာပျာသလဲ ရိုသေဟန်နှင့် ခြေမကိုင် လက်မကိုင်မိ။

တမင်နောက်ပြောင်နေမှန်းသိကာ လူကြီးမျက်နှာတင်းတင်းကြီး နီရဲလာကာ ...

"မိန်းကလေးတစ်ယောက် ခြေလှမ်းမှားအောင် နောက်ပြောင်တာ အင်မတန်ရိုင်းပျတဲ့ စော်ကားမှုပဲ"

"ဟုတ်လား၊ ကျွန်တော်တို့ ရယ်လိုက်တာ ဘယ်သူ့ခြေလှမ်း မှားသွားတာလဲ"

လူကြီး မျက်မှောင်ကုတ်သွားသည်။ သခင်က ခပ်လှမ်းလှမ်းမှာ ရပ်စောင့်နေသည့် ခင်ဦးသျှောင်ကို ကျော်၍ ဟိုဒီ လိုက်ရှာသလို ချာလပတ်ရမ်းအောင် လိုက်ကြည့်၏။

"တကယ် မရည်ရွယ်ပါဘူး ခင်ဗျာ၊ အဲ့လို ဖြစ်သွားရင် တောင်းပန်ပါတယ်၊ I'm Very Sorry ... So Sorry"

အိုဗာအိုက်တင်တွေနှင့် အလွန်အကျူးတောင်းပန်နေတာကို အသံတိတ်စိုက်ကြည့်နေသော လူကြီးသည် တစ်စုံတစ်ရာမှ ပြောမည့်ပုံမရှိဘဲ နှုတ်ခမ်းတိတိစေ့ထားလျက် နောက်ပြန်လှည့်၏။

ပြီးတော့ ထွက်သွားမည်ပြင်ပြီးမှ ခြေလှမ်းပြန်ရပ်သည်။ နောက်တစ်ခါ လည်ပင်းလိမ်၍ ငဲ့ကြည့်တော့လည်း သခင်က ခါးညွတ်၍ အရိုအသေပြုလိုက်သေးသည်။

လူကြီးခမျာ နောက်ထပ် ရဲခနဲဖြစ်သွား၏။ ဒါပေမယ့် ဒီတိုင်းပြန်



လှည့်ထွက်သွားလေသည်။ သူ့ခြေလှမ်းတွေ သိပ်ဝေးဝေးမရောက်လိုက်ခင် ...

"ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား .."

ဝါးခနဲ ရယ်ချလိုက်သည့် အသံတွေ နားထဲ တိုးဝင်လာသည်။ ထိုအသံတွေထဲမှာ တစ်ယောက်သောသူ၏ ရယ်သံက ပို၍ကျယ်လောင်နေကာ ထိုအသံကိုလည်း သူမှတ်မိနေသည်။

အရပ်မြင့်မြင့် အသားလတ်လတ်နှင့် အလယ်ခွဲဆံပင် ခပ်အုပ်အုပ်တို နားနှစ်ဖက်မှာ ထည့်ညှပ်ထားသေးသည်။ ထိုဆံပင်အရှည်စက ပခုံးမှာ ခွေဝိုက်ထောက်ပြီး ခပ်ကောက်ကောက်စုဖွဲ့နေ၏။

ရယ်နေသော နှုတ်ခမ်းအစုံက ပါး၍ နီနေသည်။ သွားတန်းတို့က ညီပြီး ကြည့်ကောင်းသည်။ ရယ်နေလျက် ပါးနှစ်ဖက်ပေါ်မှာ ပါးချိုင့်လို အရစ်တို့ထင်ကာ ရယ်လျှင်ပိုချော့သွားတတ်သည့် မူဟန်မျိုးဖြစ်သည်။

"ဖာတီ ... ငါရယ် ..."

"...... ...... ......"

"ဟုတ်တယ် မင်းကို အရေးကြီး ခိုင်းစရာပေါ်လာလို့"

"...... ...... ..."

"ဟုတ်တယ် မင်းဖြစ်တယ်မို့လား၊ အခု သူ့ကို ကြည့်ထား၊ သူနဲ့ ပတ်သက်တဲ့ ပရိုဖိုင်း ဒီည ငါ့ဆီအရောက်ပို့"

"...... ...... ..."

"အေး ပြည့်စုံပါစေ၊ နောက်တစ်ခါ ပြေးကြည့်ရတာမျိုး မဖြစ်စေနဲ့"

ဖုန်းပြောပြီးသည့် အချိန်မှာ သခင်တို့ သုံးယောက်တို့ လှမ်းမြင်လိုက်တာ တိုက်တိုက်ဆိုင်ဆိုင်။

www.burmeseclassic.com

www.burmeseclassic.com



ရင်ဘက်မှာ အပြာစင်းပါသည့် အဖြူရောင် တီရှပ်လက်တိုကို စတိုင်လ်ဘောင်းဘီ အညိုနှင့် ဝတ်ထားကာ စီးထားသည့် ဖိနပ်က လှူးဝစ္စဗစ်တွန် အဖြူရောင်။

သုံးယောက်ထဲမှာ သူ့အရမ်အမောင်းနဲ့ ပုံစံက ထင်းနေသည်။ ဘယ်က ကြားလိုက်ကြားလိုက် ရယ်သံကျယ်ကြီး ကြားရပြီဆိုလည်း သူ့အသံပဲ ဖြစ်ကာ အစအနောက်သန်သူမှန်း သိသာအောင် မျက်နှာက အရှိန်မရှေးရယ်လက်စနှင့် စပ်ဖြဲဖြဲ ..။

"ကိုလေး သူ့အကြောင်း သိချင်လို့လား .."

ညီ ဖြစ်သည့် သူတော်က အနားရောက်လာပြီးမေးသည်။

"အင်း ... ငါ စုံစမ်းနိုင်းထားတယ်"

"ဘာအတွက်လဲ"

ဦးသူမြတ်က ပင့်သက်ရှိုက်လိုက်ရင်း မျက်နှာလွှဲ၍ ...

"အမှိုက်ပေမယ့် မျက်စိထဲ ဝင်လာရင်တော့ မီးပုံရှို့ပစ်လို့ ဘယ်ရမလဲကွ .."

ဒါပဲပြောပြီး နာရီ ကြည့်သည်။

မြန်မာစံတော်ချိန် မနက်ဆယ်နာရီ မိနစ်သုံးဆယ်တိတိ ...။



## အခန်း (၂)

"မြန်မာစံတော်ချိန် ကိုးနာရီ မိနစ်သုံးဆယ် တိတိမှာ 'ပန်းသခင်' ရေသဘင်မဏ္ဍပ်ကြီးက ဒီနှစ် နှစ်သစ်မင်္ဂလာသင်္ကြန် အခါတော်ကျပါတယ်ခင်ဗျား .."

အားပါးတရ ကြော်ငြာလိုက်ပြီးမှာ လက်ခုပ်သံတွေ တဖြောင်းဖြောင်း ကြားရမည်လို့ သေချာပေါက်တွက်ခဲ့သေမယ့် တိတ်တိတ်ဆိတ်ဆိတ်ကြီး ဖြစ်နေသောကြောင့် ...

"လုပ်ကြလေ .."

"ဘာလုပ်ရမှာလဲ .."

"သင်္ကြန်ကျတဲ့ လက်ခုပ်သြဘာသံ .."

"သင်္ကြန်ကျတာ သူများတွေ ရေထဲမှာမျောနေကာမှ လက်ခုပ်တီးပြီး ထကြောင်ရမှာလား .."

"အေးလေကွာ .."

အိမ်ထဲကထွက်လာသည့် သခင့် မျက်နှာကလည်း ရှုံ့မဲ့မဲ့နှင့် ...

"ကဲ .. ကဲ .. ခိုင်မာလှာနင်းဆီတို့၊ နွေဦးကျူက်သရေတို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် အာဖြဲကြီးနဲ့ .."

"ပြဲတော့ ဘာဖြစ်လဲ၊ အဲလိုခေါ်ထုတ်မှ မြန်မြန်ထွက်လာမှာ၊ မဏ္ဍပ်ရှင်က စင်ပေါ်မရောက်သေးဘူး၊ ဟိုမှာ ရေကုန်တော့မယ် .."

"ဒါတော့ .. ငါတို့က ကိုယ့်လမ်းကြောင်းနဲ့ကိုယ် ရွေ့နေတာကိုကွ.."

သခင် တို့ ခြံဝန်းရှေ့မှာ ကားသုံးစီး တန်းစီနေကာ လူငယ်တွေက အပြည့် ..။

ခြံရှေ့မှာ မဏ္ဍပ်မလုပ်ရဘူးလို့ အဒေါ်အပျိုကြီးက တားမြစ်ထားသဖြင့် ဒီနှစ် 'ပန်းသခင်'မဏ္ဍပ်ကို ပြည်လမ်းက သူငယ်ချင်းတွေနဲ့ ပူးပေါင်းပြီး သွားလုပ်ထားရင်း ...

ဒီနေ့ အကျနေ့ကျမှ အဒေါ်ဖြစ်သူက ရဟန်းခံအလှူကို လိုက်ခဲ့ရမည်ခေါ်နေသဖြင့် ရင်းနှီးသည့် သူငယ်ချင်းတွေပါ ခေါ်ပြီး လိုက်သွားခဲ့ရသည်။

ဟိုလိုဒီလို အယောင်ပြပြီး ဒေါ်လေးကိုလည်း မပြောဘဲ ပြန်လစ်ခဲ့ကြတာတောင် ဒီရောက်တော့ အချိန်က လင့်နေပြီဖြစ်ကာ ...

"ကဲ .. ခိုင်မာလာ .."

"မအော်နဲ့ သေနာ .. ငါ လာနေပြီ"

"ဟမ် .."

ခိုင်မာလာ က လှမ်းအော်သည်။ ခြံရှေ့ကမလာဘဲ ဘေးတံခါးမလွယ်ပေါက်ကနေ သူမကိုယ်လုံး ခပ်ဖိုင့်ဖိုင့်ကို တိုးကြိတ်ထွက်နေရကာ ...

"အား .. သေပြီ .. ပြဲပြီ .."

"ပြဲမှာပေါ့၊ လေးဖက်ထောက်လိုက်ရင် ပြီးတဲ့ဟာကို၊ ကျပ်ကျပ်တည်းတည်း အတင်းတိုးကြိတ်နေတာ .."

"ထင်ကျော် ဖင်ပေါ်ကောင်၊ နင့်ပါးစပ်ကြီး ပိတ်ထားပြီး တိတ်တိတ်နေ .."



"အံမာ .. ငါက သနားလို့ .."

"နားငြီးလိုက်တာကွာ၊ ဘယ်မှာလဲ ဟိုတစ်ယောက် နွေဦးကျက်.."

"မအော်နဲ့ .. ဟိုမှာ ကားပေါ်တက်နေပြီ .."

"ငါခေါ်တာ ကျက်ပဲရှိသေးတယ် .. ကားပေါ်ရောက်နေပြီ၊ ဟီးဟီး .. အဆင်ပြေသလိုလိုက်တဲ့ပုံပဲ .."

"ဟော့ကောင် ..."

"ခြော် .. သူက ကြေးမများတတ်ဘူးလေ၊ နွေဦးကျက်သရေလို့ ဆိုးအောင်တောင်မခေါ်ရသေးဘူး၊ ဟိုမှာ ကျပ်နေတဲ့ကားပေါ် လုတက်နေတာ မဟုတ်ဘူးလား၊ တကယ်ဆို ငါတို့ကားမှာ ချောင်သေးတာကို.."

"အဲ့ကားပေါ်မှာ သူ့ဘဲ ပါတယ်လေ၊ မင်း ကန်းနေလား .."

"မကန်းပါဘူး၊ ခု မြင်သွားပြီ .."

သူတို့အုပ်စုက သုံးယောက်တည်းက အပတ်မလည်အောင် စနောက်တတ်ကြသည်၊ နာမည်ပြောင်တွေ ခေါ်ကြတာလည်း ဝါသနာပါသေးသည်။

တကယ်ဆို ခိုင်မာလာက ခိုင်မာလာ ပဲဖြစ်ကာ နွေဦးကလည်း ကျက်သရေမပါပေ၊ သူမတို့နှစ်ယောက်က သခင်နဲ့ ခြံချင်းကပ်လျက်မှာ နေကြကာ ကျောင်းမှာလည်း မေဂျာမတူပေမယ့် သခင့် သူငယ်ချင်းတွေ အားလုံးနဲ့ ရင်းနှီးကြ၏။

"ကဲ .. ကဲ စုံပြီနော် .. ထွက်မယ်"

ထိုစဉ် သခင့် ဖုန်းသံကြောင့် အားလုံး လှည့်ကြည့်ကြ၏။

"ဟလို .. အန်တီဝါ ပြောလေ .. သား ကြားပါတယ်"

".... .... ...."

"ဟာ တရားမနာချင်ပါဘူး အန်တီဝါကလည်း၊ ဒီနေ့ အကျနေ့ကြီးကို ဘုန်းကြီးကျောင်းမှာ တရားနာပြီး ဘာလုပ်ရမှာလဲ"

".... .... ...."

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး အန်တီဝါရာ .. တစ်နှစ်မှ သုံးရက်တည်း ပျော်ရတဲ့ဟာ"

"…. …. …."

"မဟုတ်ပါဘူးဆို"

"…. …. …."

"ဟုတ်ကဲ့ပါ .. စိတ်ချ .. အိုခေ .. ဘိုင့် .."

ညိုနေသည့် သခင့် မျက်နှာ ပြုံးပြုံးရယ်ရယ်ဖြစ်သွားမှ အားလုံး ဟင်းချနိုင်ကြသည်။ သခင့် အဒေါ် ဒေါ်ဝင့်ဝါနိုင် က စည်းကမ်းကြီးသည်။

'ခိုင်သခင်'စိန်ဆိုင်ကြီးကို ဦးစီးနေသည့်အတိုင်း လူကလည်း မာကျောကျောပဲဖြစ်၏။ အထူးသဖြင့် သခင်နဲ့ပတ်သက်သမျှ ဘာမဆို 'ရှိပါစေတော့'ဆိုပြီး ပေါ့ပေါ့ပါးပါး ပြီးပျောက်စေလိုက်တယ်ဆိုတာ မရှိ။

"ကဲ .. အိုခေပြီမို့လား၊ လာပါ .. တက်ပါ .."

"ပုလဲတို့က ဟိုဘက်တိုးဟာ၊ လာ သခင် ဒီမှာ နေရာရှိတယ်"

"ဒီလိုလား၊ နေရာတွေများ တို့ဘက်မှာလည်း ရှိတာပါပဲ၊ သခင် ဒီကိုလာလို့ရတယ်နော်"

ရန်နဲ့ မေ့မူးတို့က မတည့်အတူနေ နှစ်ယောက်။

သူတို့ကိုကြည့်ပြီး တောင်ငူက ခေါင်းကုတ်ကာ ..

"ဟဲ့ .. နင်တို့ ငါတို့ကို တစ်ယောက်စီခေါ်ပါလား၊ သခင့် က တစ်ယောက်တည်းဆိုတော့ အဝေမမျှဘူး"

"တော်ပါပြီ၊ အဝေမမျှလည်း ရတာနဲ့ပဲ အဆင်ပြေပါတယ်"

"အေးလေ .. လူကဖြင့် လေးလုံး၊ ညဘက်ဆို မျက်မှန်ချွတ်လိုက်တာနဲ့ ဘာမှမမြင်ရတော့တဲ့ဟာ"

"အဲတော့ မမြင်ရလို့ ဟိုစမ်း ဒီစမ်း .."

"ဟိတ် တော် .. ထပ်စော်ကားရင် ငါ သည်းမခံဘူး"



"ခို .. ခို …"

"ဟား .. ဟား .. ဟား .."

သခင် က ရယ်ရင်း ရှေ့ခန်းမှာ ဝင်ထိုင်လိုက်ပြီး လက်ပြသည် ပြီးတော့ ဖုန်းထုတ်၍ …

"သုံးဝွ မင်းတို့ပဲ မဏ္ဍပ်ကို လစ်တော့၊ ငါတို့ အင်းလျားလမ်း ဘက်ကို ပတ်လိုက်ဦးမယ်"

"ဟာ .. ယော့ကောင်"

"ဟား .. ဟား .. ဟား"

တောင်ငူ က ကြားလိုက်သဖြင့် အားပါးတရရယ်ကာ သခင် ကိုင် ထားသည့်ဖုန်းကို ဆွဲယူပြီး ချလိုက်ကာ …

"ဗဟန်းကြီးကွေ့ .. မြန်မြန်ကွေ့"

ကားသုံးစီးမှာ သူတို့ကားပဲ လမ်းခွဲမှာ ချိုးကွေ့ကျန်ရစ်ခဲ့လျက်..

"သကြိန်ကလည်း ပျင်းဖို့ကောင်းလိုက်တာကွာ၊ မဏ္ဍပ်လေးတွေ တိုးကျဲတဲနဲ့"

"ရေစိုချင်ရင် ကန်ရောက်မှ ပြေးခုန်ချကွာ၊ ညည်းမနေစမ်းပါနဲ့"

"ခေါင်းဆောင်မကောင်းရင် တပည့်ရက်သား ဆင်းရဲတယ်တဲ့"

"ဘာဆိုင်လို့လဲ …"

"ဆိုင်တာပေါ့ကွ၊ သခင့်ကြောင့်"

"ငါနဲ့ ဘာဆိုင်လို့လဲ .."

တောင်ငူ က မျက်မှန်ကိုပင့်တင်လိုက်ပြီး မဏ္ဍပ်ရှိရာကို မျှော် ကြည့်၍ …

"ကိုယ့်မဏ္ဍပ်မှာ အေးဆေးသွားထိုင်ရင် ပြီးတာပဲကို"

"အဲဒီတော့ .."

"ခုတော့ ရေပက်ခံချင်လွန်းလို့ လမ်းကြောင်းရှာလာတာလေ၊ နို့ဆီခွက်နဲ့ခုတ်မယ့် ကလေးပေါက်စတွေတောင် မရှိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အဲလိုဖြစ်အောင် ငါ ခေါင်းဆောင်တယ်ပေါ့"

"မဟုတ်လို့လား၊ မင်း ငါတို့ကို ပြန်ပြီးလက်ညှိုးထိုးဖို့ စိတ်မကူးနဲ့နော်၊ အားလုံးကို မင်းပဲ ခေါင်းဆောင်တာ၊ ခေါင်းဆောင်က ခေါင်းဆောင်ပီသအောင်လုပ်ဖို့ပဲ၊ နင် ဝိုင်းလုပ်ပေါ့ သူလည်းလုပ်ပါနဲ့ လာမပြောနဲ့၊ ကိုယ့်နေရာနဲ့ကိုယ့်တာဝန် .."

"ဒီကောင် .. တော်တော်ရေပက်ခံချင်နေတာကွ .."

"အေးလေ .. နောက်လိုက်ဆိုရင်လည်း နောက်လိုက်လိုနေပါလား"

"ငါက ငါ့ဟာငါနေတာနော်၊ သခင် ဆိုတဲ့ သတ္တဝါ သူ့ကို ပြောတာနဲ့ နောက်ကို ပြန်ပြန်ကြည့်နေတာ မပြောဘဲ မနေနိုင်လို့"

"ပြောပြီးနေပါပြီ သူတောင်းစား"

သခင် က တစ်တစ်ခွခွဆဲသည်။ တောင်ငူ က မျက်စောင်းထိုးကာ..

"ပြောနေတာတောင် သိမှမသိဘဲ၊ ဟွန်း .. မုန့်ဝေတော့ ရှေ့က..တုတ်ဝေကာမှ မျှမျှတတဆိုတာချည်းပဲ၊ မပြောချင်ဘူး .."

"ဟော့ကောင် .."

"မင်း ငယ်ငယ်တုန်းက အဲ့လို အကျင့်ပုပ်တာတွေလေ .."

"ငယ်ကျိုးငယ်နာတွေပါ ဖော်လာပြီနော်၊ မလွယ်ဘူး"

"ကဲပါကွာ၊ လာ .. လာ ငါလောင်းပေးမယ်"

ဖြိုးလေးက အိတ်နဲ့ ထည့်ယူလာသည့် ရေခဲဘူးကိုဖွင့်၍ တောင်ငူ့ခေါင်းပေါ်ကနေ လောင်းချလိုက်၏။

"ဟာ .. အား .. နေမပေး .."

"ဟား .. ဟား .. ဟား .."

"သေပြီ .. အေးလိုက်တာ အား ..."

ရယ်သံတွေ ဆူညံသွားသည်။

"ကဲ .. ကဲ ဟိုမှာ ရေမဏ္ဍပ်တွေပြီ၊ မင်းကို ပဲကြီးတွန့်တွန့်သွားတဲ့အထိ ကားရပ်ပေးထားမယ် .. ကြိုက်သလောက်ခံ .."



"မရဘူး အဲဒီ မဏ္ဍပ်မှာ ကားအကြာကြီး ရပ်လို့မရဘူး .."

"ဟော့ကောင် ရရ မရရ ငါလုပ်တာ ငါ့ဥပဒေ .."

"ဒါပဲပေါ့ .."

"ပြီးရော ..."

ကားမောင်းသည့် သူကလည်း ခေါင်းညိတ်လိုက်တာနှင့် မဏ္ဍပ်ရှေ့ရောက်ဖို့ပဲ ကြိုးစားနေကာ ...

"ရပြီလား ..."

"အိုခေ .. အိုခေ .."

"ဟား ရေပေါက်လေး စိုခံရဖို့ စောင့်လိုက်ရတာ၊ ပေး ငါ့ကို ရေဘူး ..."

တောင်ငူနဲ့ ဖြိုးလေးတို့ ကားပေါ်ကကို ရေတွေ လှမ်းပက်သေးသည်။ ပြီးတော့ ပိုက်နဲ့ကျလာသည့် ရေတွေကို ပဝါနဲ့ ငှေ့ရမ်းဆော့ကာ ကွေးအောင်ကလေသည်။

"ကျွတ် ..."

ထိုကားတွေကြောင့် ဦးသူမြတ် စိတ်ပျက်နေမိသည်။ ပြီးတော့ နာရီ ကြည့်လိုက်မိသည်။ ချိန်းထားသည့် ကိုယ်စားလှယ်နဲ့တွေ့ဖို့က အချိန်ကပ်နေပြီ ဖြစ်သည်။

တစ်လမ်းလုံး ချောင်ချောင်ချိချိမောင်းလာခဲ့ပြီးမှ ...

"ပြန်ဆုတ်လိုက်မလား ကိုလေး"

"ပြန်ဆုတ်ဖို့လည်း လွယ်မလားကွ၊ ရှေ့ကားမထွက်လို့ နောက်ကားတွေလာပိတ်နေရတဲ့ဟာ ..."

"တီ ... တီ ..."

နောက်ဆုံးကကားတွေလည်း ဟွန်းတီးနေကြသည်။ ဒါပေမယ့် မဏ္ဍပ်ရှေ့ရောက်နေသည့် ကားတွေက မလှုပ်ကြသဖြင့် ဘာမှ မတတ်နိုင်။

www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်လိုက်တော့ တူမဖြစ်သည့် ခင်ဦးသျှောင်၏ မျက်နှာလေးက အပြုံးတို့နှင့် ကြည်လှဲ့နေ၏။ အမြဲတမ်း မျက်မှန်တပ်ထားသဖြင့် ပြုံးခြင်း တည်ခြင်းကို နှုတ်ခမ်းသားလေးတွေကနေ ကြည့်ရသည်။

စိမ်းပြာရောင် ရှပ်အင်္ကျီအပါးသားလေးနှင့် ပခုံးသာသာဆံပင်တွေကို နောက်မှာ ခေါင်းစည်းကွင်းလေးနဲ့လည်း စည်းထား၏။

ဒါပေမယ့် ဆံစလေးတွေ တစ်ချို့တလေ ပြုဆင်းနေကာ သူမ၏ မျက်နှာညက်ညက်လေးက ချစ်စဖွယ်လေးဖြစ်နေ၏။

"ဟော့ သမီး တံခါး ဘာလုပ်မလို့လဲ .."

"ဟိုမှာ သံကြိုးန်ဦးထုပ်လေးတွေထင်တယ်၊ ဝယ်ချင်လို့ ..."

"မဖွင့်နဲ့၊ မဖွင့်နဲ့၊ ဘေးမှာ ကားတွေကကပ်နေတာ .."

ဦးသူတော်က တူမဖြစ်သူကို ဆွဲထားတော့မတတ် တားဆီးကာ ဘေးကိုလည်း မေးဆတ်ကာ ...

"ရေပက်ခံကားတွေ မတွေ့ဘူးလား သမီးရယ်၊ ယောကျ်ားလေးတွေ အော်ချင်ရာအော်နေကြတာ ..."

"ရေပက်ခံထွက်တဲ့ ရက်ပဲ လေးတော်ကလည်း ..."

"မဖွင့်ရဘူး၊ အယုတ္တအနတ္တတွေပြောလိုက်ရင် မိန်းကလေးဘက်က ဘယ်လောက်နဲစ်နာလဲ၊ လက်ထဲမှာလည်း ရေပိုက်တွေ ခွက်တွေနဲ့"

"လေးတော်ကလည်း လက်လေးထုတ်ပြီး ဝယ်တာလေးကို ..."

"နေဦး၊ လေးတော် ဝယ်ပေးမယ်"

"ဟင် အဲဒါ မယူတော့ဘူး"

"တီ .. တီ"

တူမ မျက်နှာ ညိုသွားမှန်းသိပေမယ့် ကားဟွန်းသံတွေကြောင့် မကြားဖြစ်တော့ဘဲ အပြင်ကို ခေါင်းပြူကြည့်မိကာ ...

"ဘာဖြစ်တာလဲ ကိုယ်က ဒီမှာတောင်ရှေ့တိုးမရလို့ စိတ်ညစ်နေရတဲ့ထဲ"



"တောက် ... ဒီနေ့ကျမှ စိုးသန်းတို့ကို ခေါ်မလာခဲ့မိတာ မှားတာပါပဲ ..."

ဦးသူမြတ်ကလည်း တက်တခေါက်ခေါက်နှင့် နာရီထပ်ကြည့်သည်။ မျှော်ကြည့်လိုက်တော့ ရှေ့ဆုံးကားပေါ်မှာ လူငယ်တွေ ခုန်လို့အော်လို့ကောင်းနေတုန်း။

"ကေးတို့ ဘာလို့ ရှေ့တိုးလို့မရတာလဲ .."

"ရှေ့ကားတွေ မလှုပ်လို့ ခုပဲ ပြောနေတာလေ၊ မဏ္ဍပ်ပေါ်က သီချင်းဆိုနေတဲ့ မိန်းကလေးတွေကို ငေးပြီး ကျောက်ချနေကြတာ ..."

"ဒါဆို ကေး လမ်းဆင်းလျှောက်မယ်၊ ဒီတိုင်း ငုတ်တုတ်ကြီးထိုင်နေရတာ ကြာလှပြီ"

"ဘာ ..."

"သီချင်းဆိုတာ ကြည့်ရင်း ရေပက်တော့လည်း ဘာဖြစ်လဲ"

"ဘာ ..."

ညီအစ်ကိုနှစ်ယောက်စလုံး တစ် 'ဘာ' စီ အသံထွက်ကုန်ကြကာ မျက်နှာတွေပါ ပျက်၏။ ခင်ဦးသျှောင် ဆိုတဲ့ မိန်းကလေး ဖွတ်တရွတ်လုပ်ချင်ပြီဆို ဘယ်လောက်ပြောရခက်သလဲ သူတို့အသိဆုံး ...။

"မဖြစ်ဘူး .. မဖြစ်ဘူး၊ သမီးကို ရေကစားခွင့် မပြုနိုင်ဘူး"

ခုတောင်မှ ကားထဲမှာ မိန်းကလေးရှိနေသည့်အရိပ်ကို မြင်ပြီး သွားကြီးတွေ တဖြဲဖြဲနှင့် စချင်နောက်ချင်လို့ ရိုးတိုးရွတာတွေ ဖြစ်နေကြတာ .. မဖြစ်ဘူး။

ဦးသူမြတ်ပဲ ဘောင်းဘီရှည်ကြီး တကားကားနှင့် ရှေ့ကို လျှောက်ထွက်သွားကာ ကိုယ်ပေါ်ကို ရေစက်ရေမွှားပေကျလာတာကို လက်နဲ့ကာရင်း ...

"ဒီမှာဟေ့ .. သူငယ် .. ဒီမှာ"

ကားမောင်းသည့်နေရာမှာ ထိုင်နေသော လူရွယ်ထံ ကွေ့ပတ်သွား

www.burmeseclassic.com

www.burmeseclassic.com



ကာ မျက်နှာကို တည့်တည့်ကြည့်ခေါ်မှ ...

"ဗျာ .."

"ဒီလောက်ဆော့ရရင်တော်ရောပေါ့ကွာ၊ မင်းတို့ကား နည်းနည်းတော့ ရွှေ့သင့်ပါပြီ .."

"ဗျာ ..."

မကြားတာလား ရွဲ့နေတာလားမသိ ..။

ဖြစ်နိုင်တာကတော့ တမင်တကာ ပြက်ရယ်ပြုခြင်း။

"အန်ကယ်တို့က ရေပက်ခံကား မဟုတ်ပါဘူး၊ တို့လိုပဲ ကြားထဲမှာ ညပ်နေတဲ့ ကားတွေလည်း ရှိသေးတယ်၊ မင်းတို့ရေပက်ခံဖို့ တခြားမဏ္ဍပ်တွေလည်း ရှိပါသေးတယ်"

ထိုစဉ် ဦးသူမြတ် က မမြင်ပေမယ့် သခင်တို့က အချင်းချင်းလက်ကုတ်ပြီး အနားရောက်လာကြကာ ...

"ဘာဖြစ်လို့လဲ လသာ .."

"ဒီမှာကွာ ကားရွှေ့ခိုင်းနေလို့ ..."

"ဟုတ်လား .. အန်ကယ်ကြီးက ဒီမဏ္ဍပ်လုံခြုံရေးကလား၊ မဟုတ်ပါဘူး၊ ကျွန်တော် မြင်ဖူးသလိုပဲ .."

ဦးသူမြတ် မျက်နှာကြီး တင်းသွားသည်။ ဒီကားမှာ သခင် ပါနေသည်မှန်း သိလိုက်သည်နှင့် ဘယ်လိုမှ အဆင်မပြေနိုင်တော့မှန်းလည်း တွက်မိလိုက်၏။

"မင်းကလည်းကွာ၊ ကားရောင်းစုံထည်လဲစီးနေတဲ့ အန်ကယ်ကြီးတွေလေ၊ ငါတို့စာမေးပွဲဖြေတုန်းက မင်းကိုတောင် Fri လာလုပ်သေးတယ်လေ"

"ဪ ..."

"ဒီမှာမောင်ရင် .. သကြိန်ရက်ဆိုပေမယ့် .."

"ခွီး ..."



စကားပြောနေရာ မျက်နှာကို တည့်တည့်ထိုးကျလာသည့် ရေပိုက်အရှိန်ကြောင့် ဦးသူမြတ် မျက်နှာလွှဲကာရင်း ခဏကြာမှ ပြန်လှည့်၍

"ရေပက်ခံဖို့ မဟုတ်ဘဲ ကိုယ့်အကြောင်းနဲ့ ကိုယ်သွားလာနေကြတဲ့ ကားတွေရှိတယ်၊ မင်းတို့က ထိပ်ကနေ ကျောက်ချနေရင် နောက်ကားတွေ ဘယ်လိုလုပ်ရမလဲ"

"ကျွန်တော်တို့လည်း သူများကျောက်ချနေတုန်းက စောင့်နေရတာပဲ၊ ဟိုမှာလေ .. သူများတွေလည်း သီချင်းနားထောင်ပြီး လိုက်ကနေကြတာ ဘယ်သူမှ မြန်မြန်ထွက်ပါ လာမပြောဘူး"

"နောက်မှာ ဟွန်းတီးနေကြတာ မင်းတို့မှ မကြားဘဲ"

"ဟုတ်လား အဲဒီလူတွေက ဒီကားတွေကြားအောင် မတီးကြတာဖြစ်မယ်၊ အန်ကယ်လ်ကားက အဲဒီမှာလား .."

မေးရင်း ကားပေါ်ကို လွှားခနဲ တက်၍ နောက်ကိုသေချာရှာကာ

"ဟာ .. တွေ့ပြီ၊ ငါတို့ မြင်ဖူးသော ကားထဲက တစ်စီး .."

ပြောပြီးတော့ လွှားခနဲ ပြန်ခုန်ဆင်းလိုက်သည်။ ဦးသူမြတ် စကားပြောဖို့ ကြိုးစားရင်း ပြီးဆုံးတယ်မရှိဘဲ မျက်နှာပေါ် ရေတွေ ရွဲကျလာလိုက်၊ စတေ့ချ်ပေါ်က အဆိုတော်၏ အသံက စူးဝင်လာလိုက်နှင့် မကြားနိုင်မမြင်နိုင်ဖြစ်နေဆဲ။

"ကိုလေး ..."

"ဟေ ..."

လက်ကို ဦးသူတော် လာဆွဲလိုက်တာ သိကာ လှည့်ကြည့်လိုက်၏။ ဦးသူတော် မျက်နှာကြီးက သုန်မှုန်လျက် ..

"လာ .. လာ .. ဟိုမှာ ပြဿနာတက်နေပြီ"

"ဟင် ..."

သူ့ရှေ့မှာ ကောင်လေးမရှိတော့တာသိလိုက်လျှင် ဦးသူမြတ် ထိတ်ခနဲဖြစ်သွားသည်။ ရေတွေအလုံးအရင်းနှင့် ပတ်နေကြကာ တစ်ခုကို သေချာ

www.burmeseclassic.com

www.burmeseclassic.com



ကြည့်လည်းမမြင် ...။

လူတွေ ခန်ပေါက်တိုးကြိတ်နေကြသဖြင့် သွားရတိုးရတာလည်း လိုရာခရီးကို ချက်ချင်းမရောက်နိုင်၊ သူတို့မှာ ခက်ခဲနေသော်လည်း သခင် လမ်းကြောင်းက ရှေ့ရှုတဲ့အတိုင်း ဖြောင့်ဖြူးနေလျက်။

"ဒီမှာ .. အဲ့ဒီသရက်သီး ဘယ်လောက်လဲ"

မိန်းကလေးပီပီ အချဉ်မြင်တော့ မနေနိုင်။

ဦးလေးနှစ်ယောက်စလုံး အနားမှာ မရှိသည်နှင့် မှန်ချပြီး အချဉ် ထုပ်ဝယ်လိုက်စဉ် ...

"ရှီး ..."

"အား ..."

ရေသန့်ဘူးဝကို သေချာချိန်ပြီးမှ အနည်းငယ်ဟနေသည့် တံခါး ထဲကို တအားဖိညှစ်လွှတ်လိုက်၏။

လက်လေးတစ်ဖက်ထုတ်ပြီး ပိုက်ဆံနဲ့ မုန့်ထုပ်ကို လဲယူနေသော ခင်ဦးသျှောင် မျက်နှာလေးက နီးကပ်စွာရှိနေလျက် ရေတွေဝင်လာမှ ဖျက်ခနဲ လွှဲလိုက်ပေမယ့် ..."

"အား ..."

ရေတွေအလုံးလိုက်ဝင်သွားသည့် နားတစ်ဖက်ကို ဖိအုပ်၍ နာနာ ကျင်ကျင်အော်နေ၏။

"ဟော့ ...မင်း ဘာလုပ်တာလဲ"

"ရေပက်တာပါ ..."

"မင်း ..."

"ဖတ် ..."

ဦးသူမြတ် အသားတုန်အောင် ဒေါသထွက်နေလျက် အသိတရား တွေ အမှောင်ဖုံးသွားသည် .. သို့သော် ..

သူထိုးချလိုက်သည့် လက်သီးကို ကြားဝင်ခံပေးလိုက်သည့် လက်ပေါ်



တစ်ဖက်က သခင့်မျက်နှာရှေ့မှာ လုလုပပ ဖြန့်ကာထားပြီး ဖြစ်လျက် ...

"အန့်ကယ်ကြီးကလည်း ဒေါသကြီးလှချေလား၊ သကြိန်မို့လို့ ရေပက်တာပဲ'

သခင့် က ရယ်ရင်း ပြောလိုက်ပြီး လန့်သွားသလို ပခုံးတွန့်၍..

"ရေသန့်ဘူးလေးနဲ့ ပက်တာပါ၊ ဟိုပိုက်ထဲက ရေရောတွထက်တောင် သန့်သေးတယ်"

"တောက် .. မင်း .."

"ကိုလေး တော်ပြီ၊ ကေား ဘာဖြစ်သွားလဲ မသိဘူး၊ ကားပေါ်တက်"

"လူရှုပ်တွေ .."

ဦးသူမြတ် စူးစူးရဲရဲကြည့်၍ နောက်ထပ် တကီခေါက်တော့ သခင် က ရေသန့်ဘူးကို လွှင့်ပစ်လိုက်ပြီး လက်သီးနှစ်ဖက်ဆုပ်၍ အရှိအသေ ပြုသည်၊ ထို့နောက် ...

"ဟော့ကောင်တွေ တောင်းပန်တဲ့ အနေနဲ့ ဧလီဖားတုံးတွေ နည်း နည်းရွေ့ပေးလိုက်ရအောင်"

"ဘာလဲကွ၊ မင်းကို ထိုးလိုက်တဲ့ လက်သီးအားက ဒီနားမှာတင် နှစ်ဆယ့်လေးနာရီ အိပ်ပျော်သွားနိုင်တယ် နားလည်လား၊ ငါ လက် တစ်ဖက်လုံး လက်မောင်းရင်းထိ အောင့်တက်သွားတာ .."

သခင့် မျက်နှာရှေ့ကနေ လက်နဲ့ ဝင်ကာလိုက်သည့် သုံးခွ က သူ့လက်ဝါးကို ဆုပ်ချီကွေးချီလုပ်ရင်း လက်ချလွဲကြည့် လုပ်နေ၏။ သခင် က သူ့ပခုံးကို ပုတ်၍ ...

"မင်းကို ကျေးဇူးထင်တဲ့အတွက် အခု ဘေးဖယ်နေလို့ရပြီ"

သူက စပြီး မဖို့ရွေ့ဖို့ ဖြစ်လိုက်တာနှင့် သူတို့ သူငယ်ချင်းအုပ်စု တွေ ကားပေါ်က ဆင်းလာကြကာ လမ်းလယ်ခေါင်မှာ ကာထားသည့် ဧလီဖားတုံးတွေကို ကားကွေ့သာအောင် ဖယ်ပေးလိုက်ကြသည်။ ဒရိုင် ဘာက ကားတန်းကနေ ဖယ်ထွက်ဖို့ ပြင်ဆင်နေပေမယ့် ... ဦးသူမြတ်

www.burmeseclassic.com

www.burmeseclassic.com



တို့ မျက်နှာတွေက အရှိန်ကုန်ဆွဲတင်ထားသော လေးညို့ကဲ့သို့ ...

"အိုကေ .. ကျေပြီနော် .."

လက်ဝါးနှစ်ဖက် ပွတ်ခါနေရင်း ကားကွေ့သွားတော့ သခင်က လက်မထောင်ပြီး ကပ်ပြောလိုက်သေးသည်။

ဦးသူမြတ် ကျိခနဲ အံကြိတ်၏။

"ကိုလေး .. ကေး တော်တော် နာသွားတယ် .."

"တောက် ..."

ဦးသူတော် ရဲ့ စိုးရိမ်ဖွယ် စကားကြောင့် ခပ်ကြိတ်ကြိတ်တက် ခေါက်လိုက်ပါသည်။

မင်းနဲ့ ငါတို့ဘက်မှာ ကျေအေးဖွယ်ဆိုတာ မရှိဘူးကောင်လေး။

ဒီနေ့ ဒီမှာတင် မပြီးသေးဘူး။



အခန်း [၃]

"မထင်နဲ့ သခင်၊ အဲ့ကိစ္စ ဒီမှာတင် ပြီးသွားမှာ မဟုတ်ဘူး .."

"ဟုတ်တယ်ကွ၊ ဘိုးတော်ကြီး တော်တော် တင်းသွားတာ .."

"ငါမြင်လိုက်တယ်၊ ဟိုတစ်ယောက် တစ်ခုခုဖြစ်သွားတယ် .."

"ဘာတစ်ခုခုလဲ ..."

"မသိဘူး၊ နားနှစ်ဖက်အုပ်ပြီး ငုံ့သွားတဲ့ပုံက မင်းရေပက်တာကို ကျသွားတာ မဟုတ်တာတော့ သေချာတယ် .."

"ရော့ .."

မုန့်လုံးရေပေါ် ပန်းကန်တွေကို လိုက်ဝေပေးနေရင်း တောင်ငူ ပြောတာကို သခင် က နားထောင်ကာ ...

"ဘာလဲ .. ငါက ရေသန့်ဘူးလေးနဲ့ အယဉ်ကျေးဆုံး ခေါ်ပေါ် သည်နဲ့ ပက်တာ .."

"အေးလေ .. ငါတို့ထဲက မင်းသားက ရေပက်တာများ နာအုံ့ထင်

www.burmeseclassic.com



နေသေးတယ်၊ ထားလိုက်စမ်းပါ ..”

“အံမာ .. ခိုင်ဟာလာနှင်းဆီ၊ လူတိုင်း နင့်လို ဖက်တီးစတိုင်လ် မှတ်နေလား၊ ကိုကလည်း ကွင်း(န်)နော် ..”

“ဘာကွင်းတာလဲ၊ မိုးကွင်းနေတာလား၊ လုပ်မနေနဲ့၊ ဒီနှစ် သကြန် မတိုင်ခင်တည်းက မိုးတွေညို့နေတာ မိုးတောင်ကွင်းမှာ မဟုတ်ဘူး”

“နင်တို့ မိန်းကလေးတွေ ထွက်လာရင် ဒါပဲ”

“ဘာ ...”

“လေသံ ...”

“ရောမကြော်နဲ့နော်၊ ငါတို့ကတော့ ကိုယ့်လူဘက်က နာမှာပဲ သူတို့သာ ဖြစ်သွားတာ၊ ဒါ ရေပတ်ကြတဲ့နေရာလေ ..”

“ဟုတ်တယ်”

နွေဦးရဲ့ စကားကို ခိုင်မာလာက မိန်းကလေးချင်း မဲတိုးသွားသဖြင့် အားပါးတရ ထောက်ခံ၏။

“သူတို့ကို သခင် က မပက်လည်း သူများက ပက်မှာပဲ”

“သူများက ပက်ဖို့သတိရမလားဟ၊ သူက မုန့်လေးလက်တစ်လုံး လောက်ချပြီး မုန့်ဝယ်နေတာ”

“အမလေး .. အိုဗာတွေ ပြောပြန်ပြီ၊ သူ့လက်မောင်း ဝါးရင်း တုတ်လောက်ကြီး ထိုးထွက်နေတာများ လက်တစ်လုံးတစ်ခဲ မုန့်ချရဲ့ ပဲ့လား .. ဟွန်း ..”

“လုပ်ပြီ .. အဲဒီက စတာ ..”

ဖြိုးလေးကလည်း ခေါင်းတခါခါနှင့် ဆံပင်ခါနေ၏။ စိုရွှဲနေသည့် ရေတွေက ပတ်ဝန်းကျင်ကို ဖွားခနဲစင်သွားခဲ့ပြီးမှ ...

“ဆင်စွယ်ရောင် အသားဝင်းကလေးနဲ့ ဆင်နှာမောင်းလို လက်



လေးတစ်ဖက် ...”

“ကားပေါ်ကနေ ဆင်မယဉ်သာ ဟန်လေးနဲ့ ဆင်းလာတာရော ပေါ်ဘူးလား ..”

“အေးလေ ... ဆင်ထဲကကို မထွက်တော့ဘူး ..”

“ဒါပေါ့လေ၊ မနာလို မရှုစိမ့်ကြတော့လည်း ...”

“သူလှတာကို မနာလိုစရာ မရှိပါဘူး”

“အဟဲ .. လှတယ်ဆိုတာတော့ ဝန်ခံလာပြီ ..”

မိန်းကလေးတွေရဲ့ မျက်စောင်းတန်းက ဖြိုးလေး နဲ့ တောင်ငူထံ တန့်ခနဲ။

“လှတယ်လေ၊ လှပေမယ့် ဒီလောက် မာန်တက်နေတဲ့ဟာတွေ ဆိုသွားတာတောင် နည်းနေသေးတယ်၊ ကိုယ်က တမင်လုပ်တာလည်း မဟုတ်ဘူး၊ ရေသန့်ဘူးထဲက ရေနဲ့ပက်တာ ရေသန့်ဘူးနဲ့ ရိုက်ထည့် လိုက်တာကျနေတာပဲ”

သူတို့တွေ မုန့်လုံးရေပေါ်တွေကိုလည်း အလုအယက် ပါးစပ်ထဲ ဆောက်ထည့်နေကြသေးသည်။ ဖြစ်လာတဲ့ ပြဿနာကို ပြောနေကြတာ သည်း သူများမကောင်း ကိုယ်သာကောင်း၏။ ထိုစဉ် ..

“ဘယ်သူ ဘာဖြစ်သွားလို့လဲ သား ...”

“ဟင် ...”

“အယ် ...”

ဒေါ်ဝင့်ဝါခိုင် အသံကြားလိုက်သည်နှင့် အားလုံး မျက်လုံးတွေ ပြူး အသံတွေတိတ်ကုန်ကြကာ ...

“အန်တီ ...”

“အန်တီ ...”

www.burmeseclassic.com

www.burmeseclassic.com



ကို့ယို့ကားယားထိုင်နေကြတာတွေ ပျာပျာသလဲ ပြုပြင် ထောင်မတ်သွားကြကာ ...

"အပ္ပွန်း ..."

"မဟုတ်ဘူး အန်တီဝါ၊ ဘာမှမဟုတ်ဘူး၊ ဒီလိုပဲ အပ္ပွန်း .."

ဒေါ်ဝင့်ဝါခိုင်က သခင့်ကိုကြည့်နေရင်းကနေ အားလုံးရဲ့ မျက်နှာတွေပေါ် ရောက်သွားသည်။ ကိုယ်စီမျက်နှာတွေ ဟိုလွှဲ ဒီလွှဲနှင့် ရယ်သွမ်းသွေးတဲ့ သူက ရယ်လိုက်ရှိကာ ...

"တကယ်ပါ၊ ကျွန်တော်တို့ ..."

"အေးပါ၊ မင်းတို့တွေ ပြောမပြောဘဲ အန်တီဘယ်လိုလုပ်သိမှာလဲ ဒါပေမယ့် ပြဿနာကြီးကြီးသေးသေး အပြင်မှာ အဆင်မပြေတာ တစ်ခုခု ရင်ဆိုင်လာရရင် လူကြီးမိဘကို မပြောဘဲ မထားရဘူး"

ပြောနေရင်း အားလုံးကိုကြည့်သည်။ ယောကျ်ားလေး ခုနစ်ယောက်လောက်မှာ မိန်းကလေး လေးယောက်၊ ဒါတောင် အတူတူ ရေကစားကြသည့် ယောကျ်ားလေးတွေ အကုန်လုံး ပါမလာကြလို့ ဒီလောက်ဖဲ ရှိနေတာဖြစ်သည်။

မိန်းကလေးတွေက အတွင်းခံအကျီတိုရှပ်တွေ ကိုယ်ကပ်လေးတွေနဲ့ဖြစ်ကာ၊ အပေါ်က ဂျင်းဂျက်ကင်တွေ ထပ်ဝတ်ထားကြ၏။

သို့သော် ဒေါ်ဝင့်ဝါခိုင် သိပ်မရင်းနှီးခဲ့သော မိန်းကလေးတစ်ယောက်ကတော့ အနက်ရောင် လက်တစ်လုံးကြိုးနှင့် ဂျင်းဟိုက်ချိုင်းပြတ် ဆွဲသားလေးပဲ ဝတ်ထားကာ အပေါ်ထပ် ဘာမှမပါပေ။

ရေစိုရွဲကပ်နေသော မိန်းကလေး တစ်ယောက်၏ ရင်ဘက်အလှတွေက ယောကျ်ားလေးတွေ အလယ်မှာ အမြင်ရိုင်းနေခဲ့လျက် ..

"အပ္ပွန်း အကျီက အရမ်းလေးလို့ .."



သူမရဲ့ ရင်ဘတ်ကို ဒေါ်ဝင့်ဝါခိုင် မျက်မှောင်ကုတ်ကြည့်လိုက်တာနှင့် ဘေးမှာ ချိတ်ထားသည့် ဂျာကင်ပါးလေးကို ကမန်းကတန်း လှည့်ဖြုတ်၍ ဝတ်ဖို့ပြင်သည်။

မနက်ပိုင်း ရေကစားပြီး ဝင်နားကြတာမို့ အိမ်ပေါ်မတက်ကြဘဲ ခြံထဲက ပန်းစင်နှင့် ထိုင်ခုံတွေမှာ ထိုင်နေကြတာဖြစ်ကာ ..။

"အားလုံးကို အန်တီပြောချင်တာက ကိုယ့်မှာ မိဘ အုပ်ထိန်းသူတွေရှိရက်နဲ့ မိဘမဲ့တစ်ကောင်ကြွက်လို မနေရဘူးဆိုတာပါ၊ ဒီထဲမှာ မိဘမရှိတော့တဲ့ သားတို့ သမီးတို့ပါရင် ဆောရီးနော်၊ အန်တီက ချိုးနှိမ်ပြောချင်တာမဟုတ်ပါဘူး၊ ပြောရမယ်ဆို သားလည်း သူ့အမေ ရှိတော့တာမှ မဟုတ်တာ ..."

တူဖြစ်သူကို သက်သေထားပြီးမှ ...

"ဒါပေမယ့် မိဘနဲ့ အုပ်ထိန်းသူကို အတူတူထားပြီး လေးစားရမယ်၊ ဆုံးမလမ်းပြမယ့်သူရှိနေသားနဲ့ ကိုယ့်လမ်းကိုယ်ထွင်မယ်ဆိုတဲ့ အာနနဲ့ နေရာတကာကို အမှောင်ချမထားရဘူး၊ ကိုယ်တိုင်ဖြေရှင်း ကြည့်လို့ အဆင်မပြေလာရင် တိုင်ပင်ရမယ်၊ အကြံဉာဏ်ယူရမယ် .."

"သားတို့ဘာမှ မဖြစ်ခဲ့ပါဘူး၊ ကျောင်းတည်းက သိထားတဲ့ မိန်းကလေးတစ်ယောက်ကို ရေသန့်ဘူးနဲ့ ရေပက်လိုက်တာ .. အဲဒါ .."

သူက ပေါ့ပါးသည့် ကိစ္စတစ်ခုအဖြစ် ရှင်းပြဖို့ ကြိုးစားသည်။ သို့သော် သူမက နားကို အုပ်ပြီး ထအော်လိုက်တာမို့ ထိုအဖြစ်ကို မြင်ယောင်ပြီး ပညာတတ်သည့်လျှာ ခလုတ်တိုက်၏။

"အဲ့ဒါ ..."

"ရေသန့်ဘူးနဲ့ ရေပက်တာကို စိတ်ဆိုးသွားတာလား ..."

"ဟုတ်တယ် .. ဟုတ်တယ် အန်တီဝါ၊ သားတို့က ယဉ်ယဉ်

www.burmeseclassic.com

www.burmeseclassic.com



ကျေးကျေးပက်တာပါ ..."

"နေပါဦး၊ သားတို့က မဏ္ဍပ်ပေါ်ကနေ ရေသန့်ဘူးနဲ့ ပက်နေကြတာလား ..."

"ဟမ် ..."

မျက်နှာတွေ အသီးသီး ပျက်ကုန်ကြ၏။ မဏ္ဍပ်ကြီး တခမ်းတနား ထဆောက်ကြပြီး သူများမဏ္ဍပ်ရှေ့မှာ သွားကဲနေကြတာ ဘယ်လိုပြောရမလဲ ...။

"ရေပက်ခံဖို့ ထွက်လာကြတဲ့ မိန်းကလေးတွေက ရေသန့်ဘူးနဲ့ ပက်တာလေးကိုကို စိတ်ဆိုးသွားတာလား ..."

"မဟုတ်ဘူး .. အဲဒါ ..."

ဆွဲချရှေ့နေထက်ပို၍ အနုစိပ်သော အန်တီဝါ့ မေးခွန်းတွေကြောင့် အဖြစ်မှန်ကို ပြောပြလိုက်ရတော့သည်။

ဒေါ်ဝင့်ဝါခိုင် မျက်ခုံးတို့ကို တွန့်ကုတ်နေရာမှ ပြန်လည်ပြေပြစ်ခြင်းသို့ မရောက်တော့ဘဲ ...

"အန်တီ့သားက အဲဒီလောက်တောင် ရိုင်းနေတာလား .."

သေပြီ ..၊

ပိုသေချာတာ .. ဒီညနေ သူ မဏ္ဍပ်ထိုင်ခွင့်ရတော့မှာမဟုတ်။



## အခန်း [၄]

"ခင်ဗျားကို ချဲမန်းက တွေ့ချင်နေတယ်"

"ဗျာ ..."

ဦးခန့်ညားအောင် စိတ်ထင့်သွားသည်။ သင်္ကြန်တွင်းမှာပဲ မြန်မာပြည်ကို အရေးတကြီးပြန့်သွားခဲ့သည့် ချဲမန်းက ပြန်ရောက်ရောက်ချင်း သူ့ကိုခေါ်သည်မို့ အကြောင်းအရာတစ်ခုခု အမှုကြီးနေပြီဆိုတာ သေချာသည်။

"ချဲမန်း မျက်နှာသိပ်မကောင်းဘူး ကိုခန့်"

"ဟင် ... အလုပ်ကိစ္စများလား"

"ဘာရှိလို့လဲ၊ ကျွန်တော်လည်း ကိုယ့်တာဝန်ယူရမယ့်လိုင်းတွေကို ကျေပွန်ခဲ့တာပဲ ..."

ဦးခန့်ညားအောက် ဓာတ်လှေကားထဲ ရောက်တဲ့အထိ အတွေးတွေနဲ့ ဝဲလယ်နေခဲ့သည်။ လင်းလက်နေသော စက်ဘုပ္ပည်ရဲ့ အလှတွေမှာ ခင်ေျာရင်း အထပ်ပေါင်းများစွာ ကျော်တက်လာခဲ့သည်။

ဓာတ်လှေကားရပ်သွားတာတောင် တံခါးဖွင့်သွားမှ ထွက်ဖို့

www.burmeseclassic.com

www.burmeseclassic.com



သတိရ၏။ ရှေ့မှာ ဝန်ထမ်းတစ်ချို့နဲ့ဆုံကာ သူ့ကိုမြင်တော့ ခေါင်းငုံ့နှုတ်ဆက်ကြရာ ..

"မပြန်သေးဘူးလား သူဌေး"

"ဆရာ မပြန်ရသေးဘူးလား၊ ဂွတ်ဒ်နိုက်ပါ"

"အေး ... ဂွတ်ဒ်နိုက်"

သူ အထဲဝင်လာတော့ ချမ်းမန်းဦးကြီးမြတ်သူ က လက်နှစ်ဖက်နောက်ပစ်ကာ မှန်ချပ်ကနေ အပြင်ဘက် ညမြင်ကွင်းကို ငေးကြည့်နေ၏။

"ကျွန်တော် ရောက်ပါပြီ သူဌေး .."

"ထိုင် ကိုခန့် ..."

ပြောပြီးမှ ဒီဘက်ကို လှည့်လာကာ ..

"ရန်ကုန်မှာ ကျွန်တော့်သမီးရဲ့ ခွဲစိတ်ထားရတဲ့ နားတစ်ဖက် ထိခိုက်မှု ဖြစ်သွားတယ်"

"ဗျာ ..."

ဘာအကြောင်းအရာဆိုတာ စကားပလ္လင်မခံဘဲ ပြောလိုက်ကာ ခုံကိုဆွဲလှည့်ပြီး စားပွဲနောက်မှာ ဒီတိုင်းဝင်ရပ်သည်။ ပြီးတော့ စားပွဲမှာ လက်နှစ်ဖက်ထောက်၍ မျက်နှာငုံ့ကာ ..

"သမီးရဲ့ နားနှစ်ဖက်စလုံး မကြားဘဲနေရတာ ခြောက်နှစ်၊ ခွဲစိတ်ကုသလို့ရနိုင်ပေမယ့် သူ့ရဲ့ ကျန်းမာရေးအခြေအနေကြောင့် နောက်ကျမှ ခွဲစိတ်ခဲ့ရတယ်"

ဦးကြီးမြတ် သူတို့ အိမ်တွင်းရေးတချို့ကို ကုမ္ပဏီက လူကြီးပိုင်းတွေ သိကြပါသည်။ အထူးသဖြင့် ဒီသမီးအပေါ်မှာ ဦးကြီးမြတ်သူ ကအစ မိသားစုအားလုံး ဘာလို့ ဂရုစိုက်အလေးထားကြမှန်း ..။

"အခု ခွဲစိတ်ပြီးတာ မကြာသေးဘူး၊ ထပ်ပြီး ထိခိုက်မိလို့"

ဦးကြီးမြတ်သူ အတော်လေး ခံစားနေရပုံပေါ်ကာ စကားကိုတော်



အပြီးမသတ်နိုင်။ ခဏကြာမှ ..

"ထိခိုက်မိတဲ့ နားက တော်တော် အခြေအနေဆိုးသွားတယ်၊ သူ့ကိုယ်မှာ ထိခိုက်သွားရင် ခွဲစိတ်ကုသမှုလုပ်ဖို့ကလည်း အခက်အခဲတွေ ဖြစ်နေတတ်တော့ သမီးခမျာ အရွယ်နဲ့မမျှတဲ့ ရောဂါဝေဒနာဆိုးတွေနဲ့ အမြဲတမ်းလုံးထွေးနေရှာတာ .."

"ကျွန်တော် ခုလို ကြားရတာ တကယ်ကို စိတ်မကောင်းဖြစ်မိပါတယ်ခင်ဗျာ၊ စိတ်ရင်းနဲ့ ပြောတာပါ၊ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကလေးကို သူဌေးအာရုံစိုက်နိုင်အောင် ကျွန်တော် တတ်နိုင်တာရှိရင် တာဝန်ပေးပါ၊ အားလုံး ကျေပွန်ရပါစေ့မယ်"

ဦးကြီးမြတ်သူ ရဲ့ မျက်လုံးတွေက ဒေါသထွက်နေတာလား၊ အံကြိတ်မြိုသိမ့်နေတာလား။

အမှန်မသိသော်လည်း ဦးခန့်ညားအောင်ရဲ့ မျက်နှာထက်မှာ အတန်ကြာစူးစိုက်နေခဲ့၏။ ပြီးမှ လက်ထောက်နေရင်းကနေ ခါးမတ်ပြီးပြန်ရပ်ကာ ...

"ခင်ဗျား စိတ်ရင်းနဲ့ပြောမှန်း ကျွန်တော် ယုံပါတယ်"

ပြောပြီး မှန်ချပ်တွေဘက်ကို လှည့်ရပ်လိုက်သည်။ ခဏကြာမှ သက်ပြင်းလှမ်းချင်း လျှောက်ထွက်သွားလျက် ...။

"ဒီအဖေက မွေးတိုင်း အဖေ့လို စိတ်ဓာတ်ရှိနေမယ်လို့ တွက်ကြတာများတယ်၊ ဘုရင့်သားတိုင်း ဘုရင်ဖြစ်လာတာမဟုတ်သလို တောင်သူလယ်သမားက ဘုရင်တက်ဖြစ်တာလည်း ရှိတာပဲ .."

ဦးခန့်ညားအောင် က နားစိုက်ထောင်နေလျက် အတွေးတွေနဲ့ ရှုပ်ထွေးလည်နေခဲ့၏။ ဦးကြီးမြတ် သူ ဘာကိုပြောချင်တာလဲဆိုတာ သူ ခုထက်ထိ မဆိုးသေးဘဲ နားလည်နိုင်မှာမဟုတ်။

"တချို့ဆိုရင် ပါမောက္ခသားက လမ်းဘေးမှာ မူးရူးနေပြီး ပဲပြုတ်သည်ရဲ့သားက PHD တက်တဲ့အထိအောင် ဖြစ်သွားကြတာတွေ ခုပြ

www.burmeseclassic.com

www.burmeseclassic.com



မယ်ဆိုရင်တောင် ပြလို့ရတယ်"

ကျောခိုင်းထားရင်း ပြောနေတာပေမယ့် ပြောချင်သည့် အကြောင်းအရာက သူ့ကိုပဲဆိုတာ ဦးခန့်ညားအောင် သိနေ၏။

"ကိုခန့်ညားအောင် ..."

သူ စဉ်းစားနေတုန်း ဦးကြီးမြတ်သူက သူ့ဘက် လှည့်ရပ်လိုက်ကာ ...

"ခင်ဗျား သား ဘယ်လိုလူလဲ ခင်ဗျား သိလား .."

ဦးခန့်ညားအောင် အံ့အားသင့်ကာ ပြောဖို့ ပါးစပ်ပြင်လိုက်ပေမယ့် ဘာမှမပြောနိုင်။

ဦးကြီးမြတ်သူက တည်ကြည်အေးစက်သော အကြည့်တွေနှင့် ခေါင်းခါလိုက်ပြီး ...

"ခင်ဗျား မသိဘူး"

"သူဌေး .. ကျွန်တော့် .. ကျွန်တော့် သား .."

"ခင်ဗျားသားကြောင့် ကျွန်တော့် သမီးရဲ့ နားတစ်ဖက် ထိခိုက်သွားခဲ့တာ"

"ခင်ဗျာ .."

ဦးခန့်ညားအောင် ကိုယ့်ကိုယ်ကိုယ် ငုတ်တုတ်ထိုင်နေသူလို့တောင် မထင်တော့ပေ၊ သူပဲ ငုတ်တုတ်ကနေ မြောက်ကြွလှုပ်ခါနေတာလား ချက်ချင်းကြီး ငလျင်ထလှုပ်နေတာလား။

"သူဌေး ..."

စားပွဲမှာ လက်တွေ ဖိထောက်ရင်း ခပ်ဖြည်းဖြည်းထရပ်မိလျက်—

"ကျွန်တော့်သားနဲ့ သူဌေးရဲ့ .."

"ဟုတ်တယ်၊ ခင်ဗျားသားကိုယ်တိုင် အရက်ပြင်းတွေရောထားတဲ့ ရေနဲ့ သမီးရဲ့ နားထဲကို ပက်ထည့်လိုက်တာ"

"သူဌေးရယ် .. ကျွန်တော့်သားကြောင့်ဆိုတာ ဟုတ်ပါလိမ့်မယ်



ပါပေမယ့် သခင်က အရက်တော့ .."

"ကိုခန့်ညားအောင် .."

အသံသည် တည်ငြိမ်မှုကင်းသော ဒေါသမီး ထစ်ချုန်းသံမျိုးဖြစ်တာ ...

"ခင်ဗျားက ကျုပ်ကို ညာပြောနေတယ်ထင်လို့လား"

"ဟာ အဲ့လိုမဟုတ်ပါဘူး၊ လုံးဝ မဟုတ်ရပါဘူး သူဌေးရယ်၊ ကျွန်တော့်အကြမ္မာကို မယုံနိုင်လွန်းလို့ပါ၊ ဒီကလေးကြောင့်ပဲ .."

"ဟုတ်တယ် .. ခင်ဗျားသားနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ စိတ်ဒုက္ခရောက်ရတာ ဒါနဲ့ဆို နှစ်ခါ .."

ဦးခန့်ညားအောင် ခေါင်းငိုက်စိုက်ကျသွားလေသည်။

လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလက အဖြစ်တွေပါ။ ဦးကြီးမြတ်သူတို့ မိသားစု အမေရိက က ပြန်လာကြတော့ သူနဲ့ အတွင်းရေးမှူးတို့ ကုမ္ပဏီကနေ လေဆိပ်ကို သွားကြိုခဲ့ကြသည်။

အပြန်မှာ အိမ်က ဖုန်းလာတော့ သားတို့ကျောင်းနားမှာ မီးလောင်နေသည်၊ အမြန်သွားပေးပါလို့ ဇနီးက လှမ်းပြော၏။

ထိုစဉ်မှာပဲ မီးသတ်ကားသံတွေ ကြားလိုက်ရကာ ...

"ခင်ဗျားကို ကုမ္ပဏီမှာမှတ်လို့ဆက်တာ ဖြစ်မယ်၊ ရတယ်လေ ကိုခန့်၊ ကျွန်တော်တို့က အိမ်မြန်မြန်ရောက်ဖို့မှ မလိုတာ၊ ကလေးက အရေးကြီးတယ်၊ ကျောင်းကိုသွားမယ်၊ မောင်း .. မောင်း .."

ဦးကြီးမြတ်သူကလည်း နာမည်နဲ့လိုက်အောင် သဘောထားပြည့်ဝတဲ့သူဖြစ်သည်။ သို့သော် ကျောင်းရဲ့နောက်မှာ လောင်နေသည့် မီးခိုးလုံးကြီးတွေကို မြင်လာရသည်နှင့် ဦးခန့်ညားအောင် စိုးရိမ်စိတ်တွေနှင့် ရှာမျှားသွားကာ ကားနှစ်စီးတိုက်သည့်အသံက ဘေးချင်းကပ်ရိုက်တော့ ပေမယ့် ကျယ်လောင်စွာ ...။

"ဟုတ်ပါတယ်၊ ကျွန်တော် တောင်းပန်ပါတယ်၊ ကျွန်တော်တို့ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



သူဌေးတို့ မိသားစု ဒုက္ခများခဲ့ရတာ အကြိမ်ကြိမ်ပါပဲ ..”

ဦးခန့်ညားအောင် အတိတ်က အဖြစ်တွေကို တွေးရင်း ခေါင်းငိုက်စိုက်နှင့် တောင်းပန်မိလေသည်။

“ကျွန်တော်မတောင်းပန်ရဲတော့ပါဘူး၊ ဒါပေမယ့် ...”

“တောင်းပန်တယ်ဆိုတာ ကျူးလွန်သူဘက်က ပြီးလွယ်ပျောက်လွယ်စေချင်တဲ့သဘောပဲ ကိုခန့်ညားအောင်၊ ဒီလိုဖြစ်ပါတယ်လို့ ကျုပ်ပြောတာကို ခင်ဗျားက ပြေပျောက်စေချင်တာလား”

“မဟုတ်ပါဘူး သူဌေးရယ်၊ တောင်းပန်လိုက်လို့ ပြီးပျက်သွားနိုင်တဲ့ ကိစ္စမဟုတ်မှန်း ကျွန်တော်သိပါတယ်၊ ကျွန်တော့်အနေနဲ့ ဘယ်လိုနည်းနဲ့ တောင်းပန်ဖို့ ...”

“တောင်းပန်ဖို့မလိုဘူး၊ အပြင်းထန်ဆုံးပြောရရင် ဒါက ဇာလျော့အစားပဲ ..”

အမြဲတမ်း နူးညံ့တည်ကြည်နေခဲ့သော ဦးကြီးမြတ်သူ မျက်နှာအေးစက်ခြင်းသည် ဘယ်လိုပြစ်ဒဏ်မျိုးနဲ့ စီရင်မှာလဲဆိုတာကို ခန့်မှန်းဖို့ ခက်ခဲစွာဖြင့် ....။



## အခန်း (၅)

မနက် အိပ်ရာထတာနှင့် ကမ္ဘာမြေကြီးက ခြောက်သွေ့နေသလိုသို့ ကမ္ဘာ့လေထုကြီးကပဲ အိပ်မောကျနေဆဲလိုလို။

“ဝါး .. သကြိန်ပြီးသွားတဲ့ရက်များ တောဘုရားပွဲသိမ်းသွားတဲ့ဈေးတန်းကျနေတာပဲ”

မျက်နှာမသစ်ခင် ဝရန်တာကနေ အပြင်ကို သေချာထွက်ကြည့်ပြီး ရှုံ့မဲ့ရေရွတ်နေမိသည်။ ပြီးတော့ ဟိုဘက်ခြံမှာ ခိုင်မာလာ တို့ ပိတောက်ပင်ကြီးက ခုမှပွင့်လို့ဝေလို့ကောင်းနေတုန်း။

ပိတောက်တွေကို သကြိန်ပဲ ပွင့်ဖို့ ဘယ်သူသတ်မှတ်ထားခဲ့တာလဲ။

သကြိန်မှာ ဟုတ်ဟုတ်မဟုတ်ဟုတ် ပွင့်လို့ရသည်လို့ရော ဘယ်သူသဘောမှခွင့်ပေးလိုက်တာလဲ ..။

ထိုစဉ် ...။

ဖုန်းမြည်လာလို့ကြည့်လိုက်တော့ ... ပိတောက်သင်း ...။

ပိတောက်တရားမှတ်နေတုန်း ပိတောက်သင်းက ဖုန်းဆက်လာ

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပြုံးလိုက်မိကာ ...။

"ဟာလို ..."

"..... ..... ....."

"ဟုတ်တယ် မင်းလည်း လည်နေတယ်မို့လား ... ဘယ်နေ့ပြန်လာမှာလဲ ..."

"..... ..... ....."

"အင်း မပြောတတ်သေးဘူး သင်္ကြန်မှာ တစ်ရက်မှ မနားဘဲ ကဲထားတော့ ... အတွန်း ..."

"..... ..... ....."

"အင်း .. အင်း .. ဆက်ကြည့်လေ .. လိုက်ဖြစ်ချင်ဖြစ်မှာပါ .. လတ် တို့ ပါဦးမှာလား ..."

"..... ..... ....."

"ဟုတ်း .. ဟား .. ဟား ပြောတော့မယ် .. ဒါပဲနော် .."

ဖုန်းပြောပြီး ဒီဘက်လှည့်လိုက်သည်နှင့် ဒေါ်ဝင့်ဝါခိုင် က သူ့နောက် မလှမ်းမကမ်းမှာ ရပ်နေကာ .."

"မျက်နှာ မသစ်ရသေးဘူးလားသား .."

"အဟွန်း .."

ရယ်ရင်း ခေါင်းခါပြကာ ...။

"သင်္ကြန်ပြီးသွားတော့ ခြောက်ကပ်ကပ်ကြီးဖြစ်နေတာနဲ့ ဒီမှာ ခဏထွက်ရပ်နေတုန်း ဖုန်းလာလို့ .."

"မျက်နှာသာမသစ်ရသေးတာ .. ညအိပ်အင်္ကျီအိတ်ထဲကို ဖုန်း ကောက်ထည့်လာဖို့တော့ သတိရသား ..."

"အန်တီဝါကလည်း အဲဒါက အကျင့်ပါနေလို့ပါ ..."

ဒေါ်ဝင့်ဝါခိုင် အကြည့်တွေ စိမ်းသက်နေခဲ့သည်။ မေးခွန်းတွေ လည်း ထူးဆန်းနေ၏။ တော်ရုံကိစ္စလောက်နဲ့ သူ့ကိစ္စတွေမှာ အန်တီ



ဝါ နှိုက်နှိုက်ချွတ်ချွတ် မမေးမြန်းခဲ့ဘူးပေ ...။

"သားကို အန်တီဝါ အစက မမေးခဲ့ဘူး .. ဒါကလဲ ခုမေးမှ ဖြစ်မယ်"

"ဗျာ ..."

"ပြောပါဦး .. ရည်းစားဘယ်နှစ်ယောက်ရှိခဲ့သလဲ .. အခု လက်ရှိ"

"တစ်ယောက်မှမရှိပါဘူး ..."

"ဖြတ်ခဲ့တာရော ..."

"ဖက်စ်ရီးယားတုန်းက တစ်ယောက်ပဲ ..."

ဒေါ်ဝင့်ဝါခိုင်က တစ်ချက်ငြိမ်သွားသည် ပြီးမှ ခေါင်းညိတ်၍ ...။

"ဘရိတ်ဖက်စ်စားရင်းပြောမယ် .. ကိုယ်လက်သန့်စင်ပြီး ထွက်လာခဲ့ .."

"အန်တီဝါ ..."

ဒေါ်ဝင့်ဝါခိုင် လှည့်ထွက်သွားတော့ သူ ချက်ချင်းနောက်က လိုက်သွားကာ ...။

"သားကို အရေးတကြီး ပြောစရာရှိလို့လားဟင် ..."

"ရှိတယ် ..."

အခေါ်ဖြစ်သူ မျက်နှာမကောင်းတာကို သတိထားမိကာ .. ထမင်းစားခန်းထဲရောက်လာတဲ့အထိ ဒါပဲ တွေးနေမိ၏။

"ကြီးကြီးသောင်း သားကို ပေါင်မုန့်အသားညှပ်လေးလုပ်ပေးပါ"

"အေး လုပ်ပေးမယ် သား ..."

သူပဲ စိတ်စောစွာ ရောက်လာခဲ့သဖြင့် ဒေါ်ဝင့်ဝါခိုင် က မရောက်သေးဘဲ ရှိရာ ...။

"ကြီးကြီးသောင်း ..."

"ဟော ..."

"အန်တီဝါ ဘာဖြစ်နေတာလဲ ဟင် .. ဖေဖေ ဆူထားတာရှိလို့လား၊ ညတုန်းက ဖေဖေနဲ့ စကားပြောတာတွေ့မိသေးလား ..."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်သောင်းတင်က ရေခဲသေတ္တာဖွင့်နေရင်း ကြည့်၍ ...

"ကြီးသောင်း မသိပါဘူးကွယ် .. သား အန်တီဝါ က သူ အလုပ်လုပ်ရင် တံခါးပိတ်ထားတတ်တာ သားသိသားနဲ့ .. နောက်ပြီး ကိုကြီးအောင်နဲ့ စကားပြောရင်လည်း ညည့်နက်မှ ပြောကြတာ .."

သခင် နဖူးတစ်ချက်ပွတ်ရင်း ခုံဆွဲထိုင်လိုက်မိသည်။

ပြီးတော့ .. ဒေါ်သောင်းတင် လာချပေးသည့် ကော်ဖီခရားနှင့် မုန့်တွေကို အမိပ္ပါယ်မဲ့ကြည့်ရင်း ...။

အန်တီ ပြောဖို့ ရှိနေတာ ဘာဖြစ်နိုင်မလဲလို့ တွေးနေမိသည်။

ဖေဖေနဲ့ အန်တီဝါ တို့က ဟိုးအရင်ကတည်းက မောင်နှမဝမ်းကွဲတွေပေမယ့် ချစ်ချစ်ခင်ခင်ရှိခဲ့ကြသည်။ ဖေဖေနဲ့ မေမေ လက်ထပ်ပြီးကာမှ မခေါ်မပြောကြတဲ့အထိ ပြတ်တောက်ခဲ့ကြ၏။

အကြောင်းရင်းသည် မေမေနဲ့ အန်တီဝါ ကျောင်းနေဘက်တွေဖြစ်ကာ တစ်တန်းတည်း အတူတူကျတိုင်း နေရာတကာမှာ အနိုင်လုပြိုင်ဆိုင်ခဲ့ကြသည်။

သေးသေးမွှားမွှားလေးတွေကအစ ပြိုင်ဆိုင်ခဲ့ကြကာ .. နောက်ဆုံးကိုယ့်အစ်ကိုကို တားဂတ်ထားပြီး အလောင်းအစား လုပ်ခဲ့တဲ့အထိ ပြိုင်ခဲ့ကြ၏။

"တော်ဝင် ဆိုတဲ့ မိန်းမက အစ်ကို့ကို အသည်းခွဲပြမယ်လို့ ကြိမ်းဝါးလာတာ .. အစ်ကိုဘာဖြစ်လို့ သူ့အကွက်ထဲလည်စင်းဝင်တာလဲ ..."

"လည်စင်းဝင်တာ မဟုတ်ဘူး .. ငါ တကယ်ချစ်တာ သူလည်း ငါ့ကို ချစ်လို့ တကယ်တွဲနေတာပေါ့ ..၊ နင်တို့ အလောင်းအစားက ပြီးသွားပါပြီ .. ဒါ ငါတို့ အချစ်ရေး .."

အစ်ကိုဖြစ်သူကိုလည်း ဒေါ်ဝင့်ဝါခိုင် စိတ်နာသွားသည်။ ထို့ကြောင့် ခပ်ကင်းကင်းနေခဲ့ကြ၏။ မေမေတို့ လက်ထပ်ပြီးတော့ အန်တီဝါကို မေမေက စိတ်ရင်းနဲ့ လာဖို့ ဖိတ်ခဲ့သည်တဲ့။



ဒါနဲ့တောင် အန်တီဝါက ပြိုးချက်ဖြစ်နေသဖြင့် ပြန်စာတစ်စောင်မှ မပို့ဘဲနေခဲ့သည်။

ထိုအဖြစ်တွေနဲ့ ပတ်သက်ပြီး အန်တီဝါနဲ့ သူတို့ မိသားစုက စိမ်းသက်ခဲ့ကြတာဖြစ်သည်။ မေမေဆုံးသွားပြီးမှ ဖေဖေ က ဆက်သွယ်ပြီး သားဖြစ်သူနဲ့ အတူနေ ထိန်းကျောင်းပေးဖို့ တောင်းဆိုခဲ့ရ၏။

သူ့အတွက်က ဖေဖေ့ကို လေးစားရသလို အန်တီဝါ ၏ စိတ်ကိုသိထားသောကြောင့် ချစ်ကြောက်ရိုသေရှိခဲ့ရသည်။

"မင်းအန်တီ ဝါ့ကို ဖေဖေ့လို ရိုသေလေးစားသမှုထားရမယ်နော် .. သူက ဖေဖေ့ကို သိပ်ကြည်လင်သေးတာ မဟုတ်ဘူး .. သားကို ချစ်လို့ လာပြီး စောင့်ရှောက်ပေးတာ" လို့ ...။

ဖေဖေကလည်း မှာထားခဲ့သည်။ ဒီနေ့ အန်တီဝါ မကြည်လင်ရသည့် အကြောင်းသည် ဖေဖေနဲ့ မသက်ဆိုင်ဘဲ သူ့ကိုသာ ရည်ရွယ်သည် ဆိုလျှင် ...။

"ညက မင်းအဖေနဲ့ အန်တီဝါ စကားပြောခဲ့တယ် .."

သူ့အတွေးတွေကို ဒေါ်ဝင့်ဝါခိုင်ရဲ့ စကားသံက အနှားသတ်မျဉ်းသားလိုက်သလိုရှိကာ ...။

"ပြောရရင်တော့ သင်္ကြန်မှာ အပျော်လွန်ခဲ့တဲ့ ရလဒ်ပေါ့ .."

ပြောပြီး သူ့ရှေ့မှာ ဝင်ထိုင်လိုက်လျှင် ...။

"သားကိုလား .."

"မဟုတ်လို့ ဘယ်သူရှိရမှာလဲ.."

"သင်္ကြန်မှာ သား ဘာပြဿနာမှ မရှိခဲ့ဘူးလေ .."

ဒေါ်ဝင့်ဝါခိုင် သခင့် မျက်နှာကို စူးစိုက်ကြည့်သည်။ သူ့မ ကိုယ်ပိုင် ထူးဆန်းအံ့ဩနေပုံရှိကာ ...။

"အဲဒါကို ထားလိုက်တော့ .. အခု မင်းကို အန်တီဝါ ပြောမှာက အိမ်ထောင်ရေးကိစ္စ .."

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်သူလဲ သားကို စိတ်ဆိုးလို့ အန်တီဝါက အိမ်ထောင်ပြု တော့မယ် ဟုတ်လား .."

"ငါ မဟုတ်ဘူး .. မင်း .."

"သား ..."

"မင်း ကို လက်ထပ်ပေးဖို့ အစ်ကို့ဆီက အမိန့်ရောက်လာတယ်"

"ဖေဖေက ..."

သခင့် မျက်နှာပျက်သွားသည်။ ဒါပေမဲ့ မိန်းမယူရမှာကြောင့် မဟုတ်ဘဲ နားမလည်နိုင်ခြင်းသာ ဖြစ်လျက် ...။

"ဖေဖေက သားကို ဘာမှလည်း မပြောခဲ့ဘဲနဲ့ ..."

"မပြောခဲ့တာက မပြောချင်လို့ပဲ ..."

ဟုတ်ကဲ့ ရှင်းပါပြီလို့ ပြောလိုက်လျှင် အန်တီဝါ ဒေါသတွေ ချင်း ချင်းထွက်သွားနိုင်၏။

"မင်းကို့ အစ်ကို စိတ်ဆိုးနေတယ် .."

"သား ဘာလုပ်လို့လဲ .."

"အဲဒါကိုလည်း ပြောချင်ပုံမပေါ်ဘူး .."

"ပြောမှ သားသိမှာပေါ့ အန်တီဝါရ .. ဘာကြောင့်လဲ သကြီး လေးရက်စလုံး ထွက်ကစားနေလို့လား .. အန်တီဝါ ခုန ပြောသွားတာ သားကို ရည်းစားတွေထားနေတယ်လို့ ထင်နေတဲ့ ပုံစံမျိုးပါ။ ဖေဖေ အဲ့ဒီလိုထင်လို့လား ..."

"သိချင်တာတွေ ဒီလောက်များမနေနဲ့တော့ သခင် အခု မင်း အန်တီဝါတို့ ဖြစ်စေချင်တာက လူကြီးပေးစားတဲ့ မိန်းကလေးကို မင်း လက်ထပ်ရမယ် .. ဒါပဲ .."

မိဘက တစ်မိန့် တစ်အာဏာစံနစ်နဲ့ ချုပ်ကိုင်ခိုင်းစေဖို့မလို သူ့မှာလည်း မခွဲနိုင် မခွာရက်လောက်အောင် မြတ်နိုးစွဲလမ်းနေရသည်



ချစ်သူရှိတာမဟုတ်လား ...။

ဒါပေမယ့် ကိုယ့်ကိုကောင်းမယ်ထင်လို့ စီစဉ်ပေးတာမျိုးမဟုတ်ဘဲ အပြစ်ရှိလို့ ပြစ်ဒဏ်ချမှတ်သလို လှမ်းချလိုက်တာက နာခံရမှာ အောင့် သက်သက် ...။

"ခုခေတ်လူငယ်တွေ ပြောနေကျ စကားမျိုးနဲ့ မိဘကို မေးခွန်းတွေ ထုတ်မနေနဲ့သား .. မင်း အမြန်ဆုံး လက်ထပ်ရမယ် အဲဒီမိန်းကလေးကို လည်း မင်းရွေးချယ်ခွင့်မရှိဘူး၊ ငြင်းဖို့လည်း စိတ်မကူးနဲ့ ..."

"အန်တီဝါရာ ..."

သခင် မျက်နှာမဲ့နေကာ ...။

"လက်ထပ်ရမယ့် အမိန့်ကလည်း ပြင်းထန်လိုက်တာ .. အဲဒီလောက် အမိန့်အာဏာတွေ မသုံးပါနဲ့ အန်တီဝါတို့ ဘယ်တုန်းက မလိမ္မာ မယဉ် ကျေးတာရှိခဲ့ဖူးလို့လဲ .."

"ဒါကတော့ မင်းရွေးချယ်ခွင့်မရှိဘဲ လက်ထပ်ရမယ့် အဖြစ်က သက်သေလေ .."

"လာပြန်ပြီ ဒီစကား ..."

"ဒါဆိုရင်တော့ သားဘက်က မေးဖို့လိုပြီ ထင်တယ် ..."

ထိုအချိန်မှာ အသားညှပ်ပေါင်မုန့်သူ့ရှေ့ရောက်လာပြီ ဖြစ်သည်။ ဒါပေမယ့် ငုံ့တောင်မကြည့်ဖြစ်ဘဲ ...

"သားကို အိမ်ထောင်ချပေးချင်တာလား အပြစ်တစ်ခုခုတွေ့လို့ ဒဏ် ခတ်လိုက်တာလား ..."

ဒေါ်ဝင့်ဝါခိုင် က တည်ငြိမ်သည့် မျက်လုံးတွေနှင့် ကြည့်နေပြီး မဖြေ...။

ပြီးတော့ .. နေရာမှ ထသွားပြီး ခဏကြာမှ ပြန်လာကာ ကိုင်လာ သော လက်ကိုင်အိတ်ကိုဖွင့်နေရာ ...။

"သားသိချင်တာတွေကို အစ်ကိုနဲ့တွေ့မှ မေးကြည့်ပေါ့ .. အခု ကြို ပြောနိုင်တာက .. မင်းလက်ထပ်ရမယ့် မိန်းကလေးက ဈေးမကြားဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဘယ်လို .."

"ညာဘက်မျက်လုံးက မမြင်ဘူး .."

"ဟာ .."

"နားက နားကျပ်ကူလို့ရတယ် .. မျက်လုံးက တစ်လုံးမကောင်း ပေမယ့် အားလုံးကွယ်နေတာ မဟုတ်တော့ .."

"အန်တီဝါ သားကို နောက်နေတာလား ..."

"နောက်ရအောင် .. ငါက မင်း သူငယ်ချင်းလား ..."

အန်တီဝါ ပြန်ပြောလိုက်တာကိုက ဒေါသတွေနဲ့ ...။

ဒါဆို သေချင်ပြီ သူမသိလိုက်တဲ့ တစ်နေရာရာမှာ မှားယွင်းမှု တစ်ခုခုတော့ ရှိနေပြီ ....။



## အခန်း (၆)

"ဟား .. ဟား .. ဟား .. ဟား"

"မှတ်ထားကွ ... အဲဒါ ပန်းသခင် ဖြစ်ချင်ဦး"

"ဟား .. ဟား .. ဟား .. ဟီး .. ဟီး .."

အူလှိုက်သည်းလှိုက်ရယ်နေကြတာကို စိတ်မဆိုးသည့်ပြင် သခင့် ...နှာ စပ်ဖြဲဖြဲနှင့် ....။

"ဟဲ့ ... သခင် ..."

"အေးလေ .. ရုပ်ကြီးက .."

မိန်းကလေးနှစ်ယောက် ကတော့ မရယ်နိုင် ...

နိုင်မာလာ က သခင့် လက်မောင်းကို ဖျန်းခနဲ ရိုက်ခေါ်ကာ ...။

"သဘောတွေကျနေတယ် ဟုတ်လား ..."

"ဘာဖြစ်လဲ ငါ့ဘာသာ သဘောကျတော့ ကျခွင့်မရှိဘူးလား .."

"အေးလေ .. နင်ခေါ်ပုံကမှ 'ဟဲ့' ဆိုပြီး ခွေးခြောက်သလိုကြီးတော့ ...င် တဲ့ .. မင်း .. မင်း .."

www.burmeseclassic.com

www.burmeseclassic.com



"အံမယ် .. အဲဒါလည်း ရယ်စရာဖြစ်သွားတာပဲလား .."

တောင်ငူ ကို ခိုင်မာလာ က မျက်စောင်းကြီး ပစ်ကျွေးကာ ...။

"မျက်စိမမြင် နားမကြားတဲ့ မိန်းမကို ယူရမှာများ .. သွားကြီး အဖြီးသားနဲ့ .."

"သူ့ဟာသူဖြီးတာ .. နင့်ဟာ ငှားဖြီးတာမို့လို့လား .."

"သုံးခွ ..."

"ဟော့ .. ဟော့ .. သုံးခွ လို့ခေါ်ခွင့်ပေးထားတာ ငါ့ရဲ့ ဘီအက်(စ်) အက်(စ်) တွေပဲနော် .. ငါ့နာမည် ကြည်စိုးဦး .."

"မလိုပါဘူး .. နင့်ရဲ့ ဘီအက်(စ်)အက်(စ်) မဟုတ်တော့ ဘာဖြစ် သွားနိုင်လို့လဲ စကားပြောတာကြည့်ပြော .. ဒီမှာတွေ့လား .."

လက်ထဲမှာ လက်သီးဆုပ်လောက် ကြွေပန်းကန်လုံးနှင့် ကောက်ရွယ် လိုက်ရာတော့ သုံးခွ လက်ကာရင်း ခေါင်းတိမ်းရင်းနှင့် ...

"ဗလအားကိုးနဲ့ အနိုင်မကျင့်နဲ့နော် .. အဲဒါကွဲရင် လျော်ပေးရမှာ"

"ကဲ နင်တို့ကလည်း တစ်မျိုး .."

ခေတ်ဦးက ခိုင်မာလာ လက်ထဲက ပန်းကန်လုံးကိုယူပြီး ပြန်ချထား လိုက်ကာ ...

"နင့်အဖေက ဘယ်လိုကြီးလဲ သခင်ရယ် .. ကိုယ့်သားလေးကို ဒုက္ခိတကြီးနဲ့ ..."

"ဒုက္ခိတပေမယ့် လှတယ် .."

ရှေ့မှာ ဓာတ်ပုံက ရှိနေသေးသည်။ သခင်က ပြောလိုက်တော့ အားလုံးရဲ့ အကြည့်တွေ ဓာတ်ပုံဆီ ထပ်ရောက်သွားကြကာ ...။

"အဲ့ဒီတစ်ယောက်က နင့်ကို ကြိုသိနေမလားပဲ ..."

"ဟုတ်တယ်နော် .. တစ်နေ့နေ့မှာ ငါ့ကို လက်ထပ်မယ့်ကောင်း ဆိုပြီး သူက ကြိတ်ရင်ခုန်နေတာ ဖြစ်နိုင်တယ်"



"ကိုယ့်စိတ်နဲ့ မနှိုင်းစမ်းပါနဲ့ ..."

သုံးခွ က ပြောလိုက်ပြီး ခပ်တည်တည် ...။

"သုံးခွ .."

"ဘာတုံး ..."

"ပြောရင် နင်မကြိုက်ဘူး ..."

"ကြိုက်လောက်မယ်ဟာ ရာကြံပြောကြည့်လေ ..."

"သေလိုက်ပါလား ..."

"ဟုတ်တယ် ... အဲ့ဒီကောင် သေသင့်တယ် ... ပြောပုံကိုက ခေတ် ဆာပဲ သခင့်ကို ကြိတ်ကြိုက်နေတဲ့အတိုင်း ..."

"ငါက တစ်ယောက်တည်းကို ပြောတာမဟုတ်ဘူး ..."

"ဘာပြောတယ် ..."

နောက်ထပ်တစ်ယောက်က ချက်ချင်း ခါးထောက်လာ၏။

"ဘြော် ငါပြောတာက ဒုက္ခိတဖြစ်ဖြစ် ပိုလီယိုဖြစ်ဖြစ် ကာယကံ ရှင်က အပြုံးတောင်မပျက်ဘူးလေ ... အဲဒါ ..."

"အပြုံးမပျက်သလိုနေတာဟဲ့ .. အဲဒါ မချိပြုံးပြုံးနေတာ ..."

"ဟမ် ..."

"ဟုတ်လား ... ပြစမ်း ..."

ပြုံးနေသည့် သခင့်မျက်နှာကို ဆွဲလှည့်၍ နှုတ်ခမ်းထောင့်နှစ်ဖက် ကို လက်ခလယ်နဲ့ လက်မခွ တိုင်းကြည့်ကာ ...။

"နှုတ်ခမ်းထောင့်နှစ်ဘက်စီလောက် အကွာအဝေးနဲ့ အပြုံးမျိုးဆို ဒါက ငါးသလောက်ပြုံး .."

"ပြလွန်းပါတယ်ဗျာ၊ ငါးရှူးလောက်ပဲ လုပ်ပါ ..."

"ငါးရှူးက နှုတ်ခမ်းမွှေးပါတယ်ကွ .. ရှုပ်ကုန်လိမ့်မယ် ..."

"ဘာနဲ့ ရှုပ်မှာတုန်း ..."

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ..."

"မဟုတ်ဘူး ငါက အကောင်းမေးတာပါ ..."

"ဟား .. ဟား .. ဟား .."

ဘေးက ဝှတ်တုတ်ထိုင်ရင်း သခင် အကျယ်ကြီး ထရယ်၏။ ပန်းသခင် ဆိုတဲ့အတိုင်း မျက်နှာညိုလည်း ဖြတ်ခနဲ ခဏလောက်သာ ဖြစ်ကာ ရယ်စရာရှိရင် ဘယ်တော့မှ နောက်မကျတတ်ပေ ...။

"ငါပြောချင်တာက ..."

"သုံးခွ ... မင်းနော် ... ငါသိတယ် မင်း ..."

"အေးပါ .. ငါကလည်း သိစေချင်တာပါပဲ .. လောလောဆယ် ဒီအပြုံးကြောင့် ဆိုက်ကလုံးက ရှောင်ထွက်သွားမှာ မဟုတ်ဘူးလေ .. အဲ့တော့ ငါတို့ ဆွေးနွေးရမှာက .. ဒီကောင့် အိမ်ထောင်ရေးကောင်း မကောင်းပဲ .."

"ကောင်းမကောင်း ဘယ်သူက ကြိုသိမှာလဲဟ့ ..."

"နိုင်မာလာနှင်းဆီ ကွ ..."

"ဟား .. ဟား .. ဟား .. ဟား"

နိုင်မာလာ အားပါးတရ ပြောလိုက်ပြီးမှ ထိုင်ရယ်ကြတော့ မျက်တောင်တဖျက်ဖျက်ခတ်လျက် ...။

"ဟဲ့ ... ငါ .. ငါ ပြောတာ ရိုးရိုးပြောတာလေ ... အဲဒါကို လက် လက်ထပ်ပြီးမှ သိ ..."

"ဟား .. ဟား .. ဟား .. ဟား"

"သခင် ... သေနာ ဝဲစား"

"ဟား .. ဟား .. ဟား .. ဟား"

နိုင်မာလာ သခင့် ကို မမီမကမ်းလှမ်းထုလေသည်။ ခေတ်ဦး လည်း ပြုံးစိစိမျက်နှာလေးကို အတည်အတံ့ ပြင်ဆင်လိုက်ကာ ...



"နင်တို့ကလည်းဟာ သူပြောတာက လူ့အကြောင်းပေါင်းမှ သိဆို တာတောင် ရှိတယ်မှတ်လား .. အိမ်ထောင်ရေးဆိုတာ ကံစမ်းမဲပဲလေ .. ဘယ်အိမ်ထောင်ရေးကိုမှ နောင်ကောင်းမကောင်း ကြိုမပြောနိုင်ပါဘူး .. ဟုတ်တယ်မှတ်လား ..."

ဘယ်လို ပြောပြော ပြုံးစိစိမျက်နှာတွေနှင့် ဖြစ်နေကာ .. ဟော့ပေါ့ အိုး ဆူလာကာမှ ကိုယ်ကြိုက်တာ ကိုယ်ရွေးဝယ်ခပ်ယူရင်း အာရုံတွေ ပြောင်းသွားကြသည်။

"ဒါက ဘာအတွက် ကျွေးတာလဲ ..."

နိုင်မာလာ ကပဲ ပြန်စကာ ...

"ဒါ သခင်ကျွေးတာမို့လား ..."

"ဟုတ်ပ .."

"ဘာအတွက်လဲလို့"

"အဟမ်း .."

သခင်က မိန်းကလေးတွေ ခပ်ဆယ်ထည့်ပေးနေသော အသားလုံး တွေကို စားသောက်ဖို့ တူကို ဒီတိုင်းကိုင်ထားရင်း ချောင်းဟန့်သည် တောင်ငူ အမြင်ကတ်စွာမဲ့လျက် ...။

"အေးပေါ့ ... အလုပ်တွေ ရှုပ်နေတော့ မဖြေအားသေးဘူး၊ ပေး ဒါပေးပါ ငါလုပ်ပေးမယ် ..."

တူကို ဆွဲယူပြီး အိတ်ခွံလေးပါ ချွတ်ပေးလိုက်သည်။ ပြီးတော့ ထည့်ထားပြီးသား ရေနံ့ဖန်ခွက်ကို ကောက်ယူပေးတာ ...။

"လည်ချောင်းရှင်းဖို့ ..."

သခင်က စပ်ဖြဲဖြဲ မျက်နှာနှင့် ယူသောက်သည်။

"ကဲ ... မေးတာဖြေလိုက်တော့ ..."

ဒီနေ့ မင်းတို့ကို ဟော့ပေါ့ တစ်ဝိုင်းစာ ငါကျွေးမယ်လို့ အားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းဆက်ချိန်းလိုက်သဖြင့် ရောက်လာကြတာဖြစ်ကာ ... ဘာအတွက်ဆိုတာ ဘယ်သူမှ မသိရသေးပေ ...။

ထို့ကြောင့် ခိုင်မာလာ မေးလိုက်တာ အတော်ပဲ ဖြစ်သွားကာ ..။

"ငါတို့လည်း အဲဒါမေးမလို့ပဲ .. ဘာလဲ မိန်းမရတော့မယ့် အသိမ်းအမှတ်လား ..."

"အေး ..."

"ဟမ် ..."

"ဟ ... တကယ်ကြီးလား ..."

"ဟုတ်တယ်လို့ဆိုမှ ..."

"ခြော် .. ခြော် ... မျက်စိမမြင် နားမကြားတဲ့ မိန်းမကို ရတော့မှာဆိုတော့ .. ပျော်ရွှင်ခြင်းအထိမ်းအမှတ်ပေါ့ .."

"ဘာဖြစ်လဲကွာ၊ မိဘရှာပေးတာလေးယူပြီး အေးဆေးနေရုံပဲ သားလိမ္မာလည်းဖြစ်မယ် .. နားအေးပါးအေးလည်းရှိ .."

"ဘာလဲ နားအေးပါးအေးဆိုတာ ..."

သခင်က သူ့စကားကို ပြန်မေးမှာပဲဆိုတာ သိထားသည့်ပုံ ပခုံးတွေ လှုပ်အောင် ရယ်၏။ သူရယ်လေ သီချင်လေဖြစ်နေသော သုံးခွရဲ့ ပုံစံက တူနဲ့ညှပ်ပြီး တဟူးဟူးမှုတ်နေသော မှိုဘဲဥ အသားလိပ်ကိုတောင် ပါးစပ်ထဲမသွင်းနိုင်ဘဲ ပြန်ချထားလိုက်ကာ ...။

"ဘာလဲ ဘာရယ်တာလဲ .."

"တွေးကြည့်လေ .."

"ဘာကို တွေးရမှာလဲ .."

ချထားသည့် အသားလိပ်ကို ကိုင်မလို့ တူနဲ့လိမ့်နေပြီးမှ လက်ပြန်ရုတ်ပြီး သခင့် ကို ကြည့်ကာ ..။

"ပြောကွာ .. ပြောကွာ .."



"သူက နားမှမကြားတာ .."

"နားကျပ်တပ်ထားရင် ကြားတာပဲ .."

"ဖြုတ်ထားတဲ့ အချိန်မှာ ကြိုက်သလို သောင်းကျန်းမယ်ကွာ .."

"အဲဒီအချိန်မှာ နားအေးမှာက သူ မဟုတ်ဘူးလား .."

"မျက်လုံးတစ်ဖက်မမြင်တော့ မမြင်ဘက်ကနေ မဟုတ်တရုတ်တွေဘာလုပ်နေနေ .."

"ဟာ ... ဟော့ကောင် အဲ့ဒါတော့ နည်းနည်းများသွားပြီ မင်း .."

များသွားပြီပြောသည့် သုံးခွ မျက်နှာကြီးက ပိတိတိ မချိုမချဉ်နှင့်ဖြစ်ကာ အကြိမ်ကြိမ် ပြန်ချထားခဲ့သော မှိုဘဲဥလုံးကို ပါးစပ်ထဲ ကော်ကော်ထည့်လိုက်၏။

သွားပြီ ...။

ဒါ .. သူ ချထားသည့် အလုံးမဟုတ် ..။

ခြစ်ခြစ်တောက်ပူနေသည့် အသားလိပ်သည် အာခံတွင်းအရပ်ရှစ်မျက်နှာစလုံးကို တစ်ပြိုင်တည်း နှုတ်ဆက်လက်ပြနေလျက် ...။

"အား .. ဟလူး .. ဟလူး .."

ပြန်ထွေးရမှာ ရှက်သော်လည်း မထွေးစိတ်ပိုက်၍ လျှာပဋ္ဌာမြေလူးဖြစ်ခံလိုက်ရပြီ ..။

"ဟိ ..."

"ခွိး ..."

"ဟား .. ဟား .. ဟား .. ဟား .."

"ဟား .. ဟား .. ဟား"

"သူတောင်းစား .. သေနာ မင်းကျမှ ငရုတ်သီးမီးဖုတ်ပြီး ပါးစပ်ထိုးထည့်ပေးမယ် ..."

တောင်ငူ မျက်ရည်တွေရော ချွေးတွေပါ စိုရွှဲကုန်ဟာ .. နပ်လည်း

www.burmeseclassic.com

www.burmeseclassic.com



ညစ်၏။

ဒါကျတော့ တစ်ရှူးပေးတဲ့လူကပေး၊ ဘေးကပ်ကွယ်တဲ့သူက ကွယ်နှင့် ...

"မင်း သူများကိစ္စ စပ်စုချင်လွန်းလို့ စားမယ့်အတုံးလေး တဆဆ တချချနဲ့လေ ..."

"အဲဒီတော့ မင်းအစ်မနဲ့ ငါနဲ့ ညားသွားမှာမို့လား"

"ဒီလောက်နဲ့တော့ မင်း ငါ့အစ်မကို မရနိုင်ဘူး တောင်ငူ .. စော ပါသေးတယ် ... ဟဲ ... ဟဲ ..."

"သူတောင်းစား ..."

တောင်ငူက သုံးခွ ကိုပဲ ဆဲလို့မဆုံး ...။

"သူများကို ဒုက္ခပေးဖို့ဆို လက်ကို ပျောက်နေတာပဲ ... အတုံးချင်း လဲလိုက်တာ သိကိုမသိလိုက်ဘူး ..."

"ဟယ် ... ဟိုမှာ ဟိုမှာ ..."

ခေတ်ဦးရဲ့ ခပ်ကြိတ်ကြိတ် အရေးတကြီး လှုံ့ဆော်သံလေးကြောင့် အားလုံးတိခနဲတိတ်၏။ ပြီးတော့ မသိမသာ ကြည့်ဖို့ သတိမရဘဲ လှည့် ကြည့်လိုက်ကြတာ တန်းခနဲ ...။

ခင်ဦးသျှောင် ...

ပြီးတော့ မြင်နေကျ မျက်နှာတွေပဲဖြစ်ကာ ... သူမက လူကြီးနှစ် ယောက်ရဲ့ အလယ်မှာဖြစ်၏။ သခွားရောင်ဇာပါးလေးကို အုတ်ကျိုးရောင် ရဲရဲအခံနှင့် မြန်မာဝတ်စုံလေး ဝတ်ထားသည်။

အကျီပုံက လည်ဟိုက်ခါးတိုလေးဖြစ်ကာ လက်အရှည်က လက်ဖ လေးပေါ်ထိ ရှည်ထား၏။

ခါးစပ်လေးမှာ အဖြူရောင်ဇာအထူပွင့်တွေ ကပ်စီထားကာ နောက် မှဖဲပွင့်ပုံလေး ပြန်စည်းထားသောကြောင့် ခါးစည်းအကျီလေးနဲ့ တူနေ



ခဲ။

ပြီးတော့ ပန်းသာသာဆံပင်တွေက သခွားရောင်လက်နေသည်။ မျက်နှာအနည်းငယ် ငုံ့လျှောက်တတ်မှန်းဖြစ်နေကျမို့ သိနေသော်လည်း နွဲ့အိနေသော ဆံပင်တွေကို လက်တစ်ဖက်နဲ့ ထိုးသပ်တင်၍ မျက်နှာလေး မော့ခါလိုက်ထိုင်း မနာလိုဖြစ်မိလောက်အောင် လှနေ၏။

ထို့ပြင် မျက်လုံးတစ်ဖက်မမြင်ရမှန်းမသိခင်က ... နေရိပ်ထဲမှာ တောင် မျက်မှန်တပ်ပြီး စတိုင်လ်ထုတ်တယ်လို့ သူတို့ထင်ခဲ့ကြသည့် မျက်မှန် ...။

သူမရဲ့ ဖြူနုဝင်းစက်နေသော မျက်နှာသွယ်သွယ်လေးက မျက်မှန် နဲ့မို့ ပိုလှနေသလိုပင် ...။

"အဟွန်း .. ငါတော့ စိုင်းစိုင်းရဲ့ သီချင်းကို သတိရလာပြီ .."

"သုံးဆယ့်လေး .. နှစ်ဆယ့်လေး .. သုံးဆယ့်ခြောက် အလှအပ အရပ်အမြင့်က ငါးပေခြောက် .. ရှူးလို့ ငါ့မှာဂေါက် .."

"ဒေါက် .."

"အ .."

သုံးခွ လက်ခေါက်စာမိသွားသည်။ ခေါက်လိုက်သည့်သူက နိုင်မ လာဖြစ်ကာ ..။

"တိတ်တိတ်လေးနေ .. သကြံန်တုန်းကလို ကွိုင်တက်သွားလိ မယ်၊ ကတည်း ဖြစ်လိုက်တာနဲ့ သွားကြီးတွေ ဖြီးနေလိုက်ကြတာ မပြေ လိုက်ချင်ဘူး .."

"မနာလိုမရှိနဲ့နော် တို့ထက်လှတယ် .. အဟီး စိတ်ရင်းနဲ့ ပြောတ

"လှတာပေါ့ .. လူမစွမ်းနတ်မတဲ့ .."

"ဘာလဲ .. အဲ့ဒါ .."

နိုင်မာလာကတော့ မနာလိုတာပေါ်တင်ပဲဖြစ်ကာ ..။

www.burmeseclassic.com

www.burmeseclassic.com



"မမြင်ရတဲ့သူတွေ မသန်မစွမ်းတွေဆိုရင် သူတို့မှာ စွမ်းတာ တစ်ခုခု တော့ ပါတာပဲတဲ့ ..."

"ဒါဖြင့် နင့်မှာ စွမ်းတာ ဘာပါသလဲ .."

"ငါ့မှာ .."

ခိုင်မာလာ ကြောင်တောင်တောင် ဖြစ်သွားသည်။ ပြီးမှ ...။

"ဘာပြောတယ် .."

"ဟား .. ဟား .. ဟား .."

"မဟုတ်ဘူးလေ ... နင်ကတော့ .."

"ငါ အဲ့လောက်တောင်မဝဘူး သေနာ .. သူများကို ဒုက္ခပေးဖို့ဆို ပါးစပ်ရော လက်ရော မနေးဘူး .. တွေ့ဦးမယ် .. နင်သိလား .."

"ဟား .. ဟား .. ဟား .."

"သခင် ..."

သခင့် ရယ်သံကြီး ဟိန်းသွားသည်။ အခန်းထဲဝင်ခါနီး လူကြီးခြေ လှမ်းတုံ့သွားတာ မြင်လိုက်ရ၏။ ခေတ်ဦး မျက်လုံးပြူးလေးနှင့် ကြည့် နေလျက် .. အားလုံးဝင်သွားကြမှ ရင်ဘက်လေးဖိကာ ..။

"တော်သေးတာပေါ့ .. အခန်းယူထားကြလို့ .. အပြင်မှာပဲ ထိုင် စားကြရင် သခင့်ရယ်ပုံနဲ့တော့ ..."

"ငါ့ဟာ ငါ ရယ်တာ ဘာဖြစ်လဲ ဒီမှာလည်း လူတွေအပြည့်ပဲ အားလုံးအေးဆေး .."

"အေးဆေးမနေနဲ့ အဲ့ဒါ နင်တော်ရမယ့်ယောက္ခမ .. အဲ့ ယော ထီးလောင်းကွ .."

မင်္ဂလာကိစ္စပါလာကြတော့ သူတို့တွေ သတိအနေအထားနှင့် စည်းလုံးလုံးပြန်ဖြစ်သွားကြကာ ...။

"ဟဲ့ .. အံ့သြဖို့ကောင်းတယ်နော် .. ရန်ကုန်မှာရှိတဲ့ သားကို စင်ထား



ကာ အဖေက မိန်းမယူဖို့ အမိန့်ချလိုက်တာ ခင်ဦးသျှောင် နဲ့တဲ့ .."

ခေတ်ဦး က စလိုက်တာနှင့် ခိုင်မာလာ က ခေါင်းညိတ်ကာ ..။

"ငါ့အထင်တော့ သူတို့တူမ ဒုက္ခ .. အဲ .."

ဒုက္ခတလို့ ပြောမည်ပြင်ကာမှ ထိုသူမကို လက်ထပ်ရတော့မည့် သခင့်မျက်နှာကို အားနာပါးနာ လှည့်ကြည့်မိပြီး ...

"အနာရှိနေတဲ့ ပစ္စည်းကို လျှော့ရအောင် တရားခံရှာသလိုလေ၊ သကြိန်တုန်းက အကျိုးဆက်လို့ အန်တီဝါ ကလည်း ပြောတယ်မှတ် သား၊ သကြိန်တုန်းက သူ့တူမကို တံခါးထဲထိ ရေစိုအောင် လိုက်ပက်မိ တာကို ရိုးမယ်ဖွဲ့ပြီး အန်ကယ်လ်အောင့်ဆီ သတင်းရောက်အောင် တိုင် လိုက်တာ မဖြစ်နိုင်ဘူးလား .."

"အေး .. အဲ့ဒါ ဖြစ်နိုင်တယ် .."

သုံးခွ နဲ့ တောင်ငူ တစ်သံတည်းထွက်ကြ၏။ ပြီးတော့ အိုးထဲမှာ ကတ်တွေ ရှုပ်အောင် မွှေနှောက်ရှာဖွေခပ်ရင်း ..။

"အန်ကယ်လ်အောင် ကလည်း သိပ်စည်းကမ်းကြီးတာ ..."

"မှဖေက စည်းကမ်းကြီးရုံတင်မကဘူး .. ငါ ကိုးတန်းအောင်တဲ့ နှစ်တာ ဖေဖေ့ကားကို တက်မောင်းပြီး ဘီန်းမုန့်ဆိုင်လေးတစ်ဆိုင်ကို တိုက်ချိုးမိခဲ့တာ .. အဲ့ဒါကို ဒီတိုင်းမောင်းပြေးလာရမလားဆိုပြီး ငါ့ကို ပြန်ခေါ်သွားပြီး ပျက်စီးသွားတာတွေအတွက် အလျော်ပေးပြီးတဲ့အပြင် ဆိုင်ရှင်သားအဖေ ကျေနပ်အောင် တောင်းပန်ခိုင်းတာလေ .."

"ဟုတ်လား .."

"ဟုတ်သလားမမေးနဲ့ .. ဓာတ်လမ်းတွေထဲကလိုများ မှတ်နေသလား ကောင်းပန်မှ ပြောင်းဆန်နေတာ အဲဒီဘဲက .."

"ဟင် .. သားအဖဆိုတော့ ယောကျ်ားလေးလား .."

"ငါ့ထက် နည်းနည်းပဲကြီးမယ် .."

www.burmeseclassic.com

www.burmeseclassic.com



"အသက် .."

"အသက်မဟုတ်လို့ မင်းကြီးတော်လား .."

စကားပြောနေလျှင် သုံးခွ ဝင်ဝင်ဖောက်သည်။ ပြီးတော့ သူ့ပဲ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်နှင့် ..။

"အဲ့ဒါကြောင့် ငါပြောတာ အနက်ကယ်လ်စိတ်ကို သတင်းစကားကြားပြီး အညွှာကိုင်လှုပ်လိုက်တာဖြစ်မှာ .. သူတို့ကလည်း ချမ်းသာတယ်လေ .. တူမက'ဒုက္ခ အဲ့ ခိတလေမယ့် တွေ့ကရာ အခင့်အတန်းနဲ့လည်း သဘောမတူ၊ အဲ့ဒီအချိန်မှာ ဒီကောင်ကလည်း ရေသွားပက်လိုက်တော့ .."

"ဘာလဲ သကြိန်မှာ ရေပက်မိတဲ့အပြစ်က မိန်းမယူလိုက်ရတဲ့အထိ ကြီးမားသွားသင့်သလား ..."

"ကဲ ... တော်ကြပါကွာ ..."

သခင်က ပါးစပ်ကလည်း တလှုပ်လှုပ်ဝါးနေရင်း ရှုံ့မဲ့တားဆီးကာ

"ဒါ သူ့နဲ့ လက်ထပ်ပွဲ ကျင်းပရမှာအတွက် ကျေးတာနော် .. ဝါဒ တွေများမနေကြနဲ့ .. ကျိုးကျိုးကန်းကန်း ငါတော့ယူမှာပဲ .."

"တွေ့လား ... ဒီကောင်ကို က ..."

"ပန်းသခင်ဘူး ..."

"ငါ့နာမည်တစ်လုံး ပိုသွားတာလား ... မဆိုးပါဘူး ..."

"ငါတို့ကတော့ သူနစ်နာတာကို မခံချင်လို့ ..."

"နင်တို့ ခံဖို့ မလိုဘူး သူ့ပဲ ခံလိမ့်မယ် ..."

"သုံးခွ ..."

"ဩော် ... ကဲ ခုပဲကျိုးကျိုးကန်းကန်း သူကြိုက်ပါတယ်လို့ ပြော နေတာကို"

"အေးလေဟာ ... နင်တို့ကလည်း ထစ်ခနဲရှိ သုံးခွ ဆိုတာချည်း



ပဲ"

"တော်သေးတာပေါ့ .. လေးဂွသာဆို ရွာပြင်ထုတ်ခံရမှာ သေချာတယ်"

"ဘာလို့ထုတ်ခံရမှာလဲ .. ငါက မြို့ပေါ်မှာနေတာ .."

သူငယ်ချင်းတွေ စားလည်းစားနေကြသေးသည်။ စကားလည်း များနိုင်လွန်းပါ၏။ သူတို့အဖွဲ့ကို ဘေးစားပွဲက လူတွေ ဘယ်လောက်တောင် စိတ်ပျက်နေမလဲဆိုတာလည်း ဂရုမပြုမိကြ ...။

"ငါတို့ စိတ်တိုတာ ဘာလဲသိလား ..."

ခိုင်မာလာ ဖက်ထုပ်တစ်လုံးကို မှုတ်ပြီး ပါးစပ်ထည့်လိုက်သည်။ ပြီးမှ ဝါးနေရင်း ဆက်ပြော၏။

"ငါတို့ရဲ့ ပန်းသခင်က နာမည်လိုက်အောင် ပေါ်ပြူလာဖြစ်တဲ့သူ အလှပဂေးလေးဝေ့ ဝိုင်းဝိုင်းလည် ..."

"ခုမှ သိတာလား ..."

"စေတနာပျက်အောင် စမလာနဲ့ ရုပ်ကြီးက ..."

သခင် က ပြုံးစိစိနှင့် နှာခေါင်းပွတ်ရင်း ရယ်ချလိုက်၏။ ခိုင်မာလာ မျက်စောင်းထိုးကာ ...။

"ပြီးတော့ နင်တို့ပဲ စဉ်းစားကြည့် အနက်ကယ်လ်အောင်က စ,လုံးမှာ ကုမ္ပဏီအကြီးကြီးက စီအီးအိုလေ မြန်မာနိုင်ငံပြန်လာရင်လည်း ဒီမှာရှိတဲ့ ကုမ္ပဏီမှာထိုင်တော့ ဟိုမှာလည်း အမြင့်ဆုံးရာထူးနဲ့ ..."

"ဟုတ်တယ် .. ဒီလိုပြည့်စုံသော အရည်အချင်းတွေနဲ့ ကိုယ့်သားကို အနက်ကယ်လ်ကလည်း ဘယ်လိုစိတ်ကူးတွေနဲ့များ လုပ်ချလိုက်တာ သိဘူး .."

"ငါကတော့ သိတယ် .. အဲ့ဒီလူတွေက သကြိန်က ကိစ္စနဲ့ အတိုင်းအတာထူကြတာပဲနေမှာ ပြောရရင်မကောင်းတော့ဘူး .. ဒီလိုနည်းနဲ့

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားတစ်ယောက်ရတော့ ဂုဏ်ယူစရာကောင်းနေလို့လား"

"အဟမ်း ... အဟမ်း ..."

သခင် က တစ်ရှူးတစ်စဆွဲပြီး ပါးစပ်သုတ်၍ ချောင်းဟန့်သည်။ စားသောက်ပြီးလို့ လည်းချောင်းရှင်းတာလား မပြောစေချင်လို့ တားတာလားတော့မသိ ...။

ခိုင်မာလာနဲ့ ဓေတ်ဦး တို့က လှည့်ကြည့်ကာ ...။

"ဘာလဲ ... ငါတို့ ပြောနေတာ မကြိုက်လို့တာလား ..."

"မဟုတ်ပါဘူး ... ငါတွေးမိတာ ပြောမလို့"

"ဘာလဲ ..."

"အဟမ်း ..."

နောက်ထပ်ချောင်းဟန့်ပြီး အိတ်ထဲက ဖုန်းကိုယူလိုက်သည်။ အားလုံးက သူ့ကိုကြည့်ပြီး တိတ်ဆိတ်စွာ နားစွံ့နေကြပေမယ့် စကားသံ တော်တော်နဲ့မလာ ...

တောင်ငူက တူကို ပန်းကန်နဲ့ ခေါက်လိုက်ပြီး စိတ်မရှည်စွာ —

"ပြောစမ်းလကွာ ... ဘာလဲ ..."

"ခဏလေး ..."

"အင်း ..."

"ခင်ဦးသျှောင် တော်တော်လှတယ်"

"ဝဲစား ..."

"ဟား ဟား ဟား"



## အခန်း (၇)

လေဆိပ်ကနေ ကြိုလာတည်းက ဖေဖေ သူ့ကို စကားတစ်ခွန်းမှ မပြောပေ။ မောင်နှမချင်းလည်း ပြုံးရယ်ပြကြတာမရှိဘဲ ... စက်ရုပ်တွေ ဆက်ဆက်ကြသလို ခေါင်းညိတ်စကားပြောပြီး အတူတူပြန်ထွက်လာကြ သာ ကားပေါ်ရောက်၏။

ထို့နောက် တိတ်ဆိတ်စွာပဲ အိမ်ပြန်ရောက်ခဲ့လေသည်။

"ပေး အစ်ကို့အိတ် ..."

ပြန်လာတာ ဘာအိတ်အပိုမှ မပါဘဲ တစ်တောင်နီးပါးလောက် လက်ကိုင်အိတ်ပြားကြီး တစ်လုံးပဲ ကျောင်းသားတွေ စာအုပ်ကိုင်သလို ကိုင်လာသည်။ အိမ်ထဲဝင်တော့ ချိုင်းကြားညှပ်ခြင်းသို့ရောက်ကာ၊ နန်းတီဝါက တောင်းတော့ လက်ထဲထည့်လိုက်သည်။

"အစ်ကို အနားယူဦးလေ .. ပြီးမှပဲ ..."

"ငါနားဖို့မလိုဘူး .. နင်ထိုင်ဦး .. မင်းလည်းထိုင်"

အပြန်အလှန် စကားပြောကြသော်လည်း သာယာနှစ်လိုဖွယ် ကောင်း မပါ ..။ ခရီးဝေးက ပြန်ရောက်လာသောကြောင့် လိုက်လှဲပျူငှာ သော ကြိုဆိုနှုတ်ဆက်ခြင်းလည်းမဟုတ် ..။

www.burmeseclassic.com

www.burmeseclassic.com



"ငါ မင်းကြောင့် ပြန်လာခဲ့တာ ..."

သူ့မျက်နှာကို စိုက်ကြည့်ပြီး စကားစ၏။ ပြောနေရင်းအပေ
ကုတ်အင်္ကျီကို ချွတ်၍ဆိုဖာပေါ်မှာပဲ လှည့်တင်ထားလိုက်ပြီး ...။

"မင်းနဲ့ ခင်ဦးသျှောင်ရဲ့ မင်္ဂလာပွဲကို လာမယ့် သုံးရက်နေ့ ရှန်
လာမှာ လုပ်မယ် .. လကုန် နှစ်ဆယ့်ရှစ်ရက်နေ့မှာ စင်ကာပူ PA
PACIFIC မှာ လုပ်မယ် ..."

"ဖေဖေ ..."

"ပြော ..."

"သုံးရက်နေ့က ဆယ့်ခြောက်ရက်ပဲလိုတော့တာ ..."

"အဲဒီတော့ ဘာဖြစ်လဲ ..."

"သား ဘာမှတောင် မပြင်ဆင်ရသေးဘူး ..."

"မင်းက ဘာတွေပြင်ဆင်ချင်လို့လဲ ..."

"မဟုတ်ဘူးလေ ..."

"ဟုတ်တာက ဘာလဲ ..."

"ဖေဖေကလည်း အဲ့လောက်ကပ်ကပ်ကြီး ..."

"ဘာကြောင့်ကပ်ကပ်ကြီး ဖြစ်သွားရလဲ သိချင်သေးလား ..."

သူကြောင်တောင်တောင် စိုက်ကြည့်နေတော့ ဦးခန့်ညားအောင်
လည်း သူ့မျက်လုံးထဲကို ကြည့်နေရင်း ...။

"မင်း ငယ်ငယ်က မင်းအဖေ ငါလည်း စင်ကာပူကို မရောက်သေး
ဘူး၊ ငါ့ရဲ့ သူဌေးလည်း စင်ကာပူမှာ အထိုင်မချသေးဘူး၊ အဲ့ဒီတုန်း
စာသင်ကျောင်းရဲ့ ဘေးမှာ ရုတ်တရက် မီးတွေလောင်ခဲ့တာ မှတ်မိသေး
လား .."

စဉ်းစားလိုက်တာနှင့် တန်းပေါ်လာသည်။ လောင်ခဲ့တဲ့ မီးက နည်း
နည်းနောနောမှ မဟုတ်ဘဲ ဒါပေမယ့် ကျောင်းနဲ့တော့ သိပ်မနီး
မီးကြီးသည့်အတွက် ကျောင်းလွှတ်ပေးလိုက်ရသည်။ လာခေါ်ကြသည်



ဘတွေရော မိဘလာမခေါ်သဖြင့် ကိုယ့်ဘာသာပြန်ကြရသည့် ကျောင်း
သားတွေပါ ရှုပ်ယှက်ခတ်နေသည့်ကြားထဲ အိမ်က ကားကိုရှာတာလည်း
တွေ့ခဲ့ပေ။

"အဲ့ဒီမှာ သူဌေးမိသားစုကို လေဆိပ်မှာ ငါကိုယ်တိုင်သွားကြိုနေ
ခဲ့ အချိန်ပေါ့ .."

ဦးခန့်ညား ပြောင်က ထိုစဉ်က ကားအက်ဆီးဒင့် ဖြစ်ခဲ့သည့်
အကြောင်းကို သေချာပြောပြနေ၏။ ဒါပေမယ့် ထိုအဖြစ်တွေကို သခင် အားလုံး
သိနေပြီးဖြစ်ကာ ...။

"မင်း မသိသေးတာကို အခုပြောပြမယ် .. မင်းကို ကျောင်းမှာခေါ်
ဖို့ လာတော့ လမ်းမှာ ကားအက်ဆီးဆင့်ဖြစ်ခဲ့တယ် .."

ထိုအဖြစ်ကိုလည်း သူသိတာပါပဲ .. အိမ်ကကားကိုလည်း မရှာ
တော့ဘဲ သူ့ဘာသာအိမ်ကို ပြန်ရောက်သွားခဲ့သည်။

အိမ်မှာ မေမေက မျက်လုံးတွေ ပြူးကျယ်လျက် .. ခြံဝကနေ
လှိုင်းလျှောက်ပြန်လာသည့် သူ့ဆီ ပြေးလာဖက်သည် ...။

"သားလေး .. သား ဘယ်လိုပြန်လာတာလဲ သားဖေဖေနဲ့ မတွေ့
ဘူးလားဟင် .."

"မတွေ့ဘူး ... သားကြောက်လို့ ဒီတိုင်းပြေးလာတာ"

ကျောင်းနဲ့အိမ်က နီးနီးလေးတော့ မဟုတ်ပေ၊ ဒါပေမယ့် သူအိမ်
အထိပြေးခဲ့တာ ဘယ်လိုနှုန်းနဲ့မှန်းမသိခဲ့ ..။ လိပ်တက်လာသည့် မီးခိုး
မည်းမည်းကြီးတွေက ကျောင်းရဲ့ ဘေးမှာကပ်လောင်နေသလို မြင်
လိုက်ရသည့်နောက်မှာ တစ်ချက်မှ မနားဘဲ ပြေးခဲ့မိတာဖြစ်သည်။

သို့သော် .. သူ ပြန်ရောက်ပြီးတာနှင့် မေမေ့ဆီကို ဖုန်းလာခဲ့သည်။

"သားလေး အိမ်မှာပဲနေနော် .. သားအဖေ ကားအက်ဆီးဒင့်ဖြစ်
လို့တဲ့ မေမေ ဆေးရုံပြေးဦးမယ် .. အဲဒါ မေမေ့ကြောင့်ပါ မေမေ့ကြောင့်"

သူ့ကို စိတ်မပူဖို့ ပြောပြီး ငိုနေတာက မေမေပဲ ဖြစ်သည်။ ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



'သား ဘယ်မှမသွားနဲ့' လို့ အထပ်ထပ်မှာပြီး အိမ်ကလူတွေကိုလည်း ဂရုစိုက်ဖို့မှာကာ ဖေဖေ့နောက်လိုက်သွားခဲ့၏။ ဒါပေမယ့် ဖေဖေ အကြီး အကျယ်မထိခိုက်မိခဲ့ပ၊။ ဒီအဖြစ်တွေက သူ့အိမ်ထောင်ရေးနဲ့ ဘယ်လို သက်ဆိုင်ခဲ့တာလဲ ..။

"အဲ့ဒီတုန်းက ဖေဖေကလွဲပြီး ဒဏ်ရာတွေ ကိုယ်စီဖြစ်ခဲ့ကြတယ်။ ထိခိုက်ဆုံးကတော့ သူဌေးကတော်ပဲ ခြေထောက်တစ်ဖက်ကျိုးသွားပြီး *လက်မောင်းရိုးအက်သွားတယ် .. အဲ့ဒီ ဒဏ်ရာတွေကို ကုသခဲ့ပြီး ပျောက်* သွားသလိုလိုနဲ့ .." ဦးခန့်ညားအောင် မျက်နှာက စိတ်မကောင်းခြင်းနှင့် ညှို့ မှောင်နွမ်းလျနေခဲ့ပြီး ..။

"အရိုးကင်နဆာ အဖြစ်နဲ့ ပြန်ပေါ်လာတယ်"

"အဲ့ဒီဒဏ်ရာကလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့ ဖေဖေ .."

"မင်း ငါပြောတာကိုပဲ နားထောင် .."

ဒေါ်သတွေကို မေ့သွားတတ်သည့် ခဏတစ်ဖြုတ်မှာ ဖေဖေ့ စကားသံတွေ နားညီ့နေခဲ့လျက် ဒေါသရိပ်တွေတက်လာပြီဆို အေးစက် မာထန်နေကာ ...။

"အဲ့ဒီရောဂါနဲ့ပဲ သူဌေးကတော် ဆုံးသွားခဲ့တယ်။ သူဌေးက ဇနီးလေးဆုံးခဲ့တဲ့ နောက်ပိုင်းမှာ သူ့ စိတ်တည်ငြိမ်မှုအတွက် အလုပ်ထဲမှာပဲ နေ့ရောညရော နှစ်မြှုပ်နေခဲ့တယ် ကလေးကတော့ အိမ်တော်ထိန်းနဲ့ အိမ်အကူတွေလက်ထဲမှာပေါ့ ..."

ကြားနာရခြင်းတွေထဲမှာ ကိုယ်နဲ့ မသက်ဆိုင်ဘဲ ကိုယ်လည်း စိတ်မဝင်စားသော အကြောင်းအရာတစ်ခုကို ကြားနာနေရခြင်းလောက် စိတ်ပျက်ဖွယ်ကောင်းတာရှိပါ့မလား ...။

"တစ်နေ့မှာ သူဌေး အပြင်ရောက်နေတုန်း သူ့ သမီးလေး စကိတ်စီးရင်း အက်ဆီးဒင့်ဖြစ်သွားတယ် ... အဲ့ဒီမှာ ကလေးရဲ့ ဘဝက .."

ပြောနေရင်း သူ့မျက်နှာဆီ-မျက်လုံးတွေ ပြန်ရောက်လာကာ ..။



"သူ့သမီးလေးရဲ့ မျက်လုံးတွေ ထိခိုက်မိသွားတယ် .. ဒါပေမယ့် ကျွမ်းကျင်တဲ့ သမားတော်တွေရဲ့ ခွဲစိပ်ကုသမှုကြောင့် မျက်လုံးတစ်ဖက်ကတော့ ပြန်ကောင်းခဲ့တယ် .."

"သား တစ်ခုလောက်ပြောပါရစေ ဖေဖေ .. အခု ဖေဖေ ပြောဖို့ ပြင်ဆင်လာခဲ့တာ ... း မင်္ဂလာကိစ္စပဲလေ .. အဲဒါ ဘာဖြစ်လို့ ဖေဖေ့ရဲ့ သူဌေးသမီး အဲ .."

ပြောနေရင်း ဇ. စုံတစ်ရာကို သတိထားမိလိုက်ကာ ..။

"ဖေဖေ သားနဲ့ လက်ထပ်ပေးမှာက .. အဲ့ဒီ .."

"ဟုတ်တယ် .. ခင်ဦးသျှောင် က သူဌေးရဲ့သမီး .. သူဌေးဦးကြီးမြတ် သူ့ရဲ့ တစ်ဦးတည်းသောသမီး .."

"ဟာ ...,"

'A ကွိုင်ရာ' အင်ပါယာကြီးရဲ့ ချဲမန်းဦးကြီးမြတ်သူရဲ့ သမီး ..။

ဘယ်လိုဖြစ်လို့များ ဒီလောက်ထိ ...

"A ကွိုင်ရာ' အင်ပါယာကြီးရဲ့ ဆက်ခံသူဖြစ်တဲ့အတွက် မင်းနဲ့ လက်ထပ်ဖို့ကို မဖြစ်နေ စီစဉ်မှာ မဟုတ်ဘူး။ သခင် ဒီမိန်းကလေးရဲ့ ဆုံးရှုံး နစ်နာမှုတိုင်းက ငါတို့နဲ့ပဲ အထူးသဖြင့် မင်းနဲ့ပဲ ပတ်သက်နေခဲ့တာမို့ လို့ ..."

"ဝါ တစ်ခု မေးပါရစေ .. သူတို့လည်း ဗုဒ္ဓဘာသာတွေပဲ အစ်ကို၊ လိုချင်တာကို မရသေးရင်တော့ ကံမပေးသေးလို့လို့ ပြောကြတယ်၊ မဖြစ်ချင်တာဖြစ်သွားခဲ့ရင်လည်း ဒါ ကံအကြောင်းတရားပဲ မဟုတ်ဘူး လား၊ အရာရာကို ကံပေါ်ပုံမချနဲ့ဆိုပေမယ့် ဖြူစင်ရိုးသားတယ် .. ကြိုးစား တယ်ဆိုတဲ့ လူတွေလည်း ကြိုးစားတိုင်း တိုက်ဆောက်ကားစီး ထဖြစ် မလာပါဘူး ..."

ဒေါ်ဝင့်ဝါခိုင် ပြောနေတာကို ဦးခန့်ညားအောင် က ဘာမှ မပြော ဘဲ နားထောင်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



"အခု .. သားက ကိုယ်ထိလက်ရောက် ရိုက်ပုတ်စော်ကားခဲ့တာ လည်းမဟုတ်ဘူး၊ ဒီလမ်းသွားလို့ ဒီလိုဖြစ်ရတယ်ဆိုပေမယ့် ဒီလိုဖြစ်ဖို့ အကြောင်းရှိနေရင် ဘယ်လမ်းသွားသွားဖြစ်မှာပါပဲ .."

"ဒါဖြင့် ထစ်စုံတစ်ယောက်က တစ်စုံတစ်ယောက်ကို ကားနဲ့ တိုက် မိပြီး ခံရတဲ့လူမှာ ကျိုးကန်းသွားရင်ရော၊ နှင့်ကံကိုက ကျိုးဖို့ ကံပါလာ တာ ငါမတိုက်လည်း သူများက တိုက်မှာပဲ' လို့ ပြောပြီး ထွက်သွား တတ်ကြသလား .."

"ဟုတ်ပါတယ် .. ဝါ ပြောတာက သားကို ခေါ်ဖို့သွားရင်း ဖြစ် တာနဲ့ပဲ သားနဲ့ပဲ ပတ်သက်တယ်လို့ သတ္တုချတာကတော့ ကျိုးကြောင်း မနိုင်လုံပါဘူး။ နောက်ပြီး သူတို့က နိုင်ငံကျော် ချမ်းသာတဲ့ သူဌေးတွေ ရယ် ကလေးတွေရဲ့ အိမ်ထောင်ရေးမှာ သားလေးကို သူများ ပုတ်ခတ် ပြောချင်စရာဖြစ်မှာစိုးတယ် ..."

"မိသားစု အကြောင်း ဆွေးနွေးရင်း တခြားအကြောင်းမပါစေ အဲ့ဒီ မိန်းကလေး ဟိုအရင်က ဘယ်လိုထိခိုက်နစ်နာခဲ့တာတွေကို အဲ့ဒီအ ချိန်မှာပဲ ပြီးခဲ့လို့ရပေမယ့် ...။ နောက်ထပ်နင့်တူကြောင့် နားမကြား တော့တဲ့ ဒုက္ခတဘဝကိုရောက်ခဲ့ရတဲ့အတွက်ကရော ..."

ဒေါ်ဝင့်ဝါခိုင် မျက်နှာမကောင်းပဲဖြစ်သွားသည်။ သခင်ကတော့ ဘာမှ မသိခဲ့သူမို့ ...။

"မေမေ ပြောလိုက်တာ သူ့နားမကြားတော့တာ သား ကြောင့်လို့လား"

"ဟုတ်တယ် .. ခွဲစိပ်ပြီးတာ မကြာသေးတဲ့ နားထဲကို အရက် ရောတဲ့ ရေတွေဝင်အောင် မင်းပက်လိုက်တာ ..."

"အဲ့ဒါ ..."

"သူ့ဦးလေးတွေဆီကနေ သတင်းတွေ အကုန်ရောက်တယ် - ကျောင်း မှာ မိန်းကလေးတစ်ယောက်ရဲ့ ဂုဏ်သိက္ခာကို လေးစားရကောင်း မှန်း မသိ ရိုင်းပျက်စကားတွေနဲ့ စနောက်တာတဲ့ မင်းရဲ့ သတင်းတွေ အကုန်



လုံး .."

"တက္ကသိုလ်တက်လာတဲ့ တောက်လျှောက်မှာ သား ဒီတိုင်းနေ လာတာပဲ မေမေ .. မိန်းကလေးတစ်ယောက်ဖြစ်ဖြစ် အကုန်လုံးကို ဖြစ်ဖြစ် တမင်တကာ မလေးမစား ဘယ်သူ့ကိုမှ စနောက်တာမရှိခဲ့ဘူး။ ယောကျ်ား တွေစုမိလို့ ကိုယ့်ဘာသာလွှတ်လွှတ်လပ်လပ် ပြောဆိုရယ်မောကြတာ .."

ရှင်းပြနေရင်း သခင် မျက်နှာက ရှုံ့မဲ့နေခဲ့လျက် ...။

"အဲဒီ ဘိုးတော်ကြီး အွဲ့ .. သားသိတယ်၊ သူတို့ကိုလည်း မြင်တယ်၊ သူတို့ကို သားတို့ပဲမဟုတ်ဘူး၊ မြင်သမျှလူတွေအကုန်လုံး သတိထား ကြည့်မိကြတာပဲ အဲ့တော့ လှမ်းကြည့်တယ် .. ဝေဖန်တယ် ကိုယ့်ဘာ သာရယ်စရာပြောဖြစ်လည်း သူတို့ကိုကြည့်တဲ့ အကြည့်နဲ့ရောပြီး သူတို့ ကို စနောက်တယ်ဖြစ်တယ် .."

"သူတို့ကို ကြည့်ပြီး တခြားအကြောင်းပြောနေကြတယ်ပေါ့"

"မဟုတ်ဘူးလေ .. မေမေ ဒါပေမယ့် အဲဒါကတော့ ဟုတ်တယ် သား .. ပြောဖြစ်တာကတော့ ဟုတ်ပေမယ့် .. လှရင်လှတယ်ပြောတယ် ဒါ ဂုဏ်သိက္ခာနဲ့မှမဆိုင်တာ .."

"တော်ပြီ .."

ဦးခန့်ညားအောင် က ခါးမတ်မတ်ပြင်လိုက်ပြီး အသက်တဝရှိုက် ရှိုက်ကြည့်သည်။ ပြီးမှ ...

"အခု ဂုဏ်သိက္ခာနဲ့ဆိုင်တာကို ပြောမယ် .."

"ခဏလေး အစ်ကို .."

ဒေါ်ဝင့်ဝါခိုင် က လက်ကာရင်း စကားစလိုက်ကာ ...။

"သားနဲ့ လက်ထပ်ပေးဖို့က ဖြစ်သွားမှာပါပဲ ဒါပေမယ့် ပေါင်းဖြစ် မယ့်သူချင်းလည်း ရှင်းလင်းနားလည်သွားအောင် ဝါ လည်း အဲဒါကို သိချင်လို့ပါ .."

"ပြော ..."

www.burmeseclassic.com

www.burmeseclassic.com



"ဒီမိန်းကလေးရဲ့ နားက အခု ဘယ်လောက်ထိ ဆိုးရွားသွားလို့လဲ"

"ဆေးရုံတက်လိုက်ရတယ် .. ခွဲစိပ်ထားတာ မကြာသေးတဲ့အတွက် နောက်ထပ်ခွဲစိပ်မှုလည်း လုပ်လို့မရသေးဘူး၊ ရချင်မှလည်းရမယ် လော လောဆယ်တော့ နားကျပ်နဲ့နေရတော့မှာပေါ့ ..."

"လက်ထပ်ဖို့ ဖြစ်လာတာက သူတို့က တာဝန်ယူဇေချင်တာလား အစ်ကိုက .."

"ငါ့ကိုဘယ်လိုထင်လို့ လာပြီး စစ်မေးနေတာလဲ ဝါခိုင် ..."

"ကလေးချင်း ပြဿနာ မရှိစေချင်လို့ပါ အစ်ကိုရယ်၊ သူတို့က အစ်ကို ရဲ့ သူငွေးတွေလေ .. ဒါပေမယ့် အများသိတာကတော့ ဒီမိန်းကလေးမှာ ချို့ယွင်းချက်များစွာနဲ့ ..."

"အဲဒီ ချို့ယွင်းချက်တွေ ဘာကြောင့် ဖြစ်ရတာလဲ"

"ဒါကို ကိုယ်ချင်းပဲ သိကြတဲ့ကိစ္စ .."

"တခြားဘယ်သူသိဖို့မှလည်း မလိုဘူး ..."

ပြောနေရင်း ဦးခန့်ညားအောင်က ထိုင်ရာကနေ ထရပ်လိုက်သည် ပြီးတော့ ခါးနှစ်ဖက်ထောက်၍ ထွက်လျှောက်တော့မလို ပြင်ပြီးမှ ပြန် လှည့်ကာ ...။

"နောက်ထပ်ရှိသေးတယ်၊ ဒါပေမယ့် ငါလည်းမသိသေးဘူး —"

"ဟင် .."

သခင့် မျက်ခုံးတွေ ပင့်တက်သွားသည်။

"ဘာလဲ အစ်ကို ..."

"မင်္ဂလာပွဲ စီစဉ်ပြီးမှ ပြောလိမ့်မယ်၊ အခု မင်း ပြင်ဆင်ထားဖို့ မင်းဘက်မှာ ဘယ်လိုအနေအထား ဘယ်လိုအခြေအနေတွေ ဖြစ်သွား စေ၊ ခင်ဦးသျှောင်ကိုပဲ လက်ထပ်ရမယ်၊ လက်ထပ်ပြီးရင်လည်း သူ ဖြစ်စေချင်တဲ့အတိုင်း လိုက်လျောနေထိုင်ပေးဖို့ ..."

ဦးခန့်ညားအောင် ထွက်ခွာသွားသည်။



"ဖေဖေ ..."

သခင်က ဖအေ့နောက်ကို ပြေးလိုက်သွားကာ ...။

"လက်မထပ်ခင် သားက သူနဲ့ မတွေ့ရဘူးလား ..."

"ဆေးရုံတက်နေတယ် ..."

"ခုနပြောတော့ ဆေးရုံတက်လိုက်ရတာဆို ဆင်းပြီမဟုတ်ဘူးလား"

လာပြန်ပြီဆိုသော စိတ်မရှည်သည့်အကြည့်က စူးရှနဲ့ ရောက်၏။

"မင်းဆိုရင်တော့ ဆေးရုံက ဆင်းတာနဲ့ လမ်းပေါ်တန်းရောက်ချင် ရောက်မှာပေါ့ .."

ပြောပြီး လှည့်ထွက်သွားလေသည်။

ဘယ်သူကရော သူ့ကို လမ်းပေါ် ဆွဲချလာမှာမို့လဲ၊ ဆေးရုံက ဆင်း လာပြီဆိုရင် စ... လေးတောင် လက်ခံပြောလို့ မရဘူးလား အလကား အပိုတွေ ...

ဖေဖေ က စပြီး အိုဗာတင်းနေတာ ...။

"သား ..."

"မပြောချင်တော့ဘူး ..."

"ဘာ ..."

"ဟာ ... ကန်တော့ ကန်တော့ အန်တီဝါ .. ဖေဖေ့ကို .."

"ဘယ်လို ..."

"အာ .. မဟုတ်ဘူး၊ ဟိုဘိုးတော်တွေကိုချဉ်လို့ .."

"ချဉ်မနေနဲ့ .."

ဒေါ်ဝင့်ဝါခိုင်က သခင့် မျက်နှာကိုကြည့်ပြီး သဘောပေါက်သည်။

"သားကို အန်တီဝါ မေးစရာရှိတယ်"

"လာပြန်ပြီ .. အန်တီဝါရာ .. ဒီမှာ ခေါင်းသုံးကြီး ဟိုတောပြီး ဒီနှိုက် ဖောင်းလိုက်ဖြစ်နေပြီ။

"သကြိန်တုန်းက သားတို့ကို လူငယ်တွေပဲဆိုပြီး အန်တီဝါ ခွင့်ပြု

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တာကို အပြင်မှာ သောက်စားပျော်ပါးနေကြတာပေါ့ ...''

''ဟာ .. မဟုတ်ဘူး အဲ့ဒါ လုံးဝ လွဲနေတာ ..''

''မလွဲတာက ဘာလဲ .. ခင်ဦးသျှောင်ကို အရက်ပါတဲ့ရေတွေနဲ့ ပက်တာကရော ..''

''အဲ့ဒါ မဟုတ်ဘူး အန်တီဝါ .. တကယ်က ..''

တကယ်က အမှန်သူကိုယ်တိုင်လည်း မသိ ...။

သူပက်လိုက်တာ ရေသန့်ဘူးနဲ့ပဲဖြစ်သည်။ အဲ့ဒီရေဘူးကို သူ ဘယ် သူ့ လက်ထဲက ဆွဲယူလိုက်မိတာလဲ၊ သူတို့အုပ်စုထဲမှာတော့ ဘယ်သူ သောက်စားထားတာ မပါပေ။

ပြီးတော့ နေ့လယ်စာ စားချိန်တောင် ရောက်သေးတာမဟုတ်

''ပြောလေ .. တကယ်ဆိုတာ မရှိဘူးမို့လား ..''

''ရှိတယ် .. ဒါပေမယ့် သား မပြောတတ်တာ ရေဘူးနဲ့ ဘယ်သူ အရက်သောက်နေသလဲဆိုတာပဲ ..''

ထိုနေ့က အဖြစ်ကို ပြောပြမိကာ ...။

''လူတွေ အရမ်းများတော့ ရေဘူးက ကိုယ့်နား ဘယ်သူကိုင်ထား တာလဲ သား ဘယ်လိုယူလိုက်မိတာလဲ၊ အဲဒါကိုပဲ စဉ်းစားမရတာ သား ပြန်လာတိုင်း ညနေပိုင်း ကစားကြရင်တောင် သားကိုယ်မှာ အရက်နံ့ အန်တီဝါ ရဖူးလို့လား ..''

ဒေါ်ဝင့်ဝါခိုင်အတွက် စဉ်းစားစရာတွေ ဖြစ်သွားသည်။ ဘယ် အကောင်းစား အရက်ဖြစ်ပါစေ ...။

ဘယ်လောက်မွှေးတဲ့အနံ့နဲ့ရောထားထား သောက်စားလာပြီဆိုရင် တစ်နည်းနည်းနဲ့တော့ သိသာနေတာပဲဖြစ်သည်။ သို့သော် ...

''ပြီးခဲ့တာတွေကို ထားလိုက်ပါတော့ .. ကြည့်ရတာ သူဌေး ကိုယ် တိုင်က ဒီမင်္ဂလာကိစ္စကို စီစဉ်စေချင်တဲ့ပုံပဲ မင်း အဖေအကြောင်းလည်း သိရဲ့သားနဲ့ ...''



သူ ခေါင်းညိတ်လိုက်တာကို စိုက်ကြည့်ပြီးမှ ...။

''ဒီတော့ မင်း လက်ထပ်ရမှာပဲ သား ..''

''သားကလည်း ငြင်းနေတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ လက်ထပ်ရ မဲ့အကြောင်းက နစ်နာကြေးပေးရသလိုလို၊ အပြစ်ပေးခံရသလိုလို ..''

''အဲ့ဒီလို အနေအထားတွေ ဖြစ်နေလည်း မင်းလက်ထပ်ရမှာပဲ''

ဒေါ်ဝင့်ဝါခိုင် မျက်နှာကလည်း ဒီပွဲကို စီစဉ်ချင်လွန်းလို့ အားတက် သရော ဖိအားပေးပြောနေတာနဲ့တော့ မတူပေ''

''မင်းတို့ချင်း ကျောင်းမှာဆုံဖူးနေကြတယ်ဆိုတော့၊ အဲဒီမှာတည်း က မင်း သူ့ကို စိတ်ဝင်စားနေတာလား ...''

''မဝင်စားပါဘူး ...''

''ဒါပေမယ့် သူနဲ့ လက်ထပ်ရမယ်ဆိုတာ သိလိုက်တော့ သား မျက်နှာမှာ ..''

''အဟွန်း ...''

ပြုံးလိုက်သည့် မျက်နှာကြောင့် ... ဒေါ်ဝင့်ဝါခိုင် ဆတ်မပြောဘဲ နေလိုက်သည်။ သခင် က သွားတွေပေါ်အောင် ရယ်လိုက်ရင်း ...။

''အဲဒါက မရိုးသားစိတ်ရှိနေလို့ မဟုတ်ပါဘူး ... ဟို ...''

''ခင်ဦးသျှောင် က တော်တော်လှနေလို့လား ..''

''ဟုတ်တယ် ...''

''သူ့ရဲ့ ချို့ယွင်းချက်တွေကို ဂရုမစိုက်ချင်လောက်အောင်ပေါ့''

ဟုတ်တယ်လို့ ခေါင်းမညိတ်ပေမယ့် နားလည်သွားခဲ့သည်။ ဘာပဲ ဖြစ်ဖြစ် သူတို့ချင်း ကျေနပ်ကြဖို့ပဲလိုရင်း ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

ဂျေအက်(စ်)-မှာ ပါကင်ရှာရာ တစ်ထပ်ပြီးတစ်ထပ် တပ်နေတုန်း ကားတစ်စီးထဲက ထွက်လိုက်သည့် ခင်ဦးသျှောင်ကို လှမ်းမြင်လိုက်ရ၏။

"ရပ် ... ရပ် ... ဒီမှာပဲ ထိုးလိုက်တော့ ..."

"မင်းကြီးတော် နေရာပေးနေလို့လား ..."

"မရတော့ဘူး တောင်ငူ မင်းရှာကြဲထိုးလိုက်တော့ ဟိုမှာ ဒီကောင် တွေ့နေပြီ ..."

"ဘာလဲ ..."

"ခင်ဦးသျှောင် ..."

လှမ်းကြည့်လိုက်တော့ တောင်ငူ မြင်သွားသည်။ ဒါပေမယ့် ဆန့်အေးမို့ ပါကင်မှာ ကားတွေက ကျပ်နေ၏။ သခင်က လှည့်ပတ်ကြည့်ပြီး

"ရပ်လိုက် .. ငါဆင်းနေခဲ့မယ် .. မင်းတို့အပေါ်မှာ သွားရှာလိုက် .."

ပြောပြီး ချက်ချင်း အကောင်အထည်ဖော်သည်။

ကားတို့သွားတာနှင့် ဆင်းလိုက်ပြီး ခြေတစ်လှမ်းကို အကျဲဆုံး အကွာအဝေးနှင့် သူမဘေးကို ရောက်သွားခဲ့လျက် ...။

"ခင်ဦးသျှောင် ..."



သူမ မျက်နှာလေး သူ့ဘက်လှည့်လာသည် ပြီးတော့ လည်ပင်းလိမ်အောင် မျက်နှာတစ်ခုလုံး လှည့်ကြည့်သည်။ ထိုအခါကျမှ သူ သတိထားမိလိုက်၏။

သူမ မျက်လုံးမမြင်ရတာ ညာဘက် ...။

ဒါပေမယ့် မျက်မှန်နက်လေးနှင့် ဝင်းညက်ညက်မျက်နှာလေးက ဆင်ရက်ဖွယ်မရှိအောင် လှနေသည်။

ထို့ပြင် ဆင်စွယ်ရောင် ဆွဲသားခါးပတ်ပြားပုံလေးနှင့် ပိတောက်ခြောက်ရောင် ဂါဝန်ရှည်လေးက ပေါင်လယ်လောက်ထိရောက်ကာ၊ ရွှေညိုရောင် ဒူးကျဘောင်းဘီရှည်လေးနဲ့ဖြစ်သည်။

အရပ်မြင့်တာတောင် ဒေါက်မြင့်ဖိနပ် အဖြူရောင်က သုံးလက်မလောက်မြင့်နေသေးသည်။

လူကိုခြေဆုံးခေါင်းဆုံးကြည့်နေပေမယ့် သူမ ပုံစံက စိတ်ဆိုးသည့်ပုံတော့ မဖြစ်ပေ။ ဒါပေမယ့် ပြုံးရယ်ခြင်းလည်းမရှိ ...။

"မင်း ကိုယ့်ကိုသိလား ..."

"အင်း ..."

ခေါင်းညိတ်ခြင်းနဲ့အတူ အသံလေးနဲ့ အသိအမှတ်ပြု၏။ သူ့နာခေါင်းတစ်ချက်ကုတ်မိကာ ...။

"မင်း ... အဲ ..."

သူမ ဘာလို့ကြားနေတာလဲဆိုတာ သတိရလိုက်ကာ၊ ဆံနွယ်ပျော့ညှာလေးတွေ အုပ်နေသော သူမရဲ့ နားဆီကို သေချာကြည့်လိုက်မိသည်။

ဒါလည်း သူမက စိတ်ဆိုးပုံမပေါ်သည့်ပြင် ဆံပင်တစ်ဖက်ကို နားနောက်ညှပ်လိုက်ပြီး။

"နားကျပ်တပ်ထားပါတယ် .. ဘာကိစ္စရှိလို့လဲ"

"ဟာ .. လုံးဝ ရှိတယ် .. မင်းကို ကိုယ်က လက်ထပ်ယူရမှာလေ

www.burmeseclassic.com

www.burmeseclassic.com



မင်းကရော ..."

"ဘာလဲ ..."

"အဲဒါကို လက်ခံခဲ့တာလား ..."

"အင်း ..."

"ဘာဖြစ်လို့လဲ ..."

"လက်ခံချင်လို့ ..."

"အဲ ..."

မထင်မှတ်သည့်အဖြေကြောင့် သူ နဖူးခြစ်မိပြန်သည်။ ထိုစဉ် အထဲက ထွက်လာသော မြင်နေကျ မျက်နှာကြီးကို မြင်လိုက်ကာ ...။

"ကိုယ်တို့ စကားပြောဖို့ လိုမယ်လို့ မင်း မထင်ဘူးလား "

"ဟင့်အင်း .."

"ဒါပေမယ့် ကိုယ်ကလိုတယ် .. ခဏလောက် ထိုင်စကားပြောရအောင်"

သူမ လက်ကောက်ဝတ်လေးကို ဖျက်ခနဲ ဆုပ်ကိုက်လိုက်ပြီး ဒီဘက်လှည့်လိုက်လျှင် ...။

"လွှတ်လိုက် ..."

ဘယ်က ထွက်လာလိုက်မှန်းမသိသော နောက်တစ်ယောက်သည် သူ့ ပခုံးတစ်ဖက်ကို တိုးတိုက်ပစ်လိုက်ပြီး ဆုပ်ကိုင်ထားသည့် လက်နှစ်ဖက်ကို အားနဲ့ ဖိချ၍ ဖြုတ်ပစ်လိုက်ကာ ...။

"မင်းက ဘာကောင်လဲ ... လူယဉ်ကျေးသားသမီးဖြစ်ပြီး ဘယ်လိုလဲ"

"အဲဒါမျိုးကို မိမနိုင် ဖမနိုင်လို့ခေါ်တယ် ..."

ဦးလေးဆိုသော လူကြီးနှစ်ယောက် ဆုံမိတော့ သခင်က ကားဖျော်ကြားညှပ်လျက်လေးဘက်လေးတန် အပိတ်ခံထားရသည့်နှယ် ...။



"သမီး အထဲဝင် ..."

"ကျွန်တော်တို့ စကားပြောဖို့လိုတယ် ..."

"မင်းလိုတာ ငါတို့ စိတ်မဝင်စားဘူး ... ငါတို့လိုတာကို မင်း ...စိတ်ဝင်စားရင် ရပြီ ..."

မာနကြောင့် ဒေါသက ထောင်းခနဲ ဖြစ်၏။

"ဖေဖေ စိတ်ဝင်စားရင် ရပေမယ့် .. ခင်ဦးသျှောင် ကို လက်ထပ်... ဖေဖေ မဟုတ်ဘူး .."

"ဘာကွ .."

"လေးတော် .."

ဦးသူတော် ရဲ့ ဆုပ်လိုက်သည့် လက်သီးဆုပ်ကြီး၊ ဒီတိုင်း ငြိမ်သက်...သည်။ ခင်ဦးသျှောင် က ဦးသူမြတ် ဖွင့်ပေးထားသည့် တံခါးထဲကို ...ဝင်ဘဲ ...။

"ကေး သူနဲ့ ပြောမယ် ..."

မထိတထိ ပြုံးလိုက်သည့် သခင့် မျက်နှာကြောင့် ဦးသူတော် က ...ခနဲ အံကြိတ်၏။ ဒီကောင် အချိုးမပြေတာတွေကြောင့် လက်ထပ်...သွားအောင် သူတို့ပဲ အကွက်ချ စီစဉ်ခဲ့တာဖြစ်သည်။ ထို့ပြင် ...။

အတိတ်ဟောင်းတွေရှိခဲ့သော အစ်ကိုကြီး ဦးကြီးမြတ်သူ တို့ရဲ့ ...သက်ကြွပုံတွေကို သိလိုက်ရလို့လည်း ပို၍ လွယ်ကူမြန်ဆန်သွားခဲ့...ဖြစ်သည်။

တကယ်တမ်း လူတိုင်းထင်ထားကြသော လက်ထပ်မင်္ဂလာပွဲဟာ ...ထပ်မင်္ဂလာသက်သက်မဟုတ်ဘူးဆိုတာ မကြာခင် သိကြရမှာပါ။

ထို့ကြောင့် ဦးသူမြတ်ရဲ့ ခွင့်ပြုဖို့ မျက်ရိပ်ပြနေတာကြောင့် ဦးသူ... နောက်ဆုတ်ပေးလိုက်ကာ ...။

"ဒီနားမှာပဲပြော .."

www.burmeseclassic.com

ww.burmeseclassic.com



"ကျွန်တော်က ဗိုက်ဆာလို့လာတာ .. ဟိုဆိုင်မှာ သွားထိုင်နေပါ၊ မြင်နေရတာပဲမို့လား .."

"ဟော့ .."

ပြောပြီးတာနှင့် ခင်ဦးသျှောင် လက်ကို ဆွဲလိုက်လျှင် .. သူမက လည်း ဆတ်ခနဲ ပြန်ရုန်းသည်။ ဦးသူတော်ရဲ့ ခြေလှမ်းကလည်း သခင့် ဘေးကို တစ်လှမ်းတည်းနှင့် ရောက်ပြီ ဖြစ်ကာ ..။

"လူလိမ္မာသား ယဉ်ပါးတဲ့ မင်းမှာ ဂုဏ်သိက္ခာမရှိဘူးလား"

"မိန်းကလေးတိုင်းကို လိုက်ကိုင်နေတာမှ မဟုတ်ဘဲ။ ကျွန်တော် လက်ထပ်ရမယ့် မိန်းမကို လက်ဆွဲခေါ်တာ ဘာဖြစ်လို့လဲ .."

ပြောပြီး သူမ ကို ငဲ့ကြည့်၍ ...

"သူလည်း သေချာမြင်ရတာ မဟုတ်ဘူး .. တုတ်ဆွဲခိုင်းတာထက် လူကဆွဲတာ ပိုမကောင်းဘူးလား ..."

လက်ကိုတော့ ဖွတ်ပြန်မဆွဲပေမယ့် .. သခင် က ဘောင်းဘီအိတ် တွေထဲ လက်ထည့်၍ ခင်ဦးသျှောင် နဲ့ ပခုံးချင်းထိကပ်လျှောက်သည် ထို့ပြင် ...

မှန်တံခါးတွေရှေ့ရောက်ကာမှ သူတို့ကို ပြန်ငဲ့ကြည့်လိုက်ပြီး ခင်ဦးသျှောင် ပခုံးလေးကို ဆွဲဖက်ပစ်လိုက်ပြီး ...

"ရှင် ဘယ်လိုလုပ်လိုက်တာလဲ .."

"မှန်ကအော်တိုဆလိုက်တွေ .. မင်းက တစ်ဖက်မြင်တာမှ မဟုတ်ဘဲ"

"အဲဒါ ဘာဖြစ်လဲ .. ဖြည်းဖြည်းသွားနေတာ ဘာဖြစ်သွားနိုင်လဲ -

သူက ပခုံးကို လွှတ်ပြီး ရယ်လိုက်ကာ ..။

"မင်းကလည်း ဒေါသအိုးပါလား၊ တူဝရီးတွေလို့ မပြောရ ပြောရင်း ပခုံးချင်းတိုက်ချလိုက်၏။

"အမေ့ ..."



သူမ ကိုယ်လေး ယိုင်ထွက်သွားလျှင် ... လက်ကို ဖမ်းဆွဲထားလိုက် ပြီး ရယ်ကာ ...။

"မကြောက်နဲ့ ... ဘာမှ မဖြစ်ဘူး ..."

သူတို့ဝင်သွားသည့်အတိုင်း ပါကင်ကနေ မြင်နေရကာ နောက်က ကြည့်နေတော့ မသိ၍ တော်တော်သည်း တော်တော်ကဲကြသော စုံတွဲတစ် တွဲလို မျက်စိနောက်ဖွယ် ..။

"တောက် ..."

"ခုမှ ဒေါသထွက်မနေနဲ့တော့ .. အဲဒါ ကိုလေးပေးတဲ့ အကြံပဲ.."

"မထွက်ပါဘူး .. ငါ့အလှည့်မကျသေးခင် ခံရခက်နေတာ .. ဒီကောင် ဒီလောက်ထိ ဂျစ်တိဂျစ်ကန်နိုင်မယ်လို့ မထင်ခဲ့တာ ငါမှားတာ .. ယ်ဆို ဒီ့ထက် ပိုပြီး ပြင်ဆင်ထားသင့်တာကို ..."

"ဟုတ်ဘူးယ် .. ကေး ကိုလည်း သူ ကစားစရာအရုပ်မှတ်နေသ ပဲ"

"ငါတို့လိုက်သွားမယ် ..."

"ဘေးက ကြက်ကြော်ဆိုင်မှာ ထိုင်တာပါ ..."

နှစ်ယောက် မညှိနှိုင်းရဘဲ အတူတူလိုက်လာခဲ့ကြသည်။ ပြီးတော့ မုန့်ဆိုင်မှာ ထိုင်နေကြသည့် သခင့် မျက်နှာကို ဘေးကနေ ကြည့်

"ရုပ်လေးသနားကမားနဲ့ .. တောက် .."

"သနားကမားမို့လို့လည်း မတန်မရာကို မှန်းဖွင့်ရသွားတာပေါ့၊ သည်းခံလိုက်ပါ ကိုလေးရာ၊ ကျွန်တော်တို့ ကေး ကလည်း င်ဝန်းတစ်ပွင့်ပါ၊ သင်း ဘယ်လို ဖြစ်သွားမလဲဆိုတာ ကြည့်နေ ..."

သူတို့က ကြည့်နေသလို သခင်ကလည်း ခင်ဦးသျှောင် ရဲ့ မျက်မှန်

www.burmeseclassic.com

www.burmeseclassic.com



နောက်က မျက်လုံးတွေကိုပဲ စူးစိုက်အကဲခတ်နေခဲ့လျက် ...။

"ဘာကြည့်နေတာလဲ မမြင်ရဘူးလား"

ပြောပြောဆိုဆို ရေခဲမုန့်ကို ဘယ်ဘက်ရောက်အောင် ဆွဲယူထားလိုက်သည်။ သူမ မကျေမနပ်လှည့်ကြည့်တော့ ... ရေခဲမုန့်ကို မျက်ခုံးပင့်ပြလိုက်ပြီး ...။

"မင်း အဆင်ပြေအောင်လို့ ..."

"ပြေပါတယ် .. ရှင်က ကေး အဆင်ပြေမပြေ သိချင်နေတာလား၊ ဒါမှမဟုတ် မျက်လုံးတစ်ဖက်က မမြင်ရတဲ့အဖြစ်ကို ရောက်တဲ့အရယ်မှာ သိသာပေါ်လွင်စေချင်တာလား .."

သခင်က ရေခဲမုန့် ကို သွင်းလိုက်ပြီးမှ ဖွန်းကို ပြန်ချ၍ ရယ်ကာ ..။

"အဲ့လိုပေါ်လွင်တော့ ဘယ်လို ဂုဏ်ယူဖွယ်တွေဖြစ်ဖို့ ရှိလို့လဲ"

"ကေး က မေးရင် ပြန်မမေးပါနဲ့ ..."

"မင်း မေးတာတစ်ခုမှ ဖြေချင်းစရာမရှိတော့ ..."

"ကေး က သိချင်လို့မေးတာလေ .. ရှင်ဖြေချင်ဖွယ်ရှိတာတွေ ရွေးမေးနေတာမှ မဟုတ်ဘဲ .."

"ကိုယ်လည်း .. ပြောချင်စိတ်မရှိတာကို မဖြေဘဲ နေရဲတဲ့ သတ္တိတွေနဲ့သွားလာတာပဲ .. ဖေဖေနဲ့ကိုယ် ဟိုတုန်းတည်းက မနွေးထွေးခဲ့တာ အဲဒါတွေကြောင့် .."

"ရှင့် အဖေကို ကေး .. မသိဘူး .."

"ကိုယ်ကလည်း မင်းသိစေချင်လို့ ပြောနေတာ မဟုတ်ဘူး၊ ကိုယ့်အကျင့်ကိုပဲ ပြောပြတာ .."

သူမက အေးဆေးသည့် မျက်နှာလေးနှင့် ခေါင်းညိတ်သည် ပြီးတော့။

"ဟုတ်ပြီလေ .. ဒါဆို ရှင့်အကျင့်တစ်ခုကို ကေး သိပြီ၊ နောက်ထပ် ရှင်ဘာသိချင်တာရှိလဲ .."



"ကေး ဆိုတာ မင်းနာမည်ပဲလား .."

သူမက ရေခဲမုန့်ဖွန်းကို မချဘဲ နှုတ်ခမ်းလေးစေ့ထားရင်း ခေါင်းညိတ်သည်။ နှုတ်ခမ်းနီက ဆွဲဆောင်တာလား ... မထူမပါး နှုတ်ခမ်းသားလေးတွေ တင်းကပ်မနေခြင်းက ထူးခြားနေတာလား မသိ ...။

"ဖေဖေတို့က 'ကလေး'လို့ ခေါ်ရင်း ကေး ဖြစ်သွားတာလို့ ပြောတာပဲ ကေး လည်း အဲလိုလိုက်ပြောရင်း အကျင့်ပါသွားတာ ..."

"မင်းရော ကိုယ့်ကို ဘာမေးချင်လဲ"

"မရှိပါဘူး ..."

သူ မျက်မှောင်ကုတ်သွားမိသည်။ ပြီးတော့ ကြားတပ်ထားသော မြားလေးစင်းလို သူ့ထံမှာ သွယ်တန်းစူးစိုက်နေကြသော ဦးသူတော်တို့ ညီအစ်ကိုရဲ့ မျက်လုံးတွေကို မသိမသာငဲ့ကြည့်ပြီး ပြုံးမိကာ ..။

"တစ်ခုခုတော့ မေးမြန်းပြောဆိုသင့်တယ် မဟုတ်ဘူးလား၊ မင်းနဲ့ ကိုယ် လက်ထပ်ရမှာ ဆယ်ရက်ကျော်လေးပဲ လိုတော့တာ .."

"ခုပဲ ဖြစ်ဖြစ် လက်ထပ်ရမှာပဲဟာ ..."

"မင်းကို ကိုယ်နဲ့ လက်ထပ်ဖို့အတွက် တော်တော် ဖိအားပေးထားတဲ့ ပုံပဲ ..."

ပြုံးသည်ဆိုရုံလေး လှုပ်ခတ်သွားသည့် နှုတ်ခမ်းလေးတွေက ပိုလှသွားသည်။ ပြီးတော့ ...

"ဘယ်သူကမှ ဖိအားမပေးပါဘူး၊ ကေး ကျေနပ်လို့ လက်ခံခဲ့တာ"

သခင့် အပြုံးတွေ လျော့ရိလျော့ရဲ ဖြစ်သွား၏။

"မင်း က ကိုယ့်ကို သိနေတာလား ..."

"ကြိုက်နေတာလားလို့ မေးချင်တာထင်တယ် ..."

"နိုး .. နိုး .. အဲ့လိုမဟုတ်ဘူး ..."

သခင် က ခုံဆွဲ၍ ခင်ဦးသျှောင် နားမှာ ကပ်ထိုင်လိုက်ရင်း။

www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘယ်မှာ ဘယ်လို ပုန်းကွယ်ပြီး ကျောင်းတက်နေသလဲ ပေါ့လေ့။ ကိုယ်ကတော့ မင်းကို ဖိုင်နယ်လ်မြေမှာ တွေ့ဖူးတာလေ။ မင်း ဘက်က ကိုယ့်ကိုအရင်မြင်ဖူးတွေ့ဖူးထားတာ ရှိသလားလို့ ..."

"တစ်ခါမှ မမြင်ဘူးကြဘဲ မင်္ဂလာပွဲရောက်မှ မြင်ဖူးကြတာတွေလည်း ရှိတယ် မှတ်လား၊ ရှင်နဲ့ ကေး လက်ထပ်ဖို့အတွက် တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားမှုတွေ အားကောင်းနေဖို့ မလိုပါဘူး ..."

စကားလုံးက ရင်ဘတ်ကို ခဲ(ဂဲ) တစ်လုံးလို တည့်တည့်ထိ၏။

ဒါပေမယ့် သေသင့်တယ်လို့ပဲ ကိုယ့်ကိုယ်ကိုယ် ဆုံးမမိကာ ...

"ကိုယ့်စိတ်ထဲမှာ ထူးဆန်းနေတယ် .."

"ဟုတ်မှာပေါ့ မိန်းကလေး ရှင်ဘက်က ရှင့်ကို ကမ်းလှမ်းခဲ့တာကို နောက်ထပ် တစ်လုံးပစ်ဝင်လာတာကိုလည်း မရှောင်လိုက်နိုင် ..."

"ကေး ကတော့ မထူးဆန်းပါဘူး၊ ကိုယ်လိုချင်တာကို နှစ်ခါ ပြောဖို့ မလိုဘဲ အမြဲတမ်းရခဲ့တာ ခင်ဦးသျှောင် ရဲ့ ဘဝပဲ .."

"မင်းက ကိုယ့်ကို လိုချင်ပါတယ်လို့ ပူဆာခဲ့တာလား .."

တည့်တည့်မေးချလိုက်တော့ သူမက ဆတ်ခနဲ ခေါင်းညိတ်၏

"ဟုတ်တယ် .. ကေး ဓာဆးရုံတက်ရတော့ ဒီလိုဖြစ်ခဲ့တာတွေအတွက် ရှင် တာဝန်ယူသင့်တယ်လို့ ဦးမြတ်က ပြောတယ် .."

"ဦးမြတ် ဆိုတာက ..."

"ကေး ရဲ့ ဦးလေး အငယ်ဆုံး ဦးသူမြတ် အရစ်ပိုမြင့်ပြီး ကိုယ် ပိုတောင့်တာက ဦးလေးအကြီး ဦးသူတော် .. ဖေဖေက အကြီးဆုံးလေ.

ဦးကြီးမြတ်သူ ဦးသူတော် ဦးသူမြတ် တဲ့ ...။

နာမည်တွေကို စိတ်ထဲက ခေါ်ကြည့်လိုက်တာတောင် ခံတွင်း ချဉ်၏။ ဒါပေမယ့် တခဏ ခံတွင်းချဉ်တာက ပြဿနာမဟုတ် ...

"အဲ့ဒါကို မင်းက အထမြောက်စေခဲ့တာပေါ့ ..."



"ဟုတ်တယ် .. ရှင့်ကို သဘောကျတယ်လို့ ပြောလိုက်တဲ့ အချိန်မှာတော့ လူကြီးတွေ ဟိုလိုဒီလိုထင်သွားကြမှာပဲ .."

"မင်း ရင်ထဲက ထကယ်က ..."

"ရှင့်ကို သဘောကျစရာလား ..."

"ဟား .. ဟာ .. ဟား"

ရယ်စရာရှိပြီဆို ဒခင့် အသံကိုက တစ်ဖတ်သားကို လှောင်သလို လိုပြောင်သလိုလို ...။

"ဒါဆိုလည်း ကိုယ့်ကိုယ်ကိုယ် အထင်မကြီးမိခင် မင်းရဲ့ အမှန်အကန်ကို ပြောလေ .. ထင်သလို တွေးမိရင် မကောင်းဘူး .."

ရေခဲမုန့်ကုန်သွားမှ သူမက တစ်ဖက်ကို ရွှေ့လိုက်ပြီး မျက်မှန်လေး တစ်ချက်ပင့်သည်။

ဖြုတ်လိုက်တော့မှာလားလို့ စိတ်ဝင်စားသွားပေမယ့် သူမက ဒီတိုင်း ...။

"ရှင်ထင်နေတာပဲ မှတ်လား .. ကျောင်းမှာလည်း ရှင်က ပေါ်ပြူလာပဲ .."

"ဟွန်း ..."

"ဒါပေမယ့် ကေး အတွက် ပေါ်ပြူလာဖြစ်တဲ့ ယောကျ်ား မလိုပါဘူး .."

"ဒါပေါ့ .. မင်းရဲ့ ချို့ယွင်းချက်တွေကို သည်းခံပေါင်းသင်းမယ့် ဆောင်က ပေါ်ပြူလာဖြစ်နေရင် မင်း ရင်ငြိမ်ချမ်းဖို့မှ မရှိဘဲ ..."

စိတ်ထဲက ပြောရင်း စိုက်ကြည့်နေမိသည်။ သူမကတော့ တုတ် တုတ်ငြိမ်ငြိမ်လေးရှိလျက် ...။

"ကေး ယောကျ်ားယူလိုက်တဲ့အတွက် လွတ်လပ်သွားမယ်၊ ငှက် ဖြစ်နေပေမယ့် လှောင်အိမ်ထဲမှာပဲနေရတဲ့ ဘဝ ဘယ်လိုနေမယ် မသိဘူး၊

www.burmeseclassic.com

www.burmeseclassic.com



ကေး ကတော့ လူဖြစ်ပြီး လူဖြစ်ရကျိုးမနပ်ခဲ့တဲ့ ကိုယ့်ဘဝကို ကိုယ် ကိုယ်တိုင် လက်မှတ်ထိုးပြီး ဒီအချုပ်အနှောင်က ဖောက်ထွက်မှာ –

သူမ ဘယ်လိုစကားတွေ ပြောနေသလဲဆိုတာ ရုတ်တရက် နား မလည် …။

"ကေး လိုချင်တာ ယောကျ်ားမဟုတ်ဘူး .. လွတ်လပ်မှု .."

"အဲ့ဒီတော့ …"

"ရှင်မေးနေတာတွေကို ပြည့်စုံအောင် ဖြေပေးလိုက်တာလေ၊ ရှ ဘယ်လောက်ချောချော ကေး အပေါ် စိတ်ဝင်စားဖို့ မလိုဘူး … ရှင့် ယုယကြင်နာမှုတွေကိုလည်း အလိုမရှိဘူး၊ ရှင်နဲ့ လက်ထပ်ပြီးတာ ကေး ရဲ့ ဘဝက ကားကြီးနဲ့ လူနှစ်ယောက် သုံးယောက် ညှပ်ပိတ်ဆော ရောက်ခံနေရတာတွေ ပြီးဆုံးသွားပြီ၊ ကိုယ့်ဘဝကို ကိုယ်ပိုင်ပြီ လိုချင်တာ ဒါပဲ .."

"မင်း အလိုမရှိပေမယ့် ကိုယ်က ပေးချင်လာရင်ရော …"

"တော်လောက်ပြီဟေ့ …"

အသံကျယ်ကြီးနဲ့ အော်လိုက်သလို နားထဲမှာ အလုံးလိုက်ဝင်လာ သည်။

တကယ်က လှမ်းအော်လိုက်တာ မဟုတ်ပေ၊ ဦးသူတော် သူ့ဘေး ရောက်နေခြင်းဖြစ်ကာ …။

"ပြန်မယ် သမီး .. ထ .."

ခင်ဦးသျှောင် ကလည်း ချက်ချင်းထရပ်သည်။ သခင်က ခပ်ဒေ လေး ထရပ်လိုက်ပြီး ဘောင်းဘီ အိတ်ထဲ လက်တစ်ဖက်ထည့်၍ –

"သူ့ကို နာမည်မေးတာ မှားနေတယ်လို့ မထင်ဘူးလား အန်ကယ်လ်"

မျက်နှာကို တည့်တည့်ကြည့်မေးတော့ ဦးသူတော့် မျက်ခုံးတ တွေ ထိဆက်မတတ် ကုတ်ကျသွား၏။



သခင်က နှာခေါင်းတစ်ချက်ပွတ်လိုက်ပြီး။

"မှုတ်ူးတူးလေး ဖြစ်ဖြစ် .. အဲ ဟိုရှေးခေတ်က တောင်းထဲထည့် ရွက်ပြီးသွားရတဲ့ ဘယ်သူပါလိမ့် .."

"ဟော့ကောင် .."

"ကိုပေါင်တို .. ကိုပေါင်တို တကယ့် နာမည်တော့ မသိဘူး .."

"ပန်းသခင် .. မင်း ကိုယ့်မင်း ဘာထင်နေလဲ .."

"မထင်ပါဘူး .. သူ့ကို ပြောနေတာ ခင်ဦးသျှောင်ဆိုတာ .."

"တိတ်စမ်း …"

ဒေါသက လက်ကို မဆွဲထားနိုင်လိုက်ဘဲ သခင့်ရင်ဘက်ကို ဆောင့် ဆွဲမလို့ တင်လိုက်လျှင် ဦးသူမြတ် ရောက်လာပြီး …၊

"ကိုလေး .. သူများတွေ ကြည့်ကုန်ပြီ .."

ကပ်ပြောရင်း လက်ကို ကမန်းကတန်း ဆွဲချလိုက်သည်။ ပြီးတော့ ရယ်မလိုပြောမလိုဖြစ်နေသော သခင့် ကို အံကြိတ်ရင်း …၊

"မင်း အချိုးကိုပြင်လိုက် ပန်းသခင် .. မိုက်ရိုင်းတာ ဂုဏ်ယူစရာ မဟုတ်ဘူး .."

"အန်ကယ်လ် အစ်ကိုကိုပဲ ပြောပေးပါ၊ စကားပြောတိုင်း လက်ပါ ချင်တာ မကောင်းပါဘူး .."

"ကြည့်စမ်း …"

ဒေါသတွေ ရှိကြတိုင်းသာ လွှတ်ပေးလိုက်ရင်ျှင် မှလွယ် …။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

ညစာ ထမင်းဝိုင်းမှာ သုံးယောက်တည်းသော မိသားစု စုံညီနေသဖြင့် ထူးတော့ ထူးခြားနေသည်။

မထူးခြားတာက ဘယ်တုန်းကမှ စိုပြည်ခြင်းမရှိခဲ့သော တိတ်ဆိတ်ခြင်းသည်သာ အရင်ကအတိုင်း ..။

"အစ်ကို ညနေက သူဌေးနဲ့ သွားတွေ့တာလား ..."

"သူဌေးက စင်ကာပူမှာ ..."

"ဟုတ်လား .. မင်္ဂလာပွဲက တစ်ရက်နှစ်ရက်ပဲလိုတော့တာ ..."

"သူဌေးက ပြန်လာမှာ မဟုတ်ဘူး၊ ဒီလထဲကျမှ ဟိုမှာ လူတွေ မစုံလို့ .. ငါကလည်း ပြန်လာရတယ် ..."

"ဒါပေမယ့် ကိုယ့်ရဲ့ တစ်ဦးတည်းသော သမီးလက်ထပ်မယ့်ပွဲ ..."

ဦးခန့်ညားအောင် က ဒန့်သလွန်ရွက် ခပ်ထားသည့် ငါးရံ့ခေါင်းဟင်းချိုခပ်သောက်ရင်း ချက်ချင်းမဖြေ ..။

"ဝါက ဒီပြင်ဟာကြောင့် မဟုတ်ပါဘူး၊ ချမ်းက အရမ်းသဘောထားပြည့်ဝတာ ဒီမှာတင် မကဘူး .. ဟိုမှာလည်း သူ့ကို သိတဲ့လူတိုင်း



ပြောနေကြတာပဲ .. ခုကျတော့ .."

ဦးခန့်ညားအောင် က ထမင်းစားရင်း မျက်လွှာပင့်ကြည့်သည်။ ဒေါ်ဝင့်ဝါခိုင်က စားလက်စကို ရပ်ထားလိုက်ပြီးမှ ..။

"စိတ်ထဲမှာ တစ်မျိုးကြီး ခံစားနေရတယ် .."

ပြောနေရင်း ဘာမှ ဝင်မပြောဘဲ နေနေသည့် သခင့်ကို ငဲ့ကြည့်မိတာ ..။

"သူတို့ လုပ်နေတဲ့ ပုံက ..."

"ကိုယ့်ကို ယုံကြည်နေတာလို့ပဲ သဘောထားလိုက်ပေါ့၊ လျှောက်တွေးမနေနဲ့ ..."

"ဝါ တို့ လူကြီးချင်းမှာ ပြဿနာမရှိပါဘူး၊ အခုက ကလေးတွေ ထိစွ စိစဉ်နေကြတာလေ .. သားကိုလည်း ခင်ဦးသျှောင် နဲ့ ပေးတွေ့ခွင့်မပေးဘူး ..."

"သားတို့တွေ ပြီးပါပြီ ..."

"ဟင် ..."

ဒေါ်ဝင့်ဝါခိုင် က အံ့ဩသွားသလို ဖျတ်ခနဲ လှည့်ကြည့်သည်။ ဦးခန့်ညားအောင် က မထူးခြားသည့် အကြည့်နှင့် ထမင်းစားခြင်းကို ဆက်စသတ်၏။

"တွေ့တယ် ဟုတ်လား၊ အမြဲတမ်း ခြွေရံသင်းပင်တွေနဲ့ နေတာ.. အဲလေ .. သူ့ဦးလေးတွေနဲ့ အမြဲအတူရှိနေတာဆို ..."

"အတူတူရှိနေလည်း သားက မရိုးမသား ချိန်းတွေ့ဖို့သွားတာမှ မဟုတ်တာ ..."

ထိုစကားကြားတော့ ဦးခန့်ညားအောင် က လှည့်ကြည့်ကာ ..၊

"အဲလို မင်းမှာ အခွင့်ထူးရှိနေတယ်ထင်ရင် အိမ်မှာ ဘာဖြစ်လို့ ဒါကို ရေးကြီးခွင့်ကျယ် ထည့်ပြောနေခဲ့တာလဲ ..."

သားအဖ မျက်လုံးချင်းဆုံသွားသည်။ ဒေါ်ဝင့်ဝါခိုင် ထိတ်ခနဲ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားလျက် ….။

"နေပါဦး … သားက အိမ်ကို သွားလိုက်တာလား …"

"မဟုတ်ပါဘူး … သားတို့ သူငယ်ချင်းတွေနဲ့ အလုပ်ကိစ္စသွား
ဂျေအက်စ်မှာတွေ့လို့ …"

"သူ တစ်ယောက်တည်းလား …"

"ဗိုလ်ခြေတစ်ထောင် ကာရံထားလည်း သူလုပ်ချင်ရင် လုပ်မှာပဲ -

ဦးခန့်ညားအောင် ဒေါသသံက ခုမှသိလို့ ထဖြစ်လာတာ မဟု
မှန်း သိသာနေကာ …။

"ကိုယ့်ရဲ့လုပ်ရပ်တိုင်းက … ကိုယ့်အဆင့်အတန်းကို သတ်မှတ်
ပဲကွ … မင်း အဲဒါကို နားလည်လား …"

"သား ဘာလုပ်ခဲ့လို့လဲ ဖေဖေ …"

"သူ့ဦးလေးတွေ ရှေ့မှာ ခင်ဦးသျှောင် ကို မင်းလက်ဆွဲ ထွက်သွား
တာလေ …"

ဖေဖေ့နားထဲ ရောက်နေခဲ့တာပဲ …။

ဒီလူကြီးတွေ ဖေဖေ့ကို အပိုင်ကိုင်ထားနိုင်တဲ့ အခြေအနေမျိုး
အားလုံးအပေါ်မှာ ဩဇာ ညောင်းချင်နေတာလား …။

"မင်းရဲ့ လုပ်ရပ် ဘယ်လောက်ရိုင်းစိုင်းသလဲ ပြန်တွေး …"

"သူတို့ သဘောတူလို့ သားလက်ထဲထည့်ဖို့တောင် ပြင်ဆင်နေ
ပြီ ပဲ ဖေဖေ …"

"ဘာ …"

"နေပါဦး အစ်ကိုရယ် … ခဏလေးနေပါဦး … အဲ့ဒီမှာ သား
ပြဿနာ ဖြစ်ခဲ့သလား …"

သခင် က ထမင်းစားခြင်းကို ဆက်လက်လုပ်ဆောင်ရင်း ခေါင်း
လိုက်ကာ …။

"သူနဲ့ သားနဲ့ ရေခဲမုန့်ဆိုင်မှာ စကားပြောကြတာ … ပြီးတော့ ပြ



သွားတယ် …"

"အေးဆေး ပြန့်သွားကြတယ်ပေါ့ …"

နောက်ထပ် မေးခွန်းရောက်လာတော့ သခင်က ဦးခန့်ညားအောင်
ကို လှမ်းကြည့်သည်။

ဖြေစမ်းဆိုသည့် အကြည့်က ငါ့သားလေး ဆိုသည့် ရင်းနှီးနွေးထွေး
တစ်စက်လေးမှ မပါ …။

အားလုံးအပေါ်မှာ ခပ်ချဉ်ချဉ်ဖြစ်သွားသည့် သခင့်မျက်နှာကလည်း
ခပ်လွှဲလွှဲဂျစ်ကန်ကန်ပုံတွေ ဖြစ်လာခဲ့လျက် …။

"သတင်းခေါင်းစဉ်ပဲ ရောက်နေတယ် မှတ်တာ … တော်တော်စုံစုံ
စေ့စေ့ပို့ထားတာပဲ …"

မဲ့ချင်နေသည့် မျက်နှာကို အတော်ကြီး တည်တံ့ဖို့ ကြိုးစားနေရ
သည့်ပုံနှင့် …။

"သားဆို ငယ်ငယ်တုန်းကတောင် နေရာတကာ အဲ့လိုအတိုင်
သဘောထူခဲ့တာ မရှိဘူး …"

"ပန်းသခင် …"

"ပြောပြတာပါ၊ သားတို့ စကားပြောခဲ့ကြတယ် … ပြီးသွားတယ်
ဒါပဲကို ဗာရာဏသီ ချဲ့ပြီ …"

"စကားပြောဖို့ မင်း ကြိုးစားတဲ့ပုံက ယဉ်ကျေးမှု ရှိခဲ့သလား …"

"သားရသင့်တဲ့ အခွင့်အရေးကို သူတို့က ဘေးဖယ်ထားတာကိုး"

"ဒီမိန်းကလေးကို မင်းက ဆွဲခွင့်ပြောခွင့်ရှိတယ် … ဒီလိုလား …"

"အစ်ကိုရယ် … သားပြောချင်တာက … အဲ့လိုလည်း …"

"နင် ဝင်မပြောနဲ့ ဝါခိုင် … နင် မသိတာတွေ ရှိသေးတယ် …"

ဒေါသတကြီး မဟုတ်ပေမယ့် … ဦးခန့်ညားအောင် စကားသံက
အေးစက်ပြတ်သားနေသည်။

ဒီကလေးကို သူ အားထားခဲ့သည်။ 'ငါ့သားကျရင် ဘယ်လိုပုံစံဖြစ်

www.burmeseclassic.com

www.burmeseclassic.com



ရမယ် ..' 'ငါ့သားအတွက် ငါ ကြိုးစားမယ် ..'

စသည့် အင်အားတွေနဲ့ ဒီနေ့ထိ မဆုတ်မနစ် ကြိုးစားခဲ့သည်။

သားဖြစ်သူကတော့ နောက်ပြန်လှည့်ကြည့်လိုက်တိုင်း ကိုယ့်နောက် ကနေ စည်းချက်ညီညီ လိုက်ပါလာတယ်ဆိုတာမရှိ ..။ ခုမှ ကျောင်းပြီး သွားသည့်သား ..။

အချိုးမပြေတာတွေကြောင့် .. ခုချိန်ထိ 'ထသွား ပြန်ကြည့်' ဖြစ်နေ ရတုန်း ..။

ပြောရမယ်ဆို သားအဖ ဘယ်တုန်းကမှလည်း နွေးနွေးထွေးထွေး နေထိုင်သွားလာခဲ့ရတယ်ဆိုတာ မရှိခဲ့သေးပေ။

သားအဖ နှစ်ယောက် ဆုံနိုင်ခွင့်တောင် မရှိသေးတဲ့ အခြေအနေ မှာ ဖြန်းဒိုင်းဆို အိမ်ထောင်ချပေးလိုက်ရတာ သူ့ရင်ထဲမှာ ကောင်းနိုင်ပ မလား။

ဖြစ်လာခဲ့ရတဲ့ အခြေအနေတွေကို ဘယ်သူ ဖန်တီးခဲ့တာလဲ –

အပင်အောက်မှာ ရပ်ပြီး အသီးလှုပ်မချရဘူးဆိုတာလည်း နား လည် ခဲ့တော့ .. ခေါင်းပေါ် အသီးကြွေကျတာလည်း ခံရမည်၊ ခါချဉ် ပါလာလို့လည်း ဘယ်သူကမှ ခေါင်းထိုးခံပေးမှာမဟုတ် ...။

"မင်း ကိုယ်မင်း ပေးဆပ်နေရတယ်လို့ပဲ ထင်မနေနဲ့ သခင် – ငါ ဒီလိုပေးထားရတာ .. ဒါတော့ ပြန်ရသင့်တယ်လို့ မင်းတွက်နေတာ လား .."

"ဖေဖေ က သားကိုချည်း စွပ်စွဲနေတာ တကယ်ဆို အဲ့ဒီ ဘိုးတော် တွေက .."

"ဘယ်လို ..."

"ဟို .. ခင်ဦးသျှောင် ရဲ့ ဦးလေးတွေကိုက သားကို မျက်လုံးစိမ်း နဲ့ ကြည့်နေကြတာ ..."

"မင်း က ရိုးရိုးသားသား ငြိမ်ငြိမ်ကုပ်ကုပ်လေး နေရဲ့သားနဲ့ပေ



သခင့် မျက်နှာ ခပ်လွှဲလွှဲဖြစ်သွားပြီး မဲ့၏။

ကျောင်းတစ်ကျောင်းလုံး ပြေးရှာလိုက်ပါဦး .. ရိုးရိုးသားသား ငြိမ် ကုပ်ကုပ်လေးနေတဲ့ ကျောင်းသား ဘယ်မှာရှိသလဲ ..။

ရှိတယ်ဆိုပြီး ဆွဲထုတ်ပြနိုင်ရင်တောင် နောင်မမေ့အောင် ပန်းချီ ရေးပြီး မှတ်တမ်းတင်ထားလိုက်ဦးမည် ..။

"သခင် ..."

"ဗျာ ..."

"မင်းကို ငါ စကားပြောနေတယ် ဒီဘက်ကိုလှည့် ..."

သခင် က မျက်နှာပိုးသတ်ပြီးမှ လှည့်လာကာ ...။

"ဟုတ်ကဲ့ပါ ..."

ဦးခန့်ညားအောင် မျက်နှာက သားဖြစ်သူ၏ နေထိုင်ပုံ အချိုးအစား ကြောင့် ပြဿနာကို ဘယ်လိုရပ်တည်ပြောဆိုရမှန်း မသိ ဖြစ်နေသည့် နှယ် ..။

ခရီးရောက်မဆိုက် မောပမ်းနေခြင်းက မျက်နှာမှာ မထင်ဘဲ မျက်ဝန်း တွေက ညှိုးရိပ်ကြောင့် စိတ်ပျက်နွမ်းလျစွာရှိလျက် ..။

"ဖြစ်လာမယ့် မင်္ဂလာပွဲက မင်းအတွက် မငြိမ်းချမ်းစရာတွေ ဖြစ် နေနိုင်တယ်ဆိုတာ ငါတွေးမိတယ်၊ လက်ညှိုးထိုးရမယ်ဆိုရင်တော့ .. ဒါ 'မင်းကြောင့်' ပဲ မင်းနဲ့ ပတ်သက်တဲ့အတွက် မင်းအဖေဖြစ်တဲ့ ငါက ဆုံးဖြတ်လိုက်ရတယ် .. သူ့ဘက်က မတရားမှုဆန်ပေမယ့်လည်း သူ့သမီး အတွက် သူ ဆုံးဖြတ်တယ် .."

"အဲဒီမှာ သူတို့က ရသွားပြီး သားက .."

"ဒါကို အရှုံးအနိုင်တစ်ခုလို မမြင်ဘဲ ယောက်ျားပီသစွာ ရင်ဆိုင်ဖို့ ပဲ ပြင်ဆင်ထားလိုက်ပါ .."

သခင်က မျက်မှောင်ကုတ်မပြေဘဲရှိကာ .. ဒေါ်ဝင့်ဝါခိုင်ကလည်း အဝင်မကျနှင့် ..။

www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားပီသဖို့ဆိုတာမှာ အကြောင်းရင်းရှိဖို့တော့လိုတာပေါ့ အစ်ကိုရယ် .."

အကြောင်းရင်းဆိုတော့ ဦးခန့်ညားအောင် ပြုံးမိသည်။ ထို့ကြောင့်—

"ကိုယ့်ကိုခင်ချင်လို့ နှုတ်ဆက်လာတဲ့ လက်တစ်ဖက်ထက် နွံနစ်နေတုန်းမှာ ဆွဲတင်ဖို့ပေးလာတဲ့ လက်တစ်ဖက်က ပိုပြီး တန်ဖိုးကြီးတယ် ဝါခိုင်၊ ကိုယ့်အလှည့်ကျမှ အကြောင်းပြချက်တောင်းနေတာ မကောင်းပါဘူး .."

ကျေးဇူးတင်နေခဲ့သည့်စိတ်ဟာ သားသမီးအတွက် မခံချင်ဒေါသဖြစ်သွားခဲ့တာကိုတောင် ဖုံးလွှမ်းနိုင်ခဲ့သည်။ ဦးကြီးမြတ်သူဟာ နာမည်နဲ့လိုက်အောင် စိတ်ထားမြင့်မြတ်သည်။

လက်အောက်ငယ်သားအပေါ်မှာ ညှာတာတာလည်း အလုပ်နဲ့ပတ်သက်သည်ဖြစ်စေ၊ မပတ်သက်သည်ဖြစ်စေ မျက်စိအောက်မှာ ဒုက္ခရောက်နေသူကို မသိသလို မျက်နှာလွှဲမသွားတတ်တဲ့သူဖြစ်သည်။

သားကို မီးလောင်ပြင်ကနေ သွားဆွဲထုတ်ဖို့ အရေးကြီးနေခဲ့စဉ်က သူ့စိတ်မှာ ပူလောင်နေသလောက် ဦးကြီးမြတ်သူကလည်း စာနာပေးခဲ့၏။

လမ်းခုလတ်မှာ ကားအက်ဆီးဒင့်ဖြစ်ကာ ဇနီးသည်က ဘယ်တိုထိခိုက်မှန်းမသိဘဲ မရုန်းနိုင် မကြွနိုင်နှင့် သတိလစ်မတတ် ဖြစ်နေခဲ့သည်။

သမီးငယ်က သတိမရ။

ထို့ပြင် ဦးကြီးမြတ်သူက ခေါင်းကို ခိုက်မိထားသဖြင့် နဖူးထောင့်ကနေ သွေးတွေစီးကျနေတာကို ဂရုမစိုက်။

"မီးက တော်တော်ကြီးနေတဲ့ပုံပဲ၊ ခင်ဗျား ကျောင်းရောက်အောင်သွားလိုက် ကိုခန့်၊ ကျွန်တော် ကားမောင်းနိုင်သေးတယ်၊ သူတို့ကို ဆေးရုံပို့နိုင်တယ်"

"မဟုတ်ပါဘူး၊ ကျွန်တော် အဲသလိုတော့ ..."



"သွား .. သွား ... ကလေးက မီးထဲမှာ.."

သူ ဗျာများနေပေမယ့် ဦးကြီးမြတ်သူက မောင်းသူနေရာမှာဝင်ထိုင်ပြီး သူ့ဘာသာ မောင်းထွက်သွားခဲ့၏။

ထိုအချိန်မှာ မည်းပြာမှောင်နေသော မီးခိုးလုံးကြီးတွေ လိပ်တက်နေတာကို မြင်နေရကာ သားအတွက် ပူပန်စိတ်နှင့် ဦးခန့်ညားအောင် အရူးတစ်ပိုင်း ဖြစ်နေခဲ့ရ၏။

တကယ်တမ်းကျတော့ ကိုယ့်သားက ဘာမှမဖြစ်ခဲ့ဘဲ သူဌေးမိသားစုမှာသာ ...။

"အဲဒီတုန်းက ငါ့ရင်ထဲမှာ ကျေးဇူးတင်လေးစားတဲ့စိတ်၊ ယူကျုံးမရဖြစ်မိတဲ့ စာနာစိတ်တွေကြောင့် သူဌေးကို အထပ်ထပ်တောင်းပန်ခဲ့မိတယ်၊ ကားမောင်းခဲ့တာက ငါ ..၊ ပြီးတော့ သေလုမျောပါးဒဏ်ရာတွေနဲ့ သူတို့ကိုထားခဲ့ပြီး ငါ့သားဆီ ငါပြေးခဲ့ရတယ်"

ဦးခန့်ညားအောင်က ပြောပြနေရင်း ထိုအဖြစ်တွေထဲ ပြန်ရောက်သွားခဲ့သလို မျက်နှာတစ်ပြင်လုံး အုံ့မှိုင်းနေခဲ့လျက် ...။

"အဲဒါကလည်း ကိုယ့်ကို သူကိုယ်တိုင်က ဥပေက္ခာထားခွင့်ပြုလိုက်တာ၊ နောက်ထပ် အဲဒါကြောင့်ဖြစ်လာတဲ့အကျိုးဆက်ကိုလည်း ငါ့ကို ရှောင်လွှဲလို့မရတဲ့ ကံတရားလို့ သတ်မှတ်ပေးခဲ့တယ်၊ ဒီလိုကြီးမားတဲ့ ကုသိုလ်ကို ငါမျက်ကွယ်မပြုနိုင်ဘူး၊ ငါတို့နဲ့ သူတို့မိသားစု ပတ်သက်ဆက်နွယ်မှုတွေမှာ ချုပ်ကိုင်အနိုင်ယူတာတွေ၊ ရှုံးတာ နိုင်တာတွေ ဘာမှမရှိဘူး၊ နောက်ပြီး ဒါက လုပ်ကိုလုပ်ရမယ့် ကိုယ့်ဘက်က သိတတ်နားလည်မှုပဲ"

"အဲဒါတွေကို ဝါ တို့ နားလည်ပါတယ်၊ ဒီသူဌေး စိတ်ထားမြင့်မြတ်မှန်းလည်းသိတယ်"

"ခုကိစ္စအတွက်လည်း နားလည်ပေးလိုက်ပါ၊ ငါ့အလှည့်တုန်းကလည်း မျက်စိရှေ့မှာ ဒဏ်ရာအပြင်းအထန်နဲ့ရှိနေတဲ့ လူနာတွေကိုကျော်

www.burmeseclassic.com



ပြီး မီးခိုးတွေကြားရောက်နေတဲ့ ကိုယ့်သားအတွက်ပဲ တွေးပူခဲ့တယ်၊ သူ့ဘက်မှာလည်း ဒီလိုပေါ့၊ လူတစ်ယောက်ရဲ့ ခွင့်မလွှတ်နိုင်ဆုံးက ဘာလဲ၊ ခွင့်လွှတ်ပေးနိုင်တာဟာ ဘာလဲဆိုတာ ဖာစ်ယောက်နဲ့ တစ်ယောက် ခင်မင်ရင်းနှီးကြရုံနဲ့ မသိနိုင်ဘူးလေ ..''

အစ်ကိုဖြစ်သူရင်ထဲမှာ ဒီလိုအရိုးစွဲခဲ့တဲ့ ကျေးဇူးတရားကို သူမ တို့ဘက်က ဝေဖန်ထုတ်နုတ်ခွင့်မရှိတော့မှန်း ဒေါ်ဝင့်ဝါခိုင် နားလည် လိုက်သည်။

သခင့်ကိုကြည့်လိုက်တော့လည်း ဘာမှ ထပ်မံပြောဆိုလိုခြင်းမရှိ တော့သည့်ပုံ ဖြစ်နေခဲ့ရာ ..

''တစ်ခုတော့ရှိသေးတယ် အစ်ကို၊ ကလေးတွေရင်ထဲမှာ လူကြီး တွေဆုံးဖြတ်လိုက်တာကို ညီညီညွတ်ညွတ် နားလည်ပါ့မလား ..''

''ညီညွတ်ဖို့မပြောနဲ့၊ နားလည်မှုရကြဖို့လည်း မလွယ်ဘူး၊ ဒါပေမဲ့ လက်ထပ်ရမယ်၊ မင်္ဂလာပွဲမတိုင်ခင် နောက်ထပ်စကားပြောဖို့ တွေ့ဖို့ ခုလို ကြိုးစားတာမျိုး မလုပ်ပါနဲ့''

''သားကဲ မကြိုးစားပါဘူး၊ မြင်လိုက်တော့ နှုတ်ဆက်ဖို့ သတိ သွားတယ်၊ ပြီးတော့ သူတို့ဦးလေးတွေက အဖြစ်သည်း ...''

ပြောပြီးမှ ပြန်ရုပ်သိမ်းဖို့ ကြိုးစားပေမယ့် ..

''ဟုတ်တယ်၊ အဖြစ်သည်းလိမ့်မယ်၊ နောက်ထပ်အဖြစ်သည်းစရာ တွေလည်းရှိသေးတယ်''

ဟင် ...။

ဒေါ်ဝင့်ဝါခိုင် စိတ်ဝင်တစားဖြစ်သွားသည်။ လန့်လည်း လန့်သွား မိ၏။

''ဒီတိုင်းလက်ထပ်ပေးလိုက်ဖို့အတွက်နဲ့ ငါ့စကားတွေ ဒီလော ပလ္လင်ခံမနေဘူး၊ အခု လက်ထပ်ကြမှာက ..''

ဦးခန့်ညားအောင် မျက်နှာတစ်ချက်ပျက်၏။ သခင့်မျက်နှာ လည်း



လာတော့ မျက်လုံးချင်းဆုံသွားကာ ..

''ပြီးရင် ညည်းနဲ့ငါ စကားပြောရအောင် ..''

ညီမဖြစ်သူကို လှမ်းကြည့်ပြီး ဘာမှန်းမသိသောပယောဂျနှင့် နေရာ မှ ထဖို့ပြင်၏။

''ဖေဖေ ..''

သခင်က လိုက်ထကာ ..

''မင်္ဂလာပွဲကိစ္စကို သားကပိုပြီး သိသင့်တာမဟုတ်ဘူးလား''

''... ..... ....''

''ပြောပြတာပါ၊ ဒီတိုင်းလက်ထပ်ပေးလိုက်မှာ မဟုတ်ဘူးဆိုရင် ဒါက ဘာပွဲလဲ''

''လက်ထပ်ပွဲပဲ ..''

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

"ဒါ .. ဒါ .. ဘယ်လိုဖြစ်နိုင်မှာလဲ အန္တိကို .."

"မဖြစ်လို့မရဘူး၊ နင့်တူကို ပြောပြလိုက်၊ ဒီကောင်လေးက စိတ်ထဲရှိသလို ထထပြောတတ်တဲ့အကျင့်ရှိတယ်၊ ငါနဲ့မလွယ်ဘူး .."

ဒေါ်ဝင့်ဝါခိုင် ရင်ဖွဲမှာ တော်တော်ထိခိုက်သွားမိသည်။ လက်ထပ်ပြီးရင်လည်း သားမယားလို ဆက်ဆံခွင့်မရှိဘူးဆိုတာ ဘယ်လိုကြီးလဲ။

"ဒါကိုတော့ ကျုပ် စိတ်ဆိုးတယ် ကိုခန့်၊ ခင်ဗျားသားမို့လို့ အထင်မသေးပေမယ့် အထင်တကြီးဆက်ဆံဖို့ မဖြစ်နိုင်တော့ဘူးဆိုတာလည်း ပြောချင်တယ် .." တဲ့။

သူဌေးဦးကြီးမြတ်သူ ပြောလိုက်သည့်စကားတွေက မထူးဆန်းသော်လည်း ..

"သမီးက ချို့ယွင်းချက်ရှိနေတဲ့ မိန်းကလေးဖြစ်တဲ့အတွက် ကျွန်တော့်ဘက်က နောက်ထပ်တားမြစ်ချက် ထပ်ထုတ်ဖို့ရှိသေးတယ်၊ အဲဒါက လက်ထပ်ပြီးဖြစ်ပေမယ့် သမီးက လိုက်လျောကြည်ဖြူမှုမရှိဘဲ သားမယားလို ဆက်ဆံပေါင်းသင်းခြင်း မပြုရဘူး .."

"အဲဒီလိုမဖြစ်ခဲ့ရင်ဆိုတဲ့ 'ဘာလုပ်မယ် .. ဘာဖြစ်မယ်' ဆိုတဲ့ တင်းကျပ်သတ်မှတ်ချက်တွေ ကျွန်တော် မထားဘူး၊ ဒါပေမဲ့ ဒီစည်းကို ဖောက်ခဲ့လို့၊ အဲဒီအတွက်ကြောင့် သမီးလေး ထပ်ပြီး စိတ်ဆင်းရဲထိခိုက်ရမယ်ဆိုရင်တော့ ခင်ဗျားနဲ့ ခင်ဗျားသားဟာ ဘယ်တုန်းကမှ လေးစား



ဖွယ် ဂုဏ်သိက္ခာမရှိခဲ့တဲ့၊ ဘယ်တော့မှလည်း ယုံကြည်လေးစားလို့ ရမှာမဟုတ်တဲ့ လူစားတွေအဖြစ် ဆက်လက်ရှင်သန်ရလိမ့်မယ် .." တဲ့။

ဦးကြီးမြတ်သူရဲ့ နောက်ဆက်တွဲ သတိပေးစကားတွေကိုပါ ဦးခန့်ညားအောင် ပြောပြလိုက်သည်။ ဒေါ်ဝင့်ဝါခိုင် ရင်ထဲမှာ အကြီးအကျယ် ထိခိုက်သွားမိလေသည်။

"ဂုဏ်သိက္ခာက အရည်ကျိုသောက်လို့ရသလား" လို့မေးလောက်တဲ့ စိတ်ဓာတ်အဆင့်အတန်းနဲ့ဆိုရင်တော့ ဒီလိုပြောတာကို ဂရုစိုက်ချင်မှ စိုက်လိမ့်မည်။

ဒါပေမဲ့ သူတို့အတွက်ကတော့ ဒီလိုသတိပေးခံလိုက်ရတာနဲ့တင် လဲသေလို့ရနေပြီဖြစ်သည်။

"ဘာပဲဖြစ်လာလာ လက်ခံပေးဖို့ပဲ ပြင်ဆင်ထားပါ၊ ဒါကြောင့် ငါ အများကြီးပြောပြပြီး အချိန်ယူရှင်းပြနေခဲ့တာပဲ၊ သားကို နားလည်အောင် နင် ပြောပြစေချင်တယ်၊ နင်ကိုယ်တိုင်က အမြင်မကြည်လင်တာမျိုး လုံးဝမဖြစ်စေချင်ဘူး .."

ဒီတိုင်းပဲဖြစ်ပေးရတော့မှာကို သိပါသည်။ ဒါပေမဲ့ တစ်ယောက်အပေါ်တစ်ယောက် မေတ္တာမရှိကြဘဲ အလှအပ သာယာမှုအပေါ်မှာပဲ ခံစားပြီး ပေါင်းဖက်ခဲ့ကြမည်ဆိုလျှင် ခိုင်မြဲဖို့မသေချာသော ဒီအိမ်ထောင်ရေး တစ်နေ့ မပြိုကွဲဘူးလို့ ပြောနိုင်မလား။

လူကြီးတွေက တတ်နိုင်သမျှ ဆွေးနွေးလိုက်လျောပေးနိုင်ရင်တောင် လူငယ်ချင်းက မညီညွတ်ခဲ့လျှင် နေရာတကာ လူကြီးတွေက တာဝန်ယူထားနိုင်မလား။

ရင်မှာမောသွားသည်။ ဘာအတွက် မောနေမိမှန်းလည်းမသိ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၁၁]

ခင်္ဂလာပွဲဆိုတာ ကိုယ့်ပွဲလား၊ ဘယ်သူ့ပွဲလဲလို့ မေးရတော့မလို ဘယ်လိုပြီးဆုံးသွားခဲ့မှန်းတောင်မသိ။ စင်ကာပူကနေ မြန်မာပြည်ကို ပြန်ရောက်လာတော့ သူငယ်ချင်းတွေက ဝမ်းသာအားရ လာကြိုကြသည်။

မေးချင်လွန်းလို့ လေဆိပ်မှာ အုပ်စုလိုက်ကြီး လာကြိုတာတောင်မှ ...

"မင်းက ဘယ်ကိုလဲ"

"ကျွန်တော့်သူငယ်ချင်းတွေနဲ့ ပြန်မလို့ .."

"မရဘူးလေ၊ မင်းတို့ကို ဇနီးမောင်နှံအဖြစ် မိတ်ဆက်ပေးရမယ့် ဧည့်သည်တွေရှိသေးတယ်၊ ဒီကားပေါ်တက်ပါ၊ 'တော်ဝင်ဂေဟာ' ကို အရင်သွားရမှာ .."

"တော်ဝင်ဂေဟာမှာ ကျွန်တော့်မိဘတွေ ရှိတာမှမဟုတ်တာ၊ ပြန်ရောက်လာတာတောင် ကိုယ့်အိမ်ကို မပြန်ရဘူးလား"

"မင်းတို့ ခုမှလက်ထပ်လာတာ .."

"ခုမှဖြစ်ဖြစ် .., အခုလက်ထပ်နေတုန်းဖြစ်ဖြစ်၊ ဇနီးမောင်နှံဖြစ်



ကြောင်း ကြေညာချင်တယ်ဆိုရင်လည်း သူ ကျွန်တော့်နောက် လိုက်ခဲ့ပေါ့"

"ဟော့ .."

ဦးသူတော် ထောင်းခနဲ ဖြစ်သွားသည်။ ပြောချင်တာပြောပြီး လှည့်ထွက်သွားသည့် သခင့်ကို လက်ပြင်လိုက်ပြီးမှ ခင်ဦးသျှောင်က ရောက်လာကာ ..

"သွားပါစေ လေးတော်ကလည်း၊ ဘာဖြစ်လို့လဲ .."

"တောက် .. ဒီကောင်လေး .."

မေးတာကို မဖြေနိုင်ဘဲ ဒီတိုင်းကျန်ခဲ့ရသည့်အဖြစ်ကို တောက်ခေါက်မိသည်။

ခင်ဦးသျှောင်က နံ့သာရောင်ပေါ်မှာ အနီရိုက်လေးနှင့် ကော်ဖီရောင်ကုတ်အင်္ကျီကိုဝတ်ထားကာ သခင် ကလည်း ကုတ်အင်္ကျီအနက်နဲ့ပေမယ့် နံ့သာရောင်ပဲဝတ်ထားတာဖြစ်သည်။ နှစ်ယောက်ကိုမြင်တာနဲ့ ဇနီးမောင်နှံဆိုတာ ပေါ်လွင်ထင်ရှားစေသည့် အရောင်တူဝတ်ဆင်ပုံမျိုး ဖြစ်ကာ နှစ်ယောက်စလုံးက နဖတ်ချောမွေ့ခြင်းတို့နှင့် ပြည့်စုံနေ၏။

ထို့ကြောင့် သူတို့တွေ လေဆိပ်အဆောက်အဦထဲရောက်တာနှင့် လူတော်တော်များများက သတိထားမိနေကြကာ ..

"သခင် .. မင်းတို့ကို လူတွေ သတိထားမိနေတယ်နော်"

"အဲတော့ ငါက အားလုံးကိုလိုက်ပြီး လက်ဆွဲနှုတ်ဆက်လိုက်ရမလား"

တောင်ငူက တံတွေးမျိုလိုက်ရင်း ဦးသူတော်တို့ မျက်လုံးစူးစူးကြီးတွေနဲ့ ထိပ်တိုက်မတွေ့ဆုံမိအောင် ရှောင်၏။ ပြီးတော့မှ ..

"မင်းတို့ကို လာကြိုကြတာ သူတို့ဘက်က မိတ်ဆွေအသိုင်းအဝိုင်းတွေ နည်းတာမဟုတ်ဘူးကွ၊ ငါပြောချင်တာက မင်း ခဏတော့ သူတို့ ..."

"လုပ်မနေနဲ့၊ ဟိုကောင် ပစ္စည်းရွေးပြီးပြီလား၊ လစ်မယ်"

www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ပျော်ပျော်နေတတ်သော သခင့်မျက်နှာပေါ်က အပြုံးတွေ ခဏတဖြုတ် ပျောက်ဆုံးနေခဲ့သည်။ တောင်ငူ သတိထားမိနေကာ သုံးခွကို မျက်စပစ်၏။

သုံးခွက ပခုံးတွန့်ပြသည်။ ပြီးတော့ ကားမောင်းပို့ပေးသည့် စမ်းချောင်းကိုလည်း လှည့်ကြည့်မိ၏။ ပြီးတော့ နွေဦးနဲ့ နိုင်မာလာတို့ မိန်းကလေးတွေလည်း နေရထိုင်ရခက်လျက် ..

"သခင် .."

"ဘာလဲ .."

"နင့် .. နင့်မိန်းမ .. အဲ ..ဟိုတစ်ယောက် .."

"အေး .. အဲတစ်ယောက်က ဒေါကန်နေဦးမယ်"

"ဒေါပဲကန်ကန်၊ ချက်ချင်းပဲ စစ်ကြေညာပါစေ၊ ကိုယ်လုပ်ချင်တာ လုပ်ရဖို့ပဲ"

ဒီလိုနဲ့ ကိစ္စဗာဟီရတွေ၊ ပြီးတော့ ကားပေါ်ရောက်လာကြကာ

"သခင် .. မင်းကို ယောက်ျားချင်းမေးလို့ရသမျှ အကုန်မေးချင်တယ်၊ ရမလား"

"မရဘူး"

စမ်းချောင်းက ကားမောင်းနေရင်း စဖောက်လာသည်။ ပြီးတော့ နှာခေါင်းရှုံ့သွားကာ ..

"မင်းကလည်း လာကြိုရကျိုးမနပ်လိုက်တာ .."

"အန်တီဝါ နေမကောင်းလို့ မင်းတို့ လာကြတာပါ"

"ဒါပေမဲ့ ကွိစိကွစလေးတွေပြောရင်း .."

"ဘာကွိစိကွစမှမရှိဘူး"

ဒေါသအလုံးအရင်းနဲ့ဖြစ်နေတာ စင်ကာပူဟိုတယ်မှာကတည်းကဖြစ်သည်။ ကိုယ်က သတို့သားအဖြစ် ရှိနေပေးရုံလောက်နဲ့ အိမ်ထောင်သည်ဘဝကို ခံယူခဲ့ရသည်။



ယောက္ခမဆိုသူကြီးကလည်း ခပ်တည်တည် ခပ်တန်းတန်းနှင့် ကိုယ့်အဖေကအစ အားလုံးအတွက် တာဝန်ကျေနေသလောက် ကိုယ့်ရှေ့ရောက်လာပြီဆို 'သတိကြပ်ကြပ်ထား' ဆိုသောမျက်လုံးတွေက နူးညံ့ညင်သာနေတယ်ဆိုတာ မရှိ။

'မိဘစကား နားထောင်တဲ့သားလေး၊ သိတတ်တဲ့သားလေး' လို့ ခေါင်းလေးတစ်ချက်လောက်ပါလို့ မဆိုလိုပါ။

ဘာပဲဖြစ်ဖြစ် တစ်ပြည်ရပ်ခြားမှာ သားအဖ စည်းစည်းလုံးလုံး ရှိသင့်ဘူးလား။

တကယ်ကိုပါပဲ၊ ကိုယ့်အဖေလို တာဝန်ကျေပွန်သည့်ဝန်ထမ်းမျိုး ရှိပါ့မလား၊ ဒီလောက်ထိ ကျေးဇူးသိတတ်တဲ့လူမျိုးရှိနေတာလည်း ကိုယ့်အဖေဖြစ်နေလို့သာ ယုံရပေမယ့် အံ့ဩပြီးရင်း အံ့ဩရင်း ..။

နောက်ပြီးတော့ 'ခင်ဦးသျှောင်'။

မင်္ဂလာပွဲကို မြန်မာလိုပဲဆောင်ချင်သည်။ ကိုယ့်အတွက် ပြင်ဆင်လာတာလည်း တိုက်ပုံ ပုဆိုးနဲ့၊ ကျက်သရေခေါင်းပေါင်းနဲ့ ..။

"မင်း မြန်မာဝတ်စုံဝတ်ချင်ပေမယ့် ငါမှမဝတ်ချင်တာ .."

"ရှင်က မြန်မာလူမျိုးပဲ .."

"ဘာဖြစ်လို့ စင်ကာပူမှာ လာဆောင်သေးလဲ .. ပြော .."

"အင်္ဂါပြိုဟ်မှာပဲ သွားဆောင်ဆောင်၊ ကိုယ်ဖြစ်ချင်သလို ဖြစ်ခွင့်ရှိတယ် .."

"မင်းဖြစ်ချင်တာ ငါမှမဖြစ်ချင်ဘဲ .."

"ဒီမှာ မင်္ဂလာဆောင်ဖို့စီစဉ်ခဲ့တာ ကေး တို့ဘက်က အစီအစဉ်ပဲ၊ ဒါကြောင့် ကေးတို့ဆန္ဒက ပထမ၊ ရှင့်ဆန္ဒက ဒုတိယ .." တဲ့။

ပြောလိုက်ပြောတတ်တဲ့ မိန်းမ။

နားမကြား၊ မျက်လုံးတစ်ဖက် မမြင်လို့သာ ..။

အလုံးစုံကောင်းမွန်နေရင် သူတို့သားအဖကို ခြောက်ဖက်စီက

www.burmeseclassic.com

www.burmeseclassic.com



ကိုင်ပြီး ဆွဲမွှေ့ပစ်နိုင်သည်။

ပြောပြတော့ တောင်ငူတို့မျက်နှာတွေ ပြုံးမလိုဖြစ်သွားလိုက်၊ မှဲ့သွားလိုက်နှင့် ...။

"ဒါဆို အနှီကယ်လ်ပြောခဲ့တာတွေက တကယ်ဖြစ်လာမှာတွေပေါ့"

"အေးလေကွာ၊ တကယ်ကြီးကတော့ ဖီးလ်အောက်ပါတယ်"

"ဒီမှာ မင်္ဂလာထပ်ဆောင်မှာပဲ၊ အဲကျရင်တော့ .."

"ဘာဖြစ်လဲ .."

သခင့်မျက်နှာ တင်းနေသဖြင့် သုံးခွ ဘာဖြေရမှန်းမသိ ဖြစ်သွားသည်။ ပြီးမှ ..

"ဘာဖြစ်ရမလဲ၊ လက်ထပ်ပြီးရင် လင်မယားပေါ့ကွ၊ မင်္ဂလာပွဲအားလုံးပြီးသွားရင် .."

"လင်မယားဖြစ်ရခြင်း မဖြစ်ရခြင်းတွေကို စိတ်မဝင်စားဘူးဟောကောင်၊ သူတို့နဲ့စကားပြောတိုင်း ရင်ထဲမှာ ဘယ်လိုဖြစ်ကျန်ခဲ့မှန်းမသိတာကြီးကို လုံးဝမလိုချင်တာ .."

"လှူလှူချင်း အကြောခံရတာမျိုးပေါ့ကွ .."

"အိမ်ရောက်ရင်တော့ ခိုင်မာလာတို့ မင်းကို ဝိုင်းမေးကြတော့မှာ အဲဒါ မင်း ခုကတည်းက ပြောမယ့်စကားတွေကို ကိုယ့်ဘာသာ အက်ဒစ်လုပ်ထားဦး"

မင်္ဂလာပွဲဆိုတဲ့အသံကိုတောင် မကြားချင်လောက်အောင် ဖြစ်နေသည့် သခင့်မျက်နှာက သူတို့စကားကို ကြားသလား၊ မကြားလိုက်ဘူးလားမသိ ...။



## အခန်း (၁၂)

ဦးခန့်ညားအောင်က ဒီဘက်မှာ မင်္ဂလာပွဲလုပ်တော့မယ့်နေ့ကိုမှ ဘစ်ရက်စောပြီး ပြန်ရောက်လာသည်။ ရောက်လာတာနှင့် သူ့အတွက် ဖြေရှင်းချက်တွေ ပါလာခဲ့ရာ ...၊

"မင်းကို ငါယုံကြည်လို့မရုပါလား သခင်၊ ဟိုကပြန်ရောက်တာနဲ့ ဆေးတို့ လူကြီးတွေကို မင်းကဗျာဗျာကောစလုပ်တယ် ..."

"လက်ထပ်ပွဲပြီးတဲ့အထိ သား အေးဆေးနေခဲ့တာပဲ .."

"ဩော် .. ဒါဖြင့် လက်ထပ်နေကတည်းက ပြောဖို့ဆိုဖို့တွေ ရှိနေအာပေါ့ .."

သခင်က မဖြေ ...။

"ဟိုမှာလည်း ကေးနဲ့ မင်း ဘယ်နှကြိမ်လောက် အချေအတင်တွေ ဖြစ်နေခဲ့ကြသလဲ ငါတို့မသိဘူးထင်နေလို့လား"

သခင် က ဆတ်ခနဲ လှည့်ကြည့်၏။

"သူနဲ့သား ရန်ဖြစ်ခွင့်၊ စကားများခွင့်လည်း ရှိတယ်မဟုတ်လား ဖေဖေ၊

www.burmeseclassic.com

www.burmeseclassic.com



သူပြောဆိုသမျှ ခေါင်းငုံ့နေပေးတဲ့အထိ သားက ..”

“မင်း အဲလိုပြန်မမေးနဲ့ ..”

“အစ်ကိုရယ် .. မနက်ဖြန်ပဲ မင်္ဂလာပွဲလုပ်ရဦးမယ်၊ အစ်ကိုလည်း ခရီးပန်းနေပြီ၊ တော်ပါတော့၊ သူတို့လူငယ်ချင်း ခုမှ နားလည်မှုယူကြတာဆိုတော့ အပြောအဆို မတည့်ဖြစ်ကြတာလည်း ရှိမှာပဲလေ”

အခြေအနေက ဤသို့ရှိခဲ့ရင်း လက်ထပ်ပွဲက မြန်မာပြည်မှာလည်း ခြိမ့်ခြိမ့်သဲ ..။

—သို့သော် ...

“ငါတို့အတွက် ဘက်ချ်လာနိုက်က ဘယ်တော့လဲ၊ ညဥ့်နက်နေပြီနော် သခင်”

“ဘာလို့ဘက်ချ်လာနိုက်လဲ၊ ဘာနိုက်မှ မရှိဘူး၊ ဘာမှ ဝါးမျိုစားသောက်ဖို့ စိတ်မကူးကြနဲ့၊ အခု ရှေ့မှာရှိတာတွေစားပြီးရင် အေးဆေး ပြန်လိုက်တော့ ..”

“သခင် .. ငါတို့တွေ ဓာတ်ပုံရိုက်ရအောင်လေဟာ၊ နင်တို့ကလည်း ပူးတွဲနေတယ်လို့ကိုမရှိဘူး”

သူငယ်ချင်းမိန်းကလေးတွေက တစ်မျိုး။

“သတို့သား သတို့သမီးလေးတွေက ချောလိုက်ကြတာနော်”

“ခင်ဦးသျှောင်ကိုလည်းကြည့်ပါဦး၊ လှလိုက်တဲ့ မျက်လုံးလေးတွေ ..”

“နားကျပ်လေး တပ်နေရတာတဲ့၊ သနားပါတယ်နော်”

“တစ်ခုခုချို့ယွင်းချက်ရှိနေရင် အခြားတစ်ဖက်မှာ ထူးချွန်တယ်တဲ့၊ ခင်ဦးသျှောင်က နားမကြားရလို့များ ဒီလောက်လှနေတာလား [illegible] ပါဘူး”



ဧည့်ပရိသတ်တွေကလည်း အမျိုးမျိုးနှင့် ..။

“တစ်ခုခုချို့ယွင်းတာမဟုတ်ဘူး၊ အဲ့တစ်ယောက် နားလည်း မကြားဘူး၊ မျက်လုံးလည်း မမြင်ဘူး” လို့ စိတ်ထဲက ကြိတ်ပြောနေမိရင်း ပရိသတ်တွေနားက ဖြတ်လျှောက်မိတိုင်း သခင် ဆံပင်သပ်မိလိုက်၊ နားခေါင်းရှုံ့သွားလိုက် ရှိလေသည်။

“ပန်းသခင် ..”

သူ့ဘေးကို ကေး ရောက်လာကာ ..

“အဲဒီခေါင်းပေါင်းက ရှင့်အတွက် တော်တော်လေးလံနေသလားပဲ”

ငေါ့လိုက်တာလား၊ ဘာအတွက်မေးတာလဲ ..။

သခင့်မျက်နှာလည်း တင်းသွားလျက် ..

“ပိုဆိုးတာပေါ့၊ စင်ကာပူမှာတစ်ခါ ဒီမှာတစ်ခါ၊ ခေါင်းပေါ်မှာ လူရိုက်ခံရလို့ ပတ်တီးစည်းထားရသလိုပဲ”

“ရှင်က လူရိုက်ခံရဖူးရင်တော့ သိမှာပေါ့၊ ဒါပေမဲ့ ဒါ ခဏခဏ ချွတ်လိုက်၊ ပြန်တပ်လိုက်လုပ်ရတဲ့ပစ္စည်းမဟုတ်ဘူး”

“ဒါကိုတော့ သိတာပေါ့၊ ခဏခဏချွတ်နေဖို့မလိုအောင် မင်းယူထားလိုက်”

ကေးက လက်ကိုင်ပန်းပေါ် လှမ်းတင်လိုက်သည့် ကျက်သရေ ခေါင်းပေါင်းကိုငုံ့ကြည့်ကာ မျက်နှာပျက်သွားသည်။ ပြန်မော့ကြည့်လိုက်တော့ သခင် က စိတ်လက်ပေါ့ပါးသွားဟန်နှင့် ဆံပင်တွေထဲ လက်ချောင်းတွေ ထည့်ဖွ၍ ဖီသပ်သည်။

ပြီးတော့ လှည့်ထွက်သွားလျှင် ..

“ပန်းသခင် ..”

လှမ်းခေါ်လိုက်ပြီးမှ သူမရဲ့ ထိုင်မသိမ်းစကို ထိန်း မ’ပေးနေသည့်

www.burmeseclassic.com

www.burmeseclassic.com



မိန်းကလေးကို ပြန်ငဲ့ကြည့်၍ ...

"နေခဲ့ .."

သခင်က သူမကို ပြန်လှည့်ကြည့်ပြီး စောင့်နေကာ ..

"ဘာလဲ .. ဘာလုပ်ပေးစေချင်သေးတာလဲ"

"ရှင် ဒါကို ပြန်ဆောင်းရမယ်"

"မဆောင်းနိုင်ဘူး .."

ထိုစဉ် ဒေါ်ဝင့်ဝါခိုင် ရောက်လာကာ ..

"မင်္ဂလာပွဲမပြီးသေးဘဲ သရုပ်ပျက်နေထိုင်လို့မရဘူး သား၊ ရှော့ ပြန်ဆောင်း .."

ဖြစ်လာပြီဆို အားလုံး၏ ဆုံးဖြတ်ချက်က သူသာ နာခံရမည့် စည်းမျဉ်းဥပဒေသတွေပဲဖြစ်နေခဲ့လျက် ...။



## အခန်း (၁၃)

"ပန်းသခင် .. မင်း .."

"အစ်ကို .. အစ်ကို .. မလုပ်နဲ့လေ"

ရွယ်လိုက်သည့် လက်သီးဆုပ်ကြီးက နည်းတာမဟုတ်။

သခင်ကလည်း မရှောင်ပေ။ ရှောင်ဖို့လည်း မကြိုးစားနိုင်တော့ဘာအမှန်ပင်။

ဘီယာဆိုပေမယ့် နည်းနည်းလေးမှ သောက်စမရှိခဲ့သဖြင့် ကျွမ်းဆိုးပစ်လဲချင်လောက်အောင် မူးနေသည်။ ကားပေါ်ကဆင်းတာနှင့် အန်ချခဲ့မိတာလည်း နှစ်ခါ ...။

"အိမ်မှာ ဧည့်သည်တွေရှိနေသေးမှန်း သူသိတယ်၊ သိလို့ လုပ်လာတာ တမင်တကာ .."

"မသိလောက်ပါဘူး အစ်ကိုရယ်၊ ဦးသူတော်တို့ သူ့ကိုစောင့်နေမယ်လို့ ထင်ဖို့နေနေသာသာ၊ ခင်ဦးသျှောင် ဒီမှာနေမယ်ဆိုတာတောင် သူသိခဲ့တာမဟုတ်ဘူး"

ဦးခန့်ညားအောင် လူမသိအောင် ထိန်းချုပ်နေရပေမယ့် ဒေါသထွက်နေဆဲပင်။

www.burmeseclassic.com

www.burmeseclassic.com



ဒီလောက်နားလည်အောင် ပြောပြထားတာတောင်မှ ..။

ဘာလဲ .. သင်းက မိန်းမယူပြီး ပေါင်းခွင့်မရတာကို ဆန္ဒပြနေတာလား၊ ဒါမှမဟုတ် ကိုသူတော်တို့ကို တမင်ရွဲ့နေတာလား၊ ခင်ဦးသျှောင်ကိုလား။

လူတစ်ဦးတစ်ယောက်ဆီက မေတ္တာတရားကို ဒီလိုနည်းတွေနဲ့ မရနိုင်ဘူးဆိုတာ နားမလည်ဘူးလား။ အစက ဘယ်လိုမာန်မာနတွေပဲ ရှိခဲ့ပါစေ၊ အခု လက်ထပ်ပြီးသည့်အချိန်မှာ ခင်ဦးသျှောင်နဲ့ သင့်မြတ်ဖို့ လိုသည်။ ဦးသူတော်တို့နဲ့ ငြိမ်းချမ်းဖို့ မကြိုးစားရင်တောင် ဒေါသတွေနဲ့ ပစ်ခွင်းပြီး ဘာလုပ်မှာလဲ။

"ဖေဖေ .. သားဝင်လို့ရပြီလား၊ အော့ .. အရမ်း .. အရမ်းမူးနေလို့၊ အိပ် .. ချင် .. လို့ ... အော့ .."

"မရဘူး၊ လူကြီးမိဘတွေကို ကန်တော့ရဦးမယ်၊ မင်းကို ခင်ဦးသျှောင်အတွက် သူတို့မှာချင်တာတွေ မှာကြဖို့ စောင့်နေတာ .."

"ဟင် ... ဟား ..."

မကြားလိုက်သလို မျက်ခွံတွေပင့်ကြည့်ပြီးမေးလိုက်ရင်း ဟား ခနဲ ရှုံ့မဲ့သွားသည်။ အစကတည်းက မကြောက်တတ်သောအကျင့်က မူးနေသည့် အရက်တန်ခိုးကြောင့် လျောင်ရယ်သံတွေပါ ထွက်လာခဲ့ပြီး --

"မိန့်မှာစရာတွေက မပြီးသေးဘူးတဲ့လား၊ အင်း .. အဲဒါတွေ -- အော့ .. အဲဒါတွေ စိတ်ကုန်နေပြီ ဖေဖေရာ၊ ပြောထည့်လိုက်တော့မယ် သား ခုသွားပြောမယ် .."

"ဟိတ်ကောင် .."

သခင်က ခပ်ယိုင်ယိုင် တိုးဝင်သည်။ ဦးခန့်ညားအောင်က ရှေ့က ချက်ချင်းပိတ်ခံထားလိုက်ပြီး အင်္ကျီရင်ဘတ်စကို ဆုပ်ဆွဲလိုက်၏။

"မင်း ဘာပြောလိုက်တယ်"

"အစ်ကို .. ကလေးက မူးနေတာပါ၊ တော်ပါတော့ .."



ဒေါ်ဝင့်ဝါနိုင် ကလည်း အစ်ကိုဖြစ်သူ ဆုပ်ဆွဲထားသည့် သခင့်အင်္ကျီစကို မရမက ဖြုတ်ချလိုက်ရင်း ..

"သား့ .. သခင် .. အန်တီပြောမယ်၊ နားထောင်စမ်း .."

"ဟုတ် .. အော့ ..."

ခေါင်းညိတ်ရင်း စိုက်ကျသွားခဲ့သည့်ခေါင်းက ပြန်မတ်မလာနိုင်ဘဲ ခွေကျတော့မလို ယိုင်နေ၏။

"သားက ဘက်ချိုလာနိုက်လုပ်နေတယ်ဆိုလို့ သူတို့စောင့်နေကြတယ် .."

"အင် .. ဘယ်ကောင်တွေလဲ၊ ပြောလိုက်ပါ အန်တီရာ၊ အော့ .. ကုန်ပြီ .. ဘာမှမရှိတော့ဘူး၊ ထပ်လည်းမသောက်နိုင်တော့ဘူး၊ မြန်တော့လို့ .."

"မဟုတ်ဘူး၊ အဲလိုမပြောရဘူး၊ ဒီမှာ အန်တီ့ကိုကြည့်စမ်း .. သား ဒီမှာ .."

"ဗျာ .."

မူးနေသည်။ ခေါင်းထောင်ကြည့်သည်။ ပြီးတော့ တံခါးကိုနောက်ပြန်မှီပြီး မျက်နှာကို ဖိပွတ်နေသည်။ ဦးခန့်ညားအောင် ခပ်ကြိတ်ကြိတ်ဘက်ခေါက်ရင်း လှည့်ထွက်သွားလေသည်။

ဒေါ်ဝင့်ဝါနိုင်က တူဖြစ်သူကို တွန်းတွန်းပို့ပို့နဲ့ပဲ ပါးကိုပုတ်လိုက်၊ အနားကနေ ကိုင်လှုပ်လိုက်နှင့် ပြောပြနေစဉ် ..

"ထားလိုက်ပါတော့ ဒေါ်ဝင့်ဝါနိုင် .."

"ဟင် ..."

ကြည့်လိုက်တော့ ဧည့်ခန်းကနေ အပြင်ထိထွက်လိုက်လာသော ဦးသူတော်တို့ ညီအစ်ကို ..။

"ဒီလောက် ကျွမ်းစိုင်းအောင် မူးနေတဲ့လူကို ဘာမှပြောပြမနေပါနဲ့၊ ကျွန်တော်တို့လည်း ပြောချင်စိတ်မရှိတော့ပါဘူး၊ မူးနေတဲ့လူက .."

www.burmeseclassic.com

www.burmeseclassic.com



"'ဟား .. မှုးနေပေမယ့် အန်ကယ့်ကို .. အန်ကယ်တို့ကို .. အေး- မကန်တော့သင့်တဲ့ လူတွေမှန်းတော့ ကျွန်တော်သိသေးတယ် .."

"ဟဲ့ .. သား .. သား .. မပြောရဘူး"

ဦးသူတော်တို့ ကျိခနဲ အံကြိတ်သည်။ ပြီးတော့ ဘာမှမပြောဘဲ တစ်ယောက်နှင့်တစ်ယောက် မျက်လုံးချင်းစကားပြောပြီး အထဲပြန်ဝင်သွားကြ၏။

သိပ်မကြာခင်မှာ ပြန်ထွက်သွားကြတော့ ဒေါ်ဝင့်ဝါနိုင် သခင့်ကို အိမ်ထဲတွဲခေါ်လာကာ ..၊

"မောင်နိုင်ရေ .."

"ဗျာ .. ကြီးကြီး .. လာပါပြီ"

မောင်နိုင်က ခေါ်လိုက်တိုင်း ပြည့်စုံစွာ အကြောင်းပြန်ချက်နှင့် ထူးတတ်တာ အကျင့် ..။

"သားကို ဒီဘက်မှာပြင်ထားတဲ့ အိပ်ခန်းအသစ်ကဲ ခေါ်သွားလိုက်"

"ဟုတ်ကဲ့ .."

"ဖယ်ပါ၊ မလိုပါဘူး၊ ဝါမမူးပါဘူးဆိုမှ .. ဖယ်ပေး .. သွား - အေး .."

မောင်နိုင်တွဲထားသည့်လက်တွေကို ဖယ်ထုတ်ပုတ်ခတ်ရင်း တစ်ခုခုမှာ ပစ်မှီလိုက်၊ ယိုင်နဲ့သွားလိုက်နှင့် ..။

"လူကို အရက်မူးနေတယ်များ မှတ်နေသလား၊ ဟွန်း .. ငါ အရက်သမားမဟုတ် .."

"ဒုန်း .."

"အစ်ကိုလေးရာ ... မဟာန်နိုင်ဘဲနဲ့ .."

"ကျွတ် .. ကျွတ် .. ဒါကျတော့ တကယ်နာတာ .."

မှဲ့လိုက်၊ ပြန်ထလိုက်နှင့် အခန်းရှေ့ရောက်တော့ ဘယ်လိုမှ ရှေ့ဆက်ခေါ်လို့မရတော့ဘဲ ..



"ဒါ ငါ့အိပ်ခန်း .."

"အခု အစ်ကိုလေးနဲ့ မမလေးတို့ရဲ့ မင်္ဂလာခန်းဖြစ်သွားပြီလေ၊ အခု အစ်ကိုလေးအတွက်အခန်းက ဟိုဘက် .."

"မလိုဘူး၊ ငါ့မင်္ဂလာအိပ်ခန်းမှာပဲ ငါအိပ်မယ်၊ ဖယ်စမ်း .. သွား"

"အ .."

"ဂျိမ်း .."

မောင်နိုင့်ကို တွန်းလွှတ်လိုက်ကာ အခန်းထဲဝင်ပြီး တံခါးပိတ်လိုက်သည်။ အထဲမှာ ပြာမှုန်သောညအိပ်မီးရောင်လေးနှင့် ဖွေးနုသော မင်္ဂလာခုတင်ကြီးက အပြာရောင်သမ်းနေ၏။ မွေ့ရာထက်မှာ စောင်ပုံလေးက ရှည်မျောမျောနှင့်။

မဟုတ်ဘူး ..၊ အဲဒါ ..။

သူ မျက်လုံးတွေကို ဖိမှိတ်၍ ခေါင်းခါလိုက်မိသည်။ ဒါ စောင်ပုံ မဟုတ်ဘူး။

ရှေ့ဆက်တိုးလာရင်း အနားကပ်ကြည့်လိုက်တော့ ဖြူလွှသော ခေါင်းအုံးထက်မှာ ဆံနွယ်တို့ ဖရိုဖရဲဖြန့်ခင်းလျက် တစောင်းလေး အိပ်နေတာ ခင်ဦးသျှောင်။

သူ လက်ထပ်ခဲ့သည်။ ဒီညဦးမှာပဲ မင်္ဂလာဧည့်ခံပွဲကြီးနောက်တစ်ခု ပြီးဆုံးခဲ့၏။ ဆံပင်တွေထဲ လက်ထည့်၍ မျက်နှာကိုပဲ ဖိပွတ်ပစ်ရင်း နောက်ကထိုင်ခုံမှာ ဆောင့်ခနဲ နောက်ပြန်ကျ၏။ ပြီးတော့ ..

"ခင်ဦးသျှောင် .. ဟေ့ .."

"..... ..... ....."

"ခင် .. ဦး .. သျှောင် .."

တစ်လုံးချင်း ဆောင့်ခေါ်လည်း မနိုး။

"တောက် .. မိန်းကလေးဖြစ်ပြီး ဒီလောက်တောင် အအိပ်ကြီးရလား"

ဒေါသထွက်ပြီး ပြောလိုက်မိတာလည်း တိုးတိုးသာသာမဟုတ်ပေ။

www.burmeseclassic.com

www.burmeseclassic.com



ဒါပေမဲ့လည်း သူမကတော့ အိပ်လို့ကောင်းနေတုန်း။

"အဆင်ပြေနေတယ် .. ဟုတ်လား"

ယစ်ထွေနေသည့်စိတ်က ဒေါ်သအရှိန်နဲ့တော့ သင့်တင့်ပူးပေါင်းနေခဲ့လျက် သခင်နေရာမှာထိုင်နေရင်း အဲကွန်းကို လှမ်းပိတ်ပစ်လိုက်သည်။

"ဟွန်း .. ကြည့်လိုက်ဦးမယ်၊ ဘယ်လောက်ထိ အဆင်ပြေနေဦးမလဲ"

ကိုယ်တိုင်လည်း အိပ်ချင်နေသည်။ ခေါင်းကို အနိုင်နိုင်ထူနေလျက်နှင့် ကုလားထိုင်ကနေ ငုတ်တုတ်ထိုင်ကြည့်နေခဲ့တာ တကျော်ကြွစွာဖြင့်။ ရီဝေဝေ ပြာလဲ့လဲ့ မီးရောင်အောက်မှာ ခင်ဦးသျှောင်ရဲ့ မျက်တောင်တွေ ပိတ်ယှက်ထားပုံက ထူထူသိပ်သိပ်လေး ပေါ်လွင်နေပြီး ပိုလှနေ၏။

အလင်းရောင်က ပြာမှုန်နေသော်လည်း မျက်လုံးကျင့်သားရလာတော့ ဖောက့်ထင်းနေသည့် နှာတံလေးကို မြင်နေရသည်။

နှုတ်ခမ်းလွှာလေးတွေ မထူမပါး စေ့ပိတ်နေတာက အိပ်မောကျနေတာနဲ့မတူဘဲ တမင်စိတ်ကောက်ပြီး မပြောမဆိုချင်လို့ အိပ်ချင်ယောင်ဆောင်နေသလိုပင်။

ဘာဆိုင်လို့လဲ .. ဟား ဟား ..။

စိတ်ကောက်ရအောင် ဘာမှလည်းမဆိုင်ဘူး။

တစ်ယောက်တည်း ခေါင်းညိတ်၊ တစ်ယောက်တည်း ရယ်မိကာ ကျောမှီမှာ မျက်နှာမှောလှန်ထားလိုက်မိ၏။

ထိုခဏအတွင်းမှာပဲ သူ့မျက်နှာမှာ ပူရှိန်းရှိန်းကြီး ဖြစ်လာခဲ့သည်။

သွားပြီ။ ကိုယ့်ဒေါ်သနဲ့ကိုယ် ..။

အဲကွန်းပိတ်လိုက်ပေမယ့် သူမ က မနိုးဘဲ သူသာ ...။

"အား ... အိုက်လိုက်တာ .."

စောင်းနေသည့် ခင်ဦးသျှောင်ကိုယ်လေး ပက်လက်လေး ဖြစ်သွားသည်။ ခဏလေးပဲ ငြိမ်ကျသွားခဲ့ပြီး ...

"အား ..."



မွေ့ရာလေးကို လက်သီးဆုပ်လေးနဲ့ ထုပစ်လိုက်ပြီး ..

"ကြီးဆုံ .. ကြီးဆုံ .. လာပါဦး"

"ဘာလဲ .. ဒီအိမ်မှာ ဆုံကြီးလည်းမရှိဘူး၊ ဆုံလေးလည်း မရှိဘူး"

"ကြီးဆုံရေ .. အဲကွန်းဘာဖြစ်တာလဲ၊ အရမ်းအိုက်တယ်၊ လာပါဦး"

"ဟိတ် .. ပြောနေတာ မကြားဘူးလား၊ ဘာလို့ စွတ်အော်နေတာလဲ"

ခင်ဦးသျှောင် ဆတ်ခနဲ ထထိုင်သည်။ ပြီးတော့ မီးဖွင့်ဖို့ ဒီဘက်လက်လှမ်းလိုက်လျှင် ..

"ဟင် .."

"ဘာလဲ .. ဘာကိုကိုင်တာလဲ"

သူ့ရင်ဘတ်ကို တစ်ချက်ထိသွား၏။ နောက်ထပ် ထပ်ထိတော့ သေချာ လက်ဖဝါးနဲ့ ထိကပ်ပွတ်သပ်လာတာမို့ ..

"အဲ .. ပုဒ်မကြီးတယ်နော်၊ ပြီးမှ .."

"ပန်းသခင် .."

သူမအသံက အလန့်တကြား ..။

"ဟုတ်တယ်၊ ခုတော့ သိသွားပြီလား"

"ရှင် .. ဘာလုပ်နေတာလဲ"

"မင်းရှေ့မှာ ထိုင်နေတာလေ"

"ပြောစမ်းပါ၊ ရှင်ဘာလုပ်နေတာလဲလို့"

"ဟား ..."

"ရှင်နဲ့ ကေး အတူမအိပ်ဘူးလေ၊ သွားပါ .. ထွက်သွားပါ"

"အံမာ .. လူကိုများ နှင်လား လွှတ်လား .."

ခင်ဦးသျှောင် မွေ့ရာပေါ်ကဆင်းလာကာ သူ့လက်ထဲက ရီမုတ်(တ်)ကိုယူလိုက်ပြီး အဲကွန်းအရင်ဖွင့်သည်။ ပြီးတော့မှ နောက်ကို ဆုတ်ခြင်းလိုက်ပြီး ...

"သွားလေ၊ ပြီးတော့ သူများအိပ်နေတာကိုလည်း ထိုင်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



သေးတယ်၊ ဒီလောက်တောင် စည်းကမ်းမဲ့ရလား"

"ဘာစည်းကမ်းလဲ၊ ဒါ ငါ့အိပ်ခန်း"

"ဘာပြောတာလဲ"

"ဘာလဲ ... ကန်းနေလား"

"နင်ထွက်သွားဖို့ပြောနေတာ .."

သူမက အိပ်ရာပေါ်မှာ ကုန်းကုန်းကွကွနှင့် တစ်စုံတစ်ခုကိုရှာပြီး ဆံပင်တွေကို နားနောက်မှာ ထိုးသိပ်ညှပ်ကာ ထိုတစ်စုံတစ်ခုကို နားမှာ တပ်လိုက်၏။

ထိုအခါကျမှ ငင်းခနဲဖြစ်သွားကာ သူ့နဖူးသူ ရိုက်မိလေသည်။

နားကျပ် ..။

နားကျပ်တပ်မှ ကြားရသည့်လူကို နားကျပ်ဖြုတ်ထားတုန်း သူ စကားတွေ အများကြီးပြောနေခဲ့သည်။ ပြီးတော့ သူမရဲ့ညာဘက်က မျက်လုံးကမမြင်။

သူထိုင်နေတာကို ရုတ်တရက်မမြင်ဘဲ မီးဖွင့်ဖို့ လက်လှမ်းတာ သူ့ရင်ဘတ်ကို လာပွတ်နေသလိုဖြစ်ခဲ့ရသည်။

သေလိုက်ပါတော့ ..။

အမူးတွေတောင် ပျောက်ကုန်သလားမသိ။

အရက်မူးလာရင် အမှားတွေဖြစ်သည်ဆိုတာ ဟုတ်မဟုတ်တော့ မသိပေ။ သူကတော့ သိထားသမျှကို မေ့ကုန်တာမို့ ခဏတဖြုတ် အတိုင် မေ့သည်လို့ ပြောရမလား။

"အင်း .. ဟုတ်သွားပြီ၊ အခု ကြားရပြီလား"

"ကြားပြီ၊ နင် ဘာတွေပြောနေတာလဲ၊ ငါက နားကျပ်မရှိရင် မကြားရတာ၊ နင်ကတော့ .."

"ကြားတော့ ဘာလုပ်မလဲ၊ ငါ့အိပ်ခန်းထဲ ငါဝင်တာ .."

"အခု .. ဒါ ရှင့်အိပ်ခန်းမဟုတ်တော့ဘူး၊ ဟွန်း .. အရက်က



ကလည်း နံလိုက်တာ .."

ပြောရင်း မီးဖွင့်လိုက်တော့ အခန်းထဲမှာ မွှေးထိန်သွားခဲ့သည်။ ခင်ဦးသျှောင်က မျက်နှာလေးမဲ့၍ နာရီလှမ်းကြည့်သည်။

"ဆယ့်နှစ်နာရီတောင်ကျော်နေပြီ၊ ရှင် ခုမှ အပြင်ကပြန်လာတာ လား"

"အင်း .."

"ဒီလောက် သောက်စားမူးရူးပြီးတော့ .."

"ဟုတ်တယ်၊ နောက်လည်း မကြာမကြာသောက်တော့မှာ .."

"ဘာ .."

"ဆိုတော့ကာ .. အဟွန်း .. မင်းနှာခေါင်းတွေပါ ကန်းဖို့ လိုလာပြီ"

"ပန်းသခင် .."

"ပြော ...."

"ရှင် ခုထွက်မလား၊ မထွက်ဘူးလား .. ပြော .."

"မထွက်တော့ ..."

"ပြီးတာပဲ"

ဟမ် ...။

သူမက ဖက်လုံးတွေ၊ ခေါင်းအုံးတွေ အလယ်မှာဆင့်ချကာ သူမ ဘက်ခြမ်းမှာ ပြန်ထိုင်ချလိုက်ပြီး ..

"ကိုယ့်ဘက်နဲ့ကိုယ်အိပ်၊ လုံးဝစည်းမကျော်နဲ့"

"ကျော်ချင်လာရင်တော့ ကျော်မှာပဲ"

"လုပ်လိုက်လေ၊ ကေး ရဲ့ဘေးမှာ သေနတ်ရော၊ ဓားရော ရှိတယ်"

"ဘယ်မှာလဲ .."

"ဘာလို့ပြရမှာလဲ .."

ကလေးတွေရန်ဖြစ်သလို ဖြစ်နေကြရင်း ကေးက မျက်စောင်းထိုး သည်။ သူက မဲ့လိုက်၏။ ပြီးတော့ ထိုင်နေသည့်နေရာမှာပဲ မျက်နှာမော့

www.burmeseclassic.com

မှိုလိုက်ရင်း ...၊

"အပိုတွေလျှောက်ပြောနေတယ်၊ ဘယ်သူက ထိချင်လွန်းလို့လဲ၊ ဟွန်း .. ဥမ္မာဒန္တီ ပပဝတီလို လှနေရင်လည်း ဟုတ်တုတ်တုတ်၊ ဒါ တောင် အဲဒီမိန်းမတွေ ဘယ်လောက်လှလဲ၊ ဘယ်သူမြင်ဖူးလို့လဲ၊ ဘယ် သူမှ မမြင်ဖူးဘဲနဲ့ .. ငါလည်း မမြင် .."

စကားဆုံးအောင်မပြောနိုင်ဘဲ တိတ်ကျသွားသည်။ နီးနေပြီဖြစ် သည့် ကေး ရဲ့ မျက်လုံးတွေ ပြန်ပွင့်လာ၏။ ပြီးတော့ လှဲနေရာကနေ ငေါက်ခနဲ ထထိုင်သည်။ ပြီးတော့ မွေ့ရာထက်က ခြေချထိုင်လိုက်ပြီး သခင် တကယ်အိပ်ပျော်သွားတာ ဟုတ်မဟုတ် မျက်နှာကို အနီးကပ် သေချာကြည့်ပြီးမှ ထရပ်လိုက်၏။

အပြင်မှာလည်း အသံဗလံတွေ တိတ်ဆိတ်နေပါပြီ။

သခင်လည်း တကယ်အိပ်ပျော်နေပြီမို့ ဒီအမှိုက်ထုပ်ကြီးကို သူ တစ်ယောက်တည်း ဆွဲလွဲထုတ်ပစ်ဖို့က မဖြစ်နိုင်ပေ။

ထို့ကြောင့် နေရာမှထကာ အဆင်သင့်ဆောင်ထားသော တိတ် ကိုယူလိုက်ပြီး သူ့လက်တွေနဲ့ ကုလားထိုင်ကို ပူးတုပ်ထားလိုက်သည်။

ခြေထောက်တွေကို ခုံခြေထောက်တစ်ဖက်စီမှာ ခွဲတုပ်ထားလိုက် ပြီး သူမကိစ္စအေးသွား၏။

"ဟူး .."

လက်ဖဝါးနှစ်ဖက်ကို ပွတ်သပ်ခါရင်း စိတ်ချလက်ချဖြစ်သွားသည့် အပြုံးလေးနှင့် နားကျပ်ကို ဖြုတ်လိုက်သည်။ ပြီးမှ မွေ့ရာပေါ် ပြန် တက်ပြီး အကျအနလှဲလိုက်ရင်း ..

"မှတ်ထား .. အဲဒါရှင်မမြင်ဖူးသေးတဲ့ ဥမ္မာဒန္တီပဲ .."



# အခန်း (၁၄)

"ဟင် .. သား .."

ဒေါ်ဝင့်ဝါနိုင် မျက်လုံးပြူးသွားသည်။ တအံ့တဩကြီးတွေ ဖြစ် သွားပြီးမှ အခန်းထဲပြေးဝင်မိကာ ..

"သား ..."

"ဒုန်း .. ဒုန်း .."

အဒေါ်ကိုမြင်လိုက်ရမှ ရှက်လည်းရှက်၊ ဒေါသလည်းထွက်သွား တာ တအားရုန်းမိသည်။ ထိုအခါ ကုလားထိုင်က တစ်ဖက်တစ်ချက် သွပ်ကြွသွားကာ ..

"ဒုန်း ..."

"အမလေး ... သေပါပြီ"

ဒေါ်ဝင့်ဝါနိုင် အနားမရောက်ခင် သခင်သည် ကုလားထိုင်နှင့်တွဲ လျက် ဒုန်းခနဲ လဲကျသွားလေသည်။

www.burmeseclassic.com



"သား .. နေဦး၊ အတင်းမရုန်းနဲ့လေ၊ အနှိတ်ီလုပ်ပေးမယ်"

"အား .. ဒူး .. သားဒူးတွေ ကွဲကုန်ပြီ"

"ဘုရား .. ဘုရား ..၊ ဒေါ်သောင်းတင် .. ဟဲ့ .. မောင်နိုင်တို့လာ စမ်း၊ ကတ်ကြေးပါယူခဲ့ .."

တစ်အိမ်လုံး ပြေးပြေးလွှားလွှားတွေ ဖြစ်ကုန်ကြသည့်အချိန်မှာပင် ခင်ဦးသျှောင်က ကော်ဖီသောက်ရင်း ဂျာနယ်ဖတ်နေ၏။ ခြံထဲက နှင်းဆီ ပန်းနုံ့တွေ၊ ခရေပန်းနံ့တွေ ကြိုင်လှိုင်လွှမ်းခြုံနေခြင်းမှာ နှစ်မျောလျက် အဖြူရောင်ပလတ်စတစ်စားပွဲခုံလေးက မှန်ပြင်လေး ခင်းထားသည် သူမ ထိုင်နေသောထိုင်ခုံလေးတလည်း ပန်းကွက်လေးတွေနှင့် လှနေ၏

တမင်တကာ ခြံထဲမှာ ဘရိတ်ဖတ်စ်စားဖို့ နေရာယူလိုက်တည်း က သူမ ဒီပန်းခင်းတွေနဲ့ ပန်းရနံ့တွေကို သဘောကျလို့ဖြစ်ကာ ဒီလို စားပွဲကုလားထိုင်လှလှလေးတွေ ခင်းထားဖို့ကိုလည်း ညကတည်းက စိတ်ကူးယဉ်နေခဲ့တာဖြစ်၏။

ပြီးတော့ ကိုယ့်ရဲ့ဘေးဘီဝဲယာကိုလည်း ခဏခဏခေါင်းထောင် ကြည့်မိသေးသည်။

အိမ်မှာတုန်းကဆို သူမနဲ့မလှမ်းမကမ်းမှာ ရုံရှေဖော်တွေ၊ ဆေး ယောက်လှောက် အမြဲရှိနေတတ်ကာ အပြင်ထွက်ဖို့ရှိပြီဆိုရင်လည်း ဘေးမှာ ဦးဇော်တို့ မပါဘူးဆိုတဲ့အခါ ဘယ်တော့မှမရှိခဲ့။

လူမှန်းသိတတ်ပြီဆိုတည်းက နေ့စဉ်ညစဉ်မြင်ကွင်းက ဒီနေ့ ဒီတိုင်းပဲဖြစ်ကာ ကိုယ့်ဘဝဟာ ရှင်သန်နေတဲ့ဘဝတစ်ခုလား၊ ပန်း ကားတစ်ချပ်လားဆိုတာတောင် မသိတော့ပါ။

ဒီနေ့တော့ သူမဘဝ ပြောင်းလဲခဲ့ပြီဖြစ်သည်။ ဂျာနယ်လျှော လှန်ရင်း စိတ်က စာထဲရောက်သွားလိုက်၊ အပြင်မှာ ပြေးလွှားနေမိလို



နှင့် ..။

"မမလေးရှင့် .."

ခေါ်သံကြောင့် လှည့်ကြည့်လိုက်တော့ အိမ်အကူမိန်းကလေးတစ် ယောက်က လက်လေးနှစ်ဖက် ဆန့်ချပြီး ပြန်ဆုပ်ထားကာ ..

"မမလေးတို့အိမ်က ဘဘကြီးတွေ ရောက်နေပါတယ်"

"ဟင် .."

မျက်နှာထက်ကအပြုံးတွေ ချက်ချင်းပြိုကျသွားသည်။

ပြီးတော့ ကြည်နူးသာယာသည့်ထင်ခဲ့သော နှင်းဆီပန်းခင်းကြီးနဲ့ ဝတ်ဝန်းကျင်လေထုကို နောက်ထပ်ကြည့်လိုက်မိရင်း ..

"ဒါတွေကလည်း အနှိစ္စပဲထင်တယ်" ဟု တီးတိုးရေရွတ်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

"ကျွန်တော်တို့ သဘောအရဆိုရင်တော့ ကလေးကိုရော၊ ကောင်လေးကိုရော 'တော်ဝင်ဂေဟာ' မှာဖြစ်ဖြစ်၊ သီးသန့်လက်ဖွဲ့ထားတဲ့ ခြံတစ်ခြံမှာဖြစ်ဖြစ် နေစေချင်တာ၊ ဒါပေမဲ့ .."

"ကေား .. ဒီမှာပဲနေမှာပါဆို .."

ခင်ဦးသျှောင်က ဝင်လာကတည်းက ထိုစကားနှင့်အတူဖြစ်တာ မျက်နှာလေးကလည်း အလိုမကျခြင်းတွေအပြည့်။

"အခု ဦးတော်တို့က အဲဒါလာပြောတာတာလား"

"မဟုတ်ဘူး သမီး၊ လာ.. ထိုင်ဦး"

ဦးသူတော် တို့က လှည့်ကြည့်ကာ သူတို့နောက်မှာရပ်နေသည့် ကိုယ်ရံတော်တွေက ခင်ဦးသျှောင် ဝင်လာတာနှင့် ခေါင်းတွေငုံ့၍ အ အသေပေးကြ၏။

သူတို့ရဲ့ ကြီးကျယ်စွာ နေထိုင်ပုံတွေကြောင့် ခုလေးထင် တူဖြစ်သူ ရဲ့ဒဏ်ရာကို ဆေးလိမ်း ပတ်တီးစည်းပေးခဲ့ရသည့် ဒေါ်ဝင့်ဝါခိုင် မျက်လုံး ထဲမှာ ထော်လော်ကန့်လန့်ဖြစ်နေလေသည်။



ဒီလောက်ထိ လိုလို့လား ...။

"ဒီလို သမီး၊ သမီးအတွက် ပိုအဆင်ပြေအောင် 'တော်ဝင်ဂေဟာ' မှာတုန်းက သမီးနားမှာနေကြတဲ့ သော်သော်တို့ အနီလေးတို့ကို ဒီမှာ သမီးနဲ့အတူ လာနေဖို့ .."

"မလိုပါဘူး၊ ဒီမှာလည်း မိန်းကလေးတွေ အများကြီးပဲဟာ၊ ပြီး တော့ အန်တီဝါ ကလည်း ကေးကို ဂရုစိုက်တယ် .."

သူတို့လှည့်ကြည့်တော့ ဒေါ်ဝင့်ဝါခိုင် ပြုံးလိုက်ရသည်။ မျက်လုံး ထဲမှာတော့ သခင့် မျက်နှာ ရှုံ့မဲ့နေတာကို မြင်ယောင်နေမိလျက် ထို အဖြစ်ဆီ စိတ်က ရောက်သွားခဲ့ပြီး ...၊

"အား .. တော်တော်ညစ်ပတ်တဲ့ မိန်းမ၊ သားအိပ်နေတုန်း သူ အလုပ်တာ .."

"သားက ဘာဖြစ်လို့ ကုလားထိုင်ပေါ်မှာ အိပ်ရတာလဲ၊ အိပ်ရာ ပေါ်ကနေ ဒီပေါ်ရွှေ့ဖို့တော့ မဖြစ်နိုင်ပါဘူး .."

"သားက ဒီမှာထိုင်ပြီး သူနဲ့စကားပြော .. အဲ .. ရန်ဖြစ်နေတာ"

"ပြီးတော့ရော .."

"ပြီးတော့ မသိတော့ဘူး၊ ဒီတိုင်းအိပ်ပျော်သွားတာနေမှာပေါ့၊ တွေ့မယ် .. သင်း .."

သခင် ကြိမ်းဝါးနေတာကြောင့် ဒေါ်ဝင့်ဝါခိုင် ကိုယ်တကယ် ခံစား နေရတာကို မျိုသိပ်လိုက်ရကာ ...၊

"သား သူနဲ့အတူတူမအိပ်ရဘူးလို့ လူကြီးတွေလည်း ပြောထား တယ်လေ၊ အခန်းလည်း ခွဲပေးထားတာကို၊ ဘာဖြစ်လို့ ဒီထဲရောက်လာ တာလဲ"

"ဒါ သားအခန်းပဲဟာ .."

ဒီမှာကလည်း တစ်ဦးတည်းသောသား၊ အချစ်ဆုံးကလေးပါပဲ။ သူတို့လောက် မချမ်းသာတာနဲ့ပဲ သူတို့လို မချစ်တတ်ဘူးလို့များ

www.burmeseclassic.com

www.burmeseclassic.com



ထင်နေကြသလား။

မနက်က သခင့်အဖြစ်ကိုသတိရကာ ဒေါ်ဝင့်ဝါနိုင် မျက်နှာက ပြုံးမိလိုက်၊ မဲ့သွားလိုက်နှင့် စိတ်က ပစ္စုပ္ပန်မှာမရှိ။

"ဒေါ်ဝင့်ဝါနိုင် .. ပြောပါဦး၊ ကျွန်တော်တို့စိစဉ်တာ ဘာများ ချို့ယွင်းချက်ရှိလို့လဲ"

"ရှင် ..."

"ဒီမှာ .. ကျွန်တော်တို့ကလေးက မရင်းနှီးဘူးလေ၊ ဒါကြောင့် တစ်လ နှစ်လဖြစ်ဖြစ် သူနဲ့ရင်းနှီးပြီးသားလူတွေနဲ့ ရှိနေသင့်တာ မဟုတ်ဘူးလားလို့ .."

"အင်း .. အဲဒါက .."

"အတူတူနေရမှာက ကေး ပဲဟာ၊ အန်တီဝါမှမဟုတ်ဘဲ၊ ကေးက မလိုဘူးဆိုရင်ပြီးတာပဲ"

ဦးသူတော် မျက်မှောင်ကုတ်သွားသည်။ ဦးသူမြတ်ကလည်း နားမလည်သည့်မျက်လုံးတွေနှင့်ဖြစ်၏။

ကေး က သူတို့ကို ခုလိုမျိုး ခွန်းတုံ့ပြန်မှုတာမဟုတ်ပေ။ ထို့ပြင် သူတို့ စိတ်ပူပန်စွာ မိုးလင်းခဲ့ရပေမယ့် သူမလေးကတော့ အေးအေးလူလူ။

ဖြစ်နိုင်လျှင် 'သမီး ညက အဆင်ပြေရဲ့လား' လို့ မေးချင်မိတဲ့အထိ စိတ်ပူခဲ့ကြတာဖြစ်သည်။ ပန်းသခင် ဆိုတဲ့ ဂျစ်ကန်ကန်ကောင်လေးက စည်းစောင့်ရဲ့လား။

စည်းစောင့်ဖို့မလိုဘူး ဆိုပြီး မိုက်ရိုင်းရမ်းကားလိုက်မလား။

ဒီလိုသာဖြစ်သွားခဲ့လျှင် 'ငါတို့စခဲ့တဲ့ဇာတ်၊ ငါတို့ မနိုင်တော့ဘူး' ဆိုသည့် ရင်ထုမနာစိတ်နှင့် သေသွားနိုင်လေသည်။

တကယ်တော့ သူတို့ ဒီလိုစိတ်ကူးတွေ ပေါ်လာခဲ့တာက ကိုယ့်ရဲ့ ဩဇာပါဝါနဲ့ ဖိနှိပ်လွှမ်းမိုးပြီး ပန်းသခင် ဆိုတဲ့ ကောင်လေးရဲ့ မိုက်ရိုင်း



ထောင်လွှားမှုတွေကို အညွန့်ကျိုးပျက်စီးသွားစေဖို့ဖြစ်သည်။

တကယ်တမ်းဖြစ်လာတော့ လက်ထပ်ဖို့။

"မဟုတ်ဘူး ကိုကြီး၊ ကျွန်တော်တို့ဖြစ်စေချင်တာ ဒီကောင်လေးကို ကောင်းကောင်းနှိပ်ကွပ်ဖို့ပဲ၊ လက်ထပ်ပေးဖို့မပါဘူး"

"ငါ့သမီးကို လက်ထပ်ပေးဖို့အတွက် မင်းတို့လက်ထောက်ချတာနဲ့ပဲ ဆုံးဖြတ်လိုက်ရမှာလား၊ ဒီကလေးရဲ့ပုံကို မြင်လိုက်တည်းက မင်းတို့ပြောတာတွေနဲ့ ဘယ်လောက် ရမ်းကားတဲ့ကလေးလဲဆိုတာ ငါ သိတယ်၊ ဒါကြောင့် လက်ထပ်ရမယ်၊ ပြီးရင် ဘာလို့လက်ထပ်ခိုင်းသလဲ ဆိုတာ နားလည်သွားစေရမယ်၊ လူတစ်ယောက်ကို ရိုက်ပုတ် နာကျင်စေတာထက်ပိုပြီး နာကျင်အောင် ဘယ်လိုလုပ်နိုင်သေးလဲဆိုတာ သိစေချင်တာ" တဲ့။

သူတို့ပို့နေခဲ့သည့် သတင်းတွေရဲ့နောက်ဆုံးပိတ်မှာ ကေးကို ဆေးရုံတင်လိုက်ရသည့်အဖြစ်ကြောင့် ဦးကြီးမြတ်သူ ပေါက်ကွဲသွားသည်။

ပန်းသခင် သည် ဦးခန့်ညားအောင် ရဲ့သားဖြစ်မှန်းသိလိုက်ရတော့ ဆုံးဖြတ်ချက်တွေ ဖြစ်သွားခဲ့သည်။ မင်္ဂလာပွဲဖြစ်မြောက်ခဲ့ခြင်းရဲ့ အကြောင်းရင်းခံကတော့ သူတို့ကြောင့်သာ ...။

"နော် .. ဦးတော်၊ ကေးအတွက် ဘာမှမလိုဘူးလို့၊ ပြီးတော့ ဘာမှ သည်းမပူပါနဲ့၊ ကေး ဒီမှာပျော်တယ်"

ခင်ဦးသျှောင်က ဒါပဲတွင်တွင်ပြောနေသဖြင့် ရောက်လာသည့် လူတွေကို မြန်မြန်ပြန်ဖို့ နှင်လွှတ်နေသလိုပင်။

ဦးသူတော်တို့ မျက်နှာမကောင်းကြပေမယ့် ကိုယ့်ကလေးကိုတော့ အပြစ်မမြင်နိုင်ဘဲ ဒေါ်ဝင့်ဝါနိုင်ကို ကြည့်၍ ...

"ဒါနဲ့ ကောင်လေး မမြင်ပါလား"

"သားက .."

ဒေါ်ဝင့်ဝါနိုင် မဖြေသေးဘဲ ခင်ဦးသျှောင်ကို လှမ်းကြည့်သည်၊

www.burmeseclassic.com

www.burmeseclassic.com



သူမလေးက မျက်လုံးချင်းဆုံပေမယ့် သူမ ဘာမှမလုပ်ခဲ့တဲ့အတိုင်း ကိုယ့်အာရုံနဲ့ကိုယ်ရှိသလို မျက်လုံးတွေ တခြားရောက်၏။ ထိုစဉ် –

"ဘယ်ဖြစ်မလဲ အန်ကယ်၊ အန်ကယ့်တူမကြောင့် ဒီမှာ ဒူးပြဲတော့မလို့ .."

"ဘုရားရေ .."

လူမမြင်ရသေးခင် သခင့်စကားသံကြောင့် ဒေါ်ဝင့်ဝါခိုင် ထိတ်လန့်သွား၏။ ဦးသူတော်တို့လည်း မျက်နှာတွေ ရဲခနဲ နီမြန်းကုန်ကြပြီး နှုတ်ခမ်းတွေ တင်းကပ်စေ့ပိတ်သွားကြ၏။

ထွက်လာတော့ သခင်က အဖြူရောင်ဂျင်းပဲန်ကွာတား ပွပွကြီးနှင့်၊ ဒူးမှာ ဖတ်တီးကဲအဖွေးသား။ အဖြူနဲ့အပြာ စပို့ရှပ်ပွပွကို ဝတ်ထားလျက် လက်ထဲမှာ တုတ်တစ်ချောင်းကိုင်ထား၏။

သူ့ဘေးမှာ တွဲကိုင်ထားသော မောင်နိုင့်လက်ကိုဖယ်၍ ညှိခန်းကိုရှောက်လာပုံက ခြေနှစ်ချောင်းလုံး ထော့နေသဖြင့် ဖားခုန်ခုန်တော့မယ့်အတိုင်း။

"သား ဘာလို့ထွက်လာတာလဲ၊ တော်ကြာ ဆရာဝန်လာတော့မှာ"

ဒေါ်ဝင့်ဝါခိုင် ပျာပျာသလဲ ထတွဲပြီး ဘေးမှာ ထိုင်ခိုင်းလိုက်တော့ ဦးသူမြတ်နဲ့ မျက်နှာချင်းဆိုင်။

"မင်း ဘာဖြစ်တာလဲ .."

သခင့်ကို စကားပြောပုံက ကျောင်းတော်ကရန်စအတိုင်း မျက်နှာထားတင်းလျက် ..။

"အဲဒါ အန်ကယ့်တူမကို မေးကြည့်သင့်တာ .."

"ငါ မင်းကိုမေးနေတာ .."

"သူလုပ်လို့ဖြစ်တာ၊ သူပဲဖြေရမှာပေါ့"

"သား .."

"သားပြောတာ မှားလို့လား အန်တီဝါ၊ ဟော့ .. ဖြေလိုက်လေ"



သခင်က ခင်ဦးသျှောင်ကို တည့်တည့်ကြည့်ပြီး မေးဆတ်သည်။ သူမက မျက်မှောင်ကုတ်လေးနှင့်။

"ဘာဖြစ်လို့ ကေး လုပ်တယ်ပဲပြောနေတာလဲ၊ ရှင် ကေး အခန်းထဲဝင်လာလို့ဖြစ်တာ .."

"ဟင် .."

ဦးသူတော်တို့ကိုယ်တွေ တောင့်မတ်ကုန်ကြသည်။

"ဩော် .. အခန်းထဲဝင်လိုက်ရုံနဲ့ ဒီဒူးတွေ ပြဲမတတ် နာကုန်တယ်ဆိုတာ ခင်ဗျားဘာမှမလုပ်ဘဲ အပင်းသွင်းထည့်လိုက်လို့လား .."

"ဘာ .."

"စုန်းအတတ်လား၊ ကဝေလား"

"အဲဒါ ရှင့်ကိုယ့်ကို ပြန်မေးလေ၊ ရှင် ဘာမှမလုပ်ဘဲ ဒီဒူးတွေ နာရတယ်ဆိုတော့ .."

"ဟော့ ... ပေါ်ပြဲစမ်း"

"သူ ရမ်းကားလို့ ကေး လုပ်တာ .."

"မင်းကို ငါက .."

"ဟိတ်ကောင် .."

"နိုး .. နိုး .."

ခင်ဦးသျှောင်ကို အားတက်သရော စကားအနိုင်လုပြောနေရင်းမှနေ ဦးသူမြတ် တားဆီးလိုက်တာကြောင့် သခင်က ဖျတ်ခနဲလှည့်ပြီး လက်ကာလိုက်ကာ ...

"Don't call me like that"

"မင်းလည်း လူယဉ်ကျေးပီပီသသ ပြောဖို့လိုတာပေါ့"

"ကျွန်တော်တို့က ဖြစ်နေတဲ့ပြဿနာကို ပြောနေတာပါ၊ အန်ကယ်က ကိုယ့်တူမပြောနေတော့ နားဝင်ချိုနေပြီး ကျွန်တော်ပြောမှ တားသလား၊ ဒီအတွက်နဲ့ ဟိတ်ကောင် လို့ခေါ်ဖို့မလိုဘူးမို့လား .."

www.burmeseclassic.com

www.burmeseclassic.com



ဒီကောင်လေး သူတို့ဘယ်လိုသက်ရောက်မှုတွေနဲ့ ပြောဆိုအငြင်းပွားနေကြမှန်း တကယ်မသိတာလား။

"ဆောရီးပါရှင်၊ ကလေးတွေ အပြောမတတ်ကြတာကို နားလည်ပေးပါ၊ သူတို့ ဒီလိုပါ .. ညတုန်းက .."

သူတို့သိပြီးသားပေမယ့် သခင် အရက်မူးပြီး အခန်းမှားဝင်သွားတာကို ပြန်ပြောပြမိ၏။

"အခန်းမှားတာ မဖြစ်နိုင်ဘူးထင်တယ်"

"အဲဒါမှန်တယ်"

ဦးသူတော်စကားကို သခင် မတွန့်မဆွ ခေါင်းညိတ်ဝန်ခံ၍ ...

"အရက်မူးနေပေမယ့် ကိုယ့်အခန်းကိုတော့ မသိဘဲနေမလား အန်ကယ့်တူမက ကျွန်တော့်အခန်းထဲ ဝင်နေတာလေ"

"ဒေါ်ဝင့်ဝါနိုင် .."

"ရှင် .."

"ခင်ဗျား ကြားတဲ့အတိုင်းပဲ၊ ဒီမနက်မှ ကိုခန့် ခရီးထွက်သွားတာ၊ ခင်ဗျားတူက နာရီမဆိုင်း အချိုးပြောင်းတယ်"

"မဟုတ်ပါဘူး၊ ဒီကိစ္စမှာ သူတို့လူငယ် .. အဲ .. လင်မယားချင်းဖြစ်တဲ့ကိစ္စပါ၊ ဘာမှဝင်မမေးဘဲ မစွက်ဖက်ဘဲနေလိုက်ရင် ပြီးသွားမှာပါ"

"ကျွန်တော်တို့က နေရာတကာ စွက်ဖက်သလိုဖြစ်နေတာလား"

"မိုးမလင်းသေးဘူး၊ အိမ်ပေါ်ရောက်နေကြတာတောင် မေးမေးသေးတယ်"

"ပန်းသခင် .."

"ပြောပြတာပါ၊ အန်ကယ့်မေးခွန်းတွေ နှစ်ထပ်ကွမ်းဖြစ်နေလို့"

ဦးသူတော်မျက်နှာမှာ သွေးရတ်မရအောင် တင်းမာသွားသည်။

"လူကြီးတွေရှေ့ထားပြီး မင်းရဲ့ ဖရုသဝါစာတွေ ပြောနေတာ



တော့ ဘယ်နှစ်ထပ်ဖြစ်ဖြစ် .. ဟုတ်လား"

"ဗျာ .. ကျွန်တော်လား"

ချက်ချင်းပြန်မေးပုံက သူပြောခဲ့သမျှဟာ ဘာအပြစ်မှ မရှိခဲ့သလိုလို။

ဦးသူတော်က ဒေါ်ဝင့်ဝါနိုင်ကိုပဲ ရည်ရွယ်ကာ ..

"ကျွန်တော်တို့ ဒါတွေဖြစ်လာမှာကို အစကတည်းက သိပြီးသား၊ ဒါကြောင့် မဖြစ်စေချင်ဘူး၊ ဒါပေမဲ့ ဖြစ်သွားတယ်၊ အစ်ကိုကြီး ဘယ်လိုဖြစ်စေချင်သလဲဆိုတာတော့ ခင်ဗျားတို့အားလုံး မမေ့ဘူးထင်ပါတယ်"

"မမေ့ဖို့ သတိပေးနေလို့မရတော့ဘူး ကိုလေး၊ အခု တစ်ညပဲရှိသေးတယ်၊ စည်းကမ်းမဲ့ ဗရုတ်သုတ်ခတွေ ဖြစ်နေပြီ"

"အဲဒါ ဘာကိုပြောတာလဲ လေးတော်၊ ဗရုတ်သုတ်ခတွေ ဖြစ်နေပြီဆိုရင် လေး လည်းပါတာပေါ့၊ ကေး ကိုပါ ထည့်ပြောတာလား"

ဦးသူတော်က လှည့်ကြည့်သည်။ ကိုယ့်ကလေးလည်း ဘာများထူးလို့လဲ။ လက်ထပ်လိုက်တာဟာ လှောင်ချိုင့်ထဲက လွတ်ထွက်သွားသလိုမျိုး။

"ကေး တို့ ဘာမှမဖြစ်ဘူးနော်၊ ညက ပြဿနာဖြစ်ကြတာ အခန်းလူကြတာပဲရှိတယ်၊ ဘာမှမဟုတ်ဘူး"

"ဟုတ်ပါတယ် ဦးသူတော်နဲ့ ဦးသူမြတ်၊ ကလေးတွေကို ကျွန်မထိန်းနိုင်ပါတယ်၊ နောက်ပြီး သခင်ကလည်း မိကောင်းဖခင်သားသမီးပါရှင်၊ သူ့အဖေစကားလည်းရှိတယ်၊ သူဒွေး ဘာဖြစ်ချင်သလဲဆိုတာလည်း အားလုံးသဘောတူပြီးပြီပဲ၊ ခုနစကားကို ဦးသူတော်တို့ဆုံးအောင်နားမထောင်လို့ပါ"

စကားနိုင်လုကြရင်း သခင်က ကုလားထိုင်မှာ အိပ်ပျော်သွားသည်။ အရက်မူးမူးနဲ့ ပြန်နိုးလာမှာစိုးသောကြောင့် ကေး က ခုံမှာ တိပ်နဲ့ ကပ်

www.burmeseclassic.com

www.burmeseclassic.com



ချည်ထားခဲ့၏။

ထိုအဖြစ်ကို ခင်ဦးသျှောင်က ရှင်းပြရင်း ဒေါ်ဝင့်ဝါခိုင်က မိုးလင်းမှ သူဝင်သွားပြီး တိပ်တွေဖြုတ်ပေးရသည့်အဖြစ်နှင့် သခင် ကိုယ့်ဒေါသနဲ့ကိုယ် ခုံနဲ့အတူ မှောက်လျက်လဲရသည့်အဖြစ်ကို ထပ်ပြောပြကာ ..

"ဒူးပြဲတယ်ဆိုတာ အဲဒါကြောင့်ပါ၊ ကလေးတွေ အပြောမတတ်တာကြောင့် ဆဲသလိုဖြစ်ရတာ ကျွန်မတောင်းပန်ပါတယ်"

ဦးသူတော်တို့မျက်နှာတွေ သိသာစွာ ပြေကျသွားကြသည်။ ကိုယ့်ကလေးကို စိတ်နဲ့တောင် မပြစ်မှားစေလိုသည့် ဝန်တိုမှုက ပန်းသခင်ဆိုတဲ့ကောင်လေးကို ကြည့်မရတာတွေကြောင့်ဆိုရင် ပိုမှန်လိမ့်မည်။

ကိုယ့်အစ်ကိုမို့ အပြစ်တော့လည်း မတင်ချင်ပါ။

ဒါပေမဲ့ ကိုယ်က မိန်းကလေးရှင်ဖြစ်ပြီး ယောကျ်ားလေးတစ်ယောက်ကို ဒီလိုနည်းနဲ့ အပြစ်ပေးချင်တာ မှန်တယ်ထင်နေ၏။ ဒီကောင်လေး ဒီလောက်ရမ်းကားနေတာ၊ ဘယ်နေ့စော်ကားလိုက်မလဲဆိုကာ မပြောနိုင်။

ပြီးတော့ လင်နဲ့မယား၊ ဆက်ယှက်မိပါသည်ဆိုရင် ဘာတတ်နိုင်မှာလဲ။

ဘယ်လိုအခြေအနေပဲသွားသွား ကိုယ့်ဘက်က နစ်နာဖို့သာ။

တွေးမိလိုက်သမျှသည် ဒီကောင်လေး ရမ်းကားလွန်းသည်လို့သာ အဖြေထွက်နေခဲ့လျက် ...။



## အခန်း (၁၆)

"ကြီးကြီးသောင်း .. ကေး ကို ဝက်သားတုတ်ထိုး လုပ်ပေးပါ"

"ဟင် .. ဝက်သားတုတ်ထိုး .."

"ဟုတ် .."

ခင်ဦးသျှောင်က ပါးရိုးလေးနှစ်ဖက်ပေါ် ဆံနွယ်လေးတွေ ဖြိုကျသာတဲ့အထိ ခေါင်းညိတ်လိုက်ကာ ..

"အသားတွေ သိပ်မပါစေနဲ့ သိလား၊ ဝက်ကလီစာတွေ အကုန်စုံအောင်ထည့်ပေး .."

ဟင် ...။

"အချင်းတိုင် နုနုထွတ်ထွတ်လေးရောပဲ" —

ဘုရား ...။

"အဲ .. နားရွက်အရိုးနုလေးတွေရယ်၊ ပြီးတော့ ပဲပြားရယ်၊ ရုံးပတီသီးရယ်၊ သခွားသီးရယ်၊ အာလူးရယ်၊ အဲဒါတွေအားလုံးထည့်နော်"

"နေပါဦး သမီးရယ်၊ အဲဒါတွေကို သမီးစုံအောင် စားနိုင်မှာလား

www.burmeseclassic.com

www.burmeseclassic.com



ဟင်"

"စားနိုင်ပါတယ်၊ ဘာဖြစ်လို့လဲ၊ အားလုံး ငါးယောက်စာလေ"

"ငါးယောက်စာ .."

"ဟုတ်တယ် .. ခြေရင်းကရယ်၊ ခေါင်းရင်းကရယ်၊ ဘယ်သူက ဘယ်ကမှန်းတော့မသိဘူး၊ ခိုင်မာလာနှင်းဆီရယ်၊ နွေဦးကျက်သရေ ရယ် .."

"ခိုင်မာလာနဲ့ နွေဦးပါကွယ်"

"ဟင် .. ခိုင်မာလာနှင်းဆီဆို .."

"အဲဒါ သူငယ်ချင်းတွေ နောက်ပြောင်ခေါ်ကြတာပါ"

"ဟုတ်လား .."

နားထောင်ပြီး ခင်ဦးသျှောင်က ခေါင်းညိတ်နေသည်။ ပြီးတော့ သုံးခွ တို့ကိုပါ ထည့်တွက်ပြီး လက်ချောင်းလေးတွေချိုး၍ ရေတွက်နေ၏။

ဒေါ်သောင်းတင် အံ့သြနေမိသည်။ သူမလေး ရောက်လာတာ သုံး ရက်ပဲရှိသေးသည်။ ပတ်ဝန်းကျင်မပြောနဲ့၊ သူမ လက်ထပ်ထား သခင် နဲ့တောင် ရင်းနှီးသေးရဲ့လား ..။

ဒါနဲ့တောင် သူမလေးက သူငယ်ချင်းတွေလို ထည့်တွက်နေက

"အားလုံး ငါးယောက်စာလေ၊ ကေး နဲ့ဆိုခြောက်ယောက်၊ အနည်း ဆုံး ဝက်သားတုတ်ထိုး အချိန်တစ်ဆယ်လောက် .."

"အမလေး .. လေး .."

ဒေါ်သောင်းတင် ရင်ဘတ်ဖိလေသည်။

"သမီး .. သမီး .. အချိန်တစ်ဆယ်ဆိုတာ ဘယ်လောက်ရှိ သိလို့လားဟင်"



"မသိဘူး၊ ဒါပေမဲ့ ဖေဖေပြန်လာလို့ ဘုန်းကြီးကျောင်းမှာ ဆွမ်း ကပ်ဖြစ်ရင် ဝက်သားဆို အချိန်တစ်ဆယ်ပဲ"

"အဲဒါက အလှူလှူတာလေ"

"ဟင့်အင်း .. လူအများကြီးမှမဟုတ်တာ .."

"ခုကွပါပဲနော် .."

ဒေါ်သောင်းတင် ဘာကစပြောရမှန်းမသိဖြစ်နေစဉ် ဒေါ်ဝင့်ဝါနိုင် ရောက်လာသဖြင့် အသက်ရှူချောင်ခဲ့ရ၏။

"အချိန်တစ်ဆယ်လို့ ကြားလိုက်သလားလို့ .. ဘာလဲ"

"မမရယ် .. ကေး လေ .."

ဒေါ်သောင်းတင်က ရယ်ရင်း ပြန်ပြောပြလျှင် ..

"အို .. တုတ်ထိုးတော့ မစားပါနဲ့ သမီးရယ်၊ နောက်ပြီး ကလီစာ တွေက ပိုဆိုးတယ်၊ ဧရာတ်ဆီတွေမပါဘဲ လုပ်လို့မရဘူး၊ အခြားအဆာပြေ တစ်ခုခု လုပ်ခိုင်းလိုက်နော်၊ အန်တီဝါက စေတနာနဲ့ပြောတာ .."

ခင်ဦးသျှောင် မျက်နှာလေးညိုသွားသဖြင့် ..

"သမီးက ခုမှ လူစိမ်းဆိုတော့ သမီးနဲ့မတည့်တဲ့အစားအစာတွေ၊ ဘယ်အစားနဲ့ သင့်တော်တယ်ဆိုတာ အန်တီဝါတို့ ဘာမှမသိသေးဘူး၊ သမီးဦးလေးတွေနဲ့ အန်တီဝါ တို့ကလည်း သိပ်အဆင်ပြေကြတာမဟုတ် ဘူးလေ၊ သမီး တစ်ခုခုဖြစ်သွားတာနဲ့ လူကြီးချင်း ရှင်းရမယ့်ပြဿနာ တွေနဲ့ .."

"ကေး မစားတော့ပါဘူး .."

မျက်နှာလေးငယ်သွားတော့လည်း စိတ်မကောင်းဖြစ်သွားပါသည်။

"နေ့လယ်ခင်းဆိုတော့ ရှောက်သီးသုပ်လေး၊ ကြာဆန်ချက်လေး တွေ လုပ်စားမလား၊ ဒေါ်သောင်းတင်က ရှောက်သီးသုပ် သိပ်ကောင်း

www.burmeseclassic.com

တာ"

"ဟင့်အင်း .."

ခေါင်းလေးခါပြီး မျက်နှာငုံ့ငုံ့လေးထွက်သွားတော့ ဒေါ်ဝင့်ဝါနိုင် လိုက်ကြည့်နေမိလျက် ...

"စိတ်ကောက်သွားတာများလား .."

"မဟုတ်လောက်ပါဘူး မမရယ်၊ ကေး ကြည့်ရတာ စိတ်ကောက် တတ်တဲ့အကျင့် ရှိပုံမပေါ်ပါဘူး၊ အားလုံး အလိုလိုက်အကြိုက်ဆောင် ထားတဲ့ မင်းသမီးတစ်ပါးလိုဖြစ်နေတာတောင် ထင်သလောက်မှ မဆိုး တာ၊ မာန်မာနလည်းမရှိဘူး"

"အင်း .. ဟုတ်ပါတယ်၊ လူကြီးတွေနဲ့တော့ မတူပါဘူး၊ ဒါပေ ကလေးတွေရဲ့အိမ်ထောင်ရေး ဘယ်လိုဖြစ်လာမလဲဆိုတာ ကျွန်မ ရ လေးနေတယ် ဒေါ်သောင်းတင် .."

"မမ .. ဘာမှမပူနဲ့၊ လူကြီးချင်း ချစ်တာ မှန်းတာတွေနဲ့မဆိုင် ဘူး၊ သူတို့ချင်း မေတ္တာရှိသွားကြရင် ပြီးသွားမှာပါ .."

ထိုစဉ် ဖုန်းလာသည်ပြော၍ သွားကိုင်လိုက်တော့ ဦးသူမြတ် ဖြ ကာ ..

"သမီးရှိလား ဒေါ်ဝင့်ဝါနိုင် .."

"ရှိပါတယ်၊ ခုလေးတင် အပြင်ထွက်သွားတာ .."

"ဘယ်လို .. ဘယ်အပြင်ကိုလဲဗျ၊ သမီးတစ်ယောက်တည်းလား သူ ဘာသွားလုပ်တာလဲ၊ ခင်ဗျားတို့ကို ဘာမှပြောမသွားဘူးလား၊ ဘာ မမေးလိုက်ဘူးလားဗျာ .."

"ကျွန်မကို ဖြေခွင့်ပေးဦးလေ ဦးသူမြတ်ရဲ့၊ ဘယ်မှမသွားတာ ဘာကိုမေးရမှာလဲ၊ အခု သူနဲ့ပြောချင်တာလား၊ ဒေါ်သောင်းတင် -



သွားခေါ်လိုက်စမ်းပါ"

ဖုန်းပြောရင်း ဒေါ်သောင်းတင်ကို ခေါ်နိုင်းလိုက်ကာ ..

"ခဏလေး .. သူလာလိမ့်မယ်"

"ဒေါ်ဝင့်ဝါနိုင်က ကျွန်တော်ပြောတာကို စိတ်ဆိုးတာလား .."

"စိတ်ဆိုးသလားလို့ ရှင်ထင်ရင်တော့ ရှင်ပြောတာ စိတ်ဆိုးသင့် တဲ့စကားမှန်း ရှင်ကိုယ်တိုင် သိသွားတဲ့ပုံပဲ၊ တစ်ခုရှိတာက ကျွန်မတို့ ချင်း ဘယ်လိုအခြေအနေတွေကြောင့်ပဲ ကလေးတွေကို လက်ထပ်ပေး ခဲ့တာဖြစ်ပါစေ၊ ခမည်းခမက် တော်ခဲ့ကြပါပြီ .."

"မှန်ပါတယ် .."

"ဒါ မှန်တယ်ဆိုရင် ဦးသူမြတ်တို့အနေနဲ့ ကျွန်မတို့ကို ကလေး ခိုး၊ ငှားထားသလို မဆက်ဆံသင့်ဘူးမဟုတ်လား"

"အဲဒါ ဒေါ်ဝင့်ဝါနိုင် တို့ ဘက်က အမြင်မှားတာပါ၊ တော်စပ်မှု ရ ခမည်းခမက်ဖြစ်ခဲ့ကြတာ မှန်တယ်၊ သူတို့ချင်းလည်း လင်မယား တော်ပါတယ်၊ ဒါပေမဲ့ သူတို့ကို ပေါင်းဖက်ဖို့ လက်ထပ်ပေးခဲ့တာ မဟုတ် ပါဘူး"

ဒေါ်ဝင့်ဝါနိုင်က ဖုန်းကို ဘယ်လက်နဲ့ ပြောင်းကိုင်လိုက်ပြီး ..

"ဟုတ်ပါပြီ၊ ဆက်ပြောပါ"

ထိုစဉ် ခင်ဦးသျှောင် အနားရောက်လာသည်။ ဒေါ်ဝင့်ဝါနိုင်က ကြည့်ကြည့်ပြီး ဆက်ပြောနေသဖြင့် သူမ ခေါင်းညိတ်လိုက်ရင်း ပြန် ထွက်သွား၏။

"ကျွန်တော်တို့ကလေးက ပြောရမယ်ဆိုရင် ဒုက္ခိတလေးပါ၊ ဒါ ကြောင့် .."

"ကျွန်မမြင်တာတော့ ဒုက္ခိတမဟုတ်ပါဘူးရှင်၊ သားဘယ့်ကို ပင်

www.burmeseclassic.com



တိုင်စံထိပ်ထားလေးတစ်ပါးပါပဲ၊ အဲဒီထက်တော်င်ပိုပြီး ထည်ဝါ
မလား"

"ဒါက ကျွန်တော်တို့ ဒီကနွေးအပေါ် ဘယ်လိုအလေးထား ယု
ခဲ့သလဲဆိုတဲ့ အပိုင်းတွေပါ၊ ကျွန်တော်ပြောချင်တာက သမီးကိုယ်တို
ကြည်ဖြူနှစ်သက်မှုမရှိဘဲ အနိုင်ယူပေါင်းသင်းခံရတာမျိုး လုံးဝအဖြ
မခံနိုင်ဘူးဆိုတာပဲ၊ ကလေးရဲ့ အိမ်ထောင်ရေးကို စိတ်ကူးယဉ်ဆန်
ဖန်တီးတည်ဆောက်ပေးခဲ့ရပေမယ့် ဒီစိတ်ကူးက ပြိုလဲ သွားသည်ဖြ
စေ၊ နိုင်မြဲသွားသည်ဖြစ်စေ ကလေးကို လုံးဝမထိနိုက်စေချင်ဘူး"

သူ မမြင်မှန်းသိပေမယ့် ပြုံးလိုက်မိသည်။ ဒါပေမဲ့ မှုပြုံးသာ ဖြ
လျက် ..

"ကျွန်မလည်း စိုးရိမ်မိပါတယ်"

"ဘယ်လို .."

"လင်မယား ဆိုတဲ့ တော်စပ်ပတ်သက်မှုလောက် ရင်းနှီးတာ မ
ဘူးလေ .."

"အဲဒီတော့ ခင်ဗျား ဘာပြောချင်တာလဲ၊ ပြောပါ"

"ဒီရင်းနှီးမှုနဲ့ ကျွန်မ သားဘက်က အပြောအဆို အနေအထိုင်
လွန်လွန်ကျူးကျူးတွေ ရှိလာနိုင်တော့ .."

"လူကြီးတွေက ဘာမှ လွန်လွန်ကျူးကျူးမရှိအောင် ထိန်းချု
မှာပေါ့ဗျာ၊ ကျုပ်တို့ကလည်း ကလေးတွေကို မျက်စိအောက်မှာ ခေါ်
ချင်တာပေါ့"

"အဲဒီလိုဆို ပိုကောင်းမှာအမှန်ပဲ ဦးသူမြတ်၊ ဒီလို တထိတ်ထိ
စောင့်ကြည့်နေရတာနဲ့စာရင် သားကလည်း ဘယ်မှာဖြစ်ဖြစ် နေနိုင်
ပါ .."



"သိတယ်လေ၊ ဒေါ်ဝင့်ဝါခိုင်ရဲ့ တူက ဘာဖြစ်ဖြစ်လုပ်ရဲမှာပါ၊
ကျွန်တော်တို့ကလေးကသာ .."

"ခင်ဦးသျှောင် ကလည်း ဒီမှာ သူ့အိမ်သူ့ရာလိုပါပဲ၊ ရင်းနှီးစမ်းပါ၊
ကျွမ်းဝင်စမ်းပါတောင် ပြောနေစရာမလိုဘူး၊ သူ့အိမ်က ရင်းနှီးတဲ့လူ
တိုတောင် ခေါ်မလာဘဲ နေရဲတဲ့မိန်းကလေးမို့လား၊ ဟွန်း .. ဒါပေမဲ့
ကျွန်မတို့ကတော့ မိန်းကလေး ရဲတင်းလိုက်တာလို့ မမြင်ပါဘူး"

"ဒေါ်ဝင့်ဝါခိုင် .. ကျွန်တော်တို့ ကလေးကလား စကားစစ်ထိုး
တာတွေမလုပ်ဘဲ လိုရင်းကိုပဲ ပြောချင်တယ်ဗျာ"

"အို .. ဘယ်သူကရော ရှင်တို့နဲ့ စကားစစ်ထိုးချင်ပါ့မလဲရှင်၊
ကျွန်မ ပြောချင်တာက လူတစ်ယောက်ကို တစ်ခါတလေ အမြင်မတော်
ဖြစ်မိတာတစ်ခုအတွက်နဲ့ အချိန်ပြည့် ကြည့်မရဖြစ်နေတာ သိပ်တော့
မမှန်ဘူးဆိုတာပါ၊ ကျွန်မသားက ထူးကဲလူရမ်းကားလေးတစ်ယောက်
မဟုတ်ပါဘူး"

"ဒါကတော့ .."

"မိဘဆိုဆုံးမမှုအောက်မှာရှိနေတဲ့ကလေးဟုတ်မဟုတ် ရှင့်တူမ
ကို မငြင်းမဆန် လက်ထပ်ယူခဲ့တာက သက်သေပါ"

ဦးသူမြတ် စကားသံတိတ်သွားသည်။

"လောလောဆယ် ရှင်တို့ရဲ့တူမက ကျွန်မလက်ထဲမှာ .."

"ခင်ဗျားပြောချင်တာက .."

"မဖြစ်သာလို့ တစေ့တစောင်း ကြည့်ရှုပေးထားရတာနဲ့၊ ချစ်ခင်
ကြင်နာစွာ စောင့်ရှောက်ပေးနေတာ ရှင်တို့ ဘာကိုလိုချင်မလဲ .. မေး
ကြည့်တာ .."

ဦးသူမြတ် အသံတိတ်သွားပြန်သည်။

www.burmeseclassic.com

ww.burmeseclassic.com



"ကိုယ့်ကိုပြောတာမကြိုက်ရင် သူများကို နင်ပဲဆေ ပြောတာတွေ လည်းဆင်ခြင်ပေးပါ၊ ကျွန်မတို့ ဘာလုပ်ရမယ်ဆိုတာ ကျွန်မတို့ နား လည်ပါတယ်၊ ငါပြောသလိုဖြစ်ရမယ်ဆိုတဲ့ ပါဝါအာဏာတွေနဲ့ ခဏ ခဏ အမိန့်တွေမပေးပါနဲ့၊ ကျွန်မတို့က ရှင့်အိမ်က အလုပ်သမားတွေ မဟုတ်ပါဘူး"

ကိုယ်ပြောချင်တာပြောပြီး စကားစဖြတ်လိုက်သည်။ ပြီးတော့ ဖုန်းကို ဒီဘက်လှည့်လိုက်လျှင် ...၊

သမီး ...။

ဒေါ်ဝင့်ဝါခိုင်ရှေ့ မလှမ်းမကမ်းမှာ ခင်ဦးသျှောင်က အဖြူရောင် ဂါဝန်လက်ပြတ်လေးနှင့် ရပ်နေလျက် ...။

"ရပါတယ် အန်တီ .."

သူမလေးက ပြုံးပြပြီး ခေါင်းခါ၍ ..

"ကေး အကြောင်းပြောနေမှန်းသိလို့ ခဏရပ်ရင်း နားထောင်နေ မိတာ ဆောရီးပါနော်"

ပြောပြီး လှည့်ထွက်သွားတော့ အားနာစိတ်က ဘယ်လိုကြီးဖြစ် ကျန်ခဲ့မှန်းမသိ။

ကောင်မလေး .. စိတ်များဆိုးသွားမလား ...။



## အခန်း (၁၇)

ကိုယ်ပြောလိုက်တာကို လက်ခံသွားလား ဒါမှမဟုတ် အစ်ကိုဖြစ် သူထံ တိုင်စာတွေ ပြေးပို့နေသည်လား။ ဦးသူမြတ် တို့ထံမှ တစ်နေ့လယ် လုံး ဖုန်းထပ်မလာတော့ပေ။

သို့သော် ဒေါ်ဝင့်ဝါခိုင် ကတော့ ဖုန်းကိုင်ထားလျက် တယ်လီဖုန်း ခုံနားမှာပဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေမိ၏။

နာရီကြည့်တော့ ညခုနစ်နာရီကျော်နေပြီ။

နေ့လယ်တည်းက ကိုယ့်ရှေ့ကနေထွက်သွားခဲ့တာ အိမ်ထဲမှာ ပဲရှိ နေသည်ထင်ခဲ့သည်။

နောက်ထပ် တစ်ခါမှ ထွက်လာတာမတွေ့ရခြင်းသည် အပြင်ကို တစ်ခါတည်း ထွက်သွားတာမှန်း လိုက်ရှာကြည့်မှ သိလိုက်ရ၏။

ဒီမိန်းကလေး ဘယ်ထွက်သွားတာလဲ။

ဦးသူမြတ်တို့ ဖုန်းထပ်မဆက်တော့တာ ခင်ဦးသျှောင် အဲဒီကို ရောက်နေလို့လား ...။

ထိုစဉ် ဖုန်းမြည်လာသဖြင့် ကမန်းကတန်း နားထောင်လိုက်မိကာ ..

"ဟော် .. ကျွတ် .."

မဖွင့်ရသေးဘဲ နားမှာကပ်ပြီးမှ ဖွင့်ဖို့ပြန်ကြည့်မိ၏။

www.burmeseclassic.com

www.burmeseclassic.com



"ဩော် .. ကဲ .."

မြည်နေတာက လိုင်းဖုန်းကဖြစ်နေလျက် ..

"ငါတော့ ရူးတော့မှာပဲ"

ကိုယ့်ဘာသာ ရေရွတ်မိရင်း ဖုန်းကို ကပျာကယာပြေးကိုင်၍...

"ဟလို .."

".... .... ...."

"ကိုစိန်လား၊ ဘာလို့လဲ"

"... .... ...."

"ဒုက္ခပါပဲ၊ မောင်နိုင့် ကိုလည်း လွှတ်ထားတယ်၊ မေးကြည့်သေးလား"

"....,..... ...."

"ဒီမိန်းကလေး ဘယ်တွေလျှောက်သွားနေလဲမသိတော့ပါဘူး။ လုံးဝ ပြန်မလာကြနဲ့ဦး၊ အဲဒီကနေ ဗိုလ်တထောင်ဘုရားဘက် ပြန်ခေါက်လိုက်၊ အေး .. သေချာရှာနော်"

ဒေါ်ဝင့်ဝါခိုင် ဖုန်းချပြီး နာရီမော့ကြည့်မိပြန်သည်။ ပြီးတော့ ရှိုကေ့စ် ပေါ်မှာတင်ထားသည့် ရွှေရောင်ဖုန်းလေးကို ကြည့်လိုက်မိသည်။

သူမကိုမတွေ့ကတည်းက ဖုန်းခေါ်ကြည့်ခဲ့တာဖြစ်သည်။ ဖုန်းမြည်သံက သူမအိပ်ခန်းထဲက ဖြစ်နေသောကြောင့် စိတ်ဆင်းရဲသွားခဲ့သည်။

ဒီကောင်မလေး သူ့အိမ်ကလူတွေနဲ့ မနေချင်ဘဲ ဒီမှာတစ်ယောက် တည်းနေချင်နေတာ ဒီလိုလွတ်လပ်မှုတွေ ရချင်လို့လား။ မိန်းကလေး တစ်ယောက်အတွက် မိဘအိမ်ပဲဖြစ်ဖြစ်၊ သူစိမ်းအိမ်မှာဖြစ်ဖြစ် ထင် သလို လွတ်လပ်ချင်လို့မရဘူးဆိုတာ နားလည်ရမှာဖြစ်သည်။

ပြီးတော့ .. ဘယ်သူ့ကိုမှလည်း ပြောဆိုသွားတာမဟုတ်။

"ဒေါ်သောင်းတင်ရေ .."

"ရှင် .. လာပါပြီ"

ဒေါ်သောင်းတင် ကမန်းကတန်း ထွက်လာကာ ..



"သူ့ ခြံထဲမှာရှိနေတုန်း ဘာတွေပြင်ဆင်ထားလဲမှာင်၊ ဘယ်လို နေရာသွားမယ့်ပုံစံ ပြင်ထားတာ တွေ့လဲ .."

သူမကို နေ့လယ်က ဒေါ်သောင်းတင် နောက်ဆုံးမြင်လိုက်ခြင်း ဖြစ်ကာ ..

"ဘာမှ မပြင်ထားဘူးနော် မမ"

ဒေါ်သောင်းတင်က သေချာစဉ်းစားရင်း ..

"ဟုတ်တယ်၊ နေ့လယ်က ဝက်သားတုတ်ထိုး လုပ်ခိုင်းတယ်လေ၊ အဲဒီဂါဝန်လေးနဲ့ပဲ .."

"ပြန်ဝင်ပြီး အင်္ကျီလဲသွားတာ မသိလိုက်တာများလား"

"မဖြစ်နိုင်ပါဘူး မမရယ်၊ ခေါင်းရင်းက ဒန်းပေါ်မှာ စုစုတို့ ချိုတို့ ပန်းတွေသီနေကြတာပဲ၊ ဝင်လာရင် တစ်ချက်တော့ ကြည့်ဖြစ် မှာပဲ၊ ကေား ကို ကြည့်နေပြီးမှ ပန်းတွေသီထားဖို့ သူတို့လာပြောပြီး ခေါင်းရင်းဆင်းသွားကြတာ .."

"သူတို့ကို မေးကြည့်လိုက်သေးလား"

"ကြည့်တာပေါ့ မမရဲ့၊ မဗိုက်ကိုလည်းမေးတယ်၊ ဘယ်သူမှ တွေ့ဘူး၊ ကေား နေ့လယ်ကတည်းက မရှိတာပါ"

ကြားရချက်က မသက်သာ ...။

အိမ်နေအဝတ်အစားနဲ့ ပျောက်သွားပုံက ခြံဝထွက်မိလို့များ ပြန် ဆေးသမားတွေနောက် ပါသွားတာလား။ ဘုရား .. ဘုရား .. ဒီလိုတော့ မဖြစ်ပါစေနဲ့။

အတွေးနဲ့တင် ကိုယ့်ရင်ဘတ်ကို ဖိလိုက်မိသည်။ ဒီပတ်ဝန်းကျင်မှာ ဒီလိုအဖြစ်မျိုးလည်း ရာဇဝင်မရှိခဲ့ဖူးပါ။ ပြီးတော့ ခြံစောင့်နဲ့ မှာလီ တာဝန်မခွဲရဘူးလို့ သတ်မှတ်ထားသဖြင့် ခြံတံခါးနဲ့ လုံခြုံရေးကို အစောင့် တစ်ယောက်တောင် ကြည့်ရှုကြပ်မတ်နေတာပဲ။

ညရဲ့နမိုးခြင်းဟာ တဖြည်းဖြည်းရင့်ရော်လာတော့မည်။ ဒီကောင်

www.burmeseclassic.com

www.burmeseclassic.com



မ်လေး ပြန်မလာတာကို ကိုယ့်ဘာသာကြိတ်ရှိနေဖို့ မဖြစ်နိုင်တော့တာ နားလည်လာ၏။

ထို့အတူ ပြောဆိုလာကြမည့် ပါးစပ်တွေကို မြင်ယောင်ကာ ဒေါ်ဝင့်ဝါနိုင် ချွေးတွေတောင် စို့လာသလားမသိတော့ပေ။

ကိုယ်ကမှန်နေလျှင် ကြောက်စရာမလိုပေမယ့် ကိုယ့်ဘက်မှာ ပြောစရာဖြစ်ခဲ့ပြီဆိုတော့ ဂရုမစိုက်လို့မရ။

"ကြီးသောင်းရေ .. ထမင်းစားမယ်"

စဉ်းစားရင်း ချွေးပြန်နေတုန်း သခင့်အသံကြားလိုက်သဖြင့် နောက်လှည့်လိုက်မိသည်။ သခင်က ပန်းနုရောင်ရှပ်အင်္ကျီလက်တိုပွပွကြီးနှင့် ဘောင်းဘီအဖြူရောင်ကွာတားကို ဝတ်ထားလျက် ရေချိုးထားသည့် မျက်နှာက ဝင်းမှုန်နေ၏။

ဒီအချိန်ဆို ကိုယ့်ကလေးက အိမ်မှာပဲဆိုတာ သိနေပြီးသား။

အပြင်သွားဖို့ရှိရင်လည်း လူကြီးမသိဘဲ လစ်ခနဲ ထွက်သွားတတ်တဲ့အကျင့်မရှိ။

"သား .. လာဦး"

"အန်တီဝါ ဘာဖြစ်လို့လဲ"

မေးပြီး အခြေအနေကို အကဲခတ်လျက် ..

"ဟိုတစ်ယောက် ခုထိ ပြန်မရောက်သေးဘူးလား .."

"ဟုတ်တယ်၊ ကိုယ့်အဒေါ် ဘာဖြစ်နေလဲ တစ်ချက်မှ ထွက်မကြည့်ဘဲ မင်းပဲ ဂိမ်းနဲ့ လုံးထွေးနေနိုင်တယ်"

"လုံးမထွေးပါဘူး၊ အန်တီ စကားလာပြောရင် သား ပြန်ပြောတာပဲဟာ"

"အဲဒါဘယ်လိုလုပ်ကြမလဲ၊ ဟိုအိမ်ကို ဖုန်းဆက်ပြောမှဖြစ်တော့မယ်"

"သူတို့ဆီရောက်နေလို့ ငြိမ်နေတာလားမှမသိတာ၊ မဟုတ်ရင်



ဖုန်းတဂွမ်ဂွမ်နဲ့ .."

"မဖြစ်နိုင်ဘူး၊ သူတို့ဆီမှာ ဒီအချိန်အထိရှိနေရင် သူတို့ဖုန်း မဆက်ဘဲနေမှာမဟုတ်ဘူး၊ နောက်ပြီး .."

ဒေါ်ဝင့်ဝါနိုင် စိတ်ထဲမှာသိနေပြီး ဘာဆက်ပြောရမှန်းလည်းမသိ။

ဒီမိန်းကလေး သူ့အိမ်ကို ပြန်သွားမှာမဟုတ်ဘူးဆိုတာ လုံးဝ အတပ်သိနေသော်ငြား ..။

"နေ့လယ်က အန်တီ ဦးသူမြတ်နဲ့ စကားအချေအတင်ပြောနေရင်း သူ့ကိုပုတ်ခတ်ထိခိုက်စေတဲ့ စကားလုံးတွေ ပြောလိုက်မိတယ်၊ အဲဒါကို ကြားသွားလို့များ .."

"ကဲပါ .. အန်တီဝါ တွေးလို့မရဘူးမို့လား၊ ဖုန်းဆက်မေးလိုက်ပေါ့၊ အန်တီမဆက်ချင် သား ဆက်ပေးမယ်"

"ဟဲ့ .. ဟဲ့ .. သား .. မဆက်နဲ့ဦး"

သူတို့ပြောနေကြစဉ် ကြီးဖုန်းက မြည်လာသဖြင့် ဒေါ်ဝင့်ဝါနိုင်က ကိုင်လိုက်လျှင် ..

"မမကြီး .. မိန်းကလေးကိုတွေ့ပြီ"

"ဟင် .. ဟုတ်လား၊ ဘယ်မှာလဲ"

"ကျွန်တော်လည်း သူတို့ဂေဟာရှေ့မှာ အရိပ်အခြည်ကြည့်မယ်ဆိုပြီး ပတ်မောင်းနေတာ၊ သူဖုန်းဆက်တာက ရုပ်ရှင်ရုံတွေနားမှာတဲ့"

"ဟင် .."

"ရုပ်ရှင်ရုံ .. ဟုတ်လား"

အနားကပ်ပြီး နားထောင်နေသည့် သခင်က ကြားကာ ..

"ဒါဆို အဲဒီနားမှာ တောင်ငူ တို့တိုက်ခန်းပဲ၊ သွားခေါ်ခဲ့ပေးပါလို့ ပြော .."

"အို .. ဘယ့်နှယ် .. တခြားယောကျ်ားလေးတစ်ယောက်နဲ့ ကြုံနိုင်းရလား .. သားရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒီက လိုက်ကြိုရအောင် သူက ဘုရားသွားကျောင်းတက် လုပ်နေတာမို့လို့လား၊ ဘယ်သူ့ကိုရော ပြောသွားလဲ"

"ဟုတ်တယ်၊ ဒါပေမဲ့ သားပဲ သွားကြိုရမယ်"

"ဟာ .. တီတီက လုပ်ပြီ"

"တစ်ယောက်နဲ့တစ်ယောက် နားလည်မှုမရှိကြသေးခင်မှာ ခုလိုဖြစ်လာတဲ့ ဒေါသမာန်စိတ်တွေကို ဖျောက်ထားရမှာပဲ"

"ပြီးရင် လည်ပင်းညှစ်သတ်လို့ရပြီလား"

"တွေ့လား .."

ဒေါ်ဝင့်ဝါခိုင် ကားထုတ်နိုင်းကာ ကိုယ်တိုင်ကားမောင်းထွက်တော့မယ်ဆိုမှ သံခင် ရှုံ့တွတွနှင့် ကားပေါ်ရောက်၏။

"သူ့ကျမှပဲ ပါကင်မှာ ဖုန်တက်နေတဲ့ ကားရော၊ ပြန်ရောင်းမယ့်ကားရော တစ်စီးမှ မနေရဘူး၊ နောက်တစ်ခါ ဆိုင်ကယ်ဒရိုင်ဘာတွေ၊ စက်ဘီးစီးသမားတွေ၊ စကိတ်သမားတွေပါ ရာထူးအသီးသီးနဲ့ ခန့်ထားရတော့မယ်၊ သူထွက်သွားပြီဆိုတာနဲ့ အနေးယာဉ်၊ အမြန်ယာဉ်တွေနဲ့ နောက်ကနေ ဝီစီမှုတ်ပြီးလိုက်ဖို့ .."

ပြောနေရင်း ကားကို လမ်းမပေါ် ဝိုက်တက်လိုက်ကာ ..၊

"ဒါတောင် ထွက်သွားတာ မသိလိုက်ရင် ဝမ်းနိုင်းနိုင်းကို ဖုန်းဆက်သင့်ရင် ဆက်ရဦးမှာ .."

"ကဲ .. ကားဖြောင့်ဖြောင့်မောင်းပါ၊ သားရယ်၊ ညမှုညတာ .."

ညမှုညတာထိ လမ်းပေါ်မှာ လိမ့်လို့ကောင်းနေတဲ့ အဲ့ဒီမိန်းမကိုတော့ ဖနောင့်နဲ့ မပေါက်သင့်ဘူးလား ..။

တကယ်ကို ဘာလေးမှန်းမသိ ..။



# အခန်း [၁၀]

"နေဦး သမီး၊ အန်တီတို့ ပြောစရာတွေရှိလာပြီ .."

"ဟုတ် .."

အိမ်ထဲကို ခြေလှမ်းပြင်ပြီးပေမယ့် ချက်ချင်းပြန်ရပ်သည်။ ပြီးတော့ ကိုင်လာသည့် စားစရာအိတ်တွေ၊ ဘူးတွေကို ဟိုချမလို ဒီချမလိုဖြစ်သွားပြီး ..၊

"အဲ .. စုစုရေ .. မချို .."

"ရှင် .. လာပြီ မမလေး"

စုစုရော မချိုပါ ပြေးထွက်လာကြ၏။

"ရော့ .. ဒါကို ပြန်နွှေးထားပေး၊ ဒါကို ရေခဲသေတ္တာထဲထည့်ထားလိုက်"

"မမလေး .. ဘာတွေလဲဟင်၊ ဟို .. အရည်တွေဆို မတော်တဆ ဖျောက်သွားမှာစိုးလို့ပါ"

"ရတယ်၊ အရည်မပါဘူး၊ ဒီဘူးထဲက တုတ်ထိုးတွေ၊ ဒီထဲက စီပီကြက်ကြော်နဲ့ အသားလုံးတွေ၊ ဟိုဟာက ..."

www.burmeseclassic.com

www.burmeseclassic.com



"ရပြီ သမီး .. တစ်ခုစီ ပြောပြမနေနဲ့၊ စုစု .. ယူသွားပြီး သေချာသိမ်းပေးလိုက်"

ဒေါ်ဝင့်ဝါခိုင် မျက်နှာ မတင်းပေမယ့် တည်နေသည်။ သခင်ကလည်း ဆိုဖာနောက်မှီမှာ လက်နှစ်ဖက်ဆန့်တင်ထားပြီး ဒူးနှစ်ဖက်လှုပ်၍ သူများအဆူခံရတော့မှာကို သဘောအကျကြီးကျနေသည့်အသွင် ..။

နှစ်ယောက်စလုံးကိုကြည့်ပြီးမှ ခင်ဦးသျှောင်က ဒေါ်ဝင့်ဝါခိုင်ရှေ့မှာ ဂါဝန်စလေးသိမ်းပြီး ဝင်ထိုင်၏။

ဒေါ်ဝင့်ဝါခိုင်က သူမ မျက်နှာလေးကို စိုက်ကြည့်သည်။ တစ်နေ့လယ်လုံး တစ်ညနေလုံး သွားလာစားသောက်နေခဲ့ပုံပေါ်သည့် မျက်နှာလေးကပြုံးကြည်နေသည်။ ဒါပေမဲ့ သနပ်ခါး ပေါင်ဒါဘာမှမရှိဘဲ ချွေးစတို့နှင့်ခပ်ပြောင်ပြောင် ..။

မျက်နှာမှာ အရောင်မထင်လေ၊ မျက်ခုံးတန်းလေးတွေ စိမ်းညို့သွယ်တန်းနေပုံက လှနေလေ။

ပြီးတော့ နှာတံကော့ကော့၊ မျက်တောင်ကော့ကော့နှင့် နှုတ်ခမ်းသားလေးတွေက နီမြန်းနေ၏။ ဆံပင်တွေကို အမြဲတမ်း တစ်ဖက်သိမ်းညှပ်ထားတတ်ကာ မျက်နှာတစ်ခြမ်းဘက်မှာ ဆံစတွေ တစ်ဖက်စောင်းပြိုဆင်းနေတတ်၏။ ထို့ပြင် ဟိုတုန်းက ကဗျာဆရာတွေ ရေးဖွဲ့သလိုခါးသေးရင်ချီသော သွယ်လျတင်းပြည့်သည့် ကိုယ်ခန္ဓာက ဂါဝန်ပွပွလေးဝတ်ထားတာတောင် လစ်နေလျှာက်သွားသည့်အခါ မို့မောက်တာလေးတွေပေါ်ကာ ထိုင်ကြည့်နေအောင် လှလေသည်။

သို့သော် သူမလေးက မျက်လုံးတစ်ဖက်မမြင်သောကြောင့် အပြင်ထွက်ပြီဆို မျက်မှန်တပ်၏။ ညအိပ်ချိန်မှလွဲလျှင် နားကြပ်အမြဲတပ်ထားရှာသည်။

ခုလို မျက်မှန်မတပ်ဘဲ ရှိနေသည့်အချိန်မှာတော့ စူးရဲလက်တောက်နေသော မျက်လုံးတစ်ဖက်၏ ရဲရင့်ခြင်းတို့ကို မြင်နေရကာ ..၊



"သမီးက မိန်းကလေးလေ၊ ဒီအချိန်အထိ အပြင်မှာနေတာ အန္တရာယ်ရှိမှန်း မတွေးမိဘူးလား၊ သမီး နည်းနည်းမှ မကြောက်ဘူးလား .."

"ကေးက ချောင်ကြိုချောင်ကြားတွေ မသွားပါဘူး .."

"ချောင်ကြိုချောင်ကြားမှာပဲ အန္တရာယ်ရှိတယ်လို့ ထင်တယ်ပေါ့"

"ဟင့်အင်း .."

သူမ ခေါင်းခါသည်။ ဒါပေမဲ့ ဘာမှမပြောဘဲ ဒေါ်ဝင့်ဝါခိုင်ကိုပဲ ငေးကြည့်နေ၏။ မမြင်ရသော ညာဘက်မျက်လုံးတစ်ဖက်သည် အနည်းငယ် တောက်ပမှုနည်းသော်လည်း အလှလည်းမပျက်။ မမြင်ရဘူးဆိုတာလည်း မသိသာ။

"သမီး ခုလိုလုပ်လိုက်တာ အန်တီ ဘယ်လောက်ထိ ဗျာများသွားရလဲ သမီး သိမှာမဟုတ်ဘူး၊ ရှင်းရှင်းပြောရရင် သမီးရဲ့လူကြီးတွေကို ရှင်းရခက်မှာစိုးတာထက် မိန်းကလေးတစ်ယောက် သူများအနိုင်ကျင့်စော်ကားခံလိုက်ရမှာကို စိတ်ပူခဲ့တာ .."

သူမက မျက်လုံးလေးဝိုင်းနေအောင် ငေးကြည့်နေပြီး ဘာတစ်ခွန်းမှမပြော။ စူးလက်နေသည့် မျက်လုံးတွေက ရှည်၍ကော့နေသော မျက်တောင်တို့ကြောင့် သူမရဲ့ စိတ်ဝင်စားခြင်း မဝင်စားခြင်းက သိသာနေသည်။

တစ်ခုခုပြန်ပြောမလို့လားထင်ပြီး ဘေးက ထိုင်စောင့်ကြည့်နေသည့် သခင် အသည်းယားနေ၏။ အန်တီဆူတာ ဒီ့ထက်ခေါပါပါစေ။

ခင်ဦးသျှောင် ဒေါသတွေ ဝုန်းဒိုင်းကြဲထွက်ပါစေ။

ပြဿနာတွေဖြစ်ကြပြီဆိုမှ သူ ..။

"ဖြစ်ကြပြီဆိုရင် ဖြစ်ပြီပဲ၊ ပထမဆုံး သမီး နစ်မွန်းမယ်၊ ဒုတိယ သမီးပဲအရှုံးရမယ်၊ တတိယ သမီးရဲ့တစ်ဘဝလုံး ဒီအစွန်းအထင်းက ချောက်မှာမဟုတ်ဘူး၊ လူတွေကြားထဲမှာ ကြံ့စည်လို့ရတယ်၊ တက္ကစီပေါ်မှာ၊ လမ်းပေါ်မှာ ဘယ်မှာဖြစ်ဖြစ် ယုတ်ယုတ်မာမာ ကြံစည်မယ့် လူက

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘေးကနေ အလစ်ချောင်းနေတာလေ"

ဒေါ်ဝင့်ဝါနိုင်က သက်ပြင်းတစ်ရှိုက်နှင့် စိုက်ကြည့်သည်။ ပြီးမှ စိတ်လျှော့လိုက်သည့်လေသံနှင့် ..

"အဲဒီလိုအချိန်မှာ ကိုယ့်ရဲ့ ဘက်ခ်ရောင်းကိုလည်း အားကိုးလို့ မရဘူး၊ ဖြစ်ပြီးသွားမှ ရှင်းရင်လည်း ဖြစ်ခဲ့တာက ဖြစ်ခဲ့တာပဲ၊ အဲဒီ ဝက်သားတုတ်ထိုးတွေ၊ ကိုရီးယားအသားလုံးတွေက သမီးဘဝနဲ့ချီပြီး အရေးကြီးနေတာလား"

"ဟင့်အင်း .."

သူမ ခေါင်းခါသည်။ ခေါင်းခါပေမယ့် ဘာမှ ရှင်းပြမေးမြန်းချင်သည့်ပုံ လည်းမရှိ။

"ဒါဆို အန်တီမေးမယ်၊ နေ့လယ်က အန်တီ ဖုန်းပြောတုန်းက သမီးကြားသွားခဲ့တာတွေရှိတယ်၊ အဲဒါတွေနဲ့ပတ်သက်ပြီး အန်တီ့ကို စိတ်ခုသွားတာမျိုး ရှိခဲ့လို့လား .."

"မရှိပါဘူး"

"ဒါဖြင့် သမီးအခု တစ်နေ့လယ်လုံး တစ်ညနေလုံး ဘယ်မှာလဲ"

"ကေား မုန့်လျှောက်စားနေတာ .."

"လူတစ်ယောက်ရဲ့ ဗိုက်တစ်လုံးက မနားတမ်းစားသောက်နေလို့ မရပါဘူး .."

"နားပါတယ်၊ တစ်ခုဝယ်စားပြီး တစ်ခါထိုင်နေလိုက်တယ် .."

"ဘယ်လို .."

"တစ်ခုစားပြီး နောက်တစ်ခုစားဖို့အတွက် လျှောက်ပတ်ရှာရင်း ဗိုက်ကချောင်သွားရော .."

"ဘာ .."

"ဟား .. ဟား .. ဟား .."

သံခင် အကျယ်ကြီးထရယ်၏။ ဒေါ်ဝင့်ဝါနိုင် လှည့်ကြည့်လိုက်



တီခနဲ ရပ်ပစ်ရင်း ဆံမင်သပ်လိုက်၊ မျက်နှာလွှဲလိုက် ..။

"ကေား က ရယ်စရာပြောတာမဟုတ်ပါဘူး၊ အန်တီ့စကားကို မထီလေးစားလည်း မလုပ်ဘူး၊ ကေား ဒီတိုင်းပဲ ထစ်နေကုန်ခဲ့တာ .."

"ဘာဖြစ်လို့ ဒီအစားအသောက်တွေက ဒီလောက်အရေးကြီးနေရတာလဲ"

"သူများတွေအတွက် ဘာမှအရေးမပါဘူးထင်ပေမယ့် ကေား အတွက်ကတော့ တစ်သက်လုံး မျိုသိပ်ထိန်းချုပ်လာခဲ့ရတဲ့ လွတ်လပ်မှုကို ရလိုက်တာပါပဲ"

"အန်တီမေးနေတာ ခုန ထပ်ဝယ်လာတဲ့ စားစရာတွေအကြောင်းလေ"

"အဲဒါတွေအကြောင်းပဲ ကေား ပြောနေတာပါ၊ မေမေ မရှိတော့တည်းက ကေား ဘဝက ခြေမဲ့လက်မဲ့လိုပဲ၊ ကိုယ်ရှေ့ရာချိုယွင်းနေတဲ့ ဒုက္ခိတမို့လို့၊ မိခင်မရှိတဲ့ မိန်းကလေးမို့လို့၊ ချမ်းသာကြွယ်ဝမှုတွေနဲ့ အန္တရာယ်ဖြစ်နိုင်လို့၊ အဲလိုအမျိုးမျိုးသော ဖိစီးမှုတွေနဲ့ ဘယ်သွားသွား ရံရွေဖော်တွေနဲ့၊ နောက်ပိုင်းကျတော့ လေးတော်တို့၊ လေးမြတ်တို့နဲ့ .."

ပြောနေရင်း ဆံပင်လေး မျက်နှာမော့ခါလိုက်ပြီး ..။

"လမ်းဘေးဆိုင်လေးတွေက စားစရာဆိုလည်း ငေးခွင့်တောင်မရှိခဲ့ဘူး၊ အကောင်းစားဆိုတဲ့ စားစရာဆိုရင်လည်း တယ်တော့မှ ဆိုင်မှာထိုင်မစားခဲ့ရဘူး၊ သူငယ်ချင်းမထားရဘူး၊ ကိုယ့်လက်နဲ့ အဝတ်အစားဝယ်မဝတ်ရဘူး၊ အဲဒါတွေအကုန်လုံး ကေား လုပ်ခွင့်ရချင်တယ် .."

"လုပ်ခွင့်ရချင်တယ်ဆိုရင် လုပ်ပါရစေလို့ ခွင့်တောင်းရတယ်"

"ဟုတ်ပါတယ်၊ ကေား ဘာသာ ထွက်သွားမိတာ တောင်းပန်ပါတယ် .."

"ခုလို တောင်းပန်ချိန်မရလိုက်ဘဲ ဘယ်သူမှမသိလိုက်ခင် သမီး ဒုက္ခရောက်ခဲ့ရင်ရော .."

ww.burmeseclassic.com



ခင်ဦးသျှောင်က မျက်တောင်ကော့တို့ ခပ်စင်းစင်းချလိုက်ရင်း ခေါင်းခါ၍ ...

"အဲလို ကေး ကြုံမတွေးဘူး၊ ဖြစ်သွားခဲ့ရင်လည်း ကေး လုပ်ချင်ရာ လုပ်လိုက်ရတဲ့အတွက် ကျေနပ်တယ်၊ တကယ်ဆို ဒါတွေကို ကေး အရမ်း မက်မောနှစ်သက်လို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ စားချင်ခဲ့ဖူးတယ်၊ အခု ထွက်သွားတာ စားဖို့အပြင် ကေး မှာ ဘာမှလုပ်ဖို့မရှိဘူး၊ အဲဒါကြောင့် စားသောက်စရာရှာရင်းနဲ့ ခြေချခွင့်ရတဲ့ လောကရဲ့ အလှအပတွေကို ခံစား ကြည့်ခဲ့တာ .."

လက်စသတ်တော့ မြေမနင်းမင်းသမီးတစ်ပါးလိုပါလား ...။

သူမကတော့ သူ့ကိုယ်သူ လှောင်ချိုင့်စံ ငှက်ငယ်တစ်ကောင်လို ခံစားနေခဲ့သည့်ပုံ ...။

"အန်တီ .."

ကိုယ်က အပြစ်ဖို့မေးခွန်းတွေ ထုတ်နေတုန်း သူမက ထူးခြားသော မျက်ဝန်းလေးတွေနှင့်ကြည့်လျက် ..

"အန်တီကရော .. ကေး ကို မုန်းနေလားဟင်"

"ဘယ်လို .."

ခင်ဦးသျှောင်က သခင့်ကို လှမ်းကြည့်သည်။ ပြီးမှ ..

"ညတုန်းကလည်း ပန်းသခင့်ကို တိပ်တွေနဲ့ တုပ်ထားခဲ့တယ်"

ဒေါ်ဝင့်ဝါနိုင် သခင့်ကို ကြည့်လိုက်မိသည်။ သခင်က လျော့ ရှော့ရဲထိုင်နေရာကနေ ဆတ်ခနဲ ပြုံပြင်လိုက်ပြီး ..

"အဲဒါ ငါမူးသွားလို့ မင်းလုပ်လို့ရသွားတာ၊ အသားယူမပြောနေနဲ့"

"ဘယ်သူက အသားယူနေလို့လဲ၊ အဲ့အတွက် အန်တီစိတ်ဆိုးနေ မှာပဲထင်လို့ မေးကြည့်နေတာ .."

"ဒါက သမီးတို့ချင်း မပြေလည်ကြတဲ့ကိစ္စတွေပါ၊ အန်တီက ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ"



"လေးတော်တို့ရဲ့ မချေမငံပြောတဲ့စကားတွေကြောင့် အန်တီ့ရင် ထဲမှာ .."

"နေဦး၊ အန်တီ သမီးကို ဆိုးမစကားတွေပြောနေတာ အန်တီ စိတ်ဆိုးနေလို့ မကျေနပ်ချက်တွေ ပွင့်အံလာတာလို့ သမီး ထင်နေတာ လား"

သူမက နောက်ထပ် ရဲဝံ့စွာ ခေါင်းညိတ်ပြန်၏။ ထို့ပြင် ..

"ဒါပေမဲ့ အန်တီ စိတ်ဆိုးသင့်ပါတယ်၊ အန်တီ ဘာကြောင့်ပဲဆူ ဆူ အန်တီ့ကို ကေး ဘယ်လိုမှသဘောမထားဘူး၊ ကေး က အဲဒီလို အိမ်ထဲကနေ ဆီးဆူမယ့် မိခင်တစ်ယောက်ရဲ့ ပူပန်မှုမျိုးကိုပဲ လိုချင် တာ .."

သခင့်မျက်နှာ မဲ့သွားသည်။ ဒေါ်ဝင့်ဝါနိုင်ရဲ့ စိတ်ဆိုးဒေါသထွက် နေသည့် မျက်ဝန်းတွေကတော့ ရီဝေမှိန်ဖျော့သွားခဲ့လျက် ..။

"သမီးပြောနေတာ တကယ့်စိတ်ရင်းနဲ့မှန်း အန်တီခံစားမိပါ တယ်၊ ဒါပေမဲ့ သမီးရဲ့ စိတ်ခံစားချက်နဲ့ လုပ်ဆောင်ချက်က တခြားစီ ဖြစ်နေတယ်"

"ကေး နောက်ထပ် ဒီလိုထပ်မလုပ်တော့ဘူးလို့ ကတိပေးပါတယ်"

ဒေါ်ဝင့်ဝါနိုင် သက်ပြင်းချလိုက်မိသည်။ သခင်က ခေါင်းခါ၏။

သွားပြီ ...။ သူ့ အကြီးကြီးမျှော်လင့်ထားခဲ့တဲ့ ခင်ဦးသျှောင်ရဲ့ အဖြေက ဒီည ဒီမှ ...။

"ဒါပေမဲ့ ဒီညကိစ္စကိုတော့ သမီးရဲ့ ဦးလေးတွေကို အန်တီပြောပြမှ ဖြစ်မယ် .."

ခင်ဦးသျှောင် မျက်နှာပျက်သွားသည်။

"သမီးကို အန်တီတို့က မိသားစုဝင်တစ်ယောက်လို သဘောထား ပေးမယ့် စည်းကမ်းသတ်မှတ်ချက်တွေအရ အန်တီ့ဘက်မှာ သက် သေအဖြစ်လောက်ပဲရှိသေးတာ .."

www.burmeseclassic.com

www.burmeseclassic.com



"မပြောပါနဲ့ အန်တီ၊ ကေး ကို သူတို့ဆူကြမှာလည်းမဟုတ်ပါဘူး၊ အဆူခံချင်လို့ ဒီလိုပြဿနာတွေရှာခဲ့တာတောင် ကေးကို မဆူခဲ့ဘူး၊ ဒါပေမဲ့ .."

အဆူမခံရဘူးပြောနေပေမယ့် သူမ မျက်နှာလေးက ချောက်ချားနေသဖြင့် သခင်တို့ စိတ်ဝင်စားစွာ နားထောင်နေမိကြသည်။

"ကေးကို တော်ဝင်ဂေဟာရဲ အုပ်ထိန်းမှုအောက်ရောက်အောင် မလုပ်ပါနဲ့နော်" ,

ကေးက ဒေါ်ဝင့်ဝါခိုင်ရဲ့ ခြေရင်းမှာ ဒူးထောက်လေးရောက်သွားပြီး ဆိုဖာပေါ်တင်ထားသည့်လက်ကို ထပ်ဆုပ်ကိုင်လိုက်ပြီး ..

"လေးတော်တို့ ဒီမိသားစုအပေါ် ဘယ်လိုပဲသဘောထားထား ကေး က အဲလိုမဟုတ်ပါဘူး၊ ကေး ရဲ့အပျော်တွေကို ဒီတစ်ရက်တည်းနဲ့ အဆုံးမသတ်ပါရစေနဲ့၊ ကေး တောင်းပန်ပါတယ် .."

"နေပါဦး၊ သမီးကို သူတို့က ဘယ်လိုအပြစ်မျိုးပေးတတ်လို့လဲ သမီး ဒီလိုပြောနေတာကို အန်တီ နားမလည်ဘူး .."

"အန်တီတိုင်ပြောလိုက်ရင် ကေး ဘယ်သွားသွား တကောက်ကောက် လိုက်ကြည့်ကြတော့မယ်၊ ဒီအိမ်မှာပဲ ကေးအတွက် လူပိုတွေ ထပ်ထား ပေးတော့မယ်"

"အဲဒါတွေက သမီးကို ဘာထိခိုက်လို့လဲ၊ ခြွေရံသင်းပင်းနဲ့ သွား လာနေထိုင်ရတဲ့ဘဝမျိုးကို လူတိုင်းရနိုင်တာမဟုတ်ဘူး"

"ကေး ကတော့ လူတိုင်းရနေတဲ့ဘဝမျိုးကိုပဲ လိုချင်တာ ..၊ အဲ ခြွေရံသင်းပင်းဆိုတာတွေကလည်း ကေး အတွက်တော့ ကြောက်စ ကောင်းတဲ့ အရိပ်မည်းကြီးပါပဲ .."

နားထောင်ရင်း သခင် ဆံပင်တွေ ဖွပစ်မိသည်။

ပြောပြန်ရင်လည်းမကောင်း ..။

တီတီလည်း ဒီကောင်မလေး လာပေ့စေဦးလို့ ကြိမ်းဝါးပြီး ဆ



ဖမ်းမယ် ကျားဖမ်းမယ်နဲ့။

"နောက်ထပ်ပြီး အဲဒီအရိပ်တွေအောက် ပြန်မဝင်ချင်တော့ဘူး၊ ကေးကို နားလည်ပါနော်၊ ကေး ဒီမှာပျော်တယ်၊ ခုလိုမျိုး အချိန်မတော် ထိလည်း ထပ်မထွက်တော့ပါဘူး"

"အန်တီမေးမယ်၊ သမီးကို လက်ထပ်ဖို့စီစဉ်တည်းက လွတ်လပ် ချင်တဲ့စိတ်တစ်ခုတည်းနဲ့ သမီး လက်ခံခဲ့တာလား"

"ဟုတ် .."

ကေး ခေါင်းညိတ်သည်။ သခင့် မျက်ခုံးတန်းတွေ တွန့်ကုတ်သွား ၏။

"ဒါပေမဲ့ လေးတော်တို့နဲ့ အန်တီတို့ရဲ့ အနေအထားတွေကိုတော့ ကေး သေချာမသိခဲ့တာအမှန်ပါ"

"ခုတော့ သိသွားပြီလား"

သခင်က မေးလိုက်ပေမယ့် သူမက လှည့်ကြည့်ပြီး မျက်လုံးချင်း ဆုံခင် ရှေ့ပြန်လှည့်၏။

ပြီးတော့ ဒေါ်ဝင့်ဝါခိုင်ကိုပဲကြည့်ကာ ..

"အန်တီဖုန်းပြောနေတာကြားမှ လေးတော်တို့ဘက်က ဖိအားပေး ခဲ့သလိုဖြစ် .."

"ဖိအားပေးသလိုဖြစ်တာမဟုတ်ဘူး မယ်မင်းကြီးမ၊ ခင်ဗျားရဲ့ ဈာတ်စီ နား နှာခေါင်း လည်ချောင်း ရှိသမျှကိုယ်အင်္ဂါတွေ ပျက်စီးရခြင်း အကြောင်းရင်းအဖြာဖြာက ငါ့ကြောင့်လို့ ပုံချပြီး .."

"သား .. တော်ပြီ"

"ပြောမှ သိမှာမို့လို့ .."

"ဟုတ်တယ်၊ အခု ရှင်ပြောမှ ကေး သေချာသိတာ၊ ဒါပေမဲ့ ကေး မှာ အဲ့လိုသဘောမရှိဘူး"

"ရှိလို့ပဲ အခု ဒီအိမ်မျိုးမှာ မင်းလုပ်ချင်ရာ လုပ်ခွင့်ရပြီဆိုပြီး

www.burmeseclassic.com

www.burmeseclassic.com



လုပ်ချင်သလို လုပ်သွားတာပေါ့"

"မဟုတ်ပါဘူးလို့ ကေး ရှင်းပြပြီးပြီလေ"

"တီတီ ယုံပေမယ့် ငါမယုံဘူး"

"ရှင်ယုံအောင် ရှင်းပြနေတာလည်းမဟုတ်ဘူး"

"ဘာ .."

"သခင် .. တော်ပြီလို့ တီတီ ပြောနေတယ်"

"သူပြောတာ တီတီကြားတယ်မို့လား၊ သူက တီတီ့ကိုပဲ အရေးလုပ်စရာလို့မြင်နေတာ ..၊ ဒီမှာ .."

ပြောရင်း သခင်က စားပွဲပေါ်မှာ ရင်ဘတ်နဲ့ ထိကပ်မတတ်ငုံ့၍ ကေး မျက်နှာနဲ့နီးအောင် တိုးလိုက်ကာ ..

"ဒီကောင်က ခင်ဗျားယောကျ်ား"

"အဲဒါကြီးကို ရာထူးကြီးတစ်ခုလို တွားမနေပါနဲ့"

"မင်းရဲ့ ပလီအခရာတွေကို လျှော့ဖို့ပြောနေတာ"

"ရှင် .. လူကို ပလီတယ်လို့ ပြောနေတာလား"

"သြော် .. ကဲ .."

သခင် ဆတ်ခနဲ ကိုယ်ကိုမတ်၍ ဆိုဖာမှာ ပြန်ထိုင်ချလိုက်ကာ..

"နားကြပ်ကြီးတပ်ထားတာတောင် မကြားရတော့တဲ့အဖြစ်က သနားသင့်နေပြီ"

"တော်ကြတော့ .."

ဒေါ်ဝါ့ဝါနိုင်က သခင့်ကို မျက်နှာထားတင်းတင်းနဲ့ကြည့်ပြီး-

"သား တီတီပြောနေတာ ကြားတယ်နော်"

"ဟုတ် .."

"လူကြီးချင်း ပြဿနာတွေရှိနေတယ်ဆိုတာလည်း မုန်းလို့ရတဲ့ လူတွေမဟုတ်ဘူး၊ အဲဒါကို သိထားကြ"

"သိထားလို့ လက်ဝါးအကြီးကြီးနဲ့အုပ်နေကြတာ .."



"အေး .. လူဆိုတာ တစ်ယောက်ရဲ့မကောင်းတစ်ချက်ကိုကြည့်ပြီး ကောင်းခဲ့တဲ့ကျေးဇူးတရားတွေကို မေ့ပစ်လို့မရဘူး"

"ကောင်းတာတွေချည်း တစ်သက်လုံး လုပ်ပေးနေလည်း မကျေနိုင်တာ အဲဒီကျေးဇူးတရား .."

"အခု ဘာမှမရှိတော့ဘူးလို့ မှတ်လိုက်တော့ .."

ခင်ဦးသျှောင်က ကြမ်းပေါ်မှာပဲ ဖင်ထိုင်ချလိုက်ကာ ဒေါ်ဝင့်ဝါနိုင်ရဲ့ခြေထောက်ကို နောက်ကျောနိုင်းရင်း ...

"အစကရော ..အခုရော ဘာမှမရှိခဲ့ဘူး၊ ရပြီလား"

"ဘာကိုမရှိတော့ဘူးလဲ၊ မင်းကိုယ်မင်း စိတ်ထားမြတ်သူလေးလိုပုံဖမ်းမနေနဲ့၊ မင်း လွတ်လပ်ခွင့်ရဖို့အတွက်နဲ့ ငါ့ဘဝကို နင်းချေတက်လာတာ ဘယ်လိုစိတ်ထားနဲ့လဲ"

ခင်ဦးသျှောင် အုံ့သြဲ့ဟန်လေးနဲ့ ငေးနေ၏။

"ယောကျ်ားယူလည်း ငါ အပျိုလိုနေလို့ရတယ်ဆိုပြီး လူတွေကို စည်းတွေ ဘောင်တွေနဲ့ ပါဝါပြပြီး ရောက်ချလာတာရော၊ မင်းမိဘအားကိုးနဲ့ မဟုတ်ဘူးလား"

"ရှင်ဘာဖြစ်လို့ ဒီလောက်တောင်အော်နေတာလဲ ပန်းသခင်၊ ရှင်နဲ့ ကေးတို့ အိမ်ထောင်ရေးကူတော့ ဒီတိုင်းသွားရမှာပဲမဟုတ်ဘူးလား၊ ရှင်ကလည်းမသိ၊ ကေးကလည်းမသိလေ .."

"အဲဒါ မင်းကလိုချင်လို့ဖြစ်ရတာ၊ မင်း ခေါင်းခါလိုက်ရင် ဘယ်သူက ဖွတ်လုပ်မှာလဲ"

"ဟုတ်ပါတယ်လို့ ကေး ဝန်ခံနေတာပဲ"

"ဝန်ခံလိုက်ရုံနဲ့ ဘာတွေ အကောင်းတိုင်းပြန်ဖြစ်သွားလဲပြော"

"ရှင်က ဘာကို အကောင်းတိုင်းလိုချင်နေတာလဲ"

"ဒီအိမ်ထောင်ရေးကိုပဲပြောနေတာ၊ မင်းက လိုချင်တာရသွားပေမယ့် ငါက ဘဝပြောင်းသွားခဲ့တာ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေပြောင်းသွားသလဲ၊ မပြောင်းချင်လို့ ဒီတိုင်းနေကြတာ၊ အားလုံးက အရင်အတိုင်းပဲ"

"ငါက မိန်းမရသွားတယ် နာမည်ကြီးပြီး တကယ်တမ်းက သူများ အနိုင်ခံရတာလေ"

"သားရေ .. ညဥ့်နက်နေပြီ၊ တော်တော့"

"သား ရန်ဖြစ်နေတာမဟုတ်ပါဘူး၊ ဆွေးနွေးနေတာ .."

ဖြစ်ရလေပဲ ပြောချင်တော့သည်။ လူငယ်ချင်း လွတ်လပ်စွာ ပြောဆိုနေကြတာမို့ ဒီတိုင်းကြည့်နေဖို့ စိတ်ကူးခဲ့ပေမယ့် ပြောနေရင် လွန်ကျွံလာကြရင်မကောင်း။

"သား နေရာတကာမှာ ဘယ်လိုပေါ်ထင်နေနေ သူတို့ရှေ့မှာဆို ကိုယ့်ကိုယ်ကိုယ် ဘာကောင်ဖြစ်သွားမှန်းမသိဘူး၊ မင်္ဂလာဆောင်ပြီး အိမ်ထောင်ကျတာလည်းမဟုတ်ဘူး၊ သူငယ်ချင်းတွေရှေ့မှာ ဘယ်လောက်ရှက်ဖို့ကောင်းလဲ"

"ရှင်က တကယ့်အိမ်ထောင်သည်ဖြစ်ခွင့်မရလို့ ဒေါသထွက်နေတာပေါ့"

"ဘာပြောတယ် .."

"ရှင့်ပုံစံက ငါ့မိန်းမပဲဆိုပြီး ထိဖို့ ငြိဖို့ ကြိုးစားမရလို့ ရူးလောက်အောင် ခံစားနေရတဲ့ပုံပေါက်နေတာ .."

"ခင်ဦးသျှောင် .. မင်း .."

"သား .."

"သူပြောတာ တီတီကြားလား"

"ဒုန်း .."

စားပွဲကို အံကြိတ်ထုလိုက်ပေမယ့် စားပွဲပေါ်မှာရှိနေသည့် ပုလင်းစတစ်ပန်းအိုးလေးက တုန်ခနဲဖြစ်သွားပြီး လဲကျသွား၏။

ပြီးတော့ တလိမ့်လိမ့်ထွက်သွားလျှင် ခင်ဦးသျှောင်က ကမန်းကတန်း လိုက်ဖမ်းထားလိုက်ကာ ..



"ပြောတော့မကြိုက်ဘူး၊ ရှင့်အဲဒီပုံစံတွေပဲ ပြောနေတာ .."

"လာပြန်ပြီ .. မင်း .."

နောက်ထပ်တစ်ခါ သခင် စားပွဲပေါ် ဝမ်းလျားမှောက်မတတ် ကျိုးကျလာကာ ..၊

"ဒီမှာ ဘာလဲ တွေ့လား .."

လက်သီးဆုပ်ကြီးနှင့် ခင်ဦးသျှောင်ရဲ့ ပါးလေးမှာ ဖိကပ်လိုက်ပြီး..၊

"အကြီးကြီးနဲ့ ခံသွားရမယ်၊ ဘာမှတ်နေလဲ"

"သားရယ်၊ ဘေးလူကြားလို့မှမကောင်း .."

ဟင် ..။

နှစ်ယောက်စလုံး ကြောင်သွားသည်။ ပြီးတော့ သခင့်မျက်နှာ ရဲခနဲဖြစ်ကာ လက်သီးပြန်ရုပ်ပြီး မတ်တတ်ရပ်ပြီးသားဖြစ်သွား၏။ ပြီးမှ ...

"ဘယ်သူကြားကောင်းကောင်း မကောင်းကောင်း သူသိရင် ပြီးတာပဲ"

မျက်နှာလွှဲပြောရင်း ထွက်သွားတာက 'တော်ကြတော့' လို့ နောက်ထပ်တားနေစရာမလို ..။

ဒေါ်ဝင့်ဝါနိုင် ရယ်ချင်သွား၏။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

ပန်းပင်ရေလောင်းနေသည့်လူက မြက်ခင်းစိမ်းစိမ်းပေါ်မှာ ခြေဖျား ထိ ပုံကျနေသည့် အဖြူရောင်ဂါဝန်လေးနှင့် ..။

"ပန်းပင်ရေလောင်းနေတာလား၊ ညှော်သည်တွေရှိနေမှန်းသိလို့ ဝဲ ပေးနေတာလားပဲ .."

"ခိုင်မာရယ်၊ ငါတို့က ခုမှရောက်ကြတဲ့ဥစ္စာ"

"မသိပါဘူး၊ ဝတ်ထားတာလည်း အိမ်နေရင်းဂါဝန်မှမဟုတ်တာ သူ့ကိုယ်သူ စနိုးဝိုက်လို့ ထင်နေတာလားမသိဘူး"

"ခိုင်မာလာနှင်းဆီ .. နင်တော့မဟုတ်တော့ဘူး"

တောင်ငူက နားကြားပြင်းကတ်သလို နားနစ်ဖက်ကို ကလိသလို လုပ်ပြီး ရှုံ့မဲ့ပြသည်။ သူတို့အုပ်စု ဒီနေ့ သခင့် အိမ်မှာ စုဝေးရခြင်း အကြောင်းသည် ဒေါ်ဝင့်ဝါခိုင် ခရီးသွားနေခြင်းကြောင့် လွတ်လပ်စွာ ကဲကြဖို့ ..။

"အာ .. နာလိုက်တာ တောင်ငူ .."

"ဘာတုန်း .."



"နင် ခွေးနေရာမရဖြစ်နေတယ် ဟုတ်လား .."

"ဟုတ်တယ် .."

ခုံကို ဟိုဘက်တိုး ဒီဘက်တိုးလုပ်နေရင်း ခိုင်မာလာ့ ခြေမျက်စိကို တိုက်ဆောင့်ပြီးမှ နေရာတကျထိုင်ကာ ..၊

"နင်လည်းထိုင်လေ၊ ခုံချထားပြီး သူများအတင်းတုပ်ဖို့ပဲ စောက်ဝ နေတယ်"

"ငါ့ဟာငါ ဘာပြောပြောပေါ့၊ အဲ့တစ်ယောက်ကို ကြည့်လို့ကို မရဘူး"

သူတို့အားလုံးရဲ့မျက်လုံးတွေက ခင်ဦးသျှောင်ဆီ ရောက်သွားကြ ပြန်သည်။ တစ်နေ့လယ်လုံး အိမ်ပေါ်ထပ်မှာ ဂိမ်းဆော့ကြ၊ ကကြနှင့် နေလေးစောင်းလို့ အောက်ဆင်းလာခဲ့ကြသည်။

တစ်နေကုန် မတွေ့ရသည့် သူမကို ခြံထဲမှာ ဘွားခနဲမြင်လိုက်ရ တာ တကယ့်မင်းသမီးလေးတစ်ပါးလို နုနုရွရွ မဟာဆန်ဆန်လေး ..။

ဆံပင်တွေက ပခုံးအောက်မှာ ရွှေညိုရောင်လေး လက်နေလျက် နားသယ်စပ်ဆံစလေးတွေက လွင့်လူးနေသည်။

ဂါဝန်သည် ခါးမှာတွန့်ကားနေသည့်အတိုင်း ပခုံးကနေ လက်ဖျား ထိလည်း ပွပွကားကားလေးဆင်းသွားတာဖြစ်သည်။

သူမ တစ်ကိုယ်လုံးကို ဂါဝန်အဖြူရောင်လေး တလွင့်လွင့်နှင့် မြင်နေ ရကာ မျက်နှာလေးမှာ အထင်းဆုံးကတော့ ထင်းနေသည့် နှာတံလေးပင်။

သူတို့နဲ့သူမ အလှမ်းတော့ကွာပေမယ့် သိပ်တော့မဝေးပေ။ ဒါပေမဲ့ သူမက ဒီဘက်ကို နည်းနည်းမှ ငဲ့မကြည့်သလို သူတို့ဆင်းလာကြတာ ကိုလည်းသိပုံမပေါ် ..။

"ကြည့်ဦး၊ ဂါဝန်က ငွေခြည်တွေနဲ့ အနားကွပ်ထားသေးတယ်၊ သူများတို့ ဂါဝန်ရိုးရိုးဝတ်ပါလား၊ ဒီအိမ်မှာလာနေတာ သူ့ကိုယ်သူ.."

"ဟဲ .. ခိုင်မာလာနှင်းဆီ .."

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ပဲကြည့်လေ .."

"ကြည့်နေကြတာပဲ၊ ခင်ဦးသျှောင် ဆိုတဲ့အတိုင်း လှချက်က ကမ်းကုန်တယ် .."

"ဒါကတော့ လူမစွမ်း နတ်မ .."

"နင့်ကျတော့ နတ်က မ,မပါလား"

"ဘာ .."

တောင်ငွေမျက်နှာ စပ်ဖြဲဖြဲနှင့် ..

"ဟုတ်တယ်လေ၊ ဒီလောက် ဂျင်ဆော့နေတာတောင် နင့်ကိုယ်ခန္ဓာက .."

"ဒါက ငါ အစားမလျှော့နိုင်လို့ပါ၊ ဘာနတ်မှ မဖို့မလိုဘူး၊ အပင်ပန်းခံလိုက်ရင် အေးဆေးပဲ .."

"ဒါကြောင့် သူများ မပင်မပန်းလှနေတာကို မနာလိုတိုရှည်ဖြစ်နေတာ .."

"တောင်ငွေရာ .. မင်းကလည်း .."

သုံးဖွ က ရယ်သွမ်းသွေးရင်း ခေါင်းကုတ်၍ ..

"ခိုင်မာက ငါတို့ ကောင်ဘက်က နာလို့ပြောနေတာပါ၊ ဟုတ်တယ်မဟုတ်လား ခိုင်မာ .."

"ဟုတ်တယ်၊ လှတာမြင်တိုင်း အလျှားထိုးနေတဲ့လူတွေကတော့ လှတာကလွဲရင် ဘာမှမမြင်ဘူး"

တောင်ငွေက ခေါင်းညိတ်လိုက်ရင်း လူရော ခုံရော ဘေးရွှေ့ထိုင်လိုက်ပြီး ..

"ဟုတ်ပါတယ်၊ လောလောဆယ် နင့်ကိုယ်လုံးကြီးပိတ်ထားလိုက်တာ ဘာမှကိုမမြင်ရတော့ဘူး"

"ကြည့်စမ်း .. ငါ့ကိုများ"

"ဟား .. ဟား .. ဟား .."



"ခစ် .. ခစ် .."

အားလုံးရယ်သံတွေကြောင့် ခင်ဦးသျှောင် က လှည့်ကြည့်လာသည်။ တောင်ငွေက သွားကြီးအဖြီးသားနှင့် တုံ့ပြန်ရင်း သုံးဖွက လက်လှမ်းပြသည်။

ခေတ်ဦး ကလည်း ရယ်ပြ၏။ ဒါပေမဲ့ ခိုင်မာလာ ကတော့ ခပ်တည်တည်လေး ..။

ခင်ဦးသျှောင်မျက်နှာလေးကလည်း အပြုံးအရယ်မဲ့နေခဲ့လျက် ..

"အဲဒီက နည်းနည်းကြွလိုက်ပါလား"

သူမ က လှမ်းကြည့်ရင်း ခြေထောက်အောက်ကိုလည်း လက်ညှိုးထိုး၏။ တောင်ငွေ တို့ လူစုက ပြောတာကိုမကြားဘဲ လက်ညှိုးဘယ်ကိုထိုးမှန်းမသိဘဲ ရှေ့ကြည့်နောက်ကြည့်တွေ ဖြစ်ကုန်ကြ၏။

ထိုစဉ် သခင် ကလည်း ကြက်မောက်သီးတွေနဲ့ ပလတ်စတစ်ခြင်းလေး တစ်ဖ(ော်ကိုင်ရင်း ပါးစပ်တလှုပ်လှုပ်နဲ့ ထွက်လာ၏။

ခြံထဲဆင်းလာတည်းက ခင်ဦးသျှောင် ခြံထဲရောက်နှင့်နေတာကို လှမ်းမြင်လိုက်ပြီး သခင့် မျက်လုံးတွေကလည်း သူမထံမှာပဲဖြစ်ကာ..

"ဒုတ် .."

"ဟ .."

"ဟား ဟား ဟား .. ဟိုကောင် .."

"သခင် .. ဘယ်လောက်ကျသွားလို့လဲ"

"ခစ် .. ခစ် .."

"နင်တို့ကလည်း ဘာလို့ ဝိုင်းရယ်နေကြတာလဲ၊ ဟိုတစ်ယောက်ခန့်တွေတက် .."

"ဒီမှာ .."

ပြောသည့်စကားမဆုံးခင် ခင်ဦးသျှောင်က အနားရောက်လာသဖြင့် ခိုင်မာလာ အသံတိတ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကိုငေးရင်း ပန်းအိုးကို ခလုတ်တိုက်ရှာသည့် သခင့် အဖြစ်ကို ခင်ဦးသျှောင်က သိပုံမပေါ်ဘဲ ရေပိုက်ခေါင်းကို ကိုင်ထားရင်း ..

"ဒီမှာ .. ငါပြောနေတာ နင့်ကို .."

"ဟင် .. ဘာလဲ"

ခင်ဦးသျှောင်က သူမ ခြေထောက်ကို မေးဆတ်ပြကာ ..

"ပိုက်ကိုတက်နင်းထားတာ နင် .."

"ဟာ ... ဟုတ်ပါ့ ခိုင်မာလာနင်းဆီ ရှာ၊ နင့်ကိုယ်ကြီးနဲ့ တက်ဖိထားတာ ရေပိုက်ခမျာ ပိုက်ဖြစ်ရှုံးရှာပါပြီ .."

"ငါလား .."

ခိုင်မာလာ ငုံ့ကြည့်ပြီး ထခုန်မတတ်ဖြစ်သွားသည်။ ထိုအချိန်မှာ သခင်ကလည်း အနားရောက်လာပြီဖြစ်လျက် ...

"ရှီး .. .. .."

"ဟာ ..."

"သွားပြီ .."

"ဟယ် .. .."

ဖြစ်သလိုကိုင်ထားသည့် ခင်ဦးသျှောင်လက်ထဲက ပိုက်ခေါင်းကနေ သခင့် ခါးဆီကို ရေတွေ အလုံးလိုက်ပြေးဝင်ကုန်၏။ သခင်က ပိုက်ကို ပုတ်ထုတ်ပစ်လိုက်ကာ ..

"ခင်ဦးသျှောင် .."

ဒေါသတကြီးမော့ကြည့်လိုက်တော့ ခင်ဦးသျှောင်က နှုတ်ခမ်းလေး ပွင့်ဟလျက် ငေးနေရင်း ..

"ဆောရီး .."

"ဘာ .."

သခင့် ရှက်ဒေါသက နှစ်ရပ်ပေါင်းအားကြောင့် မီးခြိမ်းသံလိုပြင်း၏။

"လူကို တမင်လုပ်ပြီးတော့ ဆောရီးဟုတ်လား"



"ကေးက ဘာဖြစ်လို့ တမင်လုပ်ရမှာလဲ"

"ငါ ခုလိုဖြစ်အောင်လို့လေ"

"ခုလိုဖြစ်တော့ ရှင် အော်ငေါက်တဲ့ ပျော်စရာကောင်းနေလို့လား"

သူမ မျက်နှာလေးမှာလည်း ဒေါသအရောင် သမ်းလာခဲ့လျက် ..

"ဒီမှာ ရေပိုက်နင်းထားလို့ လာပြောတာ၊ ပိုက်ကို ဒီတိုင်းပဲ ကိုင်ထားမိတာ၊ ရှင့်ကို တမင်လုပ်တာမဟုတ် .."

"တောက် .."

သူ့တက်ခေါက်သံကြောင့် ခင်ဦးသျှောင် စကားမဆုံးဘဲ ရပ်ပစ်လိုက်ကာ ..

"ရှင် လူကို တက်မခေါက်ပါနဲ့"

"ခေါက်တော့ .."

"ခေါက်တော့ ဘာဖြစ်သလဲ ရှင့်အန်တီကို မေးကြည့်ပါလား"

"အမလေးဟယ်၊ ရန်တွေ့လိုက်တာ အခေါ်တောင် မနေရဘူး၊ စွာပ့ါ"

ခင်ဦးသျှောင်က ခိုင်မာလာ့ကို လှည့်ကြည့်သည်။ ပြီးတော့ အံ့သြသလိုပြောင်းလဲသွားကာ ..

"ရှင်တို့အားလုံး ရိုင်းကြတာပဲ"

"ဟင် .."

အယ် .. ပြောလိုက်တာ ကြည့်စမ်း ..။

သူတို့ဘာမှမပြောနိုင်ခင် သူမက ဂါဝန်လေးကို သိမ်းမ,ကာ လှည့်ထွက်သွားလေသည်။ ပုံကျနေအောင် ကြီးမားရှည်လျားသည့် ဂါဝန်ကို ဗိုက်ပိုင် 'မ' ကာ လျှောက်ထွက်သွားပုံမှာ ဒီလိုပဲ အမြဲနေထိုင်သွားလာနေကျမှန်း သိသာလောက်အောင် သေသပ်သည်။

ဂါဝန်သည် ဇွေခနဲ ထွက်သွားပြီးမှ ခြေဖျားလေးတွေ ဦးထိုးထွက်အခွင့် ပေးသွားတာမျိုးဖြစ်သည်။ ခြေလှမ်းတိုင်းမှာ ခြေကျင်းဝတ် ဖြူဖြူလေးက ခြူလုံးလေးတွေနဲ့ ဖု(တ်)ချိန်းအထိ မြင်ရလောက်အောင် ဂါဝန်

www.burmeseclassic.com

www.burmeseclassic.com



က ဝေ့တက်သွားသည်။

ခြုံသံညက်ညက်လေးကိုလည်း ချန်ရစ်ခဲ့သေးသည်။ အနား ရောက်လာတုန်းက သတိထားလိုက်မိတာ လက်မှာလည်း ဖု(တ်)ချိန်းနဲ့ ဆင်တူ ဟန်းချိန်းလေးနဲ့ ..။

အားလုံး တိခနဲ တိတ်ကျသွားပြီးမှ သုံးခွက ပင့်သက်ရှိုက်၍ -

"တွေ့လား .. ကဗျာရေးသွားတာ .."

"ရန်ဖြစ်သွားတာကို တော်တော်အပြောကောင်း .."

"အဲဒါကြောင့် နင့်ရဲ့ခန္ဓာကိုယ်က ဒီလောက်ကမကျတာ၊ ငါပြော ချင်တာက ခင်ဦးသျှောင်ရဲ့ ခြေလှမ်းတိုင်းမှာ ကဗျာတစ်ပုဒ်ဖြစ်သွား တာကို .."

"ဟား ဟား ဟား .. သုံးခွ လည်း အာရုံတွေဖြောင့်လာပြီ .."

"ဟုတ်တယ်နော်၊ ခင်ဦးသျှောင် က တော်တော်ကိုလှတာ .."

ခေတ်ဦး ကလည်း ဝန်မခံချင်ပေမယ့် ဝန်ခံခြင်းနှင့် ခေါင်းညိတ် ၍ ...

"သူ့ကိုက ဖွေးနုသန့်စင်ပြီး ဘယ်သူလှတာနဲ့မှမတူအောင် မဟာ ဆန်နေတာ .."

"မဟာဆန်လွန်းလို့ မာန်တွေတက်ပြီး စကားကောင်းပြောလို့နေ တာ .."

သခင်က ဘောင်းဘီမှာစိုကုန်သည့်ရေကွက်ကို ငုံ့ကြည့်ရင်း လက်ဖျား နဲ့ ဖယ်ထုတ်ခါပစ်နေကာ ..

"တောက် .. ရိုက်သတ်ပစ်ချင်စိတ်တွေပေါက်တယ်၊ တကယ်-"

"တကယ်တော့ မဖြစ်နိုင်ဘူး ဟေ့ကောင်၊ အဲဒါ နည်းနည်းများ သွားပြီ"

"အေးလေ ... ဒီလောက်လှတာလေးကို .."

ခေတ်ဦးကလည်း မိန်းကလေးချင်းပေမယ့် ချီးမွမ်းခန်းဖွင့်နေ



နိုင်မာလာကတော့ ထောက်လည်း မထောက်ခံ၊ ဘာမှလည်းမပြော။

"ဒါနဲ့ သခင် .. သူက ဘာဖြစ်လို့ မျက်မှန်ကြီး အချိန်ပြည့်တပ် ထားတာလဲ၊ ဒါ ကိုယ့်အိမ်ပဲဟာ၊ သူ့မျက်လုံးတစ်ဖက်က မီးလောင်ဒဏ် ရာတွေ၊ ပြဲရှုချုပ်လုပ်ထားရတဲ့ အနာရွတ်မျိုးတွေနဲ့ တော်တော်ကြည့်ရ ဆိုးနေလို့လားဟင် .."

"အေးကွ၊ သူ့ကိုမြင်လိုက်ရရင် မျက်မှန်ကြီးနဲ့၊ မင်းရော .. သူ့ မျက်လုံးကို မြင်ဖူးလား"

"ဩော် .. သုံးခွရာ၊ လင်မယားချင်းပဲဟာ၊ မမြင်ဖူးတဲ့နေရာ ရှိပါ့ မလားလို့ .."

"ဟေ့ကောင် .."

"ငါက ရိုးရိုးပြောတာလေ၊ ဘယ်သူမဆို ညအိပ်ရင်တော့ ချွတ် အိပ်မှာပဲဟာ .."

"သူတောင်းစား .."

"မျက်မှန်ကြီး ဘယ်သူတပ်အိပ်မှာလဲ ပြော .."

သခင်က ခုံတစ်လုံးဆွဲထိုင်လိုက်ကာ ..

"သူက တပ်အိပ်ချင်အိပ်မှာပေါ့ .."

"ဟ .. မင်း တကယ်မမြင်ဖူးဘူးလား သခင် .."

သခင် ဆတ်ခနဲ လှည့်ကြည့်လျှင် ..

"သူ့မျက်လုံးကိုလေ .."

"မြင်ဖူးတော့ ဘာလုပ်ရမလဲ"

"လှလား .. ရုပ်ဆိုးလားလို့ .."

"စိတ်မဝင်စားဘူး"

ပြောရင်း အအေးဘူးတစ်ဘူးကို လှမ်းယူ၏။ ပြီးတော့ ဆွဲဖွင့်လိုက် ပြီးမော့သည်။

"အေးနော် .. စိတ်များဝင်စားရင် အိမ်ထဲကနေ တစ်ခါတည်း ကျွမ်း

www.burmeseclassic.com

www.burmeseclassic.com



ပစ်ထွက်လာမှာ ..''

"ဖွီး .. .. .."

"ဟာ .."

"ဟား .. ဟား .. ဟား .. ဟား .."

သခင့်ပါးစပ်ထဲက အအေးတွေ တောင်ငှူ ရင်ဘတ်ဆီ အလုံးအရင်း ပစ်မှန်ကုန်လျက် ..

"ဆောရီး .. ဆောရီး .. ဟား ဟား ဟား .."

"သခင် .. မင်း ငါ့ရင်ဘတ်တစ်ပြင်လုံးကို စော်ကားပြီး ဆောရီး လုပ်တယ် ဟုတ်လား .."

"တော်ပါကွာ .. လူကြားရင် တစ်မျိုးတစ်မည်ထင်ကုန်အောင် ကဗျာဆန်မနေစမ်းပါနဲ့"

"ရတယ် .. မင်းလုပ်၊ ငါ့ရင်ဘတ်မှာ တစ်ခုခုပေကျံလာမှန်း သိသာတယ်၊ မင်းသာ .."

"ဘာဖြစ်လဲ"

"ဘောင်းဘီမှာ စိုရွှဲနေတာတွေက မသိရင် ရှူးရှူးပန်းမိ .."

"ဟော့ကောင် ... တော်တော့"

"ဟား .. ဟား .. ဟား .. ဟား .."

ဒီတစ်ခါ သုံးခွအလှည့် ..။

သုံးခွ က ပါးစပ်ကြီး အသားကုန်ဖြဲပြီး အော်ရယ်လေသည်။

ဒီလိုနဲ့ .. သူတို့ရွှစ်မိလို့ ပြောဖြစ်ပြီဆို ခင်ဦးသျှောင် အကြောင်း။



## အခန်း [၂၀]

"ဟား .. ဟား .. ဟား .. ဟား .. ဟား .."

ရယ်သံကြီးက စူးရှကျယ်လောင်စွာ ဝင်လာသည်။ အိပ်ချင်စိတ်ဖြစ်လာသဖြင့် ညနေခန်းကဆိုဖာပေါ်မှာပဲ ခဏလှဲလိုက်ရင်း အိပ်ပျော်သွားခဲ့တာဖြစ်၏။

သခင့်ရယ်သံကြောင့် ခင်ဦးသျှောင် မျက်လုံးတွေပွင့်သွားသည်။ သခင်နဲ့ သူငယ်ချင်းတစ်သိုက်က ကြမ်းပေါ်မှာ ဒီတိုင်းထိုင်နေကြကာ ခမ်းဆော့ရင်း ပျာယာခတ်နေကြ၏။

"နင် ငါ့ကို လိုက်မချိတ်နဲ့လေ .."

ပြောပြီး ခိုင်မာလာက သုံးခွ ကို ပခုံးနဲ့တိုက်လိုက် ..၊

'လက်နက်ကြီး မသုံးကြေး' လို့ပြောပြီး တံတောင်နဲ့တွတ်လိုက်။

မကြာခင်မှာ လူချင်းထသတ်ကြတော့မလားတောင် မသိ ..။

သခင်က ဘေးမှာ ခေါင်းကို လက်ထောက်တင်လှဲနေရင်း ကြည့်နေတာဖြစ်ကာ ..

"သွားပြီ .. သွားပြီ သုံးခွ .. ဟား .. ဟား .. ဟား .."

www.burmeseclassic.com

ww.burmeseclassic.com



"ပန်းသခင် .."

ရယ်သံက တိတ်ကျသွားသည်။ လှမ်းကြည့်လိုက်တော့ ဆိုဖာပေါ်မှာ ငုတ်တုတ်လေးထိုင်နေတာ ခင်ဦးသျှောင် ..။

"ဘာလဲ .."

"ရှင် တိုးတိုးရယ်ပါလား .."

"မရယ်တတ်ဘူး"

"ဟား ... သွားပါပြီ"

"ဝေး .. ဟား .. ဟား .. ဟား .."

နိုင်မဝလာက လက်နှစ်ဖက်မြှောက်ပြီး အကျယ်ကြီး ထအော်၏။ ပြီးတော့ လက်ခုပ်နှစ်ဖက်တီးရင်း ဟားတိုက်ရယ်ကာ ..၊

"နိုင်သွားပြီ .. နိုင်သွားပြီ၊ မနက်ဖြန် ဒီအိုင်ဝိုင်မှာ ဝါးတီးမယ်၊ ယေး .. ယေး .. ရှီ့ .."

"တော်ပါတော့၊ ဒီကိုယ်လုံးနဲ့ နွဲ့မနေစမ်းပါနဲ့ .."

ကျွန်ုရမည်ဆိုတော့ သုံးခွ မျက်နှာကြီးက ကောက်ရှိုက်ရှိုက်ဖြစ်နေ၏။

"သုံးခွရာ .. ကိုယ်ပြိုင်ဘက်ကို အထင်သေးမိလို့ ခံလိုက်ရတာ သင်ခန်းစာယူစမ်းပါ ဟား .. ဟား .. ဟား .. ခွေဦးတို့ ခေတ်ဦးတို့ မရှိတာ နာတယ်ကွာ .."

"ငါရှိပါတယ် .. ဘာလဲပြော .."

တောင်ငူက ရေအိမ်ထသွားတဲ့မှ ပြန်ရောက်လာတော့ သုံးခွ ရဲ့ ဖြစ်အင်ကို သိသွားသည်။

"ဟာ ..ငါ့လူ ခံလိုက်ရတာလား၊ သေကွာ .. ဟား .. ဟား .. ဟား"

"တောင်ငူ .."

"ဘာတုန်း .."

"ငါ့အတွက် စိတ်မကောင်းဖြစ်နေတာလား၊ ဝါးရ မျှိရတော့မှာမို့လို့ ပျော်သွားတာလား .."



"နှစ်ခုလုံးပေါ့ကွ၊ ဒါပေမဲ့ နောက်ကဟာကို ပိုအားပါတော့ ရယ်သံက အိုဗာ .. ဟား .. ဟား .. ဟား .."

အားလုံးဝိုင်းရယ်နေကြစဉ် သခင့်မျက်ဝန်းထောင့်မှာ အရိပ်တစ်ခုကို သတိထားမိလိုက်သဖြင့် လှည့်ကြည့်လိုက်လျှင် ..၊

"သွားပြီ .. သွားပြီ .. ခိ .. ခိ .."

သူလှည့်ကြည့်တော့ ခိုင်မာလာ ကပေါ် လှည့်ကြည့်ပြီး နှုတ်ခမ်းနဲ့ လက်ဖဝါးကပ်ပြီး ကြိတ်ရယ်၏။

ခင်ဦးသျှောင်က သူတို့ ဆထက်ထမ်းမိုးတိုးပြီး ရယ်နေကြတာကို ထိုင်ငေးနေပြီးမှ တိတ်ဆိတ်စွာ ထွက်သွားသွားသည်ဖြစ်ရာ ..၊

"ဘာလဲ .. ဘာဖြစ်လို့လဲ .."

တောင်ငူက ဘာမှမသိခဲ့သူ ..။

"ငါလည်းမသိလိုက်ဘူး .."

သုံးခွ ကလည်း အနိုင်အရှုံးမှာ ချွေးပြန်နေခဲ့တာမို့ မသိ ..။

"ငါကတော့ သိတယ် .. ဟား .. ဟား"

နိုင်မာလာက ခုနလောက်မကျယ်ပေမယ့် ခုရယ်ပုံက ဝမ်းပန်းတသာကြီးရှိလျက် ..၊

"သခင် ရယ်တာကို ဆူလို့တဲ့လေ .."

"ဟင် .."

"အဲဒါနဲ့ ငါလည်း ဝါးတိုက်ပေးလိုက်တာ ပြေးရော .."

"နင်က ဝါးစပ်နဲ့လည်း ဝါးတိုက်တာပဲလား"

"တိုက်တယ် .."

"သခင် .."

"ဘာလဲ .."

"မင်းကလည်း မင်းပဲ .."

"မှတ်တယ်လေ၊ ငါက ငါမဟုတ်ရင် ဘယ်သူလဲ .."

www.burmeseclassic.com

www.burmeseclassic.com



တောင်ငူက ဘယ်အချိန်ဖြစ်ဖြစ် ခင်ဦးသျှောင် အတွက်ဆို ညှာညှာ ဆဆ ..။

"မင်းအတွက် ဂျင်ခန်းလုပ်ပေးထားတဲ့ဟာ၊ အဲ့ထဲမှာပဲ ငါတို့ ဂိမ်း ဖြစ်ဖြစ် ဘာဖြစ်ဖြစ် ထင်သလို ကဲနေလို့ရတာကို .."

"ဒါပေမဲ့ ဒီမှာ စလိုက်မိလို့ ဒီမှာပဲ ရှေ့ဆက်တယ်လေ .."

သခင်က လှဲနေရာကနေ ထထိုင်လိုက်ပြီး လှေကားဆီထွက်သွားသည့် ခင်ဦးသျှောင်ဆီ လှမ်းကြည့်ရင်း ..

"တစ်အိမ်လုံး အကျယ်ကြီးပဲဟာ၊ ငါလည်း ဝါခြားနေရာသွားလို့ ရသလို သူလည်း သွားလို့ရ .."

စကားပြောနေရင်း တစ်စုံတစ်ခုကို သတိရသွားကာ ..

"မဖြစ်ဘူး၊ အဲ့တစ်ယောက်က ဒါမလုပ်ရရင် ဟိုဟာလုပ်တာ.."

ကိုယ့်ဘာသာရေရွတ်လိုက်ပြီး ကမန်းကတန်းထပြေးခဲ့၏။ ခင်ဦးသျှောင် က ခြေသလုံးတစ်ဝက်ပဲရှိသည့် ကိုယ်ကပ်ဂါဝန်အပြာလေးကို ဝတ်ထားသည်။

ပိုးပျော့လေးမို့ သူမရဲ့ ကိုယ်ခန္ဓာလှုပ်ရှားမှုတိုင်း မီးမောင်းထိုးပြ နေသလိုရှိကာ လမ်းသွားပုံလေးကြောင့် စိုက်ခနဲ တစ်ချက်တော့ ငေး သွားမိ၏။

သူမ လှေကားပေါ်တက်သွားသည်နှင့် သခင်က ဦးအောင် တက် လိုက်ပြီး ရှေ့က ပိတ်ရပ်ထားလိုက်၏။

"မင်း ဘာလုပ်မလို့လဲ .."

ရှေ့မှာ ဘွားခနဲ ရောက်လာသဖြင့် သူမ မျက်ခုံးလေးတွေ တွန့်ကုတ် သွား၏။

"ဘာဖြစ်လို့လဲ .."

"ငါမေးနေတာလေ .."

"ဘာကိုမေးမှန်းမှမသိတာ၊ ရှင်တို့ ဆူညံနေလို့ ထထွက်လာခဲ့တာ



ဘာလုပ်မယ်ထင်နေလို့လဲ"

သူထင်တာက တီတီ့ဆီ ဖုန်းဆက်တိုင်မည်။ ဒါမှမဟုတ် ဒီဘက် မှာ အပြစ်ထောက်စရာရှိတာကြောင့် အပြင်ထွက်ပြီး ဟိုတစ်ခါလို ဇွဲ ဖောက်သွားနိုင်သည်ဟု ..။

သူ တိတ်ကျသွားတော့ သူမ စောင့်မနေဘဲ ကွေ့ရှောင်တက်ဖို့ လုပ် ၏။ သူမ ရှောင်သည့်ဘက်ကို သူက ခြေရွှေ့ရပ်ကာ ..၊

"ငါပြောချင်တာက တီတီ့ကိုတိုင်ပြီး မင်း ..."

"ကလေးကလားစကားတွေ လာပြောမနေစမ်းပါနဲ့၊ ထစ်ခနဲရှိ ပြေးတိုင်ရအောင် ဒီက ကလေးပေါက်စလေးမို့လို့လား .."

"ကလေးမဟုတ်ပေမယ့် မင်းက အချော့ခံ အထိန်းတော်ခံအဖြစ် စံမြန်းလာခဲ့တဲ့သူလေ၊ မင်းမကျေနပ်ရင် စကြဝဠာကို မီးနဲ့တက်ရှို့လို့ တောင် ရချင်ရမှာ .."

ခင်ဦးသျှောင်မျက်နှာလေး တင်းခနဲ ဖြစ်သွားသည်။

"သိရင်လည်း ရှင်သတိထားနေပေါ့၊ အဲ့လိုလုပ်ဖို့ စိတ်ကူးရှိရင် စကြဝဠာကိုမဟုတ်ဘူး၊ ရှင့်ကိုပဲ နုပ်နုပ်စင်းပြီး မီးပုံရှို့ပစ်မှာ .."

'ဖယ်ပေး' လို့ ပြောခြင်းနှင့်အတူ လှေကားလက်ရမ်းကိုင်၍ သူ့ပခုံး တစ်ဖက်ကို တိုးတိုက်တက်၏။

"ဟ .. မင်း .."

"အမေ့ရေ့ .."

သခင် ထိန်းနေရင်း ခြေချော်သွားကာ ကိုယ့်ကိုယ်ကိုယ်ထိန်းရင်း လက်ရမ်းဘက်ကို ပစ်ကပ်မှီလိုက်သည်။ ထိုအခါ သူမ တစ်ကိုယ်လုံး ကို လက်ရမ်းနဲ့ ဖိကပ်ပစ်လိုက်သလိုဖြစ်သွားခဲ့ပြီး ရင်ဘတ်ချင်း ကပ် သွားခဲ့သည်။ ပြီးတော့ ပါးတစ်ဖက်ချင်းပွတ်တိုက်၍ သူမရဲ့ပခုံးတစ် ဖက်မှာ သူ မေးတင်သလိုဖြစ်သွားခဲ့၏။ နောက်ထပ် လျှပ်တစ်ပြက်သည် သူမရဲ့ မွှေးပျံ့နမွတ်သော ကုပ်သားဝင်းဝင်းလေးကို နမ်းလိုက်မိခြင်း။

www.burmeseclassic.com

www.burmeseclassic.com



ဒီတိုင်းနဲ့ စက္ကန့်များစွာ ငြိမ်သက်နေခဲ့ပြီးမှ ...၊

"ရှင်ဘာလုပ်တာလဲ ... ဖယ်ပေး"

ခင်ဦးသျှောင်က သူ့ကိုယ်ကို တွန်းပစ်ဖို့ လက်တင်လိုက်လျှင် ...

"ဒီတစ်ခါဆို မင်းရော ငါရော ချေးကျကျမှာနော် ..."

"ရှင် ဘာလုပ်နေတာလဲလို့ ..."

"မင်းကြောင့် ငါကျတော့မလို့လေ၊ ငါဖြစ်သလိုလှမ်းဆွဲလိုက်မိရင် မင်းပါကျသွားမှာ ... နားလည်ရဲ့လား ..."

ပြောနေရင်း နောက်ဆုတ်လိုက်ကာ ...၊

"တီတီ မရှိတဲ့အချိန်မို့လို့ မင်းနဲ့ ငါ ..."

"သခင် ... သခင် ..."

စကားမဆုံးခင် တောင်ငှ အပြေးရောက်လာကာ ...၊

"အပြင်မှာ မင်း ယောက္ခထီးတွေ ရောက်နေတယ် ..."

ဟင်!...

"ဟိုနှစ်ယောက်လား ..."

"လေးတော်တို့လားဟင် ..."

"အေး ... နှစ်ယောက်စလုံးပဲ ..."

သခင်နဲ့ ခင်ဦးသျှောင် မျက်လုံးချင်းဆုံသွားကြသည်။

"ငါတို့ ပြေးလွှားသိမ်းရဦးမယ်၊ မင်းတို့ မြန်မြန်ဆင်းခဲ့ကြ ..."

လို့ပြောပြီး တောင်ငှ ပြန်ပြေးသွား၏။ သခင် က ခေါင်းထဲမှာဖြ[illegible] လာသည့်စိတ်ကူးကြောင့် ခင်ဦးသျှောင် လက်ကိုဆွဲပြီး အိမ်ပေါ် အပြေ[illegible] တစ်ပိုင်းတက်၏။

"ဘာလုပ်မလို့လဲ၊ လက်ကိုလွှတ်စမ်းပါ"

"ခဏလေး ..."

အပေါ်တက်ပြီး သူ့အိပ်ခန်းထဲဝင်၍ တံခါးပိတ်လိုက်ပြီးမှ ...

"မင်းက ... မင်းဦးလေးတွေနဲ့ မတူပါဘူးလို့ ပြောခဲ့တာနော်၊ အ[illegible]



သက်သေပြ"

"ဘာ!..."

လက်ကို ဆောင့်ရုန်းလိုက်ပြီး သူမကအော်သည်။

"ဒီထဲမှာပဲနေ၊ ငါလာခေါ်မှ ထွက်ခဲ့"

"ရှင့်အိပ်ခန်းထဲမှာ ဘာလို့နေရမှာလဲ၊ မနေနိုင်ဘူး"

"ဟိတ် ..."

"ပန်းသခင် ..."

သူမက တံခါးဖွင့်ဖို့ လက်လှမ်းသည်။ သခင် က သူမပခုံးကို ပြန်ဆွဲလှည့်လျှင် လက်ကို ပုတ်ချပစ်ကာ ...

"ရှင် ကေးကို ရီးတီးယားတား လာမလုပ်နဲ့နော် သခင်၊ လူက ခုကွဲတပေမယ့် ဂုဏ်သိက္ခာက တင်းပြည့်ကျပ်ပြည့်ရှိသေးတယ် ..."

"ငါက မင်းရဲ့ဂုဏ်သိက္ခာကို လျှော့တိလျှော့ရဲဖြစ်နေပါတယ်လို့ ပြောနေလို့လား၊ ဒီမှာ ..."

သူမကို အလွယ်ကူဆုံးနည်းလမ်းနဲ့ စည်းရုံးပြီး တံခါးပိတ်ထားခဲ့သည်။ ပြီးတော့ သူ အောက်ထပ်ကို ဆင်းလာခဲ့၏။

"မြန်မြန်လာကွ ... ဘဲလ်မြည်နေတာ ဆူညံနေတာပဲ ..."

စိုးရိမ်ထိတ်လန့်နေသည့် မျက်နှာတွေနှင့် တောင်ငှ တို့ဖြစ်နေကြတာ မျောက်ငါးပိကိုင်မိတဲ့အတိုင်း ...။

ထို့ပြင် ဘယ်လောက်တောင် ထိတ်ဖျာပြီး ပြေးလွှားသိမ်းဆည်းလိုက်သည်မသိဘဲ ကြမ်းပေါ်မှာစားသောက်ထားကြသည့် အအေးဘူးတွေ၊ မုန့်ထုပ်လက်စတွေ ဘာတစ်ခုမှမရှိတော့ ...။

"ဟေ့ကောင် ... သွားဖွင့်လေကွာ ..."

ထိုစဉ်က အပြင်ကပြန်လာသည့် ဒေါ်သောင်းတင်က ဈေးခြင်းကြီးနှင့် နင့်နေလျက် ...၊

"ဟောတော့ ... သူဌေးတို့ကို ကလေးတွေ တံခါး[illegible]မဖွင့်ဘူးလား၊

www.burmeseclassic.com

www.burmeseclassic.com



လူလေးရေ .. သခင် ..”

“လာပြီ..”

သခင်က အိပ်ချင်မပြယ်သေးဘဲလို မျက်လုံးပွတ်လိုက်၊ သမ်းဝေလိုက်နှင့် ထွက်လာ၏။ ဦးသူတော် မျက်နှာကြီးက ခက်ထန်နေလျက် ဦးသူမြတ် ကတော့ သခင့်မျက်နှာကိုပဲ စူးစိုက်ကြည့်နေလျက် ..၊

“အထဲမှာ လူသံတွေကြားနေသားနဲ့ ဘာဖြစ်လို့ ခုမှ တံခါးလာဖွင့်တာလဲ ..”

“အန်ကယ်တို့က လူသံတွေကြားနေရပေမယ့် ကျွန်တော်တို့မှ အန်ကယ်တို့ ခေါ်နေတာကို မကြားတာ ..”

မထီတထီဖြေပုံနှင့် သူတို့ကိုကျော်၍ ခြံအဝင်လမ်းကို လှမ်းကြည့်သည်။ တံခါးပွင့်နေသော်လည်း ဒေါ်သောင်းတင် ပြန်လာတာကို ဖွင့်ပေးသလိုမျိုး သူတို့ကို ခရီးဦးကြိုပြုခြင်းမရှိဘဲ ပြန်လှည့်ဝင်သွားကာ ..။

“ကြီးသောင်း .. ခင်ဦးသျှောင်ကို မတွေ့ခဲ့ဘူးလား ..”

“မတွေ့ ..”

ခေါင်းခါပြလိုက်ပြီးမှ ဒေါ်သောင်းတင် တုံ့ခနဲဖြစ်သွားသည်။ လှည့်လာသည့် မျက်နှာကြီးမှာ မျက်လုံးက ပြူးထွက်မတတ်နှင့် ..၊

“လူလေး .. ဘာမေးလိုက်တယ်”

“ခင်ဦးသျှောင်လေ၊ ခိုင်းလိုက်တာ ကြာလှပြီ၊ ခုထိ ပြန်မလာဘူး”

“ဘုရားရေ ..”

ဒေါ်သောင်းတင် မနိုင်ဝန်ဆွဲထားသည့်ခြင်းကြီးကို ဒုန်းခနဲ ချလိုက်မိ၏။ ထိုစဉ် ဦးသူတော်က သခင့်ရှေ့ကို ရောက်လာကာ ..၊

“မင်း ဘာပြောလိုက်တယ် ပန်းသခင်”

“မင်းက ငါတို့ကလေးကို .. ဟုတ်လား၊ ဟောကောင် ပြောစမ်း”

တံခါးဝမှာပဲ ဆူညံသံတွေဖြစ်ကုန်သဖြင့် အထဲကနေ တောင်ငူတို့ ပြေးထွက်လာကြ၏။ လူငယ်တွေ စုဝေးနေကြတာကို မြင်လိုက်မှ ဦးသူတော် ရဲ့ဒေါသက ဆတိုးကိန်းတွေ ထဖြစ်ကုန်လျက် ..



“ဟိတ်ကောင် ..”

သခင့် အင်္ကျီရင်ဘတ်ကို ဆုပ်ဆွဲ၍ မျက်နှာချင်းကပ်လိုက်ကာ..

“မင်း .. မင်းက ...”

“ပြောနိုင်း ..၊ ခုနပြောလိုက်တာ ဘာလဲလို့ ..”

ဘေးကနေ ဦးသူမြတ်က လက်သီးပြင်နေ၏။ သခင်က သူတို့ကို အံ့သြဟန်နှင့်ကြည့်သည်။ ပြီးတော့ ရင်ဘတ်ကိုဆောင့်ဆွဲထားသည့် လက်ကို မျက်တောင်ဖျားတွေ စင်းကြည့်လိုက်ရင်း ဒီတိုင်းပြန်မော့၍..

“ဟိုနားဒီနားလေးခိုင်းတာ ဘာဖြစ်လို့လဲ”

“ဘာကွ ..”

ဦးသူမြတ်က လက်သီးပြင်ပြီးကပ်လာသည်နှင့် ဦးသူတော်က သခင့်ကို ဆောင့်လွှတ်လိုက်ပြီး ညီဖြစ်သူကို လှည့်တားဆီးကာ ..

“နေဦး ..”

ပြောပြီး သခင့် ဘက်လှည့်လိုက်ပြီး ..

“ကေး ဘယ်သွားတာလဲ ..”

“သူလည်း စားချင်တယ်ဆိုလို့လေ၊ ကျွန်တော်က မလွှတ်မှာစိုး ဦး သူ့ကို မှာချင်တာမှာပါလို့ပြောလို့ ..”

“ဟိတ်ကောင် ... လိုရင်းကိုပြောစမ်း”

“ဝက်သားတုတ်ထိုး သွားစားတယ် ..”

“မင်း ..”

“ကျွန်တော်က သူပြန်ရင် ဝယ်ခဲ့ဖို့ ဒီထိပ်နားက .. အဲ ..”

ဘာပြောရမှန်း ရုတ်တရက် စဉ်းစားလို့မရ။

“မင်း .. မင်း .. ငါတို့ကို ..”

“ဒေါသနောက်မှထွက် ကိုမြတ်၊ ကလေးနောက် မြန်မြန်လိုက်မှ ဖြစ်မယ်၊ တစ်ခါမှ သွားဖူးတာမဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ .. အိမ်ကို ကားလှမ်းခေါ်စမ်း၊ ကိုစန်းနဲ့ မောင်ပု ရုပ်ရှင်ရုံတွေဘက် လှည့်ထွက်ပြီး ကလေးကိုတွေ့အောင်ရှာလို့ .."

"ကျွန်တော် ဒီထိပ်ကနေ တက္ကသိုလ်ရိပ်သာလမ်းဘက် ပြေးလိုက်မယ် ကိုလေး .."

လူသတ်ချင်စိတ်ပေါက်သွားခဲ့သည့် ဒေါသတွေကို ချုပ်တည်းကာ ဦးသူတော်တို့ ပျာယာခတ်သွားကြသည်။

"တောက် .. လူမဆန်တဲ့ သတ္တဝါလေး၊ ငါ့ကလေးကိုရှာပြီးရင် မင်း တွေ့မယ် .."

"ဂျိမ်း .."

ဦးသူမြတ်က ကားတံခါးပြန်ပိတ်ရင်း ဒေါသတွေ ပြသွားသည်။ ဦးသူတော်က ဖုန်းတစ်လုံးနှင့် ညွှန်ကြားရေးမှူးလုပ်ရင်း ဟိုဘက်ဘ ပတ်တက်၏။

သူတို့ကားထွက်သွားတော့မှ ...။

"ဟား .. ဟား .. ဟား .. ဟား .."

သခင် တစ်ယောက်တည်းရဲ့ရယ်သံ အခြောက်တိုက်ထွက်လာသည်။ ဒေါ်သောင်းတင် အသက်ရှုရပ်မတတ်ဖြစ်နေတာ အသားမကျသေးပေ ..။

သုံးခွ နဲ့ ထောင်ငူတို့ ပါးစပ်အဟောင်းသားဖြစ်ကြရင်း အိမ်ထဲက လှမ်းကြည့်လိုက်၊ သခင် ဘာတွေလုပ်တာလဲလို့ ပြန်ကြည့်လိုက်နှင့် ..

ခင်ဦးသျှောင် ဘာလို့ဆင်းမလာတာလဲ တွေးနေကြရင်း ...၊



## အခန်း [၂၂]

"တောက် .."

"ဂျိမ်း .."

ကားသည် ပြိုင်ကားတစ်စီး၏အဟုန်ဖြင့်ဝင်လာပြီး ပေါ်တီကိုအောက်မှာ အတိအကျထိုးရပ်သွားသည်။

ကားပေါ်ကနေဆင်းလာကြတော့ အသက်လေးဆယ်ကျော်၊ ငါးဆယ်ကျော်တွေဖြစ်ကာ တက်ခေါက်သံ၊ တံခါးပိတ်သံတွေနှင့် ဝုန်းဒိုင်းကြဲ ..။

"ပြန်လာကြပြီ၊ အဟမ်း .."

"ငါတော့ ကျောချမ်းတယ်"

ညှော်ခန်းမှာ သူတို့အားလုံး ရှိနေကြသည်။ နှစ်ယောက်တွဲဆိုဖာမှာ သခင်နဲ့ ခင်ဦးသျှောင် ..။

"ပန်းသခင် .."

ဦးသူတော် ဒေါကြီးမောကြီးနှင့် ခေါ်လိုက်ပြီး ဝင်လာလျက် ခင်ဦးသျှောင် ကို မြင်သွားလျှင် ..

"သမီး .."

www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်စလုံး၏မျက်နှာမှာ အလွန်သနားစဖွယ်ဖြစ်နေသော ကလေးလေးတစ်ယောက်ကို ကြည့်သလိုမျိုး ကြည့်နေရင်း ငိုချလိုက်တော့မလို မျက်နှာကြီးတွေလည်းဖြစ်သွားကာ ..၊

"သမီး ဘယ်တွေသွားနေတာလဲဟင် .."

"ဘယ်သွားသွား ပြန်ရောက်နေကာမှ မေးမနေနဲ့တော့ .."

ဦးသူတော်ကို ကျော်တက်ကာ ဦးသူမြတ်က တူမဖြစ်သူဆီ ခြေလှမ်းကျဲများနှင့် ဝင်သွား၏။

ပြီးတော့ လက်လေးတစ်ဖက်ကို ကောက်ဆွဲလိုက်ကာ ..၊

"ထ .. သမီး .."

"လေးမြတ် .."

"ပြန်လိုက်ခဲ့ .."

"ဒီလိုတော့ ဘယ်ရမလဲ .."

ခင်ဦးသျှောင် လက်လေးကို သခင် က ပြန်ဆွဲယူလိုက်ပြီး နေရာထရပ်သည်။ ဦးသူမြတ်က ခြေတစ်လှမ်းဆုတ်ရပ်လိုက်တော့ နှစ်ယောက်ရင်ဆိုင်မိပြီးဖြစ်သွား၏။

ဦးသူတော်က ဦးသူမြတ်ဘေးမှာ လာရပ်လိုက်ရင်း ..

"ဘာလဲ .. မင်း တားခွင့်ရှိတာတွေ၊ မင်းရဲ့အခွင့်အရေးတွေ လာ[illegible] နေတာလား .."

"လာမပြောပါဘူး၊ အန်ကယ်လ်တို့ပဲ ကျွန်တော့်ဆီရောက်လာ[illegible] တာ .."

"ဘာလို့ရောက်လာကြတာလဲဆိုတာရော .. မင်းမသိချင်ဘူးလား"

"မသိချင်ဘူး၊ အန်ကယ်လ်တို့က ကျွန်တော့်ဆီလာလည်ကြ[illegible] ဧည့်သည်တွေမှမဟုတ်တာ .."

ဦးသူတော်တို့မျက်နှာတွေ ညိုပုပ်သွားကြ၏။

"ဒေါ်ဝင့်ဝါခိုင် မရှိမှန်းသိလို့ ငါတို့လာတာ .."



"မင်း ဒီလိုအချိုးတွေရှိမှန်းသိလို့ ကလေးအတွက် ငါတို့စိတ်မချ[illegible]တာ .."

"ဟင် .. ဘယ်ကလေးအတွက်လဲ .."

သခင် က တစ်အိမ်လုံးကို လည်ပင်းလိမ်အောင်ကြည့်ပြီးမှ ..

"ဒီအိမ်မှာ ကလေးမရှိပါဘူး"

"ပန်းသခင် .. မင်းရဲ့အချိုးတွေကိုပြင်မလား၊ ငါတို့လုပ်စရာရှိတာ[illegible] လုပ်လိုက်ရမှာလား"

"ဘာကိုလဲ .."

ပခုံးတွန့်လိုက်သည့် သခင့်မေးခွန်းကို ဦးသူမြတ် အသည်းယား[illegible]သည်။ အစကတော့ ဦးသူတော် ဒေါသရှေ့ရောက် လုပ်တတ်လွန်း[illegible] လိုက်တားနေရတာက သူရယ်။

ခုတော့ သူကိုယ်တိုင် ဒေါသထိန်းဖို့မလွယ်အောင် ဖြစ်နေခဲ့သည်။

"ကျွန်တော် နားရှုပ်သွားတာထင်တယ်၊ အန်ကယ်လ် ဘာပြော[illegible]တာလဲ"

"ပန်းသခင် .. တော်ပါတော့"

ခင်ဦးသျှောင်က သခင့်ဘေးမှာ ထရပ်လိုက်ပြီး တားဆီးကာ ..

"လေးတော်တို့ကလည်း ကေးကအ အိမ်ထောင်သည်ဖြစ်နေပြီပဲ"

"အဲဒါထည့်တွက်လိုက်လို့ အခု သမီးကို နိုင်းစားလိုက်တာပဲ .."

"မဟုတ်ပါဘူး၊ အဲဒါက .."

"အဲဒါတွေကို ဦးတို့ရှင်းပေးမယ်၊ အခု သမီးပြန်လိုက်ခဲ့"

"ဟင့်အင်း .."

"သူလိုက်မယ်ဆိုရင်လည်း ကျွန်တော်က မထည့်နိုင်ဘူး"

သခင့် မျက်နှာက မတည်မပြုံးနှင့် ..။

"ဒီတီက သူ့ကို ကျွန်တော်နဲ့ စိတ်ချစွာထားခဲ့တာ .."

"ဒါကြောင့် မင်းတို့လူတစ်သိုက် စားသုံးဖို့အတွက် [illegible]သမီးက

www.burmeseclassic.com

www.burmeseclassic.com



ချေးထွက်ဝယ်ပေးရတာပေါ့"

"သူစားဖို့ သူသွားဝယ်တာပါ၊ ကျွန်တော်က ဖုန်း .."

"တော်စမ်းပါ ..၊ ဒီမှာ ပန်းသူခင်၊ ငါ့သမီး ဘာလဲဆိုတာ မင်း လည်းသိတယ်၊ ငါတို့လည်းသိတယ်"

"သိပါတယ်၊ နားမကြားဘူး၊ မျက်လုံးတစ်ဖက် ကန်းနေတယ်"

"ကဲကွာ .."

"ကိုလေး .."

ဒါကျတော့ လွဲဖြောက်သွားသည့် လက်သီးဆုပ်ကြီးကို ဦးသူမြတ် ဝင်ဆွဲလိုက်ရသည်။ အကောင်းနဲ့တော့မဟုတ် ..။

"ကလေးလန့်နေပြီ၊ ပြဿနာကြီးအောင် မလုပ်ပါနဲ့ .."

ဦးသူတော် ခင်ဦးသျှောင် မျက်နှာလေးကို ငဲ့ကြည့်လိုက်ပြီး ရွယ် ထားသည့်လက်ကို မကျေမနပ်ပြန်ချသည်။

ပြီးတော့ တက်ခေါက်၍ ...

"မင်း ဒီလောက်ထိမိုက်ရူးရဲဆန်တဲ့ကောင်မှန်း ငါသိခဲ့တယ်၊ ဒါ မဲ့ မထင်ခဲ့ဘူး .."

လက်သီးရွယ်လိုက်တာ ဖုန်းခနဲ ထရပ်လိုက်ကြတာတွေ အထိ တလန့် ဖြစ်သွားခဲ့ပေမယ့် သခင်က တစ်ချက်မှ မတွန့်သွားခဲ့ပေ ..

ထို့ပြင် ခပ်ဆေ့ဆေ့အပြုံးနှင့် ပြန်ထိုင်ချလိုက်ကာ ...

"အန်ကယ်လ်တို့ရောက်လာတာ သူ့ကို ပြန်ခေါ်သွားဖို့လား .."

"မဟုတ်ဘူး၊ ဒါပေမဲ့ မင်း လူမဆန်တဲ့အလုပ်လုပ်နေတဲ့အတွ ငါတို့ကလေးကို ရအောင်ပြန်ခေါ်မယ်"

သခင်က ခေါင်းညိတ်လိုက်ပြီး ဖုန်းထုတ်ယူလိုက်၏။ ဦးသူ ကလည်း ခင်ဦးသျှောင်လက်ကို ဆွဲယူလိုက်လျှင် သခင်က ဖုန်း ကြည့်နေရင်း ခင်ဦးသျှောင် လက်လေးတစ်ဖက်ကို ပြန်ဆွဲချလိုက်

ဦးသူမြတ် မဆွဲလိုက်မိဘဲ သခင့်ဘေးမှာပဲ ခင်ဦးသျှောင် ပြန်



ကျသွားခဲ့၏။

"မင်း ဘာလုပ်နေတာလဲ .."

"တီတီ့ကို ဒီကိစ္စပြောမလို့ပါ၊ တီတီက ထည့်ဆိုရင် ထည့်ပေးလိုက် မယ် .."

"ဟိတ်ကောင် .. မင်းအခေါ်က .."

"သူရော ကျွန်တော်ရော တီတီ့ အုပ်ထိန်းမှုအောက်မှာ နေနေတာ၊ တီတီ ခွင့်မပြုဘူးဆိုရင် အန်ကယ်လ်တို့ သူ့ကို ကျွန်တော့်ဘေးကနေ တစ်လက်မမှ ဆွဲရွှေ့ခွင့်မရှိဘူး .."

"မင်းကလားကွ .."

"ပြောပြတာပါ .."

"ဟင့်အင်း .. မဆက်နဲ့ .."

ခင်ဦးသျှောင်က သူ့ဖုန်းကို လုယူလိုက်၏။ ပြီးတော့ ဦးသူတော် တို့ကို မော့ကြည့်လိုက်ရင်း ..၊

"ဦးတော်တို့က ဘာဖြစ်လို့ ကောကို စိတ်ဆင်းရဲအောင် လုပ်နေ ကြတာလဲ၊ ကော မုန့်ထွက်ဝယ်စားတယ်၊ လမ်းကြုံလို့ သူက .."

"ကျွတ် .."

ဦးသူတော် မကြားရက်သလို မျက်လုံးတွေ မှိတ်ပစ်ကာ လက်ကာ ဘားလိုက်ပြီး ..၊

"မပြောနဲ့တော့ .."

"မပြောရလည်း ကော မလိုက်ဘူး၊ ကော ဒီမှာပဲနေမှာလို့ပြော ပြီးပြီပဲ။ ကိုယ့်ဘာသာ စိတ်ချမ်းသာသလိုနေတာ နေခွင့်မရှိဘူးလား"

ဦးသူတော်တို့ မယုံနိုင်သည့်အကြည့်တွေနှင့် ငေးစိုက်ကြည့်နေ ကြ၏။ ပြီးမှ ..၊

"ဘယ်လိုဖြစ်ရတာလဲ သမီး၊ ဦးတော်တို့ သမီးကို ဘယ်လိုမွေးမြူ အောင်ရှောက်ခဲ့ကြသလဲ၊ သမီးကို တော်ဝင်မင်းသမီးတစ်ပါးလို ဦးတော်

www.burmeseclassic.com

www.burmeseclassic.com



တို့ တန်ဖိုးထားခဲ့တာလေ ..''

သူတို့တူမကို စကားပြောတော့ ကျယ်ကျယ်အော်လိုက်ရင် အသံကြောင့် တဖြုတ်ဖြုတ်ကြွေကျသွားနိုင်သလို တိုးတိုးသက်သာ နူးနူးညံ့ညံ့..။

ခိုင်မာလှ ရင်ထဲမှာ အတွေးတွေဖြစ်ရင်း တံတွေးမျိုလိုက်မိသည်။ ခင်ဦးသျှောင်က ဘယ်လောက်ထိ ချမ်းသာနေလို့လဲ။ တကယ်ပဲ တော်ဝင်မျိုးနွယ်တွေလား။

သခင့် ကိုမေးကြည့်တုန်းကတော့ မဟုတ်ဘူးလို့ ဖြေခဲ့တာပါ။

တောင်ငူနဲ့ သုံးခွ တို့လည်း ငေးကြည့်နေကြပြီး အသက်ပြင်းပြင်း မရှူနိုင်အောင် စိတ်ဝင်စားနေခဲ့ကြသည်။

ခင်ဦးသျှောင်က မျက်နှာလေးညိုလျက်နှင့် ..

"အစက ဘယ်လိုပဲနေခဲ့နေခဲ့ အိမ်ထောင်ကျရင်တော့ အိမ်ထောင်သည်လိုပဲ နေရမှာမဟုတ်ဘူးလားလို့''

"ဟုတ်ပြီ၊ လေးတော်တို့ မေးတာကိုပဲဖြေ၊ သူ သမီးကို ဘာတွေ ..ခိုင်းသေးလဲ''

ခင်ဦးသျှောင်က ခေါင်းခါလိုက်သည်။ နှုတ်ဖျားက မဖြေသည့်အတွက် မတင်မကျဖြစ်သွားပေမယ့် သူတို့ ဘာထပ်မေးရမှန်းလည်း မသိ ..။

ကိုယ့်လူကမှ ကိုယ့်ဘက်မပါသည့်နောက်မှာ တပ်ခေါက်ဆ.. ပြန်ရုံသာ။

လှည့်ကြည့်လိုက်တော့ ဒီဘက်မှာ သူငယ်ချင်းအပေါင်းအသင်း.. တွေနှင့်၊ အခန်းထောင့်ပန်းအိုးခြေထောက်တွေကြားထဲမှာ ဖြစ်သ.. ဆိုးသိပ်သွင်းထားပုံရသည့် အထုပ်ကြီးက မုန့်ထုပ်တွေ၊ အအေးဘူး.. တိုးလို့တစ်လစ် ..။

ဒီအိမ်မှာ ဘယ်လိုကြည့်ကြည့် အချိုးမပြေသော ပန်းသခင် ဆို.. သတ္တဝါလေးနဲ့ ဒီအပေါင်းအသင်းတွေကတစ်ဖက်၊ ဘယ်သူနဲ့မှ ..



..း၊ လူအများနဲ့လည်း မနေတတ်ခဲ့သော ကိုယ့်ကလေးက တစ်ယောက်..ည်းတစ်ဖက် ..။

ဒီကလေးတွေကို ဒီအခြေအနေမျိုးနဲ့ ပစ်ထားခဲ့ပြီး ခရီးထွက်သွားသည့် ဒေါ်ဝင့်ဝါနိုင် ..။

ဦးသူတော် အံကြိတ်လိုက်သည်။

ကိုယ့်ဘက်မှာ ဆိုးရွားနေသည့်အခြေအနေဟာ ကိုယ့်ကလေးက ..အများစုကိုခင်တွယ်ပြီး သီးသန့်စောင့်ရှောက်မှုတွေထဲက ရုန်းထွက်..င်သူဖြစ်နေခဲ့ခြင်းပင် ..။

ရွှေပခြုပ်ထဲကနေ မြေပခြုပ်ထဲကို ခုန်ချမိမှန်းသိတဲ့အခါ သမီးလေး..ာ နစ်မွန်းတော့မည်။

"သမီး ..''

ဦးသူတော်က ခင်ဦးသျှောင်မျက်နှာလေးကို ငုံ့မိုးကြည့်၏။

"သမီးကို ပြုစုပေးနေကြတဲ့ မိန်းကလေးတွေထဲက နှစ်ယောက်..ရွေးပါ၊ သူတို့ကို သမီးဘေးမှာ ထားမှဖြစ်မယ်၊ ဒါမှ ဦးတော်တို့..ည်း စိတ်ချမှာ ..''

"ကော ရပါတယ်''

"မရဘူး သမီး''

ဦးသူမြတ်က ဝင်ပြောကာ သခင့်ဘက်လှည့်၍ ..

"ပန်းသခင် .. မင်း ဘာဖြစ်ဖြစ်ခိုင်းချင်ရင် တစ်ချိန်တည်း ဘယ်..မ်းပဲဖြစ်ဖြစ် ခိုင်းလို့ရအောင် ဒီအိမ်မှာ အလုပ်သမားတွေ တိုးလိုက်..င်းမတိုးဘူးဆိုရင် ငါတို့ပဲ ..''

"ခု အဆင်ပြေနေတာပဲ၊ ခင်ဦးသျှောင် တိုးလာတော့ ပိုတောင်..သားတယ်''

"ဘာပြောတယ် .. ဟေ့ကောင်''

"မိသားစုဦးရေ တိုးလာတာလို့ပြောတာပါ''

www.burmeseclassic.com

www.burmeseclassic.com



"မင်း .. မင်း .. တောက် .."

ဦးသူတော်တို့ တက်ခေါက်ကြိမ်းဝါးရင်း ပြန်သွားကြလေသည်။

"ဟား .. ဟား .. ဟား .. ဟား .."

ဂှားသံပျောက်သွားသည်နှင့် သခင်က ဆိုဖာမှာ မျက်နှာမော့တင်ပြီး တဟားဟားရယ်သည်။ အားလုံးကလည်း ပြုံးဖြီးဖြီးတွေဖြစ်ကုန်ကြကာ သက်ပြင်းချတဲ့သူချ။

ထိုစဉ် ခင်ဦးသျှောင်က နေရာမှထရပ်လိုက်ကာ ..

"ပန်းသခင် .."

ရယ်လက်စမျက်နှာနှင့် လှည့်ကြည့်လိုက်လျှင် မျက်လုံးထဲမှာ လက်တစ်ဖက်က ရိပ်ခနဲ။

"ဖြန်း ...."

သူ့မျက်လုံးတွေ မီးပွင့်သွားသည်။ ရယ်ခြင်းနှင့် သက်ဆိုင်သော လှုပ်ရှားမှုအသံဗလံတွေ တိတ်ကျသွားခဲ့၏။

ကိုယ့်ပါးတစ်ဖက်ကို လက်ခုံနဲ့ ဖိကပ်လိုက်မိရင်း သခင် နေရာမှ ထရပ်လိုက်သည်။

"မင်း ဘာလုပ်လိုက်တာလဲ၊ မင်း ဘာလုပ်လိုက်လဲ မင်းသိလား"

"သိတယ်၊ ရှင့်ပါးကို ရိုက်ထည့်လိုက်တာလေ .."

သခင်က သူမ ပခုံးနှစ်ဖက်ကို ဆတ်ခနဲ ဆွဲပင့်၍ မျက်နှာချင်း ကပ်လေသည်။ သူမက မထိအောင် အတင်းမော့ထားခဲ့လျက် ...။

"ရှင် ဘာလို့ ဒီလောက်ရှုံချင် ချိတ်ချင်နေမှန်းမသိပေမယ့် လေးထောင်တို့ မမှားဘူး၊ အဲဒါကြောင့် ရှင်မိုက်ရိုင်းတာကို ဒဏ်ခတ်လိုက်တာ၊ ရှင်နဲ့ တန်တာ အဲဒါပဲ"

ဒေါသသံလေးနှင့် အော်ပစ်လိုက်ရင်း သူ့လက်ထဲကနေ အတင်း ရုန်းထွက်သည်။ သခင်က ပြန်ဆွဲထား၍ ...

"ပြောစမ်းပါ၊ မင်းနဲ့တန်တာက ဘာလဲ .."



"ကေးက အပြစ်မလုပ်ဘူး၊ ရှင်သာဖယ် .. လွှတ် .."

သူ့လက်ကို အတင်းခါထုတ်ဖယ်ချပစ်ကာ ခင်ဦးသျှောင်က လှည့်ထွက်သွားသည်။ သို့သော် ...

"ဒါမျိုးမရဘူး"

သခင်က ခင်ဦးသျှောင် လက်တစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်ကာ ...

"အ .."

မထင်မှတ်ဘဲ နောက်ပြန်လဲပြီလို့ ခံစားလိုက်ရကာ ရင်ထဲမှာ ဖျပ်ခနဲ အေးသွား၏။ ဒါပေမဲ့ သူမကိုယ်လေးသည် သခင့်ရင်ခွင်ထဲ ရောက်သွားခဲ့ပြီး ...

"ဟ .. အဲဒါ ဆင်ဆာခန်း .."

"အယ်!..."

သူငယ်ချင်းတွေ ဝရုန်းသုန်းကား ထွက်ပြေးကုန်ကြ၏။

ခင်ဦးသျှောင်သည် ရှက်ကြောက်ခြင်းတို့ ဖုံးလွှမ်းနေခဲ့လျက် ...။ သခင့်သည် သူမခါးလေးကို ဆွဲသိမ်းပွေ့ထားခဲ့ပြီး ...။

ထို့ကြောင့် ... ဤအရာကြောင့် ပတ်ဝန်းကျင်သည် ခဏတဖြုတ် ပျောက်ဆုံးနေခဲ့လျက် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

"နှင်မိုက်ရိုင်းဦး .. ကဲ .."

"ဖြန်း .."

အချစ်ဆိုတာကို စိတ်မဝင်စားပေမယ့် အနမ်းကြောင့် မေ့မူးသွားခဲ့သည်။

ထို့ကြောင့် နောက်ထပ်ပါးတစ်ဖက် အရိုက်ခံလိုက်ရသည့်နောက် ..။

"ဒေါက် .. ဒေါက် .."

သူ ဆတ်ခနဲ ခေါင်းထောင်သွားသည်။ အိပ်ပျော်နေတာတောင် ပါးလိုက်ရိုက်နေလေသည်။ ဒီမိန်းမ ..။

"ဘာလဲ .. ဘယ်သူလဲ"

"အစ်ကိုလေးကို ဒေါ်လေးသောင်း နှိုးခိုင်းလို့ပါရှင့်"

မိချို့အသံမှန်း သိလိုက်သည်။ နာရီကြည့်လိုက်တော့ မနက်ရှစ်နာရီ ..။

"လာခဲ့မယ်လို့ပြောလိုက် .."

ဟိုတစ်ယောက် စားသောက်နေပြီလားမသိ။

သူမက ဘရိတ်ဖတ်စ်ဆို ခြံထဲမှာစားနေကျ ..။

ကိုယ့်ပါးကိုစမ်းကြည့်ရင်း အိပ်ရာပေါ်ကဆင်းသည်။ မှန်ရှေ့မှာသွားရပ်ပြီး ပါးနှစ်ဖက်ကို ဖိထောက်ကြည့်မိ၏။ နာကျင်တာတွေတော့



မသိသလောက်ဖြစ်သွားပြီ။

ဒါပေမဲ့ တချို့နေရာတွေမှာ အနီကွက်တစ်ချို့ ထင်ကျန်ရစ်၏။

"ကျွတ် .. မနေ့ကတည်းကဟာကို ဒီနေ့ထိကွာ .."

မချင့်မရဲညည်းမိရင်း မျက်နှာသစ်တော့ နာသလိုလို အောင့်သလိုလို။

လက်ဖဝါးလေးနုနုနဲ့ တော်တော်လက်သံပြောင်တဲ့မိန်းမ ..။

ခင်ဦးသျှောင် ကိုပဲမြင်ယောင်ရင်း အိပ်မရတော့လည်း တနုံ့နုံ့၊ အိပ်ရာနိုးတော့လည်း ဒေါသထွက် ..။

သူ တစ်သက်လုံး ပါးရိုက်ခံရဖို့နေနေသာသာ၊ မျက်နှာမှာ ခြင်ကိုက်ဖုတွေ့ရင်တောင် တီတီ တအံ့တဩဖြစ်သွားတတ်တာ ..။

"အဲဒါကြောင့် တောတွေဘာတွေကို အလည်မသွားပါနဲ့လို့ တီတီပြောတာ၊ သူ့ခလေ့ သူ့အထာတွေအတိုင်း ငါ့သား မနေတတ်ဘူးလေ"

လူပျိုပေါက်စတုန်းကဆို ပိုဆိုးသည်။ အလှအပကို သူစိတ်မဝင်စားခဲ့သလောက် အားကစားလုပ်ဖို့၊ ဂျင်ဆော့ဖို့၊ မျက်နှာသစ်ဆပ်ပြာကအစ တီတီပဲ အားလုံးဂရုစိုက်ခဲ့တာဖြစ်၏။

ခုတော့ .. ဒီမျက်နှာမှာ လက်ဝါးတံဆိပ်တွေနဲ့ ..။

ဒေါသဖြစ်နေတဲ့ကြားက ပြုံးရင်း ဆံပင်တွေ ဖွပစ်မိသည်။ ထိုစဉ်မှန်းဝင်လာကာ ...

"ဟလို .."

"ဟော့ကောင် .. မင်း ဘယ်လိုလဲ သခင် .."

"ဘာလဲ၊ ဘာကိုဘယ်လိုလဲ လဲ၊ ဒီမှာ ဘာမှမစားရသေးဘူး .. ဒါပဲ"

"ဟာ .. ဟော့ကောင် နေပါဦးဟ၊ မင်း ပါးရိုက်ခံရတာလေးကို ထမင်းမဝါးနိုင်တော့တာလား .."

"သုံးခွ .."

"ပျော့လိုက်တာကွာ၊ ဒီလောက်ဖြစ်စရာလားကွ၊ ငါက မနေ့က မင်းရဲ့ဖီလင်ကို ကူးစက်ခံစားကြည့်ချင်လို့ .."

www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ .."

"ဟ .."

သုံးခွ ဖုန်းနဲ့ နားနဲ့တောင် ကွာသွားသလားမသိ ..။

"အော်လိုက်တာ သခင်ရာ၊ အဲ့လိုဖီလင်မျိုးကိုပြောတာပါ၊ မုန်းလို့ပဲကွာ၊ စကားများတောင် မခံတော့ဘူး .."

"သုံးခွ .. မင်းထင်ရာတွေ စွတ်ပြောမနေနဲ့၊ မနေ့က ငါ ပါးရိုက်ခံရတာ နှစ်ချက် .."

"ဟမ် .. ဘယ်လို .."

"ဒါပဲ၊ မပြောချင်တော့ဘူး .."

"ဟာ .. နေပါဦး၊ ခဏ .. ခဏလေး .. ငါ မင်းကိုပြန်ချောင်းကြည့်တော့ မင်း ရင်ခုန်သံတွေနဲ့ ဘုန်းဘုန်းလဲနေတဲ့ပုံကြီး .."

"ဒါသထွက်လို့ နှမ်းပစ်လိုက်တာ၊ ဘာကို ဘုန်းဘုန်းလဲရမှာလဲ"

"ဟား .. ဟား .. ဟား .. ဟား .."

သုံးခွ ဟားတိုက်ရယ်ပစ်လိုက်တာ စိတ်က ပိုတင်းသွား၏။ ထို့ကြောင့် ပိတ်ပစ်လိုက်သည်။

အပြီးသတ်ခေါင်းဖြီးနေစဉ် နောက်ထပ်မြည်လာ၏။

သုံးခွါမြည်နေမှ ကိုင်လိုက်မိကာ ..၊

"မင်းတော်တော်ဝါသနာကြီးတယ် .. ဟုတ်လား၊ ပြောပြမယ် ငါ သူ့ကို နမ်းလိုက်တုန်းက .."

"ဘုရား .. ဘုရား .. မင်း ဘယ်သူ့ကို နမ်းလိုက်တာလဲ သား မင်းကိုယ်မင်း အိမ်ထောင်သည်ဖြစ်နေပြီဆိုတာ မေ့နေတာလားဟင်.."

ဘာလဲဟ ..။

ဖုန်းထဲကို တီတီ့အသံလိုင်း ပူးဝင်လာတာတော့ မဖြစ်နိုင် ..။

ရင်ထဲမှာ ဒိုင်းခနဲ ထမြည်၏။ တီတီ့ဖုန်းကို သူဝဲ မှားပြောလိုက်မိတာလား ..။



"ရာန်တော့ .. ကန်တော့နော် တီတီ၊ သားက သုံးခွ မှတ်နေတာ"

"သုံးခွ ဖြစ်ဖြစ် လေးငွဖြစ်ဖြစ် ဘယ်သူနဲ့ပြောပြော အခုပြောနေတဲ့အကြောင်းကို တီတီ မေးနေတာ၊ မင်း ဘယ်သူ့ကို နမ်းလိုက်တာလဲဟင် .."

"အဟွန်း .. ဟို .. မဟုတ်ပါဘူး တီတီရ၊ အဲဒါ .."

"မဟုတ်ရင် ငါ နမ်းလိုက်တုန်းကဆိုတာ ဘာလဲလို့ .."

"အဲဒါ အိပ်မက်မက်တာကို ပြောတာပါ .."

တီတီ့ အသံ ခဏတိတ်သွားသည်။

"တကယ်ပြောတာပါ၊ စောစောစီးစီး ဒီကောင်လာနှိုးလို့ လျှောက်ပြော နောက်နေတာ၊ အဟွန်း .. တီတီ သိရဲ့သားနဲ့၊ သားက လက်ထပ်တာ သိပ်မကြာသေးတော့ ဒီသတ္တဝါလေးတွေ ခုထိ စနောက်နေကြတုန်း.."

"ပြီးရောပြီးရော .. အခု တီတီပြန်လာနေပြီ၊ လေဆိပ်မှာ လာကြို"

"ဟာ .. ဒါနဲ့ ငါးရက် တစ်ပတ်ဆို .."

"ငါးရက်တစ်ပတ်နေရင်တော့ အိမ်ပါ ဖောက်ထိုးဖြစ်နေမလားမှ ရှေ့ကိုယ်တော်၊ တီတီ မင်းကြောင့် စိတ်ညစ်တယ် သခင်ရယ် .."

"ဟာ .. ဘာဖြစ်လို့လဲ၊ သား ဘာမှမလုပ်ဘူး၊ လိမ်လိမ်မာမာ နေနေတာ"

"အေး .. ဒါပေမဲ့ ဦးသူတော် တီတီ့ကိုပြောသွားတာတွေ ခေါင်းဆောင် မီးတောက်သွားနိုင်တယ်၊ ပြန်လာမှပဲ ပြောမယ်ကွာ၊ ဒါပဲ .."

တီတီ စိတ်ဆိုးနေပြီဆို ချစ်ဖို့ကောင်းသည်။ တစ်ခါတလေ ကလေးဆိုကြီးလို စကားလုံးတွေ၊ အမူအရာတွေဖြစ်သွားတတ်ကာ တစ်ခါတလေကျတော့လည်း အမေတစ်ယောက်လို ..။

"ဟော .. လူလေး ထွက်လာပြီ၊ ဘာစားမလဲ၊ အကုန်အဆင်သင့်ချထားတယ်"

"မစားသေးဘူး ကြီးသောင်း၊ တီတီ ပြန်လာနေပြီ၊ သွားကြိုလိုက်

www.burmeseclassic.com

www.burmeseclassic.com



ဦးမယ်"

"ဟယ် .. မမပြန်လာပြီလား"

"ဟုတ် .."

သူ ခြေလှမ်းကျဲတွေနဲ့ ထွက်လာပြီးမှ တုံ့ခနဲ ဖြစ်သွားကာ ...

"ကြီးသောင်း .."

အခန်းရှေ့ပြန်ရောက်လာတော့ ဒေါ်သောင်းတင် ထူးရင်း ကမန်းကတန်း ထွက်လာ၏။

"ဘာလဲ လူလေး၊ ကြီးသောင်း ဘာလုပ်ပေးရမလဲ"

"ခင်ဦးသျှောင်ရော .."

ဒေါ်သောင်းတင်မျက်နှာ တစ်မျိုးဖြစ်သွားသည်။ ပြီးမှ ခပ်ပြုံးပြုံး ဖြစ်လျက် ..

"သမီးလေးလည်း မနက်ကမှ ထွက်လာတယ် .."

ကြီးသောင်းအပြုံးကြောင့် သခင် မျက်နှာပူသွားမိသည်။ မနေ့က ကိစ္စ ကြီးသောင်း သိနေလို့လား ...။

အနားမှာ ဘယ်သူတွေ ရှိတာ မရှိတာ ဂရုမစိုက်မိတော့အောင် လက်တုံ့ပြန်ချင်စိတ်က ပြင်းထန်သွားခဲ့သည်။

ပြီးတော့ ..

ပြီးတော့ သူ ဘာမှမသိလိုက်ဘဲရှိကာ ...။

"အဟွန်း .. ဟွန်း .."

သေစမ်း ...။

ကြီးသောင်းရဲ့ ရယ်သံသဲ့သဲ့က ကျောပြင်ကို ရေနွေးနဲ့ လှမ်းပက်လိုက်တဲ့အတိုင်း။



## အခန်း (၂၃)

လမ်းမှာတည်းက ဦးသူတော်တို့ စည်းကြပ်လိုက်သည့်အကြောင်းတွေပြောလာတာ နားမီးခိုးအူမတတ်ပင်။ အိမ်ရောက်တော့မှ ထိုစကားသံတွေတိတ်ကာ ..

"ဗိုက်အရမ်းဆာလာတာ ဘာမှကိုမစားခဲ့ဘူး၊ ဒေါ်သောင်းတင် မြန်မြန် ပြင်ဆင်စမ်းပါ" တဲ့ ...။

ဒေါ်ဝင့်ဝါခိုင် လက်ကိုင်အိတ်ကို သူ့လက်ထဲကယူပြီး အခန်းထဲ ဝင်သွားကာ ...၊

"ကေး ရော .."

"ခင်ဦးသျှောင် လား .."

"ဟဲ့ .."

သခင်က ခေါင်းကုတ်၍ ..

"သားက ခင်ဦးသျှောင် လို့ပဲခေါ်တော့ ထပ်ပြီးအတည်ပြုလိုက်တာပါ .. တီတီကလည်း .."

"သခင်နော်၊ သားရဲ့အချိုးကိုက မဟုတ်တာ၊ တီသိသိတယ်၊ ဒီ

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စမှာ သားပဲလွန်တာ ..”

“ဟာ .. တီတီ ဘာဖြစ်လို့ ဟိုဘက်ကလူဖြစ်သွားတာလဲ”

“ဘာလို့ ဟိုဘက်ကဖြစ်ရမှာလဲ၊ ခုပဲ .. မင်း ..”

“သားရှင်းပြနေတာပဲဟာ၊ နာမည်နှစ်ခုဖြစ်နေလို့ တစ်ခုကို ပြောလိုက်မိတာ .. ကျိုင်ပဲ တီတီရာ”

ညည်းညူသလိုနှင့် တီတီ့ရှေ့က လစ်ထွက်ခဲ့မိသည်။

“ဟေ့ .. နေဦး”

ဒေါ်ဝင့်ဝါခိုင်က သူ့ရှေ့ ချက်ချင်းရောက်လာကာ ..

“သားမျက်နှာက ..”

“ဘာမှမဟုတ်ဘူး”

လက်ခါပြ၍ ထွက်လာခဲ့ရင်း ..

“မနေ့က ဟိုကောင်တွေနဲ့ ဆော့ရင်းဖြစ်တာ ..”

ဟု ရောရွေးပြောခဲ့ပြီး ..

ဒီလောက်တောင် သိသာနေတာလား ..။

ပါးနှစ်ဖက်ကိုစမ်းရင်း မျက်နှာတစ်ခုက ပေါ်လာသည်။

တော်တော်လက်သံပြောင်တဲ့မိန်းမ ..။ ဒီဒဏ်ရာ သေရာပါလို့ကတော့ တွေ့မယ် .. မင်း ..။

“အား .. နာတယ် ကြီးကြီးရဲ့”

အော်သံကျယ်ကြီးမဟုတ်ပေမယ့် နာနာကျင်ကျင်ညည်းလိုက်တာမို့ ထမင်းစားခန်းရှေ့ရောက်မှ ခြေလှမ်းတွေ ရပ်သွားခဲ့သည်။

“ခဏပါပဲ သမီးရယ်၊ အနွေးဓာတ်လေးရသွားရင် သက်သာသွားမှာပါ”

“ဟုတ် .. ဒါပေမဲ့ ..”

“ဟုတ်ပြီ၊ ကြီးကြီး မဖိပေးတော့ဘူး၊ သာသာလေးပဲ ကပ်ပေးမယ်၊ ဟုတ်ပြီလား”



“ဟုတ် ..”

အသာခေါင်းပြူကြည့်လိုက်တော့ သူမရဲ့ ညာဘက်လက်ဖဝါးလေးကို ကြီးသောင်းက ရေနွေးဖတ် ကပ်ပေးနေတာဖြစ်၏။

ဘာဖြစ်လို့လဲ .. ဒီလက်ဖဝါးက ..။

သူ တွေးလိုက်မိစဉ် ..

“ဒီမှာ ဘာလုပ်နေတာလဲ”

ရုတ်တရက်မို့ တီတီရောက်လာတာကို မသိလိုက်ဘဲ သူ လန့်သွားသည်။

“အထဲမဝင်ဘဲ ဘာလုပ်နေတာလဲ၊ ဘာမှမစားရသေးဘဲ တီတီ့ကို လာကြိုတာဆို ..”

“ဟုတ်တယ်၊ ဟို .. ဟိုကောင် .. တောင်ငူကို ဖုန်းပြန်ခေါ်ဖို့ ချိန်းထားတာ သတိရတာနဲ့ ..”

“အဲဒါ ဘယ်လောက်အရေးကြီးနေလို့လဲ၊ နောက်မှခေါ် .. အခု လာခဲ့ ..”

ဒေါ်ဝင့်ဝါခိုင်က သခင့် ကိုခေါ်ခဲ့ရင်း ..

“မင်းတို့နှစ်ယောက်စလုံးကို ပြောစရာရှိတယ်”

လို့ပြောရင်း စားပွဲမှာ ဝင်ထိုင်လိုက်၏။ ခင်ဦးသျှောင်က ဒေါ်သောင်းတင်နားကနေ ချက်ချင်းထွက်လာပြီး စားပွဲမှာ ဝင်ထိုင်သည်။

သို့သော် မျက်နှာလေးကို ငုံ့ထားလျက် ဘိတ်ဆိတ်နေ၏။ ကိုယ်ပိုင်ခန်းနဲ့ ရောက်လာတာတောင် နှုတ်ဆက်ဖော်မရပါလားလို့ ဒေါ်ဝင့်ဝါခိုင် တွေးနေမိတုန်း ..၊

“အ ..”

“ခေါက် ..”

ကော်ဖီပန်းကန်သည် သူမလက်ထဲကနေ ခေါက်ခနဲပြုတ်ကျကာ အစက်အပြောက်တွေ ထွက်ကုန်၏။

www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ သမီး"

"ရှင် .. ဟို .."

သူမက လက်လေးဆုပ်ထားသဖြင့် ဒေါ်ဝင့်ဝါနိုင် သတိထားမိ သွား၏။

"လက်က ဘာဖြစ်လို့လဲ"

"ဟင့်အင်း .. ဘာမှမဟုတ်ပါဘူး"

သခင့် ဆီဝေ့သွားသည့် ခင်ဦးသျှောင် အကြည့်က မျက်လုံးချင်းမဆုံ ခင် ပြန်ရုပ်သိမ်းသွားသည်။ ဒေါ်ဝင့်ဝါခိုင်က ရိပ်မိ၏။ ထို့ကြောင့် သခင့် ကို လှည့်ကြည့်လိုက်မိသည်။

ဟင်!...

မျက်နှာပေါ်က ဘာတွေလဲ။

ကားပေါ်မှာတုန်းကလည်း သေချာသတိမထားမိဘဲ စကားတွေပဲ ပြောလာခဲ့သည်။ ခုနမေးတော့လည်း မေးလိုက်တာနဲ့ ပျှည့်ထွက်သွား တာ သေချာမကြည့်မိလိုက် ..။

"သခင် .."

"ဗျာ .."

"သားမျက်နှာက ဘာတွေလဲ"

"ဟင် .. အဲဒါ .."

သူ့ပါးသူ ကိုင်မိမလိုဖြစ်သွားပြီးမှ ..

"ဘာမှမဟုတ်ပါဘူးလို့ ခုန သားပြောပြီးပြီလေ .."

ဒေါ်ဝင့်ဝါနိုင် မျက်လုံးတွေ နှစ်ယောက်စလုံးဆီ နှစ်ခေါက်လောက် ပြေးလွှားသွား၏။ ပြီးမှ ..။

"တစ်ယောက်က ပါးမှာ၊ တစ်ယောက်က လက်ဝါးမှာ .."

ကိုယ့်ဘာသာပြောမိရင်း အဖြေတစ်ခုခုကို စဉ်းစားမိသွား၏။

"ဒေါ်နှသောင်းတင် .."



"ငွမ် ...."

"ရှင် .. မမ .."

ဒေါ်လိုက်တာနှင့် ဆေးပြီးသားပန်းကန်က ဘေစင်ထဲ ပြန်လွှတ် ၏။ ပြီးမှ ထူးသံထွက်လာကာ ..။

"မမ ... ရှင် .."

အနားရောက်လာတာ ခါတိုင်းလို မျက်နှာရှေ့မှာ မြင်သာအောင် နေဘဲ သားမက နောက်မှကျနေရာမှာပဲ ခပ်ကုပ်ကုပ်ရပ်နေ၏။ ဒေါ် င့်ဝါနိုင် ကော်ဖီပန်းကန်ကို ပြန်ချထားလိုက်ပြီး နောက်ပြန်မော့ကြည့် တာ ..။

"အိမ်မှာ ဘာပြဿနာတွေ ဖြစ်နေကြတာလဲ .."

"ဟို ..."

"ဦးသူတော် တို့ရောက်လာပြီးဖြစ်တဲ့ ပြဿနာတွေ ကျွန်မသိပြီးပြီ"

"ဟင် ..."

"အဲဒါနဲ့ပတ်သက်ပြီး ကလေးတွေ ဘာဆက်ဖြစ်ကြသလဲ .."

"ဟို .. အဲဒါလေ .. ကျွန်မ .. ကျွန်မ မသိပါဘူး မမရယ်"

"ကဲ .. ဘယ်သူပြောမှာလဲ"

"ဟင့်အင်း .."

ခင်ဦးသျှောင် မျက်နှာလေးနီရဲလျက် ခေါင်းတခါခါဖြစ်နေလျှင်..။

"ဒါဆို သမီးလက် ဘာဖြစ်တာလဲ .."

"ဟို ရေချိုးပြီးမှ ကျိန်းလာလို့ပါ၊ ဘာမှမဖြစ်ပါဘူး .."

"မဖြစ်ရင် ဘာလို့ ကော်ဖီခွက် ်လွှတ်ကျတာလဲ .."

"ကျိန်းနေလို့ .."

"ဘာဖြစ်လို့ ကျိန်းနေရတာလဲ"

မဆိုသောအကြည့်တစ်ချက် နောက်ထပ်ဝေ့သွားလျှင် ဒေါ်ဝင့်ဝါနိုင် ည်း သခင့်ကို ငဲ့ကြည့်၏။ ပြီးတော့ ပါးပေါ်က ဒဏ်ရာပုံးကို ရူးစိုက်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ရင်း ..

"ငါသိပြီ .."

စားပွဲပေါ်မှာ လက်ဖျားနှစ်ဖက် ခပ်ဆတ်ဆတ်ပုတ်လိုက်ပြီး ဒေါ်ဝင့်ဝါခိုင် လေသံက အလန့်တကြားပုံပေါက်သွားခဲ့လျှင် ..၊

"တစ်ယောက်က ပါးပေါ်မှာ၊ တစ်ယောက်က လက်ဝါးပေါ်မှာ ဒါကို ခုနတည်းက ဘာလို့မတွေးမိမှန်းမသိဘူး"

ပြောနေရင်း နေရာမှထရပ်လိုက်ပြီး ထိုင်ခုံရှိ ခြေထောက်နဲ့ တိုက်ဖယ်၏။ နှစ်ယောက်စလုံးကို လှည့်ကြည့်နေဖို့မလိုဘဲ ဖြစ်ရတဲ့ အထိ နောက်ဆုတ်ရပ်လိုက်ရင်း ..၊

"မင်းတို့တွေ ပါးရိုက်နားရိုက်ထိ ဖြစ်ခဲ့ကြတယ် ဟုတ်လား .."

သခင်နဲ့ ခင်ဦးသျှောင် တို့လည်း ကမန်းကတန်း ထရပ်လိုက်ကြ၏။ ဒေါ်သောင်းတင်ကတော့ လစ်ထွက်သွားပါပြီ။

"သခင် .."

"ခင်ဗျာ .."

"မင်း မပြော၊ ဟိုက လူကြီးတွေ ပြန်သွားကာမှ သူများမခံချင်အောင် မင်းဘာတွေ သဖန်းပိုးထိုးနေသလဲ .."

"သား ဘာမှမပြောဘူး"

"မပြောဘဲ မင်းကို သူ ပါးပြေးရိုက်တာပေါ့"

"သူ့ကို မပြောဘူးလို့ပြောတာ .."

ဒါဆိုရင်တော့ ဦးသူတော်တို့ ကိစ္စတွေ အားလုံးမှန်နေပြီဆိုတာ သေချာပါပြီ။

သူ့ဦးလေးတွေကို ပြောဆိုတာတွေ လွန်လွန်းလို့သာ ခင်ဦးသျှောင် ဒီလိုလုပ်တာ ဖြစ်နိုင်သည်။

ဒါပေမဲ့ သူမက ဦးလေးတွေဘက်က ဝင်ပါပါတယ်လို့ ဦးသူတော် ပြောသွားတဲ့ထဲမှာ မပါသည့်အပြင် ..၊



"ကျုပ်တို့တူမက ကိုယ့်ဘက်ကမပါဘဲ ဖြစ်နေတဲ့အတွက် ခင်ဗျား တို့ သက်သာသွားတယ်မှတ်ပါ၊ မဟုတ်ရင် ကျုပ်တို့ ဘာလုပ်နိုင်တယ် ဆိုတာ ပါးစပ်ကပြောမနေဘူး" လို့တောင် ကြိမ်းဝါးသွားသေးသည်။

ဒါဆို လူကြီးတွေပြန်သွားပြီးမှ ပြဿနာထဖြစ်ကြတာလား ..။

"ပြော .. မင်းမပြောရင် ငါ လုံးဝ လက်လျှော့မှာမဟုတ်ဘူး၊ အမှန် အတိုင်းပြောစမ်း"

သခင် ပါးကုတ် နားကုတ်နှင့် အဖြစ်သနစ်ကို ပြောပြလိုက်သည် တွင် ..၊

"ဘယ်လို .."

ဒေါ်ဝင့်ဝါခိုင် နှုတ်ခမ်းတွေ အရင်ပွင့်ဟနေခဲ့လျက် နားထောင် ပြီးတော့မှ တအံ့တသြ ထပ်မေးမိကာ ..၊

"မင်း .. မင်း .. အဲလိုတုံ့ပြန်တယ် ဟုတ်လား၊ မင်း ရမ်းကားလှ ချည်လား"

"အဲဆို သားက သူလုပ်သလို ပြန်လုပ်ရမှာလား"

မေးပုံက ..။

ဟုတ်တယ်၊ မင်းလုပ်လိုက်တာ အမှန်ပဲလို့များ ပြောစေချင်သေး တာလား။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

တံခါးက ဟထားသည်။ အထဲကိုလှမ်းကြည့်လိုက်တော့ သူမက မွေ့ရာအောက ကြမ်းပေါ်မှာ ဂါဝန်လေးအပုံသားနှင့် ထိုင်နေပြီး ဘာလုပ်နေသည်မသိ။

"ခင်ဦးသျှောင် .."

"…. …. …. …."

"ဒေါက် .. ဒေါက် .."

"ဟိတ် … ခင်ဦးသျှောင်"

သူမက နည်းနည်းလေးမှ လှည့်မကြည့်။

"ငါ ဝင်လာခဲ့မှာနော်"

သူမထံမှ စကားပြန်မရသည့်အဆုံး အထဲကို ဝင်သွားလိုက်မိ၏။ သူမက တစ်စုံတစ်ခုကို သည်းကြီးမည်းကြီး အာရုံစိုက်နေရာမှ အနား ရောက်မှ မော့ကြည့်ကာ ..

"ပန်းသခင် .."



သေချာပုံချပြီး ထိုင်နေရာမှ ကမန်းကတန်းထရပ်လိုက်သည်။ တံခါးပွင့်နေတာကိုလည်း အလန့်တကြား လှမ်းကြည့်လိုက်ရင်း …၊

"ရှင် ဘာလို့ဝင်လာတာလဲ၊ ဘာလာလုပ်တာလဲ၊ ထွက် .. ထွက်"

"အံမာ .. မင်းက လူကို ခွေးမောင်းသလို မောင်းနေတာလား"

"ထွက်ဆို .. ဘာလုပ်နေတာလဲ"

"ခင်ဦးသျှောင် .."

လူကို တွန်းပစ်လိုက်သဖြင့် လက်ကိုဖမ်းဆွဲလိုက်တော့ သူမ မျက်ဝန်းလေးတွေ ပြူးကျယ်သွား၏။ ကော့နက်သော မျက်တောင်ရှည် တို့သည် မျက်ဝန်းအိမ်လေးကို လှပစွာ ဝိုင်းဖွဲ့ကာရံထားသလိုရှိလျက် အထိတ်တလန့်ပို့စ်ဆိုပြီး ရိုက်ယူထားချင်စိတ်ပါ ဖြစ်သွားမိသည်။

သခင် ကိုယ့်စိတ်ကိုလျှော့ပြီး သူမ လက်လေးကို လွှတ်လိုက်ကာ…၊

"မင်းကို ပြောစရာရှိလို့ ခေါ်နေတာ၊ မနေ့တုန်းကကိစ္စအတွက် င်းအပေါ် ငါအကြွေးတင်နေလို့"

သူပြောနေတာကို မျက်မှောင်လေးကုပ်၍ နားထောင်နေရင်း ..

"နေဦး .."

လို့ပြောလျက် ကြမ်းပေါ်ကတစ်စုံတစ်ခုကို ပြန်လှည့်ကောက် သည်။ ဘာမှန်းမသိလိုက်ပေမယ့် နားထဲထည့်လိုက်တာတွေ့မှ …၊

"ဟာ .. မင်း ခုမှ နားကြပ်တပ်တယ် ဟုတ်လား၊ ငါက အစကနေ ပြန်ပြောရတော့မှာပေါ့"

"ပြောချင်စိတ်မရှိတော့ရင်လည်း ပြန်၊ ရှင်ပြောမှာကို ဘယ်သူက ဝင်စားလွန်းလို့လဲ"

"တကယ်လား၊ မင်း မနေ့ကပြောခဲ့တာကို ငါပြန်လုပ်ပေးမယ်လို့ ပြောတာ၊ မလိုတော့ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးသျှောင် မျက်နှာလွှဲလိုက်ပြီးမှ ငေးသွားသည်။ မနေ့က လေးတော် တို့လာကြမှ သူ အတင်းအကျပ်ကိုင်ပြောခဲ့သည်။

"မင်းဦးလေးတွေ နည်းနည်းလေး စိတ်ကသီကအောင်ဖြစ်ရုံပဲ၊ ငါလည်း ဒီလောက်တော့ တုံ့ပြန်ခွင့်ရှိတယ်မဟုတ်ဘူးလား"

"မင်း သရုပ်ဆောင်နေဖို့မလိုဘူး၊ ငါပြောသလို အလိုက်အထိုက်နေရုံပဲ"

"စိတ်ချ ... အဲဒါပြီးရင် မင်း ငါ့ကို သူငယ်ချင်းလို ဘာမဆို တိုင်ပင်နိုင်တယ်၊ ငါတတ်နိုင်သမျှ လုပ်ပေးမယ်" တဲ့။

သူမ စဉ်းစားနေတာကို စိုက်ကြည့်ပြီး သခင်က ပင့်သက်ရှိုက်ကာ ...

"ငါကလည်း မင်းကို အလံဖြူလာပြတာမဟုတ်ဘူး ခင်ဦးသျှောင် ငါ့ပါးပေါ်မှာ မင်းလက်ဝါးရာမပျက်သေးပေမယ့် ယောကျ်ား ပီသစွာ ကတိတည်ချင်လို့ ..."

"ဟွန်း ..."

"ဘာပြုံးတာလဲ"

ခင်ဦးသျှောင်က ဘယ်လိုပဲနေနေ မုန်းလို့မရအောင် လှနေခဲ့လျှင် နှုတ်ခမ်းသားလေးတွေကို သိသာအောင် တွန့်မဲ့၍ ...၊

"ဘာပြုံးတာလဲဆိုတော့ ရှင်ယောကျ်ားပီသချင်နေတာကိုပါ"

"ဒါဆိုရင်တော့ မင်းနားမလည်သေးဘူးပဲ၊ ဒီမှာ ..."

သူက ခင်ဦးသျှောင်ရှေ့ကို တိုးသွားလိုက်ပြီး ...

"ယောကျ်ားပီသချင်တာမဟုတ်ဘူး၊ မင်းယူထားတဲ့သတ္တဝါ ယောကျ်ားစစ်စစ်ကြီးဆိုတာကို မင်းပဲမေ့နေတာ ..."

သူမပါးပြင်လေးနှစ်ဖက် ရဲခနဲ ဖြစ်သွားတော့ သူ ပြုံးမိကာ -



"ရှုးချင်ယောင်ဆောင်နေတာကို ရှုးလား မရှုးလားသိရအောင် ကြိုးစားမနေပါနဲ့၊ မင်းစိတ်ညစ်သွားလိမ့်မယ်"

"ရှင်နော် ..."

"မင်းပြောလို့ ပြောပြတာ၊ အခု ဘယ်လိုလဲ"

သူမ ငြိမ်သွားပြန်သည်။ ပြီးမှ ...

"အန်တီဝါက ပြန်ရောက်နေပြီ"

"မင်းသွားချင်လားပဲပြောပါ"

"ရှင်ဘာလုပ်ပေးပေး ကော်း ထွက်သွားရင် ကေားကိုပဲဆူမှာပေါ့၊ နောက်ပြီး ကေားက ကတိပေးထားခဲ့တာ ..."

"ကိုယ်နဲ့ ရှောနပ်ပင်းထွက်မယ်လို့ ပြောလို့ရတယ်"

သခင့်စကားကြောင့် ခင်ဦးသျှောင် မျက်ဝန်းလေးတွေ လက်တောက်သွားသည်။ သို့သော် ...

"ရှင်နဲ့ မသွားချင်ပါဘူး"

"ဘယ်သူကရော မင်းနဲ့ သွားချင်လွန်းလို့လဲ၊ မင်းပြန်ချိန် ငါနဲ့ပြန်ဆုံရင် ပြီးတာပဲမဟုတ်လား"

သူမ မျက်နှာလေး ပျော်သွားကာ ပန်းနုရောင်ဖျော့ဖျော့မှာ ပါးမို့သားတွေ နီရဲနေလျှက် တစ်ခါတစ်ခါ ချစ်စရာလေးလို့ တွေးမိပေမယ့် တစ်ခါတစ်ခါမှာတော့ ...။

"ခုသွားရမှာလား"

"ခုဆိုလည်းဖြစ်တယ်၊ ဒါပေမဲ့ မင်း ငါခေါ်တာနဲ့ ငါ့ဆီပြန်လာရမယ်"

"ကေားက ဖုန်းမှမကိုင်တာ ..."

"မကိုင်လို့မရဘူး"

www.burmeseclassic.com

www.burmeseclassic.com



"အို .. မကိုင်ပါဘူး၊ ရှင်မပြောနဲ့၊ ကေးကို ဖေဖေတောင် အမိန့်မပေးခဲ့ဘူး"

"ငါက မင်းအဖေမှမဟုတ်တာ .."

"ရှင်နဲ့မှ ထွက်လို့ရမှာဆိုပြီး ပါ၀ါလာပြနေတာလား"

"ကြိုက်သလိုထင် .."

"ကေး ဖုန်းမကိုင်ဘူး"

"အိုကေ .."

သူက ခေါင်းညိတ်ပြီး ချက်ချင်းလှည့်ထွက်သွားသည်။

"ပန်းသခင် .."

သူမပဲ နောက်က လိုက်သွားမိကာ ..

"ရှင် ဖုန်းပေးမှာလား"

"ဒါပဲမရသေးဘူး"

သခင်က သူမဘက်ကို ပြန်လှည့်ရပ်လိုက်သည်။ အဖြူပေါ်မှာ ပန်းနုရောင်နှင်းဆီပွင့်တွေနှင့် ဂါ၀န်ပွပွကို ဝေ့ခနဲ ကြည့်လိုက်ပြီး –

"မင်း ဒီအတိုင်းထွက်တော့မှာမို့လား"

"အင်း .."

"အပြင်မှာ ဂါ၀န်တကားကားနဲ့မကောင်းဘူး၊ အတိုအကျပ်တွေလည်းမကောင်းဘူး၊ ဘောင်းဘီရှည်ဝတ် .."

"ဘာ .."

"စောဒကမတက်နဲ့၊ အပြင်မှာ အဆင်ပြေလုံခြုံမှုရှိဖို့ပြောနေတာ အပြင်မှာ မင်းဘယ်နခါ လျှောက်ပတ်ဖူးလို့လဲ"

"ဟိုတစ်ခါနဲ့ဆို နှစ်ခါ"

"ဘယ်လိုနေလဲ"



"အဲဒါ ..."

ခင်ဦးသျှောင်က ပြောသင့်မပြောသင့် စဥ်းစားလိုက်ပြီးမှ ..၊

"ထွက်သွားတုန်းကပျော်တယ်၊ ဒါပေမဲ့ အိမ်ကတားမြစ်ထားတာကို ချိုးလှပ်ခဲ့တဲ့အသိက လေးလံနေသလိုပဲ၊ နောက်ပြီးတော့ မပြန်တတ်တော့ဘူး၊ ဟိုတစ်ခါ ရှင်တို့ကို လာခေါ်ဖို့ ဖုန်းဆက်ရသလိုမျိုးပဲ၊ အဲဒီတုန်းက သူ့ကြောင့် ငါ့ကြောင့်နဲ့ ဦးတော်နဲ့ ဦးမြတ်တို့လည်း ရန်တွေဘာတွေဖြစ်ကြရော .."

"ငါတို့ကတော့ ဘ၀ပါပျက်မှာ၊ မင်းလူကြီးတွေက စွပ်စွဲမယ်၊ စကားလုံးအကြီးကြီးတွေနဲ့ ပစ်ပေါက်မယ်၊ ဒီကပါးစပ်ကလည်း အမေမွေးတည်းက မတရားသဖြင့်စကားတွေကို တစ်ခွန်းမကျန် ခံပြောဖို့ ဘျှမ်းကျင်အဆင့်နဲ့ ထွက်လာခဲ့တာ .."

သိတယ်လို့ အော်ပြောလိုက်ချင်သည်။ ဒေါသတွေလည်း အသစ်တပြန်စဖို့ ခေါင်းပြူလာခဲ့၏။ မနေ့တုန်းက ဦးတော်တို့ စိတ်ဆိုးသည်ဆက်ဆိုးအောင် ပြောနေလိုက်တာ ဒီကပဲ သူ့နိုင်းဖက်လိုလို။

"ဘယ်လိုလဲ၊ ဖြစ်နိုင်တာပဲလို့ တွေးနေတာလား"

ဒါလည်း သူသိလိုက်တာပဲလား။

မကျေနပ်သည့်အကြည့်တစ်ချက်က ဖုံးဖိချိန်မရလိုက်ခင် ရောက်သွားခဲ့သည်။ သခင်က ကြည့်နေတာမို့ မျက်လုံးချင်းဆုံသွားခဲ့၏။ သူ့နှုတ်ခမ်းတွေ ပြုံးယောင်သမ်းသွားလျက် –

"နောက်တစ်ခုက ခုပြောတာတွေကို မင်းလိုက်နာရမယ့်အပြင် တော်လို့ မင်းဦးလေးတွေနဲ့ ထပ်ဆုံမိခဲ့ရင် မင်းနဲ့ငါ လက်ဝါးချင်းရိုက်သွားခဲ့တာကို မပြောရဘူး၊ ဟိုတစ်ခါ ဆက်ဆံရေးအတိုင်းပဲ၊ မင်းက ငါ့ကို မလွန်ဆန် .."

www.burmeseclassic.com

www.burmeseclassic.com



"မရဘူး၊ အဲဒီကိစ္စကို ရှင်ထပ်ပြောတာတောင် နားထောင်နေရ တာ နားခါးတယ်၊ ရှင့်ကို ကေးက ဘာဖြစ်လို့ ခဏခဏမိုက်ရိုင်းခွင့် ပေးနေရမှာလဲ"

"နောက်ထပ် ဒီလိုမပြင်းထန်စေရဘူးလို့ ငါကတိပေးတယ်၊ အခု ဖြစ်သွားတာ မရည်ရွယ်ဘဲနဲ့ပါ၊ မင်းဦးလေးတွေကရော .. လူယဉ်ကျေ တွေမို့လို့လား"

"ဘာ .."

"ဆောရီး .."

ပြောပြီး ရယ်ကျဲကျဲမျက်နှာနှင့် ထွက်သွားသည်။ လူပုံက ပျော် နေတတ်သလို အချိန်တိုင်း မျက်နှာပေါ်မှာ အပြုံးတွေနဲ့ ..။

ဂျစ်ကန်ကန်ဖြစ်သွားပြီဆို အဲဒီနှုတ်ခမ်းများမှာ ပုဏ္ဏကတိုက်လိုက် အတိုင်း။

တွေးနေရင်း ကိုယ့်ဗီရိုကို လှည့်ဖွင့်ရင်း အောင်းတီရှည် ရှာနေရသည် တစ်ယောက်တည်း အပြင်ထွက်လည်ချင်မိတဲ့အပြစ် ..။



## အခန်း (၂၅)

"ကျွတ် .."

နာရီတကြည့်ကြည့်နှင့် စုပ်သပ်တဲ့အထိဖြစ်လာတော့ တောင်ငူတို့ ခေါင်းကုတ်ကြသည်။

"မင်းနှယ်ကွာ၊ ဒီလောက်အောင် စိတ်ချလက်ချ လှ ဘ်ရတယ်လို့"

"သူလည်း ကလေးမှမဟုတ်တာ"

"ကလေးမဟုတ်လို့ ပြောနေတာပဲ၊ ပြီးတော့ ခင်ဦးသျှေခင်က လူသတိထားမိလောက်အောင် လှတာ .."

"အေးလေဟာ ... နှင်ကိုက အလုပ်မဟုတ်တာ .."

သူတို့က သူငယ်ချင်းတွေစုပြီး လုပ်ငန်းသေးသေးလေးတစ်ခု ထူ ထောင်ကြဖို့အတွက် ပရောဂျက်ရေးနေကြတာဖြစ်သည်။

အထူးသဖြင့် တောင်ငူနဲ့ သုံးခွတို့က ကိုယ့်ဇာတိမြေမှာမပျော်ဘဲ ရန်ကုန်မှာ အခြေချချင်ကြသည်။

ခိုင်မာလာတို့ကလည်း ငယ်ပေါင်းကြီးဖော်တွေလို ချစ်ခင်နေကြပြီ မို့ လုပ်ငန်းထူထောင်ဖို့အတွက် ရှယ်ယာတွေ ထည့်ဖို့အာရုံစိုက်ကြ၏၊

www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သူငယ်ချင်းတွေ ခဏခဏ ဆုံမိနေကြကာ၊ ပျော်စရာတွေပြောကြ ရယ်ကြနှင့် အလုပ်ကိစ္စကို ပေါ့ပေါ့ပါးပါး ထည့်တွေးထားကြ၏။

"အခု ဖုန်းလည်းခေါ်မရဘူး၊ ပြန်လည်းရောက်မလာဘူး၊ ဘာလုပ်မှာလဲ .. ကဲ .."

"အဲလိုဖြစ်မှာစိုးလို့ သေချာမှာလိုက်တာကို .. တောက် .."

သူ ခါးထောက်ရင်း နာရီကြည့်မိသည်။ သူငယ်ချင်းတွေနဲ့ မတွေ့ခင်တည်းက သူမ လမ်းမှာဆင်းသွားတာဖြစ်သည်။

ထွက်လာခဲ့ကြတုန်းက မနက်ဆယ်နာရီခွဲက ..။

အခု နေ့လယ်နှစ်နာရီထိုးတော့မည်။ ထိုစဉ် ဖုန်းဝင်လာတော့ အိမ်က ..

"ဟလို တီတီ .."

"သားတို့ဘယ်မှာလဲ"

"အဲ .. စီးတီးမတ်(ထ်)မှာ တီတီ .."

ဒေါ်ဝင့်ဝါခိုင် ဖုန်းမှ နံးသိတော့ တောင်ငူတို့ တိတ်ကျသွားကြ၏။

"စီးတီးမတ်ဆိုတာ ဘယ်စီးတီးမတ်လဲလို့၊ ဒီမှာ ခုနကပဲ ဦးသူတော်ဆီက ဖုန်းဝင်လာတယ်၊ ကေား ရဲ့အဖေဆီက အရေးကြီးကိစ္စတစ်ခုအတွက် အကြောင်းကြားလိုက်လို့တဲ့၊ သမီးကိုခေါ်ပြီး အခု လာခဲ့ပေးပါတဲ့ .."

"ခင်ဦးသျှောင်က သားတို့ဆီမှာ နေနေတာပဲ၊ သူတို့မှာ အကြောင်းရှိရင် သူတို့လာပေါ့"

"ကဲ .. အဲဒါတွေခေါင်းထဲထုတ်ထားပြီး အခု သားတို့ မြန်မြန်ပြ ခဲ့ကြ၊ ဒါမှမဟုတ်ရင်လည်း သမီးကိုခေါ်ပြီး တော်ဝင်ဂေဟာကို .."

"သား မသွားဘူး"

သူ ဖုန်းပြောနေတာကို ခိုင်မာလာ တို့ကလည်း မှန့်စားရင်း လှမ်းကြည့်နေကြ၏။ ပြီးတော့ သူ့ဘေးမှာ စုပြုံလာကာ ..



"ဘယ်လိုလဲ၊ ကျိုင်တက်ကုန်ပြီလား"

"ဟုတ်တယ်၊ အလကားနေ လာလာပြီး လိုင်းပူးနေတယ်"

"အေး .. အဲဒါ သွားတော့မအွန်လိုက်နဲ့ သခင်၊ ရှော့အကြီးကြီး ဖြစ်သွားမှာနော်"

"ငါ အဲဒါပြောတာလေ၊ ခင်ဦးသျှောင် ဟိုနေ့ကပဲ သခင့်ကို ရိုက်ထည့်လိုက်တာ .. ကြည့်"

ခိုင်မာလာက သူငယ်ချင်းထိလို့ မရှိအောင်နာနေသည့် မျက်နှာလေးနှင့် ..

"သူ့ဦးလေးတွေကဖြင့် စကားပြောတာ လေသံက ကောင်းကင်ဘက်ချိတ်လို့၊ ဘယ်လိုလူက သည်းခံမှာလဲ"

"ဒါတော့ မပြောနဲ့ ခိုင်မာ၊ သခင်ပြောတာတွေကလည်း လွန်တာပဲဟာ"

နွေဦးက အကျိုးအကြောင်းသိထားပြီးပြီမို့ ဖေးဖေးမမ ..။

"ခင်ဦးသျှောင်က ဖြူစင်တဲ့ပုံလေးပါ၊ အဲ့နေ့က သူလည်း ပြီးတဲ့ထိတော့ သခင် အရှိန်မပျက်အောင် နေပေးခဲ့တာပဲမှတ်လား၊ သူ့ရဲ့ စိတ်ကျဉ်းကျပ်မှုကလည်း မသေးဘူးနော်၊ လွတ်လွတ်လပ်လပ် သွားလာနေထိုင်ချင်တာတွေ၊ မင်းသမီးတစ်ပါးလို နေရတာကို ကျဉ်းကျပ်နေတာတွေကြောင့် သူ့ဦးလေးတွေအပေါ် သခင် နိုင်ချင်တာကို သဘောတူကူညီခဲ့တာပေါ့"

"အကောင်းပြောမနေစမ်းပါနဲ့ဟာ၊ သူတို့အားလုံးက သခင်တို့ဘက်မြင့်တယ်ဆိုပြီး ဝင်လာတည်းက ကင်းမြီးကောက်ထောင်ပြီး ဝင်လာတာ .."

"ဘယ်လို .. ဘယ်လို .."

"အောက်ခြေလွတ်နေ[illegible]လေ၊ အလွတ်လွန် .. အလွန်လွတ်နေတာ .."

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကိုလည်း နားကိုမလည်တော့ဘူး၊ ဘာဖြစ်လို့များ ခင်ဦးသျှောင်ကို အကောင်းမမြင်မှန်းမသိဘူး .."

သုံးခွက ရှင်းလင်းစွာ ဝေဖန်၏။ ထို့ပြင် ...

"မသိရင် သခင့်ကို သဝန်တို .."

"သုံးခွ .."

"ဟမ် .."

"သုံးခွကနေ ခြောက်ငွေတွေ ခုနစ်ငွေတွေ ဖြစ်သွားမယ်နော် .. နင်ငါ့ကိုယ်ငါ စိတ်မချဘဲနေနေတာကြည့် .."

"မြင်နေတာပဲဟာ .."

"ရည်းစားသနာကိစ္စတွေ စိတ်မဝင်စားလို့ ဒီလိုနေတာ .."

"ထိန်းမရတော့လို့ လွှတ်ပေးလိုက်ရတယ် လုပ်ပါ"

ပြောပြီး ပါးစပ်ပိတ်ရယ်သည်။ ပြီးတော့ ..

"ကြိုက်မယ့်သူမရှိတော့လည်း စိတ်မဝင်စားသလို နေနေရတာပေါ့"

"ကြည့်စမ်း .."

"တောင်ငူ .. တောင်ငူ ဆွဲထား၊ အဲဒီလက်ဝါးကြီး .."

ကန်ပေါင်မှာ သူတို့လူစုလေးပဲရှိနေပြီး ရိပ်ပြည်နေ၏။ နေ့လယ်ခင်းမို့ လူကျဲနေကာ နေကလည်းပူ၏။ ဒါပေမဲ့ ခင်ဦးသျှောင်က ဒီနေရာကိုပဲသိသည်ဆိုလို့ ပြန်ဆုံမယ့်အချိန် ဒီမှာလာစောင့်နေခဲ့တာဖြစ်သည်။

သူစောင့်နေတာ တစ်နာရီပြည့်တော့မည်ဖြစ်၏။

"မင်းတို့ပြန်နှင့်တော့၊ ငါလိုက်ရှာလိုက်ဦးမယ်"

"လိုက်ရှာမယ် .. ဟုတ်လား"

"ဖြစ်ပါ့မလား သခင်ရယ်၊ သူ့ရှာကိုယ့်ရှာနဲ့ နင်တို့ လွဲကုန်လိမ့်မယ်"

"အေးလေကွာ .."



"သူဘာလုပ်ချင်တာ၊ ဘာလိုချင်တာတွေ ငါ့ကိုပြောသေးတယ်၊ အဲဒါတွေ ရှိနိုင်သမျှနေရာအနှံ့ လိုက်ရှာရမှာပဲ၊ အခု ဖုန်းပျောက်သလား၊ ဒါမှမဟုတ် တစ်ခုခုဖြစ်နေသလားပဲ"

ကိုယ့်ကို ဂရုစိုက်စရာလူလို့မတွေးရင်တောင် တီတီ ကိုတော့ သူမ မေ့မှာမဟုတ်ပေ။

ထို့ကြောင့် ဘယ်လိုနည်းနဲ့ဖြစ်ဖြစ် သူမ ဒီအချိန်အထိ တစ်ယောက်တည်း အားမရနိုင်စွာ သွားလာမဆုံးရှိနေတာတော့ ဘယ်လိုမှ မဖြစ်နိုင်။

တောင်ငူတို့တားနေပေမယ့် သူ ထွက်လာခဲ့သည်။ ကားမောင်းရင်း လမ်းဘေးဝဲယာကြည့်နေရတာ အားမရဘဲ လမ်းသွယ်တွေထဲထိ ဝင်ခဲ့မိသည်။

သူမ ချောင်ကြိုချောင်ကြားတွေတော့ သွားမှာမဟုတ်ပါ။ ဟိုတစ်ခါ တီတီ့ကို ပြောခဲ့ဖူးတာကို သတိရကာ လမ်းပေါ် ပြန်တက်မိပြန်၏။

သူမ ဝတ်သွားတာ ဂျင်းပဲန်အပြာရင့်နှင့် မိုးပြာရောင်ဖျော့ဖျော့ တီရှပ်လက်ပြတ်လေးဖြစ်သည်။ ပြီးတော့ မျက်မှန်အညိုနဲ့ ..။

ရွှေညိုရောင်ဆံနွယ်လေးတွေ ဖျော့ဖျော့နှင့် ဝင်းစက်စက်မျက်နှာလေးရယ် မျက်မှန်ရယ်၊ သူမ ဘယ်လောက်ထင်းရှင်းနေမလဲ။

ထို့ပြင် မနိမ့်မမြင့်အရပ်အမောင်းနှင့် ကိုယ်လုံးက အဆီပိုမရှိဘဲ တင်းပြည့်လှပနေတဲ့သူ။ တွေးနေရင်း ရင်တွေပူလာသည်။ ဂါဝန်တတားကားနှင့်ကျတော့လည်း ကလေးလိုလို ဘာလိုလို မလိမ်မိုးမလိမ္မာ ပုံလေးပေါက်နေတာ လူလိမ်ချင်စရာ ..။

ဒါကြောင့် ဒီလိုဝတ်ပါလို့ ခိုင်းခဲ့မိတာ သူ ..။

ခုတော့ ဘယ်လိုပုံစံဖြစ်ဖြစ် စိုးရိမ်ဖွယ်တွေရှိနေတာကို သတိရလာ၏။ တီတီ့ဆီက နောက်ထပ်ဖုန်းလာတော့ ...

"သားနဲ့ ပြောချင်လို့တဲ့"

ဦးသူတော်တို့အိမ်ရောက်နေပြီမှန်း သိလိုက်သည်နှင့် ကျွတ်ခနဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မိ၏။ ပြီးတော့ စတီယာရင်ကို တစ်ချက်ထုပြီးမှ ..

"ပြောပါ .."

"မင်းကပြောရမှာ ပန်းသခင်၊ ကလေးကို ဘယ်ခေါ်သွားတာလဲ"

"ကျွန်တော်ခေါ်တာမဟုတ်ဘူး၊ သူသွားချင်တယ်ဆိုလို့ ပို့ပေးနေတာ .."

"အခု ကေးကို ဖုန်းပေးလိုက်"

"သူမရှိဘူး .."

"ဘာ ..."

"ဘာလဲဟေ့ .. ကေးက ဘယ်မှာလဲ၊ မင်းက ဘယ်မှာဘာလုပ်နေတာလဲ၊ ဘာကြောင့်အတူတူမရှိရတာလဲ"

ဦးသူတော် ဖုန်းကို ဦးသူမြတ် ဝင်မေးလိုက်တာ အဆုံးမဲ့မေးခွန်းတွေ တစ်သီတစ်တန်းကြီး။

"သူနဲ့သွားတာနဲ့ပဲ သူ့နောက် တကောက်ကောက်လျှောက်လိုက်နေရမှာလား"

"ဟ .. လိုက်ရမှာပေါ့ကွ၊ ငါတို့ကလေးက နေရာစိမ်းတစ်ခု ရောက်သွားရင် ပြန်တတ်တာမဟုတ်ဘူး၊ တက္ကစီတွေ တစ်ယောက်တည်းငှားမစီးရဲအောင်လည်း ငါတို့က သေချာပြောပြထားတာ .."

ဒါတော့ ကိုယ့်အတာကိုယ်ရှုးတာပဲဟု ပြောလိုက်ချင်သည်။

လိပ်စာပြောပြီး တက္ကစီပေါ်တက်လိုက်တာနှင့် အိမ်ပြန်ရောက်သည်။ ပိုက်ဆံပါပါ မပါပါ ကိုယ့်အိမ်ရောက်လာမှ ရှင်းပေးရုံ ...။

ခုတော့ လိုင်းကားတိုးစီးဖူးတာလည်းမဟုတ်၊ တက္ကစီလည်း မစီးရဲဘဲ ဘယ်လိုအိမ်ပြန်မလဲ။ ဒီမိန်းမ ဘာဖြစ်လို့များ ဒီလောက်တောင် ကိုယ့်ခြေထောက်နှစ်ချောင်းအပေါ် ယုံကြည်နေမှန်းမသိ။

တွေးနေရင်း ကားမောင်းနေတာ ဒေါသတွေ ပါလာခဲ့၏။

"မင်း အခုဘယ်မှာလဲ ပန်းသခင်"



"သူ့ကိုရှာနေတာ .."

"ဘာပြောတယ် .."

သေလိုက် ...။

တကယ်ကို သေကုန်ကြတော့မယ့်အတိုင်း ဟိုဘက်မှာ ဗျာများဆုန်ကြတာ ဖုန်းထဲက ဒီတိုင်းကြားနေရသည်။

"ပန်းသခင် .. မင်းအခုဘယ်မှာလဲ"

ဒီတစ်ခွန်းပဲ ထပ်မေးသည်။

အခု ဘယ်မှာဖြစ်ဖြစ် ရွေ့နေတဲ့ကားက ရောက်ချင်ရာရောက်နေမှာ ဘယ်လိုပြောပြရမလဲ ...။

"ကားပေါ်မှာ .. ဟုတ်လား၊ မင်းအဒေါ်ပြောတော့ ရှော့ပင်းစင်တာမှာဆို .."

"လိုက်ရှာပြီးပြီ .. မတွေ့လို့ .."

"ဘာစင်တာလဲ"

"မြန်မာပလာဇာ .."

ပြောပြီး ဖုန်းချပစ်လိုက်သည်။ နောက်မေးခွန်းတွေကိုလည်း မဖြေချင်။ ထပ်ခေါ်လာရင်လည်း မကိုင်တော့ဖို့ ဆုံးဖြတ်သည်။

တူမကိုလည်း မကျေနပ်၊ ဦးလေးတွေကိုလည်း ကြည့်လို့မရ။

တီတီနဲ့ သူ ရှောခ်ရှိနေသည့်အဖြစ်ကို တွေးမိနေခြင်းကြောင့်သာ ရှင်မောနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၆]

တစ်ချက်တစ်ချက်မှာ ကိုယ်တစ်ယောက်တည်း အသံတိတ် ကမ္ဘာကြီး တစ်ခုကို ရောက်သွားသလို နားထဲမှာ အေးသွားတတ်သည်။ နားကို ကိုင်လိုက်ကာမှ စူးရှသည့်လှုပ်ရှားသံတွေ ပြန်ကြားရ၏။

ထို့ကြောင့် နားကြပ်တစ်ခုခုဖြစ်နေပြီဟု တွေးမိကာ ကားစုံစမ်း ခြင်းကို လက်လျှော့လိုက်၏။ နေရာတစ်နေရာမှ သေချာထိုင်၍ ဒါကို လုပ်မှဖြစ်မည်။

နားကြပ်က ချို့ယွင်းမှုရှိလျှင် ပြောပါဆိုပေမယ့် လေးတော်တို့ကို ပြောပြီး ဒါတွေပြရင်းနှင့် တော်ဝင်ဂေဟာကြီးထဲကို ခဏတစ်ဖြုတ် လေး ပြန်ရောက်သွားနိုင်သည့်အဖြစ်ကိုလည်း မလိုချင်။

ထို့ကြောင့် ကိုယ့်ဘာသာဖြုတ်ကြည့်ပြီး လက်နဲ့တောက်လိုက် ထုလိုက်တွေလုပ်မိတာကြောင့် ပိုဆိုးသွားတာလားမသိ။

လမ်းပေါ်မှာ နားကြပ်ပျက်သွားတာက စိတ်ပျက်ဖွယ်ရာပင်။

"တီ ..."

"အမေ့ .."



အနားကပ်ဟွန်းတီးလိုက်သံကြောင့် သူမ ပခုံးလေးကျုံ့သွားကာ တစ်ကိုယ်လုံး တုန်ခနဲဖြစ်သွား၏။

"ဟား .. ဟား .. ဟား .. တွေ့လား၊ ဝေါက်ကြောင်လေးပါဆို"

"အေးကွ၊ တစ်ခုခုတော့ တစ်ခုခုပဲ၊ မျက်စိမကန်းတာတော့ သေချာ တယ်၊ နေပူလို့ မျက်မှန်တပ်ထားတာ .."

"ဟုတ်တယ်ဆိုမှကွာ၊ ဆိုင်ထဲမှာ သူ့နားကြပ်ထုတ်ပြီး ကလိနေ တာ ငါသေချာမြင်တာပါ၊ ပြီးတော့ ပြန်တပ်တယ်၊ မျက်နှာလေးလည်း ပျက်နေတယ်၊ ငါ့ညီဝမ်းကွဲလည်း နားကြပ်နဲ့နေရတာ၊ နားမကြားတဲ့ လူတွေ ဘယ်လိုဒုက္ခဖြစ်သလဲဆိုတာ ငါကျွမ်းပါတယ်ကွ .."

ကားထဲကနေ ယောကျာ်းနှစ်ယောက်ရဲ့အကြည့်တွေ သူမရဲ့ နောက် ကျောအလှမှာ ကပ်တွယ်နေကြတာကို ခင်ဦးသျှောင် ဘာမှမသိပေ။

ထို့ပြင် ဒီလူနှစ်ယောက် သူမကို တစ်ချိန်လုံးစောင့်ကြည့်ပြီး ကားနဲ့ ကပ်လိုက်လာတဲ့အထိ ဘာကိုမှ သတိမထားမိခဲ့ပေ။

"နားလေးတဲ့လူတွေနဲ့ မတူဘူးကွ၊ နားကြပ်နဲ့နေရတဲ့လူတွေက သူများထက်ပိုကြားနေရတဲ့အတွက် သာမန်ကျယ်တဲ့အသံဆို မခံနိုင် ဘူး၊ ဒီမှာကြည့် .."

"တီ .. ..."

ဟွန်းတီးလိုက်တော့ ခင်ဦးသျှောင်က မလှုပ်။

"တွေ့လား .. မလန့်တော့ဘူး၊ နားလေးပေမယ့် .."

"နေစမ်းပါ၊ ကြည့်နေ .."

"တီ ..."

နောက်ထပ်ဆောင့်တီးလိုက်တော့ သူမ တွန့်သွားသည်။ ပြီးတော့ ဖျတ်ခနဲ လှည့်ကြည့်၏။

"ဟား . သေချာကြည့်လေ လှလေ .. အား .. .."

ဓါးသဲနာကြီးသည့်လေသံက လျှာသိမ်း၍ လက်ဝါးချင်းပွတ်နေရ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အထိ။

"ဟား .. ဟား .. ဟား .. မပူနဲ့ မပူနဲ့၊ ဒီဟာလေး ဒုက္ခရောက်နေပြီး ခါးသီတယ် သူ့လက်ထဲမှာလည်း ပိုက်ဆံသိပ်မရှိတော့ဘူးလေ .."

"ဟား .. ဟား .. ဟား .. လုပ်စမ်းပါကွာ၊ အားကိုးပါတယ်၊ ဒါပေမဲ့ ...ရှုပ်သေးတယ်ကွ၊ သူ ဘယ်ထိလိမ့်မလဲ မသိဘူး .."

"အသိုက်ပျက်လေးလား .. ဒါမှမဟုတ် .."

"လုံးဝမဖြစ်နိုင်ဘူးနော်၊ ဘယ်လိုကြည့်ကြည့် လုချက်ကတော့ ...မေးခင်း .."

"တွေ့တ် .."

ကြည့်နေဆိုသည့်စုပ်သပ်ခြင်းနှင့် ကားကို သူမနဲ့နီးအောင် လမ်း ...တပ်တပ်လိုက်၏။

"ငါလုပ်လိုက်လို့ပဲ ဒီထဲရောက်လာတဲ့ဟာ၊ ငါ့စကားကို မင်း ...ခံသူလား၊ ကိုယ်တပ်မက်လာရင် အဲဒီမိန်းကလေးက သိကြားမင်း ...တော် ဖြစ်နေပါစေ .."

"တိ .."

"အား .."

ဆိုင်ဖို့နေရာရှာရင်း လူကလည်းမရှင်း၊ ဒီကားပွန်းသံကလည်း ...ှုတ်နေသည်။

ဘယ်ဘက်နားကို လက်တစ်ဖက်နဲ့ကပ်ထားရင်း ခင်ဦးသျှောင် ...နှင့်ဝေးသည့်ဘက်ကို တိုးလျှောက်မိသည်။

သူမ တားလည်းမငှားချင်။ ပိုက်ဆံအိတ်လည်း လုပြေးသွားလို့ ...ပါပြီ။

နေ့လယ်တစ်နာရီတည်းက သူမ ဒီတိုင်းလျှောက်လိုက် ပြန်ထိုင် ...နှင့် ဘယ်ရောက်နေမှန်းမသိ၊ ဘယ်လိုပြန်ရမှန်းမသိ ..။

အခင့်ဆီကိုရော၊ အိမ်ကိုရော ပိုက်ဆံမရှိဘဲ ဖုန်းဆက်ဖို့လည်း



မဖြစ်နိုင်။

သူမ ဘာဖြစ်လို့ အပြင်ကိုခိုးထွက်လာတိုင်း ဒီလိုပုံစံနဲ့ပဲ ဒုက္ခ ရောက်ရတာလဲ။

ဘေးကပ်လျှောက်နေကာမှ ဌာနဆိုင်ရာအဆောက်အဦတစ်ခုက ခြံတံတိုင်းပြင်နေတာနှင့်တိုးကာ ပလက်ဖောင်းအောက်ကို ဆင်းလျှောက် လိုက်ရ၏။

ထိုစဉ် နံဘေးမှာ ရိပ်ခနဲ တစ်စုံတစ်ရာ ဖြတ်ကပ်သွားလျှင် ..

"အမေ့ .. အား .. .."

လန့်ဖျပ်အော်မိကာ ဘေးကပ်ရှောင်ဖို့လည်း အချိန်မရလိုက်ဘဲ ကားနဲ့ပွတ်တိုက်မိသည့်အရှိန်နှင့် ပစ်စလက်ခတ် လဲကျသွားခဲ့၏။

မျက်မှန်သည်လည်း ဘယ်ဆီပြုတ်ကျသွားမှန်းမသိတော့။

"ဆောရီးပါ ညီမလေးရာ၊ ထနိုင်ရဲ့လား"

"ကျွန်မ .."

"အစ်ကို ဆေးခန်းလိုက်ပို့ပေးပါ့မယ်"

လူတွေရှိနေကြပေမယ့် ခပ်လှမ်းလှမ်းကနေပဲ လှမ်းကြည့်နေကြ တာ ခင်ဦးသျှောင် ထိုသူ၏လက်တွေကို ဖယ်ချနေပေမယ့် ကိုယ့်ဘာ သာလည်း မထနိုင်ခဲ့သည်ဖြစ်ရာ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

ဖုန်းဖွင့်၍ ဆင်းမ်ကဒ်ထရပ်ကာနောက် လိုက်ခဲ့ရင်း စားသောက်ဆိုင်တစ်ခုကို ညွှန်ပြနေလျှင် ..

"ကျွီ ..."

"ဟာ .. ဘယ်လိုဖြစ်တာလဲကွ"

"ဆောရီး အစ်ကို .. နော် .."

ဆိုင်ရှေ့မှာ ပါကင်ထိုးတာ စိတ်လောကြီးပြီး တစ်ချက်တည်း နောက်ပြန်ထည့်လိုက်သဖြင့် နောက်ကသစ်ပင်အောက်မှာ ဖုန်းပြောနေသူကို ပစ်ဆောင့်မိဖို့ နည်းနည်းလေး ..။

သူမကို ဖုန်းပေးမယ်ဆိုတည်းက သူ့ဘက်ကလည်း အားလုံးပြင်ဆင်ပြီးမှပေးခဲ့တာ လိုရမည်ရပါ။

ခုတော့ အသုံးဝင်နေပြီဖြစ်သည်။ ဖုန်းအမိုးခံရသည်ဆိုတာ သိတည်းက ရင်ထဲမှာ အများကြီးတွေးမိသွားကာ လူကြီးတွေ ပူပန်နေတာထက် တောင် သူ့ရင်ထဲမှာ ပိုနေသလားမသိ ..။



သူမ ဘာတွေဖြစ်နေပြီလဲ ..။

နားကြပ်ကလည်း ကြားတစ်ချက် မကြားတစ်ချက် ဖြစ်ဖြစ်နေတတ်သည်တဲ့ ..။

တွေ့ပါပြီ ..။

"ဟီတ် .."

ပြန်လှည့်ကြည့်သည့်မျက်နှာက ခပ်တည်တည် ခပ်တင်းတင်း။ သူ့ထက်အသက်ငယ်ပုံပေါ်တာ သူ့ထက် ပိုပိန်ပဲ့ည်းပိန်သော လူငယ်တစ်ယောက်။

"ဘာလဲဗျ .."

"ဘာလဲဗျမနေနဲ့၊ မင်းလိုက်ခဲ့"

"ဟာ .. ဟေ့လူ .. ဟေ့လူနော် .. ခင်ဗျား .."

ခပ်နွမ်းနွမ်းဂျာကင်ကုပ်မိုးစကို အပိုင်အနိုင်ဆွဲကာ လမ်းကြောင်းပေါ်ကနေ ဆိုင်ရဲ့ထောင့်ကွယ်ထဲကို ဖျတ်ခနဲ လှည့်ဝင်၍ ..

"အား .. ဟေ့လူ .. နာတယ်နော်"

ရင်ဘတ်နဲ့မျက်နှာသည် နံရံမှာ တစ်သားတည်းကျမတတ် ဖိကပ်ခံရသည့်အပြင် သူ့ဖုန်းကို သခင်က ဆွဲလိုက်သဖြင့် ..။

"ခင်ဗျား ဘာလုပ်တာလဲ၊ ကျွန်တော့်ဖုန်း .."

"ဘာ .. ကျွန်တော့်ဖုန်းလဲ၊ ဒီဖုန်း ဘယ်ကခိုးလာသလဲ၊ အဲဒီမိန်းကလေး ဘယ်ရောက်သွားလဲ"

လူရွယ် ခဏတော့ တိတ်ကျသွားကာ ..၊

"ဘာတွေစွပ်စွဲ .. အား .. .."

သခင်က နောက်ပြန်ချိုးထားသည့်လက်ကို ပိုရှိ ဖိလိမ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပါးစပ်ကြီးပြဲသွားအောင် အော်၍ ...

"ကျ .. ကျွန်တော် မခိုးဘူး .."

"ဟိတ်ကောင် .."

"အား .. သေပါပြီ၊ ကျွန်တော် အော်လိုက်မှာနော်၊ ခင်ဗျား .."

"အော်လေ၊ ငါ့ဖုန်းမှာ ဂျီပီအက်စ်ပါတယ်၊ ဆင်းမ်ကဒ်ထရပ်ကာ ထည့်ထားတယ်၊ ဒီဖုန်းကို ငါ့မိန်းမ ကိုင်သွားတာ၊ မင်း ဘယ်နေရာကနေ ခိုးလာတာလဲ၊ ပိုင်ရှင်ကို ဘာလုပ်ခဲ့သလဲ၊ ပြော .. မပြောရင် မင်းကို ငါ ရဲလက်အပ်မှာနော် .."

"ဟာ .. ရဲလက်မအပ်ပါနဲ့၊ ကျွန်တော် ဒါမျိုးလုပ်စားတဲ့သူမဟုတ်ပါဘူး၊ အသိတစ်ယောက်က ခိုင်းလို့ပါ .."

"ဘာ ..."



# အခန်း (၂၈)

"ဟိတ်ကောင် .. ကားကို အထဲထိသွင်းလေကွာ .."

"မလိုပါဘူးကွာ၊ ဒါက ကိုယ့်နေရာပါ"

"ဒီကောင်မကက ရှော့ခ်ရှိတယ်နော်"

"လုံးဝမရှိဘူး၊ ဒါမျိုးလေးနဲ့သာ အချိန်ကုန်ရလို့ကတော့ ဖြစ်လာ[...]မျှ ကိုယ်ရင်ဆိုင်မယ်၊ ဟဲ .. ဟဲ .."

"ဘာလဲ၊ အိမ်ထဲမရှေ့တော့ဘူးလား"

ရပ်ကွက်လေးက ခြံကျယ်ဝင်းကျယ်တွေနှင့် တဲသာသာအိမ်လေး[...]ဖြစ်ကာ အိမ်ကြီးအိမ်ကောင်းတွေလည်းရှိပေမယ့် သစ်ပင်ဝါးပင်[...] စိမ်းစိုပိတ်ညပ်နေသောကြောင့် တစ်အိမ်နှင့်တစ်အိမ် ရုတ်တရက်[...]မြင်နိုင်ပေ။

သန်လျင်မှာ အစွန်အကျဆုံး၊ အအေးချမ်းဆုံးနေရာလေးပင်။ မေ့ဆေးပေးထားသဖြင့် ခင်ဦးသျှောင်က သတိလစ်နေလျှက်ရှိကာ [...]ကြော်ကြိုက်သည့် ကြောင်ပါးနှစ်ကောင်လက်ထဲမှာ သူမဘဝ တစ်စစီ

www.burmeseclassic.com

www.burmeseclassic.com



ကျိုးပျက်ရတော့မည့်အဖြစ်ကိုလည်းမသိ ..။

"မင်းကလည်း ပွဲကြီးပွဲကောင်းနွဲတော့မယ်ဆိုရင် မျိုချပစ်ရုံ မလော စမ်းပါနဲ့ကွာ၊ နှမြောစရာကြီး၊ ကြည့်ပါဦး၊ လှလိုက်တာ ထိရက်စရာမရှိဘူး၊ ငါ ဘီယာနဲ့ကြက်ကင် သွားဝယ်မယ်၊ မင်း လုံးဝစည်းမဖောက်နဲ့နော် .."

"ဟား .. ဟား .. ဟား .. အေးပါ .. အေးပါ၊ မြန်မြန်သာသွား ငါတို့ ဒီပန်းကလေး လန်းနေသရွေ့ အတိတ်မေ့ပြီး ပစ်စလက်ခတ်ပျော်မယ်၊ ပြီးရင် အစဖျောက်ပစ်မယ် .."

"အေးနော်၊ ဘာဖြစ်ဖြစ် မျှမျှတတပဲ၊ ကိုယ်လွတ်မရုန်းကြေး .."

"စိတ်ချစမ်းပါ"

တစ်ယောက်က အပြင်ထွက်သွားသည်။ ကားစက်သံကြားလိုက်တော့ ကျန်ခဲ့သည့်သူက ရယ်ကာ ..၊

"ဒီကောင် လှမ်းခေါ်ရင်တောင် ကြားရတဲ့လမ်းလေးကို ကားကြီးနဲ့သွားရတယ်လို့၊ ဟွန်း .. ငါ့ကို စိတ်ချတဲ့ပုံမပေါ်ဘူး"

တစ်ယောက်တည်းရေရွတ်ရင်း ဝါးထရံကာထားသည့် အခန်း လေးထဲကို ဝင်သွားလိုက်သည်။ သတိလစ်နေသည့် ခင်ဦးသျှောင် အော မှာ ထိကပ်ထိုင်ချလိုက်ပြီး တစ်ကိုယ်လုံးကို ဗိုက်စိပ်တိုက်ကြည့်၏။

ထို့နောက် လက်ဝါးချင်းပွတ်၍ တံတွေးမျိုလိုက်ရင်း ..

"ငါမရတော့ဘူး ကျိုးရေ .. ဟီး .. ဟီး .."

"မရတော့ရင် မင်းအနားယူလိုက်တော့ .."

ဟင်း...။

လူစိမ်းအသံကြောင့် ထိတ်ခနဲ ဖြစ်သွားကာ နောက်ကို လှည့်ကြ လိုက်သော်လည်း ..၊



"ဒုတ် .. ဒုတ် .."

ဇက်ပိုးမှာ ပူထူသွားကာ ခေါင်းထူဖို့ကြိုးစားရင်း နေရာမှာပဲ ခွေ ခေါက်သတိလစ်၏။

"ခွေးသူခိုးတွေ၊ အသေရိုက်သတ်ရမှာ .. တောက် .."

တုတ်ကိုပစ်ချလိုက်ပြီး သတိလစ်နေသည့်လူကို တစ်ချက်ကန်ပစ် လိုက်မိသေးသည်။

ပြီးတော့ ကားကို တဲရှေ့ထိ ဘက်ခ်နဲ့သွင်းလာခဲ့ပြီး ခင်ဦးသျှောင် ကို မွေ့ယူကာ ကားထဲသွားထည့်သည်။

ထိုစဉ် သူ အသိပေးထားခဲ့သော လမ်းထိပ်က ကွမ်းယာဆိုင်က လူတချို့နှင့် ရပ်ကွက်လူကြီးတို့ ခြံထဲဝင်လာခဲ့ကြ၏။

သတိလစ်နေသော လူနှစ်ယောက်ကို ခြံထဲမှာတစ်ယောက်၊ အိမ်ပေါ် မှာတစ်ယောက် တွေ့သွားကာ ခင်ဦးသျှောင်ကိုလည်း လာကြည့်သည်။

သခင်က ထိုလူတွေ သတိလစ်နေတဲ့အတိုင်းနှင့် လူကြီးတွေကိုရော ဓာတ်ပုံရိုက်ယူသည်။ ပြီးမှ ..

"သူက ကျွန်တော့်ဇနီးပါ၊ နားသိပ်မကောင်းဘူး .."

ဖြစ်ပုံကို ပြောပြပြီး ..၊

"ဒီကောင်တွေကို သတိပေးထားလိုက်ပါ၊ လောလောဆယ် သူတို့ သုပ်ရုပ်ကို အားလုံးသိထားရင်ရပြီ"

"တစ်ခါတည်း ရဲလက်အပ်လိုက်ပါလား ငါ့ရှ .."

"ဟုတ်သားပဲ ညီလေး .."

အားလုံးက အကြံပေးကြပေမယ့် နောက်ထပ်ရှင်းရမှာတွေမှာ ဂုဏ် သိက္ခာကို ထိခိုက်ဖွယ်တွေရှိသေးသည်။ ပြီးတော့ ဒါကို လူမသိစေချင် ပါ။

www.burmeseclassic.com

www.burmeseclassic.com



သူ သတိပေးကြောင်းပဲပြောပြီး ပြန်လာခဲ့သည်။

ခင်ဦးသျှောင်ကို တစ်ယောက်တည်းသွားလာနေမှန်း အကဲခတ်မိကတည်းက တစ်ယောက်ကို ခါးပိုက်နှိုက်အလစ်သုတ်ခိုင်းခဲ့သည်။

အခိုင်းခံရတဲ့လူက ပိုက်ဆံလည်းရသေးသည်။ အိတ်ထဲမှာ ဘာပါပါ ရှိုးမည်ဆိုတော့ သဘောတူပြီး လုပ်ပေးခဲ့၏။ ဒါပေမဲ့ ရဲလက်အပ်မယ်ပြောလိုက်တာနှင့် ဒီလူတွေရဲ့အကြောင်းပါမကျန် ပြောပြကာ သွားနိုင်တဲ့နေရာထိ လမ်းညွှန်ပေးခဲ့၏။

အကယ်၍ သူသာ အချိန်နှောက်ကျပြီး ရောက်လာခဲ့လျှင် …၊

"တောက် .. တော်တော်ညစ်ပတ်တဲ့ကောင်တွေ .. .."



## အခန်း (၂၉)

ဟင်!…။

သူမ မျက်လုံးဖွင့်လိုက်တော့ မျက်နှာရှေ့မှာ မျက်နှာတွေအများကြီး စုပြုံနေကြ၏။

"သတိရလာပြီ"

"ခေါ်ကြည့်ပါဦး၊ ဘာတွေဖြစ်လာလဲလို့၊ မျက်လုံးတွေက ကြောင်အီးနဲ့"

"ကေး ဘယ်ရောက်နေတာလဲဟင်၊ ပန်းသခင်ရော .."

"ဟော .. ဟော .. ကေးတွေ၊ သခင်တွေ သိနေတယ် တွေ့လား၊ သာမှမဖြစ်ဘူးဟ .."

တောင်ငူနဲ့ သုံးခွရယ်၊ ခေတ်ဦးနဲ့ နိုင်မာလာရယ်၊ ပြီးတော့ သိပ်ချောင်းနီးဖူးသော မိန်းကလေးနှစ်ယောက်အပြင် ကြီးသောင်းတို့အရွယ်အကြီးတစ်ယောက်။

သူမ ခုသူစိမ်းတစ်ယောက်ယောက်ရဲ့ အိမ်ထဲကို ရောက်နေတာပေါ့ ရောပါပြီ။

www.burmeseclassic.com

"နေဦးလေ၊ သခင်က ခုလေးတင် ဖုန်းပြောရင်း အပြင်ထွက်သွားတာ .."

"ဘာလဲ .. သတိရပြီလား"

ပြောနေတုန်း သခင် ပြန်ဝင်လာတော့ သူတို့အားလုံးဘေးဖယ်ပေးကြ၏။ သခင်က သူမဘေးမှာ တင်ပါးလွှဲဝင်ထိုင်လိုက်ကာ ..၊

"အခု ဘယ်လိုနေသေးလဲ"

"ကေးကို ဘယ်လိုပြန်တွေ့တာလဲဟင် .."

"ပြောရရင် အရှည်ကြီးပဲ၊ ခုလည်း နေကောင်းနေပြီ၊ ပြန်ရှင်ပြဿနာရှင်းရဖို့တွေလည်း စောင့်နေတယ်"

ဖုန်းကိုပြပြီးမှ အိတ်ထဲထည့်လိုက်ကာ ..

"အားလုံးကူညီပေးတာ ကျေးဇူးပဲကွာ၊ ငါတို့ပြန်တော့မယ်"

"နေဦးလေ သခင်၊ ခင်ဦးသျှောင်က ပြန်နိုင်ရဲ့လား"

"ကောင်း ရပါတယ်၊ သခင် ကေးကို ဘယ်လိုပုံစံနဲ့ ပြန်တွေ့လာတာလဲလို့၊ အဲဒါပြောပြစမ်းပါ"

"မင်းကို ယောက်ျားနှစ်ယောက် မတော်မတရား ကြံစည်အဲ့ဆဲဆဲ ပြန်လုလာခဲ့တာ .."

ဟင်!...

ခင်ဦးသျှောင် မျက်နှာလေးပျက်လျက် မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့လာခဲ့၏။ သူမကို ကားပေါ် အတင်းဆွဲတင်ပြီး ကားထွက်ကာစမှာ မေ့ဆေးပဝါနဲ့ အတင်းဖိကပ်ပြီး လုပ်ကြံခဲ့တာဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိလိုက်ခင်မှာပဲ ဘာမှမသိတော့တာ ဖြစ်၏။ လူတွေရှေ့မှာမို့ သခင် ဘာမှမပြောဘဲထားတာလား။

ရင်ထဲမှာ မီးလောင်ပြင်လို ပူပြင်းနေခြင်းကြောင့် အိမ်ပြန်လာဖို့တော့ မနေနိုင်။

"သခင် .."



"ဘာလဲ၊ ဘာမေးမလို့လဲ၊ မင်းကိုယ်မင်း သိပ်ယုံကြည်ပြီး တစ်ယောက်တည်း သွားလာလှုပ်လပ်ချင်တဲ့စိတ်တွေကိုဖျောက်၊ တခြားဘာမှထပ်မေးမနေနဲ့"

"ဟင့်အင်း .. မမေးလို့မရဘူး၊ ကားခဏရပ်ပေးပါ၊ ကေး သိချင်တယ်၊ ကားရပ်လိုက်ပါ"

စတီယာရင် ဝင်ဆွဲတော့မလိုဖြစ်လာသဖြင့် သူ လမ်းဘေးချရပ်လိုက်ရကာ ..

"ခင်ဦးသျှောင် .. မင်းသတိလစ်နေတုန်း မင်းဦးလေးတွေ၊ ငါ့အပေါ်တွေ ငါမဖြေနိုင်တဲ့မေးခွန်းတွေမေးပြီး ဒီမှာဘယ်လောက် ခေါင်းစားခဲ့ရသလဲ မင်းသိလား"

"အဲဒါကိုမသိဘူး၊ ဒါပေမဲ့ ကေး မှားခဲ့တာကို သိတယ်၊ ရှင့်နောက် ပြန်ပါလာမယ့်စက္ကန့်ပိုင်းအထိ ကေး ဘဝ ဘယ်လိုဖြစ်ပျက်ခဲ့သလဲဆိုတာလည်း သိချင်တယ်၊ အခု ရှင်နဲ့ ကေးနဲ့ နှစ်ယောက်ပဲရှိတာ၊ အမှန်အတိုင်းပြောပြပါ"

"နေစမ်းပါဦး၊ မင်းဘာဖြစ်ခဲ့တယ်ထင်လို့လဲ၊ ငါက ဘာကို ဖုံးကွယ်ထားတယ်ထင်နေတာလဲ"

"လူဆိုးတွေ .. ကေးကို .."

သူ စိတ်ပျက်စွာ ကျွတ်ခနဲ ဖြစ်သွားမိသည်။ ကားကို စက်ပြန်နှိုးမည်ပြင်တော့ ခင်ဦးသျှောင်က သူ့လက်ကို လှမ်းဆွဲထားလိုက်ကာ..

"ရှင် ကေး ကိုစိတ်ဆိုးနေတာ ဘာဖြစ်လို့လဲ၊ ကေးကို သူများ ဆော်ကားလိုက်ပြီဆိုပြီး .."

"မင်းကို ဘယ်သူမှ ဘာမှမလုပ်ရသေးဘူး၊ မင်းကိုပေးလိုက်တဲ့ ဖုန်းနောက်ကို ခြေရာခံလိုက်ရင်းနဲ့ ငါ အချိန်မီရောက်လာခဲ့တာ၊ ဒါပေမဲ့ မင်း .."

သူဆက်မပြောသည့်အဖြစ်မှာ ဒါပေမဲ့ရဲ့ နောက်စကားကို ခင်ဦး

www.burmeseclassic.com

ww.burmeseclassic.com



သျှောင်က ပြင်းထန်သည့်အမိန့်တစ်ရပ်လို နားစွင့်နေရှာသည်။

သခင်က စတီယာရင်ပေါ်မှာ လက်တစ်ဖက် ကွေးတင်လိုက်ပြီး သူမဘက်ကို တည့်တည့်ဖြစ်အောင် ကိုယ်ကို လှည့်ထိုင်၍ ...၊

"မင်း အခု ဒါကို ထိတ်လန့်ရကောင်းမှန်း သိနေပြီမို့လား၊ ငါ မင်းကိုဒေါသထွက်တာမဟုတ်ဘူး၊ ဟိုသတ္တဝါတွေကို စိတ်ရှိတိုင်း မတုံ့ပြန်ခဲ့ရလို့၊ ပြီးတော့ မင်းဦးလေးတွေ ပူဂျိဗ္ဗမ်ဂျီလုပ်နေလို့၊ နောက်ထပ် ဒီလိုသွားလာဖို့စိတ်ကူးတွေ မင်းထပ်မဖြစ်တော့ဘူးဆိုရင် ဒါတွေက အသေးအဖွဲပဲ .."

သူ စိုက်ကြည့်နေတော့ သူမ က ပြန်ကြည့်နေသည်။ ပြီးတော့-

"စက်ဘီးစီးသင်တဲ့လူတောင် မတတ်သေးရင် ခဏခဏလဲတာပဲ"

"ဘာ!.."

"ဒဏ်ရာရမှ စီးတတ်တာလို့တောင် ပြောစမှတ်ရှိသေးတယ်"

"ဟုတ်တယ်၊ မင်းကို ခုနတည်းက မဟုတ်တရုတ်တွေထင်တဲ့ အတိုင်း ထားပြီး ရှင်းမပြဘဲနေလိုက်သင့်တာ၊ ကံကောင်းလို့ လူယုတ်မာ လက်က သီသီလေးလွတ်လာတာကို အကြောင်းအလန့်မရှိ .."

"အကြောက်အလန့်ရှိနေရင် ရှင့်ကိုတောင် လက်ထပ်ခဲ့မှာမဟုတ်ဘူး"

"ဘာပြောလိုက်တယ် .."

သူ ဒေါသထွက်သွားမှန်းသိမှ ခင်ဦးသျှောင် မျက်နှာအနည်းငယ် ပြန်လျှော့လိုက်ပြီး ..

"ကေး ကြောက်တာ ဘဝပျက်ရမယ့်အဖြစ်ပဲ၊ အဲဒီအဖြစ်ကို မရောက် ခဲ့တာကလည်း .."

"မင်းကိုကယ်ဖို့အတွက် ငါဘယ်လောက်မောသွားလဲ မင်းသိ လား၊ ကိုယ့်ကိုယ်ကိုယ် သိပ်ကံကောင်းတယ်လို့ ထင်မနေနဲ့"

"ထင်တာပေါ့၊ ရှင့်ကို ကျေးဇူးတင်တယ်၊ ရှင့်ကို အချိန်မီပို့ပေး ခဲ့တဲ့ ကျွန်မရဲ့ကံကြမ္မာကိုလည်း ကျေးဇူးတင်တယ်၊ ဘာဖြစ်လို့လဲ၊ ရှင့်



ကိုပဲ ကျေးဇူးရှင်လို့ သတ်မှတ်စေချင်တာလား၊ ဒါမှမဟုတ် ဒီအဖြစ် ကြောင့် ကေးက တစ်ယောက်တည်း ဘယ်မှ မသွားရဲတော့တဲ့အထိ မှတ်သွား စေချင်တာလား"

သူ ဘာမှပြောချင်စိတ်မရှိတော့ပေ ..။

"ရှင် ကိုယ်ချင်းစာကြည့်စမ်းပါ၊ ကေး တစ်ဘဝလုံး ပိတ်လှောင် ခံခဲ့ရတာ .."

"ဟ .. အဲဒါ မင်းကို နှိပ်စက်ချင်လို့ လုပ်ခဲ့ကြတာမှမဟုတ်ဘဲ"

"ဘယ်အရာကိုဖြစ်ဖြစ် ဘယ်လောက်ပဲတန်ဖိုးကြီးကြီး အဲဒါကို ကိုယ်ကလိုချင်မှ တန်ဖိုးထားတာ၊ လူကြီးတွေရဲ့စေတနာ မေတ္တာတွေ ကို ကေး မစော်ကားဘူး၊ ဒါပေမဲ့ သူတို့ပေးသမျှ ကေး မလိုချင်ဘူး၊ ကေး အတွက် အဲဒါတွေက တန်ဖိုးမဲ့ပဲ"

သူမက အမှုးပြေတာနှင့် ထန်းပင်ပေါ်မော့ကြည့်သည့် ထန်းရှည် သမားလိုဖြစ်နေသည်။ ရှုပ်ပွေစေတော့။

သူ မပြောတော့ဘဲ ကားမောင်းထွက်ခဲ့သည်။

ဒီမှာပဲမပြီးသည့်ပြဿနာက အိမ်မှာလည်း ဘယ်လောက်တောင် ရှင်းရဦးမည်မသိ။

ဟုတ်ပါသည်။ သူမ ကံကောင်းသည်။ သူသာ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၀)

"သမီးကို လေးတော်တို့ နားကိုမလည်တော့ဘူး၊ ဘယ်လိုဖြ နေတာလဲ၊ ဒီအိမ်နဲ့ ဒီကောင်လေးကိုမှ .."

"မဟုတ်ဘူး ကိုလေး၊ ဒီကောင်လေးကို သမီး သဘောကျနေတာ မဟုတ်ဘူး၊ ဒေါ်ဝင့်ဝါခိုင် နဲ့နေရတာကို ကျေနပ်နေတာ .."

မိခင်မေတ္တာ ငတ်မွတ်ခဲ့သူလေးဆိုသည့်အတွေးဝင်သွားတော့ ဦး သူတော်မျက်နှာ အနည်းငယ်ပြေကျသွားသည်။

သို့သော် ခြေထောက်တစ်ဖက်ကို မျက်လုံးရောက်သွားသည် ပြီးတော့ လက်တံတောင်ဆစ်နဲ့ လက်ဖျံနေရာလေးတွေမှာ ပွန်းရှ ဒဏ် လေးတွေဆီရောက်၏။

"သမီးလေးကို လေးမြတ်တို့ ဆူးခြစ်ရာတောင် အထင်မခံခဲ့ တာမဟုတ်ဘူး၊ ဘာပဲဖြစ်ဖြစ် ဒေါ်ဝင့်ဝါခိုင်ကို သမီးပြုခြင်မခံချင် အတွက် သူတို့ကိုလည်း လေးမြတ်တို့ ဘာမှမပြောတော့ဘူး၊ သမီး တော့ ပြန်လိုက်ခဲ့ပါ"

"ခြေထောက် နည်းနည်းနာသွားတာပါ၊ ကေး ဘာမှလည်း ဖြ တာမဟုတ်ဘူး၊ လက်ကလည်း .."



"သမီး .. သမီးကို ခဏအနားယူရုံပဲခေါ်နေတာ ..."

"တေးမှ မလိုက်ချင်တာ .."

ညီအစ်ကိုနှစ်ယောက် မျက်လုံးချင်းဆုံသွားသည်။ သူတို့တစ်နေ ကုန် မနားမနေ ပြေးလွှားနေခဲ့ကြကာ ကေး ပျောက်သွားသည့်သတင်း ကြောင့်ပဲဖြစ်သည်။

ပြန်ရောက်ပြီဆိုမှ သက်ပြင်းချနိုင်ကြကာ၊ မြင်လိုက်ရတော့ ခြေ ထောက်လေးတစ်ဖက်ထော့လျက် လက်တစ်ဖက်လုံးမှာ ဒဏ်ရာဒဏ် ချက်တွေနဲ့ ...။

"သမီး ဒီရောက်တာ ရက်ပိုင်းပဲရှိသေးတယ်၊ အားလုံးဒုက္ခများ ရတာ နှစ်ခါရှိပြီ"

"ဟုတ်တယ်၊ ဒီကောင်လေး ငါတို့ကို တမင်တိုက်ခိုက်နေတာလို့ ပဲ ငါခံစားရတယ်"

မိုးလည်းချုပ်နေပြီဖြစ်သည်။ ကေး နဲ့စကားပြောချင်ပါသည် လို့ ပြောထားသဖြင့် ဒေါ်ဝင့်ဝါခိုင်တို့က အပြင်ကို ပြန်ထွက်မလာကြပါ။

ဒါပေမဲ့ ကိုယ့်ကလေးက စည်းရုံးလို့မရ ..။

"ကေး ဒီမှာပျော်တယ်ဆိုရင် မရဘူးလားဟင်၊ ဦးတော်တို့က ကေး ကို စိတ်ပူနေရတာပင်ပန်းလို့ အရင်လို အလုံပိတ်ကားထဲ ထည့် ထားချင်တာလား"

"သမီးရယ် .. ခက်တော့တာပဲ"

"မဟုတ်ဘူးဆိုရင် ကေး စိတ်အေးလက်အေးနေပါရစေ"

ဘယ်လိုမှပြောရသည့်အဆုံးမှာ သူတို့ပဲ လက်လျှော့လိုက်ရကာ..။

"ဟုတ်ပါပြီ၊ တစ်ခုတော့ ပြောချင်သေးတယ် သမီး၊ ဒါမျိုး နောက် ထပ်တစ်ခါ ထပ်ဖြစ်ခဲ့ရင်တော့ သုံးကြိမ်မြောက်သွားပြီ၊ အဲဒီကျရင်တော့ လေးတော်တို့ သမီးဒုက္ခရောက်တဲ့အထိ ဆက်ကြည့်နေမှာမဟုတ်ဘူး နော် .."

www.burmeseclassic.com

www.burmeseclassic.com



ဦးသူတော်တို့ ပြန်သွားသည်နှင့် နာကျင်နေသည့်ခြေထောက်ကို ထောက်ကြည့်ရင်း ခင်ဦးသျှောင် မျက်နှာလေး မဲ့သွားသည်။

ပြန်ထိုင်ချလိုက်ကာမှ ဒေါ်ဝင့်ဝါနိုင် ကြည့်နေတာကို မြင်သွားမိကာ ..

"အန်တီဝါ .."

"သမီးအရမ်းနာနေတယ်မို့လား၊ ဒါတွေ မတော်တဆချော်လဲလို့ ဖြစ်တာမဟုတ်မှန်း အန်တီ သိတယ် .."

ခင်ဦးသျှောင် ဘာမှမပြောဘဲ ငြိမ်နေမိ၏။ ထိုစဉ် သခင်ကလည်း ရေချိုးပြီးစပုံစံနှင့် ထွက်လာ၏။

"သူတို့လည်းသိတယ်၊ အဲဒါကြောင့် အန်တီတို့ကိုတောင် ဘာမှ ထပ်မမေးတော့ဘဲ ညကျမှ ဖုန်းဆက်မယ်ဆိုပြီး ပြန်သွားကြတာ .."

သူမ ဆက်လက်နှုတ်ဆိတ်နေသည်နှင့် ဒေါ်ဝင့်ဝါနိုင်က မျက်နှာကို စူးစိုက်ကြည့်ကာ ..၊

"သမီးတို့ ဘာဖြစ်လာကြတာလဲ .."

"ဘာမှမဖြစ်ပါဘူး တီတီရာ၊ ကိုယ်ကြိုက်တာ ကိုယ်လျှောက် ကြည့်ကြတုန်း လူချင်းကွဲသွားတယ်၊ အဲဒီမှာ သူ အဲ့လိုဖြစ်လာတာ.."

"ဒါဖြင့် ကားနဲ့ပတ်ရှာနေရတယ်လို့ မင်းပြောတုန်းက .."

"သားမှ မရှင်းပြချင်တာ၊ အဲဒီဘိုးတော်တွေ သားကို ဒီတိုင်းတော အပြစ်ရှာချင်နေတာ .."

"ဒါနဲ့ပဲ လူကြီးတွေကို ဒုက္ခပေးလိုက်ရတာ သခင်၊ သူတို့ မင်းထင်သလို ပြောချလိုက်တဲ့စကားလေးတစ်ခွန်းကြောင့် ဘယ်လော ဒုက္ခရောက်သွားကြလဲ သိရဲ့လား .."

"တီတီရာ၊ ခုတောင်မှ သူတို့တွေမ ကိုယ့်ဘာသာဖြစ်လာတာ သားကိုပဲ တကြိမ်းကြိမ်းနဲ့ .."

"ဟုတ်တယ်၊ ကြိမ်းသင့်တယ်၊ ကား က မင်းရဲ့ဇနီး၊ သူ့ကို စော



ချက်ကာကွယ်ဖို့ မင်းမှာပဲ တာဝန်ရှိတာ .."

"ဒါဆိုလည်း သူတို့ ဝေးဝေးနေလိုက်လို့ရတာပဲ၊ သားကို တာဝန် းလိုက်ရင် သားကျေပွန်မှာပေါ့၊ သူလိုလို ကိုယ်လိုလိုနဲ့ ကိုယ်က ယ်ရံတော်လိုလို၊ အငှားယောက်ျားလိုလို .."

"သား .."

ဒေါ်ဝင့်ဝါနိုင် ဒေါသထွက်ကာ လက်ရွယ်တဲ့အထိ စိတ်က လွတ် က်သွား၏။ သို့သော် ..

"မင်း ရိုင်းစိုင်းလှချည်လား .."

လက်ရွယ်ထားရာမှ တဖြည်းဖြည်းပြန်ချလိုက်ကာ ..

"လူလိမ္မာသား ယဉ်ပါး၊ လူမိုက်သား ရမ်းကားတဲ့၊ ခုတောင် မင်းရဲ့ ်းပျူမှုတွေကြောင့် ငါတို့ ဘယ်လောက်အရှက်ရနေရသလဲ .."

"သား ဘာလုပ်လို့လဲ တီတီ၊ ဒီမိန်းကလေးကို ယူရမယ်ဆိုလို့ ခဲ့တယ်၊ ဒီလူတွေကို မမုန်းရဘူးဆိုလို့ မချစ်ပေမယ့် မျိုးသိပ်ဆက်ဆံ တယ်၊ သား ဘာမှားလို့လဲ၊ ဒီအိမ်ထောင်ရေးကို အစပျိုးခဲ့တာကိုက တို့ဘက်က .."

"တော်တော့ .."

"သားကလည်း မပြောချင်ပါဘူး၊ ဦးသူတော် ဆိုတဲ့လူတွေသာ ကိုပဲ ရွေးချယ်ဖိနှိပ်ချင်တာမဟုတ်ရင် ကျန်တာဘာမှဖြစ်ဖို့မရှိဘူး"

"အဲဒါ ငါပြောတဲ့ကံ ငါခံရတာလို့ပဲမှတ်ပေါ့၊ လူကြီးတွေကို ဆက်ဆံ စိတ်ထဲရှိသလို ပြောလို့မရဘူး၊ ပြီးတော့ ကိုယ့်သားမယား မျက်နှာ ငဲ့ရမယ် .."

သခင့်အကြည့်က ခင်ဦးသျှောင်ထံ တန်းခနဲ ရောက်သွားသည်။ မ မျက်နှာလေးကလည်း နီရဲတင်းမာနေလို့ပါလား။

ပြီးတော့ သူကြည့်နေကာမှ မျက်လွှာဖင့်ကြည့်တော့ မျက်ရည်းချင်း သွားခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com



သခင်ကလည်း ငယ်ငယ်လေးတည်းက ဒါလုပ်ချင်ပြီဆို အရိုက်ခံပြီး ဖွတ်လုပ်တတ်တဲ့အကျင့်နှင့် ...။

"အဲဒီအိမ်ထောင်ရေးကို တီတီကစပြောလာရင် သားဘက်ကလည်း ပြောစရာတွေ ပေါ်လာလိမ့်မယ် .."

"ဘာ .."

"ပြောပြတာပါ၊ သူတို့စိတ်ကြိုက် ပိတ်ဆို့ဘောင်ခတ်ပေးလိုက်တဲ့ အိမ်ထောင်ရေးကို သားလုံးဝစိတ်မဝင်စားဘူး .."

"မင်း .."

"အန်တီ .."

ဒေါ်ဝင့်ဝါခိုင် မျက်လုံးတွေ မီးတောက်မတတ်ဖြစ်သွားကာ နောက်ထပ်လက်နှင့်မြှောက်၍ရိုက်မည်ဟုသည်တွင် ခင်ဦးသျှောင်က ကမန်းကတန်း တားဆီးလိုက်သည်။

သူမအတွက်ကြောင့်မှ အိမ်ရှင်းကနေ ခပ်ဖြည်းဖြည်းထရပ်လိုက်ရင်း—

"ကျွန်တော်ကြောင့်ဖြစ်ရတာပါ၊ အခု ပြီးသွားပြီလို့ပဲ ထားလိုက်ပါနော်၊ ပန်းသခင်နဲ့ ကေး စကားပြောချင်လို့ပါ .."

ဒေါ်ဝင့်ဝါခိုင် ထွက်သွားသည်နှင့် သခင်က ဆံပင်တစ်ချက်ခါပြီး ရယ်လိုက်သည်။

"ပြီးတော့ ခင်ဦးသျှောင် ဘာမှမပြောဘဲ ခုံးစပ်မှာ လက်ချိတ်၍ရပ်လိုက်ရင်း ..

"မင်းလုပ်ချင်တာ ငါလုပ်ပေးပြီးပြီ၊ ဘာပြောဖို့ရှိသေးတာလဲ"

"ကေး တို့အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ရှင့်စိတ်ထဲမှာ ခံစားနေရမှာကို သိပါတယ်၊ ဒါပေမဲ့ ကေး ပြောချင်တာက အဲဒါ ခဏခဏထပ်ပြောပြီး ... မဖြစ်ပါနဲ့"

"ကောင်းပြီလေ ... စိတ်ချမ်းသာအောင် ... ပေးရဦးမယ်ပေါ့"

"မဟုတ်ဘူးလေ .."



"ဟုတ်တာက ဘာလဲ၊ မင်းအမေကစပြီး အာဏာသုံးတယ်၊ မင်းဦးလေးတွေက အနိုင်ကျင့်ချင်တယ်၊ မင်းက အသုံးချဖို့ ကျေကျေနပ်နပ် ရောက်လာတယ်၊ ငါက ဘာလဲ"

"လက်ထပ်ပြီးကာမှတော့ .."

"ဒါပေမဲ့ မင်းကို ငါက မော်ကြည့်ခွင့်တောင် မရှိတဲ့ကောင်"

"ရှင်က .."

"မင်းကို ထိချင် ငြိချင်လွန်းလို့ လို့ ထပ်မပြောနဲ့နော်၊ ငါပြောနေတာ ယောကျ်ားတစ်ယောက်ရဲ့မာန .."

"ကေးမှာလည်း မိန်းကလေးမာနရှိတယ်ဆိုတာ ရှင်မမေ့နဲ့လေ၊ လူကြီးတွေ ဘယ်လိုရှိရှိ သူတို့ကြောင့်ဖြစ်ဖြစ် ရှင့်ဘက်က ဘယ်လို အခြေအနေကြောင့်ဖြစ်ဖြစ် ရှင် ကေးကို လက်ထပ်ခဲ့ရတာပဲ .."

ကျွတ် ...။

ဒီကိစ္စက မုန့်လုံးစက္ကူကပ်သလိုဖြစ်နေပါပြီ။

သူကိုယ်တိုင်လည်း သူမရဲ့ခံစားချက်ကိုသိသည်။ ဒါကြောင့် နားလည်စိတ်လည်းဖြစ်ခဲ့မိ၏။ သို့သော် လူကြီးတွေရဲ့ ဆက်ဆံရေးအတိုင်း အတ္တအရဆို ဒါ သဘာဝကျသည့်အဖြစ်တစ်ခုမဟုတ် ...။

"ကေး ဘက်ကပဲ ပြောရမယ်ဆိုရင်လည်း ကေး လိုချင်တဲ့ သဘာဝမကျတဲ့ အကြောင်းအရာတစ်ခုအတွက်နဲ့ ကိုယ့်ကို ဘယ်လိုသဘောထား ဆက်ဆံမယ်မှန်းမသိတဲ့ ယောကျ်ားတစ်ယောက်နဲ့ လက်ထပ်ခဲ့ရတာပဲ၊ အဲဒါကြောင့် .."

"ခင်ဦးသျှောင် .."

သူမ မျက်နှာကို တမင်ငုံ့ကြည့်ပြီး ခပ်ငေါ့ငေါ့ခေါ်မိကာ ..

"ငါ့မှာ အငြိုးထားတတ်တဲ့အကျင့်မရှိဘူး၊ မကျေနပ်ချက်တစ်ခုကို ကဏန်းညှပ်သလို ထိလိုက်မိလိုက်တိုင်း ညှပ်ဖို့ ကြိုးစားနေတဲ့အလုပ်လည်း မလုပ်တတ်ဘူး၊ အခုလည်း အားလုံးကို ငါထားလိုက်နိုင်တယ်၊

www.burmeseclassic.com

www.burmeseclassic.com



မထားနိုင်တာ မင်းရဲ့ ဦးလေးတွေ၊ ပြီးတော့ မင်းရဲ့အဖေ ..”

“သူတို့ဘာပြောပြော ကေးနဲ့ ရှင်နဲ့ပဲ ..”

“မင်းနဲ့ငါ နှစ်ယောက်တည်းရှိနေကြတာမဟုတ်ဘူးလေ၊ သူတို့ ငါ့မျက်နှာမြင်တိုင်း ယုံထင်ကြောင်ထင် အမုန်းပွားနေကြသလို ငါက လည်း လုံးဝမေ့ထားမှာမဟုတ်ဘူး”

“ဒါကြောင့် ကေး ကို ဦးတော်တို့ ပြန်ခေါ်သွားအောင် ရှင်ရွဲ့နေတာလားဟင် ..”

“အဲလိုဖြစ်သွားရင်လည်း မတတ်နိုင်ဘူး၊ ဒါပေမဲ့ ဇော်ကားလာရင် ငါသည်းခံမှာမဟုတ်ဘူး၊ ငါ့ဘက်မှာ ဘယ်လိုအခြေအနေပဲရှိနေနေ၊ သူတို့ဘက်က မှန်နေတာပဲဖြစ်ဖြစ်၊ ဘယ်နကြိမ် ဘယ်နခါပဲဖြစ်နေရပါစေ၊ ရှော့ခ်ရှိလာရင် မီးပွင့်မှာပဲ”

“ကေး ကလည်း ဘယ်သူ့ကြောင့် ဘယ်လိုအခြေအနေဖြစ်လာလာ၊ ရှင့်ကို ကွာရှင်းပေးမှာမဟုတ်ဘူး ..”

ဟွန်း ..၊

အေးလူကြားရင်တော့ ‘ကောင်မလေးကချစ်ရှာတာ’လို့ ထင်မလား။

ပန်းသခင် ဆိုတဲ့သတ္တဝါ ဘယ်ဘဝရောက်နေလဲဆိုတာ ဘယ်သူမှမသိ။



## အခန်း (၃၁)

“သားသွားမယ်ဆို သမီးကိုခေါ်သွားပါလား”

လှမ်းကြည့်လိုက်တော့ သူမက ပန်းပင်တွေကြားထဲမှာ ဘာလုပ်နေသည်မသိ။ အားကြိုးမာန်တက် တူးဆွနေလျက် မျက်နှာလေးမော့ပြီး ဆံပင်ခါလိုက်၊ ငုတ်တုတ်လေးကနေ ဖင်ရွှေ့ထိုင်လိုက် ..။

“သူ့ခမျာ မျှင်းနေရှာတာ ..”

“မခေါ်ချင်ဘူး တီတီ”

“ဘာဖြစ်လို့လဲ၊ မင်းနဲ့ သမီးကိုကြည့်ရတာ ဟိုတစ်ခါ အပြင်ထွက်သွားပြီးတည်းက မတည့်ကြသလိုပဲ၊ ယောက်ျားဆိုတာ မိန်းကလေးနဲ့ ပြိုင်ပြီး မာနမထားရဘူး ..”

“ဟာ .. တီတီကလည်း၊ နေရာတကာမှာတော့ အလျှော့မပေးနိုင်ပါဘူး၊ ယောက်ျားမာနဆိုတာ မရှိရတော့ဘူးလား ..”

“မဟုတ်ဘူးလေ၊ နင်မခေါ်ရင် ငါလည်းမခေါ်ဘူးဆိုတာပျတော့ ..”

“သား အဲလိုနေတာမဟုတ်ပါဘူး၊ သူနဲ့ အမြဲတမ်း စကားစမြည်

www.burmeseclassic.com

www.burmeseclassic.com



ပြောနေရအောင် သားတို့က သူငယ်ချင်းလည်းမဟုတ်၊ ချစ်သူလည်း မဟုတ် ..''

ဒေါ်ဝင့်ဝါနိုင်က သခင့်မျက်နှာကို စိုက်ကြည့်သည်။ ပြီးတော့ ဧည့်ခန်းပြတင်းပေါက်ကနေ လှမ်းမြင်နေရသော ခင်ဦးသျှောင်ကို လှမ်းကြည့်လိုက်ကာ ..၊

''ကေး က ဒီလောက်လှတာ၊ သား သူ့ကို စိတ်မဝင်စားဘူးလား''

သခင့်အကြည့် ဖျတ်ခနဲ ရောက်လာသည်။ ပြီးတော့ ဘာမှမဖြေဘဲ ပြန်လွှဲသည်။ ပြီးတော့ ခင်ဦးသျှောင်ထံ မှုန်ကုပ်ကုပ်လှမ်းကြည့်လေသည်။

စကားဝါရောင်နုနု ဂါဝန်လေးက ဒူးဖုံးရုံ ခါးကျုပ်ကျုပ်ပွပွ ဖားဖား ရှိကာ သူကြည့်မိစဉ်မှာပင် သူမ ထရပ်လိုက်သဖြင့် ခြေသလုံး တစ်ဝက် ထိပါသော ခြေစွပ်အသားရောင်လေးကိုပါ မြင်လိုက်ရ၏။

ကြည့်နေတုန်းမှာပဲ ဆံပင်တွေကို မျက်နှာမော့ခါလိုက်ပြီး ဟိုဘက် ကို လျှောက်ထွက်သွားသည်။ စီးထားသည့်ဖိနပ်က ခုံမြင့်သားရေပျော့ အစိမ်းရောင်လေးဖြစ်ကာ ဖိနပ်ကလည်း ခြေမျက်စိဖုံးသော ဘွတ်ဖိနပ် မျိုးပဲဖြစ်၏။

တမင် ခြံထဲဆင်းချင်လို့ အဆင်ပြေအောင် ဝတ်ဆင်ထားတာတော် အရောင်တူ အဆင်တူ။ သူမပုံစံကိုကြည့်ရတော့ အလှအပကို ထူးခြား စိတ်ဝင်စားနေပုံမရှိ ..။

ထို့ပြင် မနက်အိပ်ရာထချိန်၊ အပြင်သွားဖို့ လှုံ့ဆော်လိုက်တဲ့အချိန် ထိုအချိန်မှာ သတိထားမိခဲ့တာက သူမ အလှအပပြင်ဆင်ဖို့အတွက် အချိန် ယူတယ်ဆိုတာ မတွေ့ရခြင်းပင် ..။

သူမ ဝတ်သမျှ ဆင်သမျှတွေကို အားလုံးအဆင်ပြေအောင်၊ သူမ ကိုယ်ပေါ်မှာ ထင်းနေအောင် ဘယ်သူစီစဉ်ဝယ်ခြမ်းပေးပါသလဲ ..

''သား ..''

''ဗျာ ..''



''ဘယ်လိုလဲ .. အဆင်ပြေရဲ့လား''

ဒေါ်ဝင့်ဝါနိုင်မျက်နှာက ပြုံးနေသဖြင့် သခင် ရှက်ရှက်နှင့်ရယ်သည်။

''တီတီပြောလိုက်လို့ ကြည့်မိတာပါ ..''

''အေးပါ၊ ဘယ်တုန်းကမှ မကြည့်မိခဲ့ဘူးပဲထားပါ၊ တီတီပြော ချင်တာက သားကို သူတို့ကလေးနဲ့ ပေါင်းခွင့်မရှိဘူးလို့ တားမြစ်ထား တာမဟုတ်ဘူး ..''

''တီတီက ..''

''တီတီကတော့ သားနဲ့ ကေးကို ချစ်ချစ်ခင်ခင်ရှိကြစေချင်တာ၊ သားကို သူတို့စိုးရိမ်တာက ကေးရဲ့ ချို့ယွင်းချက်အပေါ်မှာ ..''

''အဲဒါ အလကားခေါင်းစဉ်တပ်လိုက်တာ တီတီ၊ ခင်ဦးသျှောင် ဆိုတဲ့မိန်းမကို ဒုက္ခိတပါလို့ ဘယ်သူလက်ညှိုးထိုးမှာလဲ၊ သူ့ကိုမြင်ရင် လှလိုက်တာလို့ ပြောတဲ့သူပဲရှိတယ်၊ သနားပါတယ်လို့ ဘယ်သူမှ မပြော ဘူး ..''

''ဒါဆို သားရင်ထဲမှာလည်း ငါ့ကို ဒုက္ခိတမိန်းကလေးနဲ့မှ ဗီအား ပေးပြီး လက်ထပ်ပေးတယ်ဆိုတဲ့ နာကျင်မှုမျိုး မရှိခဲ့ဘူးပေါ့ ..''

သခင်က ခေါင်းလည်းမခါ၊ ခေါင်းလည်းမညိတ် ..။

''ပြောလေ သား၊ လှတဲ့မိန်းကလေးတစ်ယောက်ကို သဘောကျ တယ်ဆိုတာ ရှက်စရာမဟုတ်ပါဘူး၊ ပြီးတော့ သားနဲ့ ကေးတို့က အချစ် သင့်ဆုံးလူတွေပဲလေ ..''

''တီတီ ခုပြောချင်တာက သားသူငယ်ချင်းတွေနဲ့ ညောင်တုန်း သွားရင် သူ့ကိုခေါ်သွားဖို့ပဲမို့လား ..''

''ဟုတ်တယ်၊ ဒါပေမဲ့ ..''

''တော်ပါ တီတီရာ၊ အဲဒါတွေ သားစိတ်မဝင်စားချင်ဘူး ..''

စိတ်မဝင်စားချင်ဘူးဆိုတာက ဘာလဲ ..။

လှမ်းကြည့်လိုက်တော့ ခင်ဦးသျှောင်က ပန်းပင်တွေကို ရေလောင်း

www.burmeseclassic.com

နေပြီဖြစ်ကာ ပန်းတွေနားကို မျက်နှာလေးကပ်သွားပြီး စကားတွေ
ပြောနေတာလည်းရှိ၏။

ပြီးတော့ ပြုံးလိုက်၊ ရယ်လိုက်နှင့် ဆံပင်တွေ လက်တစ်ဖက်
သပ်ပြီးမှ ပိုက်ကို ပြန်ကိုင်တာလည်းရှိကာ ဒီပန်းခြံတစ်ခုလုံးရဲ့အလှပ
သူမ ရပ်နေတဲ့အခါတွေမှာ ပိုမိုပြည့်စုံနေသလိုလို ..။

"တော်တော်လှတဲ့ ကောင်မလေး .."

ဒေါ်ဝင့်ဝါခိုင် ခင်ဦးသျှောင်ကိုငေးရင်း ပြတင်းပေါက်နားမှာပဲ ရ
နေခဲ့မိသည်။ သူမလေးကို သူချစ်ပါသည်။ သူမ လိုချင်သော နွေးထွေးသ
စောင့်ရှောက်ကြင်နာခြင်းနှင့် ထွေးပွေ့ဖို့လည်း အဆင်သင့်ရှိခဲ့သည်
ဒါပေမဲ့ သူမလေးကို သူတို့တကယ်အပိုင်ရတာမဟုတ်ဘဲ လက်ထ
ပွဲကြီး ပြီးစီးအောင်မြင်ခဲ့ပေမယ့် ဒီမိန်းကလေးကို နင်တို့ ထိန်းကြ
ဆိုပြီး လှူမိုက်ငှားတယ်ပဲပြောရမလား ..။

ကလေးထိန်းငှားလိုက်တာလား ..။

ဒါမှမဟုတ် ကိုယ်တူက ဘော်ဒီဂတ်လား ..။

လူငယ်ချင်း မပြောနဲ့၊ ကိုယ်တောင်မှ ဒီကိစ္စကြီးကိုတော့ ဘယ်
မှ ပြီးပြီးပျော်ပျော် မထားခဲ့နိုင်သလို ဒါကိုသတိမရဘဲ ပေါ့ပါးစွာ ဖြ
ကျော်သွားခဲ့တဲ့နေ့ဆိုတာ မရှိ ..။

ဒေါ်ဝင့်ဝါခိုင် တွေးနေမိသည်။ မြင်ကွင်းထဲကို သခင် ရောက်
သည်။ ဖုန်းပြောနေပေမယ့် ခင်ဦးသျှောင်ဆီ ကို သွားနေတာသိလို
သဖြင့် ပြုံးမိ၏။

သဘာဝဟာ သဘာဝပါပဲ။



## အခန်း [၃၂]

"သတို့သမီးအရံကို ငါကတော့ သခင့်မိန်းမကို လုပ်စေချင်တာ"

"ဟာ .. ဒါကားက ဒါတော့ များသွားပြီ"

"ဘာလဲ၊ အပျိုတွေကို ကျော်ပြောတယ်ဆိုပြီးလား၊ အပျိုတွေ တန်းစီ
ချကြည့်ပါဦး၊ ခင်ဦးသျှောင်လောက် ဘယ်သူလှလို့လဲ .."

အားလုံးစကားကိုနားထောင်ပြီး နွေဦးကရယ်ကာ ..၊

"ဒီလောက်သဘောကျနေရင်လည်း လုပ်နိုင်းပါစေ သုံးခွ ရယ်၊
ခင်ဦးသျှောင်လည်း အပျိုပဲဟာ .."

"ဟင် .."

"ဘယ်လို .. ဘာပြောလိုက်တယ်"

ခပ်လှမ်းလှမ်းမှာ မဆိုင်သလိုထိုင်ပြီး ဂီတာခေါက်နေသည့် သခင်
က သမင်လည်ပြန်လှည့်ကြည့်သည်။ အားပါးတရပြောလိုက်သည့်
မခင်မဝ ကလည်း တအံ့တသြဖြစ်သွားလျက် ..

"ခုန နွေဦး ဘာပြောလိုက်တာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း .. ဒီလိုလေ"

နွေဦး ရုတ်တရက် သခင့်ကို အားနာသွားမိသဖြင့် စကားတွေ မှားကုန်သည်။ ဒါပေမဲ့ စကားကျွံသွားတာလည်း နုတ်ရခက်သွားခဲ့လျက် ..

"ခုမှညားကာစ တစ်လတောင် မကူးသေးဘူးလေ ဒေါ်လေးကလည်း၊ ဒေါ်လေးတောင်မှ အပျိုတွေကို ဖယ်ပြီး ခင်ဦးသျှောင်ကို ထားချင်နေတာမဟုတ်ဘူးလား .."

"အင်း .. ဟုတ်တယ်"

"နောက်ပြီး ဒီရွာမှာလည်း သခင့်မိန်းမမှန်း သိပ်သိကြတာမဟုတ်တော့ ဒေါ်လေးအဆင်ပြေရင် ပြီးတာပဲလို့"

"ယော့ .. ယော့ .. ဒီလိုတော့ မတရားမလုပ်နဲ့၊ နုတ်သမီးလိုလှလည်း ယောက်ျားရှိတဲ့မိန်းကလေး အပျိုရံမလုပ်ရဘူး"

"အံမယ်၊ ကိုကြီးမိုးက သူ့ညီမ မကျည်းတန်ကို ပွဲမထုတ်ရမှာစိုးလို့ ဖြစ်နေတာမို့လား၊ မသိတာမှတ်လို့ .."

"ဟဲ .. ဟဲ .. မဟုတ်ပါဘူးဟာ၊ ဓလေ့ထုံးစံတွေအတိုင်း လုပ်သင့်တာကို ပြောတာပါ"

မိုးနောင်က အသားမည်းမည်း သွားကြီးကြီးမို့ ရယ်လိုက်လျှင် သဘောကောင်းပုံတော့ပေါက်သည်။ ဒါပေမဲ့ မောင်နှမနှစ်ယောက်စလုံး ပုံစံတူဖြစ်တဲ့အတိုင်း ..။

"ဟာ .. ဒေါ်ကျည်းတန် မလုပ်ရပါဘူး၊ အနော်တို့ ဒေါ်ဒေါ် မင်္ဂလာဆောင်ပွဲပျက်မှာပေါ့ .."

ကလေးသံလေးက စူးခနဲ ..။

"ဟုတ်တယ် .. ဟုတ်တယ်၊ ဒေါ်ကျည်းတန်ကြီးက လှလည်း မလှဘဲနဲ့ .."



ကလေးငယ်လေးတွေ ဘယ်ကဘယ်လိုထွက်လာပြီး တစ်ယောက်တစ်ခွန်းပြောလာကြမှန်းမသိ။

လူကြီးတွေ ကလေးတွေကိုငုံ့ကြည့်ပြီး ရယ်ကြ၏။ ကိုမိုးနောင်က တိုနံ့နံ့ဘိုကေကို ပွတ်နေရင်း ရှုံ့မဲ့လျက် ..။

"အေးပါ .. အေးပါ၊ မင်းတို့မှမပြောရင် ငါတို့မောင်နှမကို ပြောမယ့်သူမရှိဘူး"

"မိုးနောင်ရယ်၊ မကျည်းတန်ကို အပျိုရံလုပ်ခိုင်းဖို့ အဖွဲ့တ်အစားတောင် ငါချုပ်ပေးထားတာပဲဟာ၊ ပူမနေပါနဲ့၊ ကတည်း .. စနောက်နေတာကို သူ့မှာ .."

မဇင်မာက မိုးနောင် ကိုဆူရင်း ဟိုဒီလိုက်ကြည့်၏။

"ဘယ်မှာလဲ သခင် .."

"ဟိုမှာ ဟိုး[illegible]ကားမှာ ဒေါ်လေး .."

မဇင်မာက ဖြူဖြူသွယ်သွယ်လေးမို့ ခုချိန်ထိ ဒေါ်တစ်မခေါ်ကြသေးပေမယ့် သတို့သမီးရဲ့ အမေဖြစ်နေပါပြီ။ လူက အရွယ်တင်နုပျိုတာမဟုတ်ဘဲ အသက်ကိုက ငယ်နေသေးတာဖြစ်သည်။

ထို့ကြောင့် လူငယ်တွေနဲ့ ရောသောစနောက်တာတွေ၊ ရယ်မောပြောဆိုတာတွေလည်း ခုချိန်ထိ ..။

"သခင့်ရေ .."

"ခင်ဗျာ .."

"ကောင်မလေးရော .."

"သူ ညနေက တောဘက်ကိုလျှောက်လည်ပြီး ပင်ပန်းလို့ထင်တယ်"

"အိပ်နေတာလား၊ ထားလိုက် .. ထားလိုက်"

"အန်တီ ဘာပြောစရာရှိလို့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"မရှိပါဘူး သားရယ်"

မဇင်မာက နွေဦး တို့ ဆီအလည်လာတိုင်း နွေဦး ရဲ့သူငယ်ချင်း အားလုံးကို အိမ်မှာစုဝေးစေကာ မုန့်လုပ်ကျွေးတတ်သဖြင့် လူငယ် အားလုံးနဲ့ ရင်းနှီးပြီးသားဖြစ်သည်။

တောမှာမို့ တောလိုနေပေမယ့် ခင်ပွန်းဖြစ်သူက ဆရာဝန် ကာ နှစ်ဖက်စလုံးက ပြည့်စုံကြွယ်ဝကြတာမို့ သမီးအကြီးဆုံးရဲ့မင်္ဂလာ က တောမင်္ဂလာဆောင်ပေမယ့် တောအထာအတိုင်း ကြီးကြီးကျယ်ကျ ပဲဖြစ်သည်။

သူမတို့က တောပိုင်းကျကာ သတို့သားက ညောင်တုန်းမြို့ပေါ် ဖြစ်၏။ ထို့ကြောင့် ကန်တော့တောင်း တောင်းခြင်းက တစ်ရက် ..

တောပိုင်းမှာတစ်ခါ၊ မြို့ပေါ်မှာတစ်ခါ၊ မင်္ဂလာပွဲကပဲ သုံးရ ဖြစ်သွားခဲ့သည်။ သခင်တို့က နွေဦး ကတစ်ဆင့် ဖိတ်ကြားချက် သူငယ်ချင်းတွေအားလုံး မင်္ဂလာပွဲကို လာခဲ့ကြခြင်းဖြစ်သည်။

တိုက်ခံနှစ်ထပ် ပျဉ်ထောင်အိမ်ကြီးရှေ့မှာ မဏ္ဍပ်ကြီးက အိမ်မျက် စာအပြည့်ဖြစ်နေရုံမက ခြံရှေ့လမ်းကလေးပေါ်အထိတောင် ရောက် သေးသည်။

မနက်မိုးလင်းတာနှင့် ကန်တော့တောင်းထွက်ကြမှာမို့ မဏ္ဍပ် မှာလည်း ညဦးတည်းက တဝါးဝါး တဟားဟားနှင့် ..။

"ဒေါ်လေးက သခင့်ကို ဘာပြောမလို့လဲ .."

ခေါ်ပြီး ဘာမှမပြောတဲ့ ပန်းကန်းအတွက် ဖဲပြားလေးတွေနဲ့ ပို့စ လေးတွေ ရှုပ်နေသော မဇင်မာ နား ကပ်မေးရင်း ..၊

"သခင် မိန်းမရသွားတာကို ဒေါ်လေး အံ့သြနေတာမလား .."

"အံ့သြတာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အရမ်းမြန်သလား



နဲ့ ကောင်မလေးက တော်တော်ကြီးချမ်းသာတယ်ဆို .."

"ဟုတ်တယ်၊ ပြီးတော့ တစ်ဦးတည်းသောသမီး .."

သူမတို့ ထိုအကြောင်းပြောနေကြမှန်းသိသည်နှင့် ကပ်လျက်လေး ဝိုင်းကူလုပ်နေကြသော မိန်းကလေးတွေလည်း မသိမသာကပ်လာ ကြတာ ..၊

"ဟို ချောချောအစ်ကိုနဲ့ သူ့မိန်းမလားဟင် .."

"ဟုတ်တယ်၊ သူတို့က လက်ထပ်ထားတာ တစ်လတောင်မပြည့် သေးဘူး"

"ဟုတ်လား၊ မနွေတို့နဲ့ ခြံချင်းကပ်လျက်ဆို .."

"အင်း .."

"အရမ်းလှတာပဲနော်၊ မျက်တောင်လေးတွေကို ကော့ပျံနေတာပဲ"

"မျက်မှန်တပ်လာတာကို နင်က ဘယ်လိုမြင်လိုက်တာလဲ .."

သူတို့အချင်းချင်း ငြင်းခုန်ခြင်းစသည်နှင့် နွေဦး ကရယ်ကာ တွဝရီး သောက် စကားဆက်ကြ၏။

"ဟဲ့ .. ခင်ဦးနှောင်က မျက်လုံးမကောင်းလို့ မျက်မှန်တပ်တာ လုံးဝမမြင်ရတာလား .."

"အဲဒါ သမီးလည်းမသိဘူး၊ ဒါပေမဲ့ မှန်လို့တပ်တာဖြစ်မှာပါ၊ မျက်လုံးလေးတွေက အရမ်းလှတာကို .."

"အေးလေ .. ဒီလောက်လှလှလေးကို နမြောစရာ .."

"ဒေါ်လေးက ဘာကိုနမြောတာလဲ .."

"မျက်လုံးမကောင်းဘူးဆိုတာကိုပါ၊ ဒါပေမဲ့ တချို့ ငယ်ငယ်ရွယ် နဲ့ မျက်စိမှုန်ကြတာပါပဲ၊ ဒါပေမဲ့ ငါကြည့်နေတာ သူတို့လင်မယား ကြင်နာနာလည်းမရှိဘူး .."

www.burmeseclassic.com

www.burmeseclassic.com



"ညားကာစမို့ ရှက်နေကြတာနေမှာပေါ့"

နွေဦး အားလုံးကို သိနေပေမယ့် အားလုံးကိုတော့ မပြောရက်ပါ။ နိုင်မာလာက ခင်ဦးသျှောင်ကို မြင်မြင်ချင်း ကြည့်မရဘူးဖြစ်နေပမယ့် သူမကတော့ ကြာကြာသိလာလေ ခင်ဦးသျှောင်ကို နားလည်လာလေ။

ပြီးတော့ သူမက ကိုယ့်ကိုမရင်းနှီးပေမယ့် ကိုယ်ကတော့ သူမ ချစ်စရာကောင်းတာလေးကို သဘောကျခဲ့သည်။ သခင်နဲ့ လိုက်ဖက် သည်လို့လည်း အမှတ်ပေးနေမိခဲ့၏။

ဘယ်လောက်ထိ သူမအပေါ် ခင်မင်စိတ်ဖြစ်ခဲ့သလဲဆိုလျှင် ညီ ဝမ်းကွဲရဲ့ မင်္ဂလာဆောင်ကို သူငယ်ချင်းတွေအကုန်လိုက်ဖြစ်အော မိတ်ရင်း ခင်ဦးသျှောင် ပါလာမည်ဆိုတော့ နိုင်မာလာ ကိုတောင် နော ထပ်စုစည်းမှုတွေထဲမပါအောင် ကြိုးစားချန်ထားခဲ့မိသည်။

နိုင်မာလာ အမြင်စောင်းသမျှစကားတွေ၊ အနှောင့်အသွားမလွ ပြောနေမှာဖြစ်သည်။ ခင်ဦးသျှောင် စိတ်ညစ်သွားမှာကို မလိုလားခြ က ပိုနေသဖြင့် သူမကိုထားခဲ့ရခြင်းဖြစ်၏။

တောမှာလည်း သတင်းစကားတစ်ခုရပြီဆို ပြန့်တာ အရမ်းမြ သည်။ ထို့ကြောင့် သခင်နဲ့ သူမရဲ့ အိမ်ထောင်ရေးကိုရော၊ ခင်ဦးသျှေ မှာ ဘယ်လိုချို့ယွင်းချက်ရှိနေပါသည်ဆိုတာရော ...။

သူမ ဘာမှမပြောမိအောင် မျိုသိပ်ထားခဲ့သည်။ စနောက်ချင်စိ နှင့် ခုနပြောလိုက်မိတာတောင် နောင်တရလို့မဆုံး ...။

သူမ နေရာမှ ထရပ်လိုက်ကာ ...၊

"ဒေါ်ကြီးစု ... ညှော်သည်တွေ ထမင်းစားဖို့ အဆင်သင့်ဖြစ်ပြီလာ ဟင် ..."

"ပြင်နေတယ် နွေဦးရေ၊ ခဏလေးပဲစောင့်၊ ကြက်သားနဲ့ဘူ



လေးရယ်၊ ဝက်သားနီချက်လေးရယ်၊ ပုစွန်ချဉ်လေးလည်း သုပ်ထား တယ်၊ အဲ ... သုပ်နေတုန်း အဲဒါလေးက ငါးကြင်းနှပ်ချိုချက်လေးလည်း လုပ်ထားတယ်၊ မြို့သားတွေက အစပ်သိပ်မစားကြတော့ ..."

"ကြက်သားလေး ကြော်ထားပါဆို ... မပါဘူးလား၊ ငါးကြော်တို့ ဘာတို့ ..."

"ပါပါ့တော်၊ အဲဒါက ရှင်လေး အထူးမှာထားတာဆိုတော့ တမင် ထည့်မပြောတာပါ ..."

"အဟွန်း ... သခင်က ဟင်းထက် အသားငါးဆို ကြော်တာ ပို ကြိုက်တာ၊ သမီးညှော်သည်တွေကို အထူးစပါယ်ရှယ်လုပ်ရမှာပေါ့ ..."

"ညှော်သည်တွေဆိုတာ သခင့်နာမည်ပဲ ကြားလိုက်တာလားလို့"

"ကဲပါ သုံးခွ ရာ၊ ဘယ်သူ့နာမည်နဲ့ကျွေးကျွေး စားရဖို့က အဓိက ပါ၊ ထားလိုက်စမ်းပါ"

"ဟုတ်ပါ့၊ သုံးခွ တစ်ကောင်ဟာ အစားဆို သူ့အဘဲ့ပဲ ..."

"ခေတ်ဦး ..."

"ဘာလဲ ..."

"ငါ့ကိုပြောဖို့ဆိုလည်း နင်ပဲနော်"

"မဟုတ်လို့လား ..."

"ကဲ ... ကဲ ... အဲဒီမတည့်အတူနေနစ်ယောက်ကတစ်မျိုး၊ အဲဒါမျိုး တွေပေါ့၊ ချစ်ပြီဆိုရင် ..."

"အမလေး ... ဝေးပါ့"

"ဘယ်သူကရော နီးပါရစေပြောနေလို့လဲ"

မဏ္ဍပ်ထဲမှာ ရှိသမျှလူငယ်တွေ ကြိတ်ရယ်ကုန်ကြ၏။

"ဟဲ့ ... ကလေးတွေ၊ ထမင်းစားမယ်တဲ့ ကြားလား၊ ဒီမှာစားမယ့်

www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ မီးဖိုဆောင်ကိုသွား၊ ပြန်စားမယ့်ကလေးတွေ ပြန်ကြ၊ ရှုပ်လိုက်တာလွန်ရော ..”

မဖင်မာရဲ့ စိတ်ပေါက်ပေါက်နဲ့ အော်ထုတ်သံတွေလည်း ထွက်လာခဲ့လျက် ...။

“သခင်ရေ .. သားရဲ့မိန်းမကို သွားနှိုးလေ၊ တစ်ခါတည်း ထမင်းစားကြရအောင်၊ ပြီးမှ ပြန်အိပ်ပေါ့”

“ဟုတ်ကဲ့ ..”

သခင်က ဂီတာကို မီးပုံဘေးမှာ ချထားခဲ့ပြီး နေရာမှ ထရပ်သည်။ တောင်ငူက သခင့်ကိုကြည့်၍ သုံးခွနှားကပ်ကာ ..

“ဒီကောင် လမ်းမှာတည်းက ငေါင်နေတာ ..”

“အင်း .. အိမ်နဲ့ ကွိုင်တက်လာတဲ့ပုံပဲ”

“ခင်ဦးသျှောင် နဲ့ကို စကားမပြောတာ ..”

“ခင်ဦးသျှောင် ကတော့ နွေဦး ့တို့နဲ့ ပြုံးပြုံးရယ်ရယ်ပါပဲ”

“မသိတော့ဘူး”

သူတို့ပြောနေသလောက် သခင့် ခြေလှမ်းတွေက အိမ်ကြီးထဲသို့ တက်ကြွခြင်းကင်းစွာဖြင့် ..။



## အခန်း (၃၃)

“ခင်ဦးသျှောင်”

ခေါ်ရင်း တံခါးခေါက်မလို့ လက်တင်လိုက်လျှင် တံခါးက ရှပ်ခနဲ ပွင့်သွား၏။ ပြီးတော့ တစ်ပြိုင်တည်းထွက်လာသော သူမနှင့် တိုက်မိမလိုဖြစ်သွားပြီး ..

“ဟော့ ..”

“သခင် ..”

ခင်ဦးသျှောင် မျက်နှာလေးက သူ့ကိုမြင်လိုက်သဖြင့် ဝမ်းသာအားရဖြစ်သွားလျက် ကြောက်ရွံ့ဟန်တွေပါ တစ်ဆက်တည်းဖြစ်လာခဲ့၏။

“သခင် .. လုပ်ပါဦး၊ ကေး တော့ ဒုက္ခပဲ ..”

“ဘာဖြစ်လို့လဲ”

“လုပ်ပါဦး၊ ကေးနားကြပ်တွေ တစ်ခုမှမရှိတော့ဘူး ..”

“ဟင် ..”

www.burmeseclassic.com

www.burmeseclassic.com



သခင် မျက်မှောင်ကုပ်သွားသည်။ ခင်ဦးသျှောင်က သူမ ဘာမှ မကြားရတိုင်း အားမရဖြစ်ကာ နားနှစ်ဖက်ကိုပုတ်ပြပြီး ..

"နားကြပ်တွေမရှိတော့ဘူး၊ လုပ်ပါဦး၊ ကေး အဲဒါတွေ မရှိလို့ မရဘူး"

"မင်းသွားတဲ့နေရာတွေ ပြန်ရှာကြည့်လေ၊ ရေအိမ်တွေဘာတွေ ထသွားလိုက်သေးလား .."

"ဘာပြောတာလဲ၊ ကေး မကြားရဘူး၊ နားကြပ်တွေ ပျောက်နေလို့ပါဆို .."

အပြင်မှာ သီချင်းတွေဆိုကြ၊ ရယ်မောကြနှင့် သူတို့နှစ်ယောက် အထဲမှာ ပျာယာခတ်ပူလောင်နေကြသည့်အဖြစ်ကို ဘယ်သူမှမသိကြ။

"သခင် .. ဘာလုပ်တာလဲ၊ ဘယ်ကိုလဲလို့ .."

သခင် ထွက်သွားတော့ ခင်ဦးသျှောင်က အတင်းလိုက်ဆွဲထားပြီး အလန့်တကြားမေးနေသည်။ သူပြောလည်း ကြားမှာမဟုတ်သည်မို့ သူမလက်ကို နောက်ပြန် ပြန်ကိုင်ထားလိုက်ပြီး အိမ်သာအထိ ခေါ်သွားခဲ့၏။

သူ အထဲ အပြင်တွေ ကုန်းကွရှာနေတော့မှ ခင်ဦးသျှောင် သဘောကျသွားကာ ..။

"ဟင်အင်း .. အဲဒီကပြန်မှ အိပ်ချင်တာနဲ့ ဖြုတ်ထားလိုက်ပြီး လှဲချလိုက်တာ၊ အဲဒါ အိပ်ပျော်သွားပြီး ပြန်နိုးလာတော့ မရှိတော့ဘူး"

သခင် ခဏရပ်ပြီး စဉ်းစားနေမိ၏။ ပြီးတော့ အခန်းထဲပြန်ဝင်လာကာ ဘယ်အောက် ဘယ်ကြားမှမကျန် လှန်လှောရှာနေမိ၏။

"ကေး ရှာပြီးပြီ၊ ကေး ခဏလေးပဲအိပ်ပျော်သွားတာ၊ အိပ်မယ်လို့ မရည်ရွယ်ဘဲနဲ့ ပျော်သွားတာ .."



"မင်း ဘာပဲရည်ရွယ်ရည်ရွယ် .. ဒါ အရေးကြီးမှန်းမသိ .. ကျွတ်.."

သူဘာယ်လိုပြောပြော ကြားမှာလည်းမဟုတ်သဖြင့် စိတ်တိုသွားမိသည်။ သို့သော် သူ ဘာပြောလိုက်တာလဲဆိုသည့် မျက်ဝန်းလေးတွေနဲ့ မျက်တောင်ကော့လေးတွေ ဖြန့်ကပ်ဝေ့နေသည့် အကြည့်တို့ကြောင့် သူ့ရဲ့ ဒေါသမျက်နှာသည် အော်တိုမစ်တစ် ပြေကျခဲ့ရသျှက် ..၊

"ဘာဖြစ်လို့ အရေးကြီးတဲ့ပစ္စည်းကိုဖြုတ်ပြီး ပစ်စလက်ခတ် ထားအိပ်တာလဲ"

လို့ ဖုန်းနဲ့ စာရိုက်ပြီးမေးရသည်။ သူမကဖတ်ကာ စာပြန်ရိုက်ဖို့ ဖုန်းကိုယူလျှင် ..၊

"ဟာ .. မင်း ဒီတိုင်းပြောလေ၊ ငါကကြားနေရတာပဲ .."

ထိုအခါကျမှ သူမ ကယောင်ကတမ်းတွေဖြစ်နေမှန်းသိကာ ကိုယ့်နဖူး ကိုယ်ပြန်ထုလိုက်ပြီး ..၊

"ကေး အိပ်ချင်လို့ ခဏလှဲနေရုံပဲ လှဲတာပါဆို၊ အဲဒါ အိပ်ပျော်သွားတာ .."

သူ ဖုန်းနဲ့ပဲစာရိုက်ကာ ..

"လှဲရုံလှဲတာကို ဘာလို့ဖြုတ်ထားရတာလဲ၊ မင်းမအိပ်ခင် ဘယ်သူလာသေးလဲ .."

လို့မေးလျှင် သူမက ဖတ်ကြည့်ပြီး ခေါင်းခါပြသည်။ သူ ထပ်မေးဖြစ်တော့ဘဲ နောက်တစ်ခါ လှန်လှောရှာနေမိပြန်သည်။

ဒီအိမ်တန်းရဲ့နောက်မှာ လျှိုပုံစံစမ်းချောင်းလေးရှိသည်။ ထို့ကြောင့် အိမ်ရဲ့နောက်ဖေးခြမ်းအားလုံးသည် ကျောက်တုံးတွေကို အုတ်ဖိနှပ်ထားသလို ဖြစ်နေကြသည်။

သူတို့ရပ်နေသည်က အိမ်နောက်ခန်းဖြစ်ကာ ပျဉ်ချပ်ကြားကြီးတွေ

www.burmeseclassic.com

www.burmeseclassic.com



ခင်းထားတာဖြစ်သည်။

"ဒီအောက်မှာ ဘာတွေရှိလဲ"

သခင် တီးတိုးရေရွတ်လိုက်ရင်း ဖုန်းနဲ့မီးထိုး၍ နီးတစ်ပြားစာ လောက်ဆီခြားနေသော ပျဉ်ကြားတွေထဲကို သေချာမျက်လုံးကပ်ပြီး ချောင်းကြည့်နေမိ၏။

"အောက်မှာ ပစ္စည်းတွေ၊ ကျောက်ခဲတွေလား သစ်တုံးတွေလား မသိဘူး၊ ဒါပေမဲ့ မင့်ဟာ ဒီကြားထဲက ကျသွားမှာမှမဟုတ်ဘဲ .."

"ရှင် ဘာပြောတာလဲဟင်"

စာရိုက်ပြလိုက်မှ သူမ ခေါင်းညိတ်သည်။

"တံခါးက ပိတ်လို့မရဘူး၊ အရမ်းကျပ်နေလို့ ဒီတိုင်းထားလိုက် တာ၊ အဲဒါ ကလေးသံတွေ ဒီရှေ့မှာကြားတယ်၊ အထဲများ ဝင်လာကြ သလားမသိဘူး"

ဒီပစ္စည်း ဘယ်ရောက်သွားပါစေ၊ သူ့အတွက် မိုးမီးလောင်မယ့် ကိန်းဆိုက်တာတော့ သေချာလေသည်။

ခင်ဦးသျှောင် မျက်နှာလေးပျက်နေသလောက် သူလည်း ခေါင်း ကုတ် စုပ်သပ်ဖြစ်လာခဲ့၏။ ထိုစဉ် ..

"သခင် .."

"ဟော့ .. လာမယ်၊ ခဏလေး .."

"အားလုံး မင်းတို့ကိုစောင့်နေကြတာ .."

"စားနှင့်ကြကွာ .."

"ဟာ .. စားကြမှာမဟုတ်ဘူး၊ တော်ကြာ ဒေါ်လေးကိုယ်တိုင် ခေါ်နေလိမ့်မယ်၊ လာကွ .."

အဲဒီကိစ္စကလည်း ပေါ့လို့မဖြစ် ..။



"အေး .. ခုလာပြီ"

အထဲနဲ့အပြင် စကားပြောနေတာကိုမကြားဘဲ သခင် ဘာတွေ ရေရွတ်နေမှန်းမသိသောကြောင့် ခင်ဦးသျှောင်က သူ့ နှုတ်ခမ်းလှုပ်တာ ကိုပဲလိုက်ကြည့်နေ၏။

သူ ဖုန်းနဲ့ပဲ စာရိုက်ပြောရကာ ..

"ထမင်းစားဖို့ တောင်ငှ လာခေါ်နေတာ၊ အားလုံးစောင့်နေကြတယ် တဲ့"

"ဟန်မပျက် ထွက်စားလိုက်၊ ဘယ်ကိုမှမကြည့်နဲ့ ထမင်းကိုပဲစား၊ င်းနားမှာ ကိုယ်ရှိနေမှာပဲ .."

ခင်ဦးသျှောင် စာကိုဖတ်ပြီး မျက်နှာလေးငယ်သွားလျှင် သခင် သူမရဲ့လက်လေးတစ်ဖက်ကို ဆွဲ၍ တံခါးဖွင့်ထွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

"စားလေ သမီး၊ ဘာမှလည်းမရှိက်ဘူး၊ ဝက်သားမစားဘူးလား"

ခင်ဦးသျှောင်က မျက်လွှာတောင်ပင့်မကြည့်ဘဲ ထမင်းငုံ့စားနေ သဖြင့် အားလုံးက လှမ်းကြည့်ကြသည်။ စားပွဲခုံမြင့်တွေဆက်ထားကာ လူအယောက်နှစ်ဆယ်လောက် မျက်နှာချင်းဆိုင် စားနေကြသဖြင့် မေးခွန်းတစ်ခုခု တစ်ယောက်ဆီကထွက်လာတိုင်း အသံတွေ တိတ်ကျ သွားတတ်၏။

သို့သော် ဆူလာပြီဆို ပွဲဈေးတန်းကြီးထဲရောက်သွားသလို ဘယ်သူ့ အသံ ဘာမှန်းမသိတော့အောင်ပင် ..။

"ရော့ သမီး၊ ဒီမှာ ကြက်သားကြော်စား .."

"ရတယ် .. အန်တီ၊ သူ အဲဒါစားမှာမဟုတ်ဘူး"

"ဘာဖြစ်လို့လဲ၊ မြို့မှာလို အမွှေးအကြိုင်တွေ ထည့်ကြော်ထား တာပါ"

"မဟုတ်ဘူး၊ သူက .."

ခင်ဦးသျှောင်က အသားငါးဆို အတုံးကြီးကြီး ပြူးပြူးပြဲပြဲ မစား



တတ်တာ သူသိထားသည်။

ဘာလို့လဲဆိုလျှင် သူမကို တီတီ ကိုယ်တိုင် အသားဖွဲ့ကျွေးရှူးသဖြင့် သူပဲ ကဲ့ရဲ့ခဲ့သေးတာ ..။

"ရတယ်၊ ကျွန်တော်ဖွဲ့ပေးလိုက်မယ်"

"သြော် .."

"ဒီလိုလား .."

"ဒီလို .. ဒီလို ..."

"ဘူးသီးဟင်းရည်လေး ငါ ရှယ်ချက်ထားတာပါ၊ နှင့်မိန်းမ လျှာ လည်သွားမယ်၊ သောက်နိုင်းကြည့်စမ်းပါ .."

ချွေးတလုံးလုံးနှင့် ချက်ပြုတ်နေခဲ့သည့် ခပ်ဖိုင့်ဖိုင့်အဒေါ်ကြီးက အားမရပ်ကြည့်ရင်း အားမလိုအားမရတွေ ဖြစ်နေ၏။ ထို့ပြင် ..၊

"မင်းသမီးလေးရေ၊ ကျုပ်တို့လက်စွမ်းလေးသိရအောင် နည်း နည်းစီတော့စားပါအေ .. လုပ်ပါ .."

မျက်နှာလေး တစ်ချက်တစ်ချက် မော့လာပေမယ့် သူမကိုပဲ အာရုံ စိုက်နေကြတာကို ခံစားမိကာ ခင်ဦးသျှောင် ဘယ်သူနဲ့မှ မျက်လုံးမဆုံ စေဘဲ မျက်နှာပြန်ငုံ့လေသည်။

ဒါ သူမှာထားတဲ့အတိုင်း နေတာပေမယ့် လူအများရှေ့မှာ ရိုင်းပျ နေသည်ဖြစ်ရာ ..

"အပျွန်း .. သူ့ကို ကျွန်တော်ဆူထားလို့ပါ"

"ဘယ်လို .."

"ဟုတ်လား .."

"ချစ်စ ခင်စကွယ်၊ ဒါကြောင့် စောစောစီးစီး အခန်းအောင်းနေ တာကိုး .."

"ကိုကြီးကလည်း .. သနားပါတယ်"

တစ်ယောက်တစ်ခွန်း ထွက်လာကြကာ ဖေ့ဘွတ်ခ်မှာ မနေ့ခဲ့ကြပါ

www.burmeseclassic.com

www.burmeseclassic.com



ဦးလို့ ဖိတ်ခေါ်တာထက်တောင် သာနေသေးသည်။ စိတ်ညစ်လိုက်သည့် ဖြစ်ခြင်း ...။

သခင် ကိုယ့်ပန်းကန်ကိုထားပြီး ခက်ရင်းနဲ့ ဖွဲ့လို့ရသည့် ကြက်သားဖတ်လေးတွေကို သေသေသပ်သပ် ပုံပေးနေရသည်။

ခင်ဦးသျှောင်က ဟင်းတွေဖွဲ့ထွင်ပေးခြင်း၊ ခပ်ထည့်ပေးခြင်းနှင့် တယုတယပုံစံလုပ်နေသော သခင့်ကို မကြာမကြာ မျက်လွှာလေး ပင့်ကြည့်သည်။

သူမလည်း ဒီလိုမျိုး စေတနာမပါတဲ့ ဟန်ဆောင်မှုတွေကို မလိုချင်ပါ။ ဒါပေမဲ့ သူမပတ်ဝန်းကျင်မှလူတွေ ရှိနေမှန်းသာသိသည်။ ဘာသံမှမကြား၊ ဘာမှလည်းမသိ ...။

ဘူးသီးဟင်းပန်းကန် ရှေ့မှာဆွဲကပ်ပေးပြီး ကိုယ်တိုင်တိုက်တော့မလို သခင်က ဇွန်းကိုကိုင်ပြီး မေးဆတ်ပြ၏။ ထိုအခါကျမှ သူမ ဇွန်းယူသောက်မိရင်း ...။

ရှက်လိုက်တာ ...။

ရှက်ရွံ့သိမ်ငယ်ခြင်းကြောင့် မျက်ရည်တွေ အိခနဲ ပြည့်တက်လာသည်။ လူတွေ ဘယ်လိုထင်ကုန်ကြပြီလဲ ...။

ဘယ်သူမှ စကားမပြော ဂရုမစိုက်ဘဲ ရိုင်းလိုက်တာလို့ ထင်မလား။ ယောက်ျားပြုစုတာ သာယာနေတဲ့ အလကားမိန်းကလေးလို့လား။ စားနေရင်း မျက်ရည်စက်က ပေါက်ခနဲ ကြွေဆင်းသွား၏။

"အို .. သူငိုနေတယ်"

မဇင်မာ အသံအရင်ထွက်သည်။ အားလုံးတိတ်ကျသွားကြ၏။ စားသောက်ခြင်းတွေကိုရပ်ကာ သူမကိုပဲ တအံ့တသြ၊ တချို့က သနားကြင်နာစွာ ...။

"စိတ်ချမ်းသာသွားအောင် သေချာချော့လိုက်ပါဗျာ .. သနားပါတယ်"



"ဘယ်လောက်တောင် ဖြစ်ထားလဲမှမသိတာ၊ တော်တော်ဝမ်းနည်းနေတဲ့ပုံပဲ .."

"သခင် .."

ဘေးမှာကပ်ရပ်လျက်ရှိသည့် ရွှေဦးက ကပ်ခေါ်သည်။ ဘာဖြစ်ကြတာလဲလို့ မေးတာမှန်းသိပေမယ့် သခင် မဖြေနိုင်ဘဲဖြစ်နေခဲ့သည်။

ထို့ပြင် သူကိုယ်တိုင်မယုံနိုင်သော နင့်သီးသောဝေဒနာတစ်ရပ်က လက်တွေပါ တုန်ချင်မိသည်။

ခင်ဦးသျှောင်ရဲ့ မျက်ရည်တွေကို မြင်လိုက်ရချိန်မှာ သူမကို ကောက်ပွေ့ပြီး ဒီနေရာကနေ ထွက်သွားချင်စိတ်တွေ ဖြစ်လာခဲ့တာ မယုံနိုင် ...။

ထိုစဉ် ...

"ကေး မစားချင်တော့ဘူး"

ငိုသံကော ... ရင်း ထရပ်လိုက်၏။ ပြီးတော့ မဇင်မာကို ကြည့်၍ ချာခနဲ လှည့်ထွက်သွားလေသည်။

"ဆောရီးပါ အန်တီ၊ ကေး တောင်းပန်ပါတယ်" ဆိုသော စကားလုံးတွေက ရင်ထဲမှာပဲ ပျောက်ဆုံးသွားခဲ့ပြီး ခြေလှမ်းတွေက အိမ်ထဲဝင်လာကာမှ အိပ်ခန်းဆီ ပြေးသွားခဲ့မိလျက် ...။

"ကျိမ်း .."

တံခါးကို နောက်ပြန်ပိတ်၍မှီလိုက်ရင်း ..

"အဟင့် .."

မျက်ရည်စက်တို့ ပိုးပိုးပေါက်ပေါက်ကျလေသည်။ လူတွေဝိုင်းကြည့်နေကြသည့် အံ့သြသော သနားသော မျက်လုံးပေါင်းများစွာနှင့် သခင်လုပ်ကိုင်ပေးနေခဲ့သော ဝတ္တရားတွေ ...။

သူတို့တွေ သခင့်ကို စနောက်သည့်ပုံမရှိပေ။ ဒါ... 'ကောင်လေးက ဒီလိုဖြစ်နေတာလား' ဆိုပြီး ဝိုင်းကြည့်နေကြသည်။

www.burmeseclassic.com

ww.burmeseclassic.com



သခင်ကိုယ်တိုင် ဘယ်လောက်ထိ စိတ်မရှည်နိုင်စွာ ဖြစ်နေခဲ့ပြီလဲ။

ကိုယ့်နားနစ်ဖက်ကို လက်ဖဝါးတို့နှင့် စုပိတ်ရင်း ရှိက်ကြီးတငင် ငိုချလိုက်မိသည်။ ထိုစဉ် အပြင်က တံခါးကိုထုလိုက်သဖြင့် သူမကျော လေး ကော့သွားသည်။

သခင်မှန်း တန်းသိလိုက်ကာ တံခါးကို မီးရာကဖယ်၍ ဆွဲဖွင့်လိုက် သည်။ အခန်းထဲက မီးရောင်နှင့် သခင့်မျက်နှာက ဝင်းမှုန်နေကာ ပိတောက် ခြောက်ရောင် ရှပ်လက်တိုပွပွနှင့် ချောမွေ့နေ၏။

သူမ ဒီလိုဘဝမျိုးနှင့် ပန်းသခင်လိုယောကျ်ားကို လက်ထပ်ခဲ့မိ သည်။ လူကြီးတွေက တရားဝင်ဖိနှိပ်ချုပ်ကိုင်ခြင်းဖြင့် စီစဉ်ခဲ့သည်မှာ ပျော်ပျော်ကြီး ခေါင်းလျှိုဝင်ခဲ့၏။

"ချောလည်းချောတယ်၊ ဖေဖေလည်း သဘောတူတယ်ဆိုတော့ ကေးက ဘာလို့ လက်မထပ်နိုင်ရမှာလဲ၊ ပြီးတော့ သူ့ကို ကျောင်းမှာ မြင်ဖူးတည်းက ကေးက- သဘောကျခဲ့တာ .."

လို့တောင် ပြောခဲ့မိသေးသည်။ သူမဘဝ လှောင်ချိုင့်စံဘဝကနေ လွတ်လပ်သွားမည်။ ပန်းသခင် ဆိုတဲ့ယောကျ်ားကလည်း ငြင်းချင်စရာ မရှိအောင် ချောတဲ့လူ။

ဘာလိုသေးလို့လဲ ..။

သူမ တွေးခဲ့တာ ဒီအတိုင်း ..။

တကယ်ပဲ သူမ က မိဘတွေအားကိုးနဲ့ သူတို့မိသားစုအပေါ်မှာ အနိုင် ယူခဲ့မိတာလား ..။

တကယ်ရော နိုင်ခဲ့လို့လား ..။

မဟုတ်ဘူး ..။

သူ့မျက်နှာကို စက္ကန့်များစွာ ငေးနေရင်း ကေး မျက်တောင်ခတ် ဖို့မေ့နေသည်။ မျက်ရည်တွေ တစိမ့်စိမ့်ဆင်းကျနေသော်လည်း ပစ္စုပ္ပန် မှာ သူမ စိတ်တွေမရှိခဲ့။



"ပြန်လိုက်ခဲ့ပါ သမီးရယ်၊ အစက လက်ထပ်ပေးပြီး ဒီလိုဒုက္ခဆင်း ရတာလည်း မဆိုးဘူးလို့ လေးတော်တို့ တွက်ခဲ့မိတာ မှန်တယ်၊ ဒါပေမဲ့ သမီးမှာ အန္တရာယ်ကြီးမှန်း လက်ထပ်ပေးပြီးမှ နားလည်ခဲ့တာ .."

"မိန်းမနဲ့တွေ့တဲ့ယောကျ်ားတိုင်းက ကျရှုံးသွားကြတာမဟုတ် ဘူး၊ ပန်းသခင် ဆိုတဲ့ကောင်လေးက ပိုဆိုးတယ်၊ သူ့မှာ ရွေးချယ်စရာ တွေရှိသလို ရွေးချယ်ခွင့်ကိုလည်း သူရအောင်ယူမှာပဲ၊ ကြားထဲမှာ သမီး နစ်နာသွားလိမ့်မယ် .."

"အချိန်မလွန်ခင် နောက်ပြန်ဆုတ်ဖို့ကြိုးစားရမယ်၊ အဲဒါကို သမီး ကိုယ်တိုင် နားမလည်ရင် ဘယ်လိုလုပ်မလဲ .."

မကြာသေးခင်ကမှ လေးတော်တို့ ဒီစကားတွေ ပြောခဲ့ကြသည်။ ထို့ပြင် ..

"သမီးရဲ့ချို့ယွင်းချက်တွေကို လေးတော်တို့က သနားကြပေမယ့် သူတို့ကတော့ ငြင်းကြမှာပဲ၊ သမီးကို လေးတော်တို့ ဒုက္ခိတတစ်ယောက် လို မဆက်ဆံခဲ့ဘူး၊ မပြောရက်ခဲ့ဘူး၊ ပန်းသခင် ဆိုတဲ့ ယောကျ်ား ကတော့ ပြောလာလိမ့်မယ်၊ ပြီးတော့ သူ့ဖတ်ဝန်းကျင် .."

လေးတော်တို့ ဘာဖြစ်လို့ နောင်တတွေ မြန်မြန်ဆန်ဆန်ကြီး ရခဲ့ ကြသလဲဆိုတာ သူမ သဘောမပေါက်ခဲ့ပေ။ ဒါတွေကို ခုမှတော့ ဘာ ထူးမှာလဲလို့ တွေးမိခဲ့တာလည်းရှိသေးသည်။

သူမ ဘာဖြစ်လို့ ဂရုမစိုက်ခဲ့တာလဲ။ ကိုယ့်ကိုယ်ကိုယ် ဘယ်လို ယုံကြည်မှုတွေနဲ့လဲ ..။

အခု .. အားလုံးရဲ့ရှေ့မှာ အရှက်ရခဲ့တဲ့အတွက် သူ ဘယ်လိုခံစား နေရပြီလဲ။

သခင့်မျက်ဝန်းတွေကို မော့ငေးနေရင်း သူမ နောက်ကို ခြေလှမ်း ဆုတ်မိသည်။ ပြီးတော့ ..

"ကေး ဘာလဲဆိုတာ ကိုယ့်ကိုယ်ကိုယ်သိသွားပြီ၊ ကေး က ပတ်

www.burmeseclassic.com

www.burmeseclassic.com



ဝန်းကျင်မှာ မဝင်ဆံ့တဲ့ .. မဝင်ဆံ့တဲ့ .. ..''

စကားဆုံးအောင်မပြောနိုင်ဘဲ နှုတ်ခမ်းသားလေးတွေ တုန်အောင်ဆို့နင့်နေသည့် သူမ မျက်နှာလေးကို စိုက်ကြည့်ရင်း သူမ ပခုံးလေးကို ဆုပ်ကိုင်လိုက်မိသည်။

ခင်ဦးသျှောင် အင့်ခနဲ ရှိုက်မိလျက် သူ့လက်ကို ဖယ်ချပစ်ရင်း..

''ကေး ဒီပွဲပြီးအောင် နေလို့မဖြစ်ဘူး၊ မနေပါရစေနဲ့၊ ရှင်လည်း ကေး ကြောင့် ..''

သခင် ခေါင်းခါလိုက်ရင်း သူမ ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်း ဖက်ထားလိုက်မိသည်။

ရင်ခွင်ထဲမှာ သူမ ကိုယ်လေး ပျော့နွဲ့ငြိမ်သက်သွားတဲ့အထိ ဖက်ထားလိုက်မိရင်း နှစ်သိမ့်ပေးချင်သည့်စကားတွေကို သူမ ကြားအောင် ဘယ်လိုပြောရမလဲ စဉ်းစားမိ၏။

မင်းအတွက် နိုလုံဖို့က ပတ်ဝန်းကျင်မဟုတ်ဘူး ခင်ဦးသျှောင်။

ပတ်ဝန်းကျင်မှာ ဝင်ဆံ့ဖို့မဟုတ်ဘူး ..။

မင်းအတွက်လိုနေတာ ကိုယ့်ရင်ခွင်ပဲ ..။



## အခန်း (၃၅)

''ဘယ်လို ..''

''ဟုတ်တယ်၊ သူ့နားကြပ်မရှိတော့ဘူး၊ ကြမ်းကြားကျသွားတာလည်း ဖြစ်နိုင်တယ်၊ ကလေးတွေဝင်ယူပြီး ဆော့လိုက်တာလည်း ဖြစ်နိုင်တာပဲ''

''ဒုက္ခပဲကွာ ..''

''ဒုက္ခပါပဲ ..''

တောင်ငူတို့ နွေဦးတို့အားလုံး ဒုက္ခတွေ တဖွဲ့ကုန်ကြသည်။

''ရင်းနှီးနေကြပြီပဲဟာ၊ ဒေါ်လေးကိုဖွင့်ပြောပြီး ကလေးတွေကို ခေါ်မေးခိုင်းလိုက်ရင် အဖြေတစ်ဝက်တော့ သိရမှာပဲ''

နွေဦးက ခေါင်းခါကာ ..

''ဒေါ်လေးအကြောင်း ငါသိတယ်၊ သူက သနားတတ်သလောက် အရမ်းပွင့်လင်းတာ၊ ငါတို့က ခင်ဦးသျှောင်အတွက် တွေးပြီး ဖုံးဖိပေးကြမယ့် သူကတော့ ဒါ ဖုံးဖိထားစရာလား၊ ဘာလို့ရှက်ရမှာလဲ ဘာညာတွေ ထဖြစ်ကုန်မှာ၊ နောက်ပြီး အားလုံးသိကုန်ကြမှာပဲ၊ ပိုဆိုးတာက

www.burmeseclassic.com

www.burmeseclassic.com



ခင်ဦးသျှောင်က ခုတောင်မှ အရမ်းခံစားနေရတာလေ ..."

သစ်မြစ်ဆုံလေးမှာ တစ်ယောက်တည်းထိုင်ငေးနေသည့် ခင်ဦးသျှောင်ဆီ အားလုံး မျက်လုံးရောက်သွားကြ၏။ နို့စိမ်းရောင်လေးလွှင်နေသော ရှပ်အင်္ကျီပွပွလေးနှင့် ဘောင်းဘီရှည်အဖြူလေး ဝတ်ထားသည့် သူမပုံစံလေးက ဒီလိုဒုက္ခမျိုးနဲ့ မိန်းကလေးတစ်ယောက်လို့ ဘယ်လိုမှ ထင်ရက်စရာမရှိ။

"ငါ သူ့ကို ပြန်ပို့ချင်ပါတယ်၊ ဒါပေမဲ့ သူပိုပြီးခံစားရမှာ ..."

"မင်းကရော .. ဘာလို့ပြန်ပို့ချင်ရတာလဲ"

သခင်က ဆံပင်တွေဖွရင်း မျက်နှာလွှဲသည်။ ညက သူမရဲ့ မျက်ဝန်းလေးတွေကို သူ ဘယ်လိုမှ ထပ်မကြည့်ချင်တော့ပေ ..။ ကြည့်ဖို့လည်း အင်အား မဲ့နေခဲ့သည်။

သူမအပေါ်မှာ ကရုဏာစိတ်တွေ ဒီလောက်ထိ စောစီးစွာ ဖြစ်လာခဲ့တာ သူ့ကိုယ်သူလည်းမယုံနိုင် ..။

သနားစရာကောင်းလို့ လူတိုင်းက သနားကြတယ်ဆိုရင်တောင် အားလုံးရဲ့သနားကရုဏာတွေက သူ့ရင်ဘတ်တစ်ခုကို မီပါ့မလား ..

"သူက ဖွတ်ပူဆာနေလို့လား သခင်၊ မဟုတ်ဘူးဆိုရင်တော့ ခင့်ရင်ထဲမှာဘာရှိရှိ သူခံစားသွားရမှာ သေချာတယ်"

ခေတ်ဦးကလည်း ဝင်ပြောသည်။ နွေဦးက ခေါင်းညိတ်ရင်း -

"ငါတို့ သူ့အတွက်လုပ်ပေးနိုင်တာက အခန်းထဲကို ဘယ်ကလေးဝင်ခဲ့သလဲဆိုတာ စုံစမ်းဖို့ပဲ"

"ဒါနဲ့ နင်တို့အိမ်အောက်ဝင်ရှာရင်ရော၊ အောက်မှာ ဘာတွေရှိလဲ အိမ်နောက်ဖေးခန်းတွေမှာ ပျဉ်ခင်းထားတာဆိုတော့ အောက်မှာ -"

"လုံးဝ လူဝင်လို့မရဘူး၊ နောက်ဖေးတစ်ပိုင်းလုံး မြေလည်း တူး၍မလွယ်ဘူး၊ လူလည်းမဝင်သာဘူး၊ ဘာဖြစ်လို့လဲဆိုတော့ နောက်ကထုတ်ထားတဲ့အခန်းတွေက သပ်သပ်ချဲ့ထားတာလေ"



"ဩော် .. အဲ့လိုလား"

"တကယ့်အိမ်မကြီးထဲမှာ အောက်ထပ်သုံးခွန်း၊ အပေါ်သုံးခွန်း၊ မီးဖိုခန်းနဲ့ရေချိုးခန်း၊ ဒါပဲပါတာ .."

"ဒါကြောင့် နင်တို့အိမ်ကြီးက တအားကြီးနေတာကိုး"

"တခြားအိမ်တွေလည်း နောက်ကလျှိုကို ကျောပေးထားတဲ့အိမ်တိုင်း ဒီလိုချည်းပဲ၊ ကြမ်းကြားကကျယ်လို့ နားကြပ်ကျသွားတယ်ဆိုရင်တော့ သွားပြီ၊ အောက်မှာ ကျောက်ကြိုကျောက်ကြား၊ လူဝင်လို့လည်း မရဘူး"

"ဒါဆို ဒီကိုရောက်လာခဲ့တဲ့ကလေးတွေနောက်ကို ငါတို့လိုက်မယ် .."

သူတို့တွေ မင်္ဂလာပွဲဘက်ကို အာရုံမစိုက်နိုင်တော့ဘဲ ခင်ဦးသျှောင်အတွက် တီတီတာဆိတ် လုံးပမ်းကြတော့သည်။

"ဟဲ့ .. ကန်တော့တောင်းလာမယ့် ကားတွေ နောက်ကျလှချည်လား"

"လာနေပြီတဲ့၊ နေအေးအောင် စောင့်နေကြတာတဲ့"

"အေးလေ .. ရန်ကုန်ကကောင်လေးတွေရော၊ သခင်တို့ .."

"အဲဒီအုပ်စုတစ်ခုလုံး ပျောက်နေတယ် ဒေါ်ဒေါ် .."

"ထမင်းစားပြီးလောက်က ရွာတောင်ပိုင်းဘက်သွားတာ တွေ့တယ်၊ တစ်အုပ်စုလုံးပဲ .."

မဏ္ဍပ်ထဲမှာ ရှိသမျှလူတွေက တစ်ယောက်တစ်ခွန်း ဝင်ပြောကြသည်။ သတို့သားဘက်က ရောက်လာကြသည့်အချိန်မှာ ကိုယ့်ဘက်ကလည်း အချောအလှလေးတွေကို စုံစေးပွဲထွက်ချင်သည်။

ဒါပေမဲ့ သခင်တို့တစ်အုပ်စုလုံးကိုမတွေ့သဖြင့် မဇင်မာ သမီးဖြစ်သူဆီ ပြေးရ၏။

"မဇင်နွယ် .. နင့်အစ်မရော .."

www.burmeseclassic.com

www.burmeseclassic.com



"မနွေလား၊ ကိုသခင်တို့နဲ့အတူ ရှိမှာပေါ့၊ ဒီမှာ ဝတ်စုံပွနေလို့ ဘယ်လိုလုပ်ရမှန်းမသိဘူးဖြစ်နေတာ အမေရယ်၊ ဧည့်သည်တွေက ရောက်ခါနီးနေပြီ"

"ဖြစ်ရလေ သမီးရယ်၊ ဟဲ့ .. ဘယ်သူရှိလဲ၊ ကြိုင်ကြိုင်တို့ရှိလား မမထားရေ .."

"ဟော .. လာပြီဟဲ့၊ ဘာလဲ .. ဘာဖြစ်နေကြတာလဲ သားအမိ .."

"ဒီမှာ သတို့သမီးပုံကိုလည်းကြည့်ပါဦး၊ မမထားတို့ အိမ်ခဏ ပြန်ပြီး ဒါလေး အပ်ချည်တစ်ကြောင်းလောက် ပေါက်ပေးစမ်းပါ"

"ဟင် .. ပွနေလို့လား"

"ဟုတ်တယ်၊ ခုထိ ဝတ်လိုက် စွပ်လိုက်နဲ့ ကြည့်ဦး .. တစ်ယောက် တည်းလုပ်နေတာ၊ ညတည်းက အခန်းအောင်းပြီး ဝတ်စုံတွေဝတ်၊ မိတ် ကပ်တွေလိမ်းကြည့်နဲ့ သတို့သမီး ဘယ်ရှာရမှန်းတောင် မသိဘူး၊ သူ့မှာ ခုထိ ဘာမှလည်းအဆင်သင့်မဖြစ်သေးဘူး .."

"ဟုတ်ပါ့အေ .. ဟိုက ရောက်လာကြတော့မှာ၊ ကဲ .. ပေး .. ဖေပး၊ အကျီသိတာလောက်တော့ ကြိုင်ကြိုင်လည်း လုပ်တတ်ပါတယ် ရော့ သမီး .. နင့်သူငယ်ချင်းဟာကို သွားသိပေးလိုက် .."

"ဟာ .. ဧင်နွယ် ကတော့ လုပ်ပြီ၊ သူများပြင်ဆင်ထားတာတွေ ချွေးတစ်လုံးလုံးဖြစ်ကုန်တော့မှာပဲ"

"အမလေး .. ကြိုင်ကြိုင်ရယ်၊ ဟိုက ညည်းကိုလာတောင်းမှာ မဟုတ်ပါဘူး ငါ့သမီးရဲ့၊ ရော့ .. မြန်မြန်သွား .."

သတို့သမီးပြဿနာပေါ်လာတော့ အားလုံးအိမ်ထဲမှာ စုဝေးသွား ကြပြန်သည်။ မဇင်မာ ကလည်း သခင်တို့ကိုရှာဖို့ မေ့သွားခဲ့၏။

တစ်ဖက်မှာ သခင်တို့ ကလေးသုံးယောက်ကလည်း အဆင်မပြေ

"ဟာ .. သားတို့ အထဲမဝင်ပါဘူး"

"ကျွန်တော်တို့ကို ကြီးကြီး မုန့်စားဖို့သွားဆိုလို့ နောက်ဖေးတံ



ဝင်သွားတာ၊ အဲဒီထဲမဝင်ခဲ့ပါဘူး .."

နွေဦးက ကလေးတွေကို သေချာကြည့်ကာ ..

"အဲဒီအခန်းထဲက နားပန်းဆံအရုပ်ကြီးကို နင်တို့ ဝင်ဆော့နေကျ လေ၊ မနေ့ညက ဝတုတ်တုတ်ကောင်လေး အရုပ်ကြီးကို သွားကိုင်နေ တယ်တဲ့ .."

"ဟင် .. ဘယ်သူပြောတာလဲ၊ သားမဟုတ်ပါဘူး၊ အထဲဝင်တာ ဖိုးထူးပါ၊ ဖိုးထူးနဲ့ အောင်မိုးဝင်တာ .."

အောင်မိုးဆိုသည့်ဂျပုလေး ဆတ်ခနဲ လှည့်ကြည့်သည်။

"ငါဝင်ပေမယ့် ဧည့်သည်ဟာတွေကို လျှောက်ကိုင်တာ ဖိုးထူး ရယ် .."

ဖိုးထူးက ဒီသုံးယောက်ထဲမှာမပါ ..။

သူတို့အားလုံး စိတ်ဓာတ်ကျသွားကြသည်။ ဖိုးထူး ကိုတွေ့လည်း ဒီကိစ္စထူးပါ့မလား။

နားကြပ်ပျောက်နေပါသည်လို့လည်း မမေးရဲ။ မေးရင်လည်း လူကြီး တွေ ပျာယီပျာယာလိုက်လေ၊ ကလေးတွေက ကြောက်ပြီး ဖုံးကွယ်လေ ဖြစ်မည်သာ ..။

"နေပါဦး၊ သားတို့ကိုမဆူပါဘူး"

သခင်က ပြုံးလိုက်ပြီး အောင်မိုးရဲ့ပခုံးလေးကို ချော့မော့သလို ကိုင်လိုက်ကာ ..

"ဖိုးထူး ဘာတွေကိုင်တာတွေ့သေးလဲ၊ သားမြင်သမျှ ပြောပြလေ၊ ဦးက မုန့်ဖိုးပေးမယ်"

ပြောပြီး အိတ်ထဲက ပိုက်ဆံအိတ်ပြားလေးကို ထုတ်ယူလိုက်သည်။ အထဲက တစ်သောင်းတန်ကို ကလေး မြင်အောင်ပြကာ ..။

အောင်မိုးက ပိုက်ဆံတွေကိုကြည့်ပြီး အပြင်းအထန် စဉ်းစားတော့ သည်။ ပြီးတော့ ..

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီထဲက မမတစ်ယောက်အိပ်နေတဲ့ဘေးမှာ ခါတ်ခဲလေးတွေ့ တွေ့လို့ သူယူသွားတယ်"

"ခါတ်ခဲ .." ၊

"အင်း .. ခါတ်ခဲလေးနှစ်လုံး၊ အဲဒါကို ဂိမ်းစက်ထဲထည့်မယ်ဆိုပြီး ယူသွားတာ .."

"အဲဒါလေးတွေ အခု .."

သူတို့အားလုံး အားတက်သရော မေးလိုက်ကြပေမယ့် ..

"ထည့်တော့ မရဘူးဆိုပြီး လွှင့်ပစ်လိုက်တယ်"

"ဟာ .. သွားပြီ"

တောင်ငူ သူ့နှဖူးသူရိုက်တော့ အောင်မိုး ဆိုသည့်ကလေးလေးက မော့ကြည့်သည်။ သခင်က စိတ်ကိုထိန်းလိုက်ရင်း ..

"အဲဒါကို ဘယ်မှာလွှင့်ပစ်လိုက်တာလဲ၊ သား တွေ့လိုက်လား"

"ကျွန်တော်တို့ငါးပက်တဲ့ ကန်ပေါင်းကြီးထဲ .."



အခန်း (၃၆)

"တိတ်ဝါကွာ၊ ဘယ်သူမှမသိစေရဘူး၊ မင်းကို .."

ခင်ဦးသျှောင်ကို မျက်ရည်သုတ်ပေးဖို့ လက်ပြင်ပြီးမှ ဆက်လည်း မပြောဖြစ်တော့ဘဲ ဖုန်းထုတ်၍ စာရိုက်ပြလိုက်ရသည်။

"ဘယ်သူမှ မသိစေရဘူး၊ မင်းကို ဘယ်သူမှလည်း အထင်မသေးဘူး၊ အနားမှာ ကိုယ်တစ်ချိန်လုံးရှိနေမှာ .."

ခင်ဦးသျှောင်က မျက်ရည်စိုနေသည့်မျက်နှာလေးနှင့် မော့ကြည့်တာ ..

"ကေး ကိုယ်တုန်းကမှ ခုလောက်မကြောက်ခဲ့ဘူး၊ ရှက်ရွံ့သိမ်ငယ်တာမျိုးလည်း မဖြစ်ခဲ့ဘူး"

"ခုလည်း မကြောက်နဲ့၊ ခုထိ မင်းကို ဘယ်သူမှမသိဘူး၊ ဟိုကောင်တွေလည်း မင်းဘက်က ကာကွယ်ပေးနေကြတယ်၊ ဘာမှမပူနဲ့ .."

သူ စာရိုက်ပြီးတာနဲ့ သူမလည်း ဖတ်ပြီးဖြစ်ကာ ..၊

"မိတ်ကပ်တွေ မလိမ်းချင်တော့ဘူး .."

ပြောပြီး ကရင်ပတ်ဖ်ကို ထုတ်ယူလိုက်လျှင် ...

www.burmeseclassic.com

www.burmeseclassic.com



"နေဦး .."

သူမလက်လေးကို ဆွဲထားလိုက်ပြီး အိတ်ထဲက တစ်ရှူးလေး တစ်စ ဆွဲယူကာ ..၊

"မင်းမျက်တောင်မှာ မျက်ရည်တွေမနည်းဘူး၊ စိုနေတာ .."

သူမ မကြားပေမယ့် သူကိုယ်တိုင် မျက်တောင်ဖျားလေးတွေကို ညင်ညင်သာသာ သုတ်ပေးတော့ ငြိမ်ငြိမ်သက်သက်လေးပဲရှိနေခဲ့၏။

မျက်နှာနှစ်ခုသည် လေးဆယ့်ငါးဒီဂရီလောက်အကွာအဝေးနှင့် ရှိနေခဲ့ပြီး အမှတ်တမဲ့ အကြည့်ချင်းဆုံသွားခဲ့ကြ၏။ နှစ်ယောက်သား စူးစိုက်ငေးမောနေခဲ့ပြီးမှ ခင်ဦးသျှောင်က အရင်မျက်လွှာချပစ်၏။

သခင် မချင့်မရဲဖြစ်သွားမိကာ သူမ မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်နှင့် ဆွဲမော့ယူလိုက်ပြီး ..

"ဟင့်အင်း .."

သူမ ငေးကြောင်သွားခဲ့ပြီး သူ့မျက်နှာငုံ့လာတော့ အတင်းပြန်ရုန်း၏။ သခင်က သူမခါးလေးကိုပါ သိမ်းဖက်ထားလိုက်ကာ အနမ်းတို့ဖြင့် သိမ်းပိုက်စိုးမိုးထားခဲ့ပြီး ..

"ဟင့်အင်း .. လွှတ် .."

ရုန်းထွက်လို့ရသည်နှင့် ခင်ဦးသျှောင်က သူ့ရင်ဘတ်ကို တွန်းပစ်လိုက်၏။

"ရှင် သူများကိုအနိုင်ကျင့်တာ ဘယ်နှခါရှိပြီလဲ၊ ယုတ်မာတာ ညစ်ပတ်တာ၊ သူများရပ်ရွာခေါ်လာပြီးတော့ ရှင်သက်သက် .."

"မဟုတ်ပါဘူးကွာ .."

"အဲဒါတွေကြောင့် ရှင့်ကိုမုန်းတာ၊ ရှင့်ကိုမခင်ချင်တာ၊ ဖယ် - မကိုင်နဲ့"

သခင် လက်လှမ်းသမျှ ပုတ်ခတ်ဖယ်ချပစ်ကာ ချာခနဲ လှည့်ပြေး၏။ သို့သော် သခင်က သူမ မပြေးနိုင်အောင် နောက်ကနေ ဆွဲဖက်ထားလိုက်



တာ ..၊

"ငါ မင်းကိုချစ်တယ်"

သူမ မကြားပေမယ့် ဖွင့်ပြောလိုက်မိသည်။ ရုန်းနေလေ အတင်းဆွဲချုပ်မိလေနှင့် နှစ်ကိုယ့်တစ်စိတ်ဖြစ်နေတဲ့အထိ မညှာမတာ ပွေ့ဖက်ထားမိလျက် ..

"ချစ်မိမယ်လို့လည်း မထင်ခဲ့ဘူး၊ မင်းကိုချစ်ခွင့်ရချင်တဲ့ဆန္ဒလည်း မရှိခဲ့ဘူး၊ ဒါပေမဲ့ အခု ကိုယ် မင်းကိုချစ်တယ်၊ မသေမချာပြောတာ မဟုတ်ဘူး၊ ခင်ဦးသျှောင် ဆိုတဲ့မိန်းမကို ယုဉ်ပြိုင်ရင်း ကေး ဆိုတဲ့ ကောင်မလေးရှေ့မှာ ကိုယ်ကျရှုံးသွားတာ .."

"ရှင် .. ရှင်နော်၊ ကေး အော်လိုက်မှာ သိလား .."

ထိုစဉ် တံခါးခေါက်သံ ထွက်ပေါ်လာရာ ..

"သခင် .. ငါတို့ ညောင်ပင်ကြီးအောက်မှာ သွားထိုင်ကြမလို့၊ မင်းတို့ လိုက်မှာလား"

"အံမယ် .. ငါတို့က စက်ဘီးလျှောက်စီးဖို့ပါ"

သူငယ်ချင်းတွေအသံကို ကြားလိုက်ရသည်။ ကေး ဘာမှ စကား မပြန်နိုင် ..။

"အိပ်နေကြတာလား .."

"ဟာ .. ညနေစောင်းကြီးကို .."

"ကဲပါ .. သူများလင်မယား ဘာလုပ်လုပ်ပေါ့၊ လာ .. သူတို့ လိုက်ချင်လိုက်ခဲ့လိမ့်မယ် .."

သုံးနွှအသံက ဘာလိုလိုခပ်များများ ..။ တောင်ငှက် ချောင်းဟန့်သံ တျယ်ကျယ်နှင့် ..၊

"ကြားတယ်နော်၊ လိုက်ချင်ရင်လိုက်ခဲ့ကြ၊ ထိုင်နေချင်လည်းရတယ်၊ စက်ဘီးစီးချင်ရင်လည်း အပိုယူထားမယ် .."

အားလုံးထွက်သွားသည့်အချိန်မှာ ကေး ရဲ့ရက်စိတ်နှင့် ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



သည် …၊

"ညစ်ပတ်ဦး …"

သူ့ပါးကို တအားလွှဲရိုက်လိုက်မိ၏။ ဒါပေမဲ့ ဒီတစ်ခါ သူမ မအောင်မြင်ခဲ့ပေ …။

သခင်က သူမလက်လေးကို ဖမ်းကိုင်ထားလိုက်ပြီး ရယ်ကျဲကျဲ မချိုမချဉ်နှင့် …၊

"ခင်ဗျားကို ရည်းစားစကားပြောပြီးမှ နမ်းတာ၊ ချစ်လို့နမ်းတာ ဘာဖြစ်လို့လဲ …"

သူ ဘာပြောသလဲ အာရုံစိုက်ကြည့်နေရသဖြင့် 'ချစ်လို့' ဆိုသည့် စကားကို သခင့်နှုတ်ခမ်းကနေ ပုံဖော်လိုက်မိတော့ စိတ်တိုသွား၏။ စပ်ဖြဲဖြဲမျက်နှာကြီးက ဘာတွေပြောနေသလဲဆိုတာ ဘယ်လိုစူးစိုက်ပေမယ့် ဘာမှ်နားမလည်တော့ဘဲ …၊

"သူများ နားမကြားတော့ကာမှ ဘာတွေလာပြောနေတာလဲ အဲဒါ လူပါးဝဦး၊ လူညစ် … လူယုတ်မာ …"

"ဟား … ဟား … ဟား … ဟား …"

ခင်ဦးသျှောင်က သူ့ကို အတင်းတွန်းထိုးရိုက်တော့သည်။ သခင်က လက်နဲ့ကာနေပေမယ့် ဖမ်းဆွဲမထားတော့ဘဲ ရယ်နေ၏။

ရှက်တာတွေရော၊ ဒေါသဖြစ်ရတာရော အားလုံးတို့သည် သူ ဘာပြောနေတာလဲ ပုံဖော်ကြည့်လို့ရခြင်းမှာပဲ အရှိန်သေပျောက်ပျက်ခဲ့ လျက် …။



## အခန်း (၃၅)

"ညနေတုန်းက သတို့သားမိဘတွေက ခင်ဦးသျှောင်ကိုမြင်ပြီး မျက်လုံးကိုမခွာတော့ဘူးနော် …"

ခေတ်ဦး က စပြောလိုက်တာနှင့် ရွှေဦးကရယ်ကာ …၊

"အေးပေါ့၊ ခင်ဦးသျှောင်က ဖြူဖြူသွယ်သွယ် မြင့်မြင့်ကလေး၊ ပြီးတော့ နှာတံလေးကစင်း၊ မျက်တောင်တွေကကော့၊ ဘယ်ပန်းချီရေးလို့မမီကိုး …"

"ဘာလဲ … ငေါ့နေတာလား"

သုံးခွ မျက်နှာကို သေချာငုံ့ကြည့်ပြီး မေးကာ …၊

"မေးချင်လို့မေးတာမဟုတ်ပါဘူး၊ ကိုယ့်ညီမသတို့သမီးကို ဆေးထားပြီးတော့ …"

"ဆေးထားရတာပေါ့၊ ငါ့ညီမအရပ်က ငါးပေတစ်ပဲရှိတာ၊ နှာတံပေါ်ပေါ် မျက်လုံးလေးလည်းလှပါတယ်၊ ဒါပေမဲ့ ခင်ဦးသျှောင်နဲ့ ဘယ်လိုသွားယှဉ်လို့ရမှာလဲ၊ နင်ဟာလေ … ယောက်ျားလေးဖြစ်ပြီး ခပ်စပ်စုတာပဲ၊ ဇွေ့လုံး ငေါ့လုံးတွေလည်း တတ်မှတတ် …"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့၊ အဲဒီသုံးခွ .. လေးခွဆိုရင်လည်းမလွယ်ဘူး"

"နင်တို့မိန်းကလေးတွေကလည်း ငါ့ရဲ့ ချက်မြှုပ်ဇာတိ သုံးခွကိုပဲ ဘာဖြစ်လို့ မပါမပြီးဖြစ်နေရတာလဲ"

"နင်ကလည်း နင်ပဲကိုး"

"ကဲ .. တော်ပါကွာ၊ နားငြီးလိုက်တာ .."

သခင်နဲ့ ခင်ဦးသျှောင်က သူတို့နောက်ကနေ ရောက်လာကာ..

"ကြားလိုက်ရရင် သူများအတင်းပြောနေမယ်ဆိုတာချည်းပဲ"..

"အံမယ် .. သူများအတင်းမဟုတ်ပါဘူး၊ ကိုယ့်သူငယ်ချင်း အကြောင်းပဲ ကိုယ်ပြောနေတာပါ .."

နွေဦးကရယ်ကာ အဖြူရောင်ဘောင်းဘီရှည်အဖြူ၊ ဂျင်းနံ့ရှပ်အဖြူ လက်ပြတ်လေးနှင့် သခင့်ဘေးက ခင်ဦးသျှောင်ကို မော့ကြည့်၏။

ပြီးတော့ ထိုနေရာကနေထရပ်ပြီး တင်ပါးကို ပွတ်သပ်ခါချရင်း..

"တွေ့လား၊ ညနေခင်းနဲ့ အဖြူရောင်လေးက ဘယ်လောက်ကဗျာဆန်သလဲ၊ အဖြူလေးဝတ်လိုက်တော့ ပါးပြင်လေးတွေက ဖွေးနုနေတယ်၊ ပန်းရောင်လေးဝတ်ထားရင် နှင်းဆီရောင်ပွင့်ဖတ်လေးဖြစ်သွားရော၊ ငါတို့က ခင်ဦးသျှောင် ဘယ်လောက်လှသလဲဆိုတာ ချီးမွမ်းခန်းဖွင့်နေတာပါ"

"ဟုတ်ထာယ်ဟ၊ ညနေတုန်းက သတို့သားဘက်ကလူတွေ နင့်မိန်းမကိုမြင်ပြီး ရင်သပ်ရှုမောတွေဖြစ်သွားတဲ့ပုံပဲ၊ သူတို့ရဲ့ သတို့သမီးကိုတောင်မေးဖို့ မေ့နေကြတာ၊ အဟွန်း .. ဆောရီး နွေဦးရေ .."

"ဘာမှ မဖြစ်ဘူး၊ ကြိုက်သလိုပြော .."

ချောင်ပင်ကြီးက အုပ်ဆိုင်းနေသလောက် မြစ်ဆုံတွေ မြေပေါ်တိုးထွက်နေတာက မြို့ပေါ်က ပန်းခြံတွေများထက် ပိုလှသည်။

ပတ်ဝန်းကျင် ဘယ်ကိုကြည့်ကြည့် စိမ်းစိုအေးချမ်းနေခြင်းကလည်း ဘာနဲ့မှမလဲနိုင်အောင် သာယာနေခဲ့လျက် ..။



"ငါတို့ကတော့ စက်ဘီးပတ်စီးမယ်၊ ကုန်းလျှောတွေက အေးဆေးလိမ့်ချလို့ကောင်းတယ် .."

"သခင်တို့ရော .."

သူတို့မေးတာ နောက်ကျနေသည်။ သခင်က စာရိုက်ပြီး ခင်ဦးသျှောင်ကို မေးနေပြီဖြစ်ကာ သူမက ခေါင်းခါ၏။

"မစီးရဲပါဘူး၊ စီးလည်းမစီးချင်ဘူး"

"ဟာ .. ဆိုင်ကယ်မှမဟုတ်တာ၊ ဘာကြောက်စရာရှိလို့လဲ"

သုံးခွပဲဝင်ပြောကာ ခေါင်းလည်းကုတ်ရင်း ..

"မကြားလောက်ပါဘူး၊ စာရိုက်ပြောကွာ .."

"အေးလေကွာ၊ သခင်ဆိုတဲ့ကောင် ဒီလောက်ရှည်တာ သူမို့ကြောက်တယ်"

"ဘာလဲ ဟေ့ကောင် .."

"အင့် .. ၁၊ ..က်ဘီးလောက်ကတော့ ဂုဏ်လေးတွေစီးတဲ့ သုံးဘီးထောက်လေးတွေထက်တောင် စိတ်ချရဦးမယ်၊ အဲဒီစက်ဘီး သူ့အောက်မှာ ဘယ်ဘက်ကိုယိမ်းနိုင်ဦးမှာလဲ"

သခင်က ခင်ဦးသျှောင်ကို လက်လေးဆွဲယူကာ လှချင်းကပ်သွားတော့ ပခုံးကိုဖက်လိုက်၏။ ခင်ဦးသျှောင် ပါးပြင်လေးတွေ ရဲသွားကာ လက်ကိုဖြုတ်ချ၏။

ဒါပေမဲ့ ပို၍သာပူးကပ်သွားလျက် ဖယ်ချလို့မရ ..။

"ဒီမှာကြည့် .."

သခင်က ရယ်ရင်း သူမကိုဖက်၍ မျက်နှာချင်းကပ်ကာ စာတွေရိုက်ပြနေသည်။ ခင်ဦးသျှောင် ရှန်းဖို့ထက် စာတွေလိုက်ဖတ်ရင်း ခေါင်းခါရင်းနှင့် ရုန်းလည်းမရုန်းဖြစ်တော့ပေ။

"ရှင်က စက်ဘီးတကယ်စီးတတ်လို့လား"

လိုက်လျောမည့်အသံလေးထွက်လာတော့ သခင်က ရယ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



ကာ လက်မထောင်ပြ၏။ အားလုံးပဲ သခင့် မျက်နှာပေါ်က ရယ်မြူးရိပ်တွေကို အံ့သြတကြီးဖြစ်နေခဲ့ကြ၏။

ပြီးတော့ ခင်ဦးသျှောင်ကို ဆွဲကာ ဖက်တာတွေက ချစ်သူကို မြတ်နိုးခြင်းများနှင့် ဇနီးတစ်ယောက်အပေါ် ရင်းနှီးသည့်အမူအရာတွေဖြစ်နေရာ ..

"သခင် .."

"ဘာလဲ .."

"ဘာတွေဖြစ်ကုန်တာလဲ"

"ဘာတွေဖြစ်တာ မြင်လို့လဲ"

"မင်းဘက်ကို အိုခေနေသလားလို့"

"အိုခေတော့ .."

"ဘယ်တုန်းက ဘယ်လေတိုက်သွားတာလဲ"

"ဟား .. ဟား .. ဟား ..."

"ဟ .. ရယ်ပုံက လန်းလှချည်လား .."

စက်ဘီးတွေကို ရွာသားတွေ ယူလာပေးပေမယ့် မိန်းကလေးတွေက စက်ဘီးရွေးဖို့ အာရုံထားနေကြသလောက် သုံးခွတို့အာရုံက သခင့်ဆီမှာ ..။

"သခင် .. မင်းတို့က ဘယ်အဆင့်ထိတောင်လဲ"

"ဘာ .."

တောင်ငူက သုံးခွနဲ့ သခင် ကပ်မေးကပ်ပြောနေတည်းက စိတ်ဝင်စားနေသည်ဖြစ်ရာ ကမန်းကတန်း ဖုတ်ဖက်ခါထလာပြီး ..။

"ငါသေချာကြားလိုက်ပါတယ်၊ ခင်ဦးသျှောင်နဲ့ အိုခေသွားပြီဆို"

သခင်က နှာခေါင်းတွန့်လိုက်ပြီး စက်ဘီးတွေရှိရာလှည့်၏။ တောင်ငူက လက်ကိုပြန်ဆွဲထားကာ ..

"မင်းရယ်ပုံကြီးက အလန်းလွန်နေတယ်နော်၊ ပြော .. စရိုက်ငြိမ်း



လား"

"ဟာ ... ဒီကောင် .."

သခင်က တမင်တကာ ရှက်ကိုးရှက်ကန်းပုံလုပ်ပြီး ပခုံးကို တွန်းပစ်လိုက်သဖြင့် တောင်ငူရဲ့ စိတ်ဝင်စားမှုက အမြင့်ဆုံးမှတ်ထိ ထိုးတက်သွားခဲ့၏။

"မင်းပုံလှချည်လား၊ ငါထင်သားပဲ၊ မင်းတို့နှစ်ယောက်ကို တစ်ခန်းတည်းထားလိုက်တည်းက .. အဖွန်း .."

"အေးလေ .. ရုပ်ကြီးက .."

"နေစမ်းပါဦး၊ ငါ ဒီလိုပဲ ရယ်ရယ်မောမောနေတတ်ခဲ့တာ၊ ခုမှ ငါ့ရုပ်က ဘာဖြစ်နေလို့လဲ"

"လိုချင်တာရသွားတဲ့ ရုပ်ကြီးပေါ့ကွာ"

"ဘာလဲ .. လိုချင်တာ .."

"သခင် ... ်း တကယ်သိချင်လို့လား၊ ငါပြောထည့်လိုက်မှာနော် .."

"ဟား .. ဟား .. ဟား .. ဟား .."

သခင် ရယ်ချလိုက်တာ စက်ဘီးလုနေကြသည့် ခေတ်ဦးနဲ့ နွေဦးတို့ လှည့်ကြည့်ကြ၏။ ခင်ဦးသျှောင်က ကြားလို့မဟုတ်ဘဲ သူမတို့လှည့်ကြည့်ကြသဖြင့် လိုက်ကြည့်တာဖြစ်ကာ ကိုယ့်ကိုကြည့်ပြီး ရယ်နေကြမှန်းသိပြီး ..

လှုယုတ်မာ ..။

စိတ်ထဲကနေ တစ်တစ်ခွခွဆဲမိရာ မျက်နှာလွှဲလိုက်တာတောင် မျက်နှာပြင်အရေပြားတွေ ရှိန်းရှိန်းထနေတုန်း ..။

"ဟိုမှာ .. ခင်ဦးသျှောင်ရိပ်မိသွားပြီ၊ အလကား ပေါက်ကရတွေလျှောက်မေးနေတာ .."

"ဘာ .. ပေါက်ကရ .. ဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



သခင်က ရယ်လက်စမျက်နှာနှင့် ...၊

"ဘာမှမဖြစ်ဘူး၊ ငါ သူ့ကို ရှည်းစားစကားပြောတယ်၊ ပြီးတော့"

နှာခေါင်းရှုံ့တွတွနှင့် ရယ်လိုက်ပြီး ...။

"နမ်းတယ်၊ ဒါပဲ .."

"မညာနဲ့၊ မင်းရုပ်ကြီးက .."

"မယုံနေပေါ့၊ နမ်းမိတာလောက်တောင် ဟိုမှာ မယ်မင်းလေး မျက်နှာဖြစ်နေတာကြည့်"

ကြည့် ဆိုတော့ သူတို့လည်း လှမ်းကြည့်မိ၏။ ခင်ဦးသျှောင် ပြန်လှည့်ကြည့်လိုက်တာနှင့် တိုးမှ မျက်လုံးတွေကို ဟိုပို့ဒီပို့၊ ပါးကုတ်နားကုတ် ...။

"သုံးခွ .. မင်းယုံလား"

"ယုံတယ်၊ ဒီကောင် တကယ်ဟုတ်ရင် မပြောဘဲနေမှာမဟုတ်ဘူး"

"ကဲ .. ဟိုသုံးယောက် ဘာလုပ်နေကြတာလ၊ အဒါနဲ့ မိုးချုပ်သွားရင် ဘာမှလုပ်လိုက်ရမှာမဟုတ်ဘူးနော်"

"အေးလေ .. ဘာတွေတွတ်ထိုးနေကြမှန်းမသိဘူး၊ ခင်ဦးသျှောင် ဒီဘီးလေး ကြိုက်တယ်မှတ်လားဟင်၊ နှစ်ယောက်စီးရင် တောင့်လည်းတောင့်မှာ .."

ခေတ်ဦးက အသံကျယ်ကျယ်ပြောပေမယ့် ခင်ဦးသျှောင် ကြားပုံမပေါ်ပေ။

သူမ မကြားလို့ ပြန်မပြောနိုင်သည့်အတွက် အားနာနေပုံလည်းရှိကာ ..

"ဟို .. ဘာမေးတာလဲမသိဘူး၊ ကော အကယ်ကိုမကြား .."

"ဘာဖြစ်လို့လဲ၊ ဒီမှာ .. မေးချင်ရင် ငါ့ကိုမေး .."

သခင်က အနားရောက်လာသည်နှင့် ခင်ဦးသျှောင် ပခုံးလေးကို



ခက်လိုက်သဖြင့် အားလုံး ပြုံးစိစိဖြစ်ကုန်ကြသည်။ သူမကတော့ မျက်နှာလေးတင်းသွားပြီး ပုတ်ချပစ်ကာ ..

"အဲဒီပုံစံတွေ ကောမကြိုက်ဘူးလို့ ပြောထားတယ်နော်"

"ကိုယ်ဘာလုပ်လို့လဲ .."

သခင်က နာကျင်သွားပုံမရှိဘဲ မလိမ်မိုးမလိမ့်မှာမျက်နှာနှင့် ...။

"သခင် .. မင်းပြောတော့ ရည်းစားစကားပြောပြီးပြီဆို .."

သုံးခွ ကပ်မေးတော့ သခင်က နှာခေါင်းပွတ်သလိုနှင့် နှုတ်ခမ်းကို လက်နှင့်ကွယ်ကာ ..

"သူမှမကြားတာ .."

"ဩော် .. ဒါကိုကြားနေသေးတယ်၊ သေနာ .."

"ဘာလဲ .. ငါပြောချင်နေတာကို သူ နားကြပ်ပြန်ရတဲ့အထိ စောင့်ရမှာလား၊ စာရိုက်ပြောဖို့က အချိန်လည်းမရှိဘူး၊ တကယ့်ရင်ဘတ်ကြီးထဲက ဟိုးအထဲထဲကနေ တိုက်ရိုက်ဆောင့်ခုန်ထွက်လာတာ .."

"ဘာတွေလဲ .."

"အချစ်စိတ်တွေ .."

ပြောပြီး ခင်ဦးသျှောင် လက်ဖဝါးလေးကို လှမ်းဆွဲသည်။ သူမက လက်ကို ခါချလိုက်ပြီး စူးစူးရဲရဲကြည့်၍ ...၊

"ကော ပြန်မယ် .."

"မပြန်ရပါဘူး .."

သူပြောတာကို မကြားသလို ဘာပြောပြော ဂရုမစိုက်ဖို့လည်း ခိုင်မာနေကာ ခင်ဦးသျှောင်က အားလုံးကိုကြည့်၍ ...၊

"ကော စက်ဘီးလည်း မစီးရဲလို့ပါ၊ ပြန်နှင့်တော့မယ်"

"ဟယ် .. အဲလိုမလုပ်ပါနဲ့ ကော ကလည်း၊ ရွာထဲပြန်ဝင်ရမှာလည်း ဝေးတာပဲကို .."

"ခွေးဦးရယ်၊ သူမှမကြားတာကို၊ ဟဲ့ .. ဟိုမှာ ပြန်လှည့်သွားပြီ၊

www.burmeseclassic.com

ww.burmeseclassic.com



သခင် လိုက်ခေါ်ပါဦး .."

ခေတ်ဦးက စက်ဘီးတစ်စီးကိုပေး၍ တိုက်တွန်း၏။ သခင်က ခင်ဦးသျှောင်ရဲ့ ကျောပြင်လေးကို စိုက်ကြည့်နေပြီး နှုတ်ခမ်းတွန့်ရုံ ပြုံး၏။

"ကဲ .. ကိုယ်တော်ချော၊ မင်းကလည်းမင်းပဲ၊ ချစ်နေတာနဲ့မတူဘဲနဲ့ ကလေးစသလိုစနေတာ .."

"ဟင် .. သခင်က ချစ်နေတာ .."

"ပြောတာပဲ .."

"ချစ်ရင်လည်း မြတ်မြတ်နိုးနိုး ကြင်ကြင်နာနာလေး ပြောဆို ဆက်ဆံပါလား သခင်ရယ်၊ နင်ကလည်း တောင်ငူပြောသလိုပဲ .."

"ဘာလဲ .. ငါက စနေတယ်ထင်လို့လား"

"နင့်ပုံစံက အဲ့ပုံပေါက်နေတာလေ"

"ဘယ်လိုပုံပေါက်ပေါက် ငါ့ရင်ထဲမှာ ဘာဖြစ်နေသလဲ ငါ အသိဆုံး"

"အေးပါ၊ သူ့ဦးလေးတွေ မကျေနပ်တာတစ်ခုခုနဲ့ မဟုတ်မဟာတ်တွေ မကြံဖို့ဘဲ သတိပေးချင်တာ .."

"ဟုတ်တယ် သခင် .. ခင်ဦးသျှောင် သနားပါတယ်၊ နင်ကလည်း သူ့ မကြားတော့မှ ရည်းစားစကားပြောရတယ်လို့၊ ဘယ်လိုဖြစ်ဖြစ် တစ်မျိုးထင်မှာ ကျိန်းသေတယ်၊ နင်တို့ကွိုင်တက်ကြဦးမှာပဲ .."

ခေတ်ဦးက ကြိုတင်ဟောကိန်းထုတ်သည်။

သူကတော့ ဂရုမစိုက် ..။



## အခန်း (၃၉)

ဒီရွာကိုရောက်လာတည်းက လူတိုင်းရဲ့ပါးစပ်ဖျားမှာ ပန်းသခင်။ ...ကြီးပိုင်းအမျိုးသမီးကြီးတွေကတောင် 'ဒီကောင်လေးက ချစ်စရာလေး ...ချာလိုက်တာ' လို့ ပြောကြတဲ့အထိ ..။

တွေးနေရင်း ခင်ဦးသျှောင် ခြေလှမ်းတွေက နှေးကွေးလာသည်။ ...နှင့် ရှက်စိတ်တို့က ကိုယ့်ကို မဆင်မခြင် တို့ထိစော်ကားခြင်းအတွက် ...င့်မလွှတ်ဖို့ သတိပေးနေခဲ့၏။

လေးတော်တို့နဲ့ သူ့ရဲ့ မကျေနပ်မှုတွေ ..။

ပြီးတော့ သူ့ကို ပါးရိုက်ရကောင်းလားဆိုပြီး ဒေါသတကြီး မွှေ့ဖက် ...ရိုင်းစိုင်းကြမ်းတမ်းသော အနမ်းများနှင့် တုံ့ပြန်ခဲ့သည့်အဖြစ် ..။

ဒါတွေကို တရေးရေးပြန်မြင်လာတော့ ဒီခရီးကို ခေါ်ထုတ်လာ...ည်းက မရိုးသားသော တုံ့ပြန်မှုတွေအတွက် စနစ်တကျစီစဉ်ထားခဲ့...ကာ ပေါ်လွင်လာသည်။

မန္တလေးထဲမှာ၊ ရွာထဲမှာ ဘယ်မှာဖြစ်ဖြစ် သူက ပျိုတိုင်းကြိုက်တဲ့ ...သီခိုင် ..။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကတော့ မျက်လုံးတစ်ဖက်က မမြင်၊ နားတွေက ဘယ်အချိန်အထိ ကန်းနေဦးမည်မသိသော ဒုက္ခိတ ...။

ဘယ်လိုမှ မတူမတန်သည့်အနေအထားမှာ လူကြီးတွေက စည်းခြားသတ်မှတ်ခဲ့ကြသည်။ သူ့ဘက်က နှစ်နာခြင်းအတွက် လက်တုံ့ပြန်ဖို့ သူကြိုးစားနေတာ လွန်တော့မလွန်ပါ။ ဒါပေမဲ့ ကိုယ့်ဘဝကို ဖျက်ဆီးပြီးမှ ဒီစည်းကို ငါဖောက်နိုင်တယ်ဆိုတာ ပြမှာမျိုးတော့ အဖြစ်မခံနိုင်ပေ။

"မျက်မှန်ကြီးတပ်ထားမှ မင်းကို ကန်းနေတယ်လို့ထင်မှာ .."

"တပ်မနေပါနဲ့ကွာ၊ စတိုင်ထုတ်နေတယ်ထင်တော့ ကဲ့ရဲ့ခံရတယ်၊ ပိုလှနေတော့ လူတွေ သတိထားမိမယ်၊ မင်းက ဖုံးဖိနေပေမယ့် ဒါကြီးကြောင့် လူပိုကြည့်မှာ၊ တောမှာဆို ပိုဆိုးပြီ" တဲ့ ...။

ကိုယ့်ကို စကားပြောတိုင်း နူးညံ့ညင်သာတာ ဘယ်တုန်းက ရှိဖူးလို့လဲ။

သူမနဲ့သူ တောက်လျှောက်စကားများ အဆင်မပြေဖြစ်ခဲ့သည်။ ကောင်းကောင်းမွန်မွန်ပြောဖြစ်တာကျတော့ မျက်နှာက မချိုမချဉ် ခနဲ့ခနဲ့။

တွေးရင်းလျှောက်နေမိစဉ် သခင်နဲ့စက်ဘီး သူမရှေ့ကိုရောက်လာ၏။

"လာ .. တက် .."

သူက ခြေထောက်ထောက်ထားရင်း လက်ကိုင့်က လက်တစ်ဖက်လွှတ်၍ ရှေ့က တန်းလေးမှာ ထိုင်ခိုင်းသည်။

ခုပဲ သူ့လုပ်ရပ်တွေကိုတွေးပြီး နာကျင်နေမိတုန်း ...။

"ဟေး ဘာသာပြန်လို့ရတယ်"

"ဟာ .. ဟေ့ .."

သူမ ရှောင်ထွက်လာခဲ့လျှင် ရှေ့ကနေ စက်ဘီးကိုကန့်လန့်ဖြတ်



တ်ရပ်လိုက်ကာ ...၊

"ဘယ်လိုဖြစ်တာလဲ၊ မစိတ်ကောက်ရယ် .."

သူဘာပြောမှန်းမသိပေမယ့် ခင်ဦးသျှောင်က မျက်နှာလေးကို င်းထားကာ ခေါင်းခါလိုက်သည်။ ထိုစဉ် ရွာလမ်းပေါ်မှာ ဓားမကြီးတွေ ခါးကြားမှာ လှုပ်လီလှုပ်လဲ့ ထိုးထားကာ အပေါ်အင်္ကျီမပါ။ ပုဆိုးလောက်တိုတိုနှင့် ယောက်ျားလေးငါးယောက် သူမတို့ရှိရာ လျှောက်သာကြတာမြင်လိုက်ရ၏။

ပြီးတော့ ခင်ဦးသျှောင်ကို ခြေဆုံးခေါင်းဆုံးကြည့်သွားကြကာ န်သွားမှ ပြန်ငဲ့ကြည့်တဲ့လူက ကြည့် ...။

"တွေ့လား၊ မင်း ရွာထဲမရောက်မချင်း သူတို့နဲ့ အတူသွားနေရမှာ"

သခင် ဘာပြောသလဲဆိုတာ နှုတ်ခမ်းတွေကိုလိုက်ကြည့်ပြီး ပုံဖော်ကြည့်ကာ ခင်ဦးသျှောင် မျက်နှာလေး ငယ်ကျသွားသည်။

"လာ .. ဒီရှေ့ကတက် .."

သူ့ရှေ့ကတော့ မထိုင်ချင်ပါ။

ခင်ဦးသျှောင် ခဏလေး ငြိမ်နေမိကာ ...၊

"နောက်ကထိုင်မယ်"

သခင်က ပြုံးလိုက်ပြီး နောက်က ကယ်ရီယာခုံကို ခပ်ကြမ်းကြမ်းိုင်လှုပ်ပြလိုက်ကာ ..

"မင်းထိုင်လို့ရအောင် မရိုင်တော့ဘူး၊ ကျိုးသွားလိမ့်မယ်"

လို့ အမူအရာလုပ်ပြလိုက်၏။ နောက်ဆုံး သူမ ကိုယ်လေး သူ့ င်ခွင်ထဲ ရောက်လာခဲ့လေသည်။

သခင်က စက်ဘီးကို ဆက်နင်းခဲ့ပေမယ့် ရွာလမ်းအတိုင်းမဝင်ဘဲ ဘက်လမ်းကျဉ်းလေးထဲကို ကွေ့ဝင်လိုက်၏။

"ဘယ်သွားနေတာလဲ"

ခင်ဦးသျှောင် တီးတိုးရေရွတ်ပြီးမှ ..

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုသွားနေတာလဲ .. လို့"

နောက်ကို မျက်နှာလေးမော့ပြီး မေးလိုက်လျှင် ငုံ့လိုက်သည့် သခင့်နှာခေါင်းချွန်ချွန်က သူမပါးပြင်လေးနှင့် နေရာတကျ ..။

"ရှင် ..."

တစ်ကိုယ်လုံး ဖျင်းခနဲ ဖြစ်သွားသလိုပင်။ ရှက်လည်းရှက်၊ ဒေါသလည်းထွက်ကာ ဒါ တမင်လုပ်လိုက်တာမှန်းလည်း သိလိုက်တာမို့ ..

"ရပ် .. ခုရပ်ပေး၊ ရှင် နားမကန်းဘူးနော်၊ ကေး အတင်းခုန်ဆင်းပစ်မှာ .."

တကယ်ဆင်းပစ်လိုက်မှာကို သိလိုက်သောကြောင့် သခင်က ခြေတစ်ဖက်ထောက်ထားလိုက်ပြီး ..

"ဘယ်လိုဖြစ်နေတာလဲ၊ ကိုယ်က မင်းယောကျာ်းနော် .."

လက်ကို အတင်းဖြုတ်ဖယ်ဆင်းလိုက်သည့် သူမလက်မောင်းလေးကို ပြန်ဆွဲလှည့်လိုက်ပြီး ..။

"အခု မင်းကြားအောင် အကျယ်ကြီးပြောလို့ရပြီ .."

ခင်ဦးသျှောင်ရဲ့ ပခုံးလေးနှစ်ဖက်ကို ဖိဆုပ်ထားလိုက်ကာ ..။

"စကားပြောချင်လို့ .."

သူ အကျယ်ကြီး အော်ပြောလိုက်သည်။ ပြီးတော့ စက်ဘီးပေါ်က ဆင်း၍ ဒေါက်ထောက်ထားလိုက်ကာ ..။

"ကေး .."

ဘယ်ကိုရောက်လာမှန်းမသိဘဲ ပြန်ဖို့ပြင်နေသည့် သူမရဲ့လက်လေးကို ဆွဲထားလိုက်ကာ ..။

"မင်းကို ကိုယ် အရမ်းချစ်တယ် .."

အော်ပြောလိုက်ပြီးမှ ရှုံ့မဲ့သွားကာ ..။

"ဗီလင်နဲ့ မငြိဘူးကွာ .."

သူ ဖုန်းပဲ ထုတ်ယူလိုက်ရကာ သူမလက်လေးကိုဆွဲ၍ ကုက္ကိုပင်



ကြီးအောက်မှာ အတူသွားထိုင်လိုက်သည်။ ဘယ်ကိုကိုင်ကိုင် ခင်ဦးသျှောင်က ဖယ်ချပစ်နေလျက် ..။

"ကေး က ဒုက္ခိတပါ၊ ဒါပေမဲ့ ဦးနှောက်ကတော့ အကောင်းကြီးရှိသေးတယ် ပန်းသခင်"

"မင်းကို ဘယ်သူက ရူးနေပါတယ် ပြောနေလို့လဲ .."

"ဘာ ..."

"ဒီမှာကြည့် .."

"ဟင့်အင်း .. ဖယ်၊ မကိုင်နဲ့"

"မကိုင်လို့ ဘယ်လိုလုပ်ရမှာလဲ၊ ဖက်ထားမှ ကိုယ်စာရိုက်နေရင် မင်းတစ်ခါတည်းဖတ်လို့ရမှာ .."

"အို .. ဘာမှလာမပြောနဲ့၊ ဖတ်လည်း မဖတ်ချင်ဘူး၊ ဖယ် .."

ငြင်းနေရင်း ရှန်းမရရင်းနှင့် တတန်းတွေပေါ်လာတော့ ကေးမျက်လုံးတွေက အာရုံတွေကို ပြောင်းသွားစေခဲ့လျက် ..

"ကိုယ် မင်းကို အရမ်းချစ်တယ်၊ ချစ်တဲ့စကားကိုတော့ မင်းကိုကြားစေချင်ပေမယ့် မင်းကြားနိုင်မှပြောဖို့လည်း ကိုယ်မှမစောင့်နိုင်တာ"

"ယုံပါ ကေးရယ်၊ ဘာကြောင့်ချစ်သွားမှန်းကို မသိဘူး၊ ဒါပေမဲ့ တကယ်ချစ်တာ .."

"လျှောက်ပြောနေတာ .."

ကေး ဆက်မဖတ်ချင်တော့ဘဲ ပခုံးမှာဖိတင်ပြီး ဖက်ထားသည့် သူ့လက်ကို ဖယ်ချနေမိသည်။ သို့သော် ဖယ်ချလေ၊ အထင်းဖိကပ်ထားလေမို့ မဖတ်ချင်လို့လည်းမရ ..။

"ကိုယ့်ကို ပြန်ချစ်မယ်မို့လားဟင် .."

"ကေးကို ရှင့်လို အနေနီးတိုင်း သွေးဆူမယ့်မိန်းမလို့ ရှင်ထင်နေလား"

ကေး သူ့ကိုလှည့်ပြီး ရန်တွေ့နေသလောက် စိတ်တိုပြီး အတင်း

www.burmeseclassic.com

www.burmeseclassic.com



ရှန်းနေသလောက် သခင်က နည်းနည်းလေးမှ လျှော့မပေးဘဲ စာတွေ ချည်းဖိရိုက်ပြီး ဆက်ပြောနေသည်။

"ကိုယ်တို့နှစ်ယောက် အဆင်မပြေဖြစ်ခဲ့ကြတဲ့ ကိစ္စတွေကို မေ့လိုက်ကြမယ်၊ မင်းနဲ့ ကိုယ့်ရဲ့အိမ်ထောင်ရေးကိုပဲ သာယာဖို့ ရှေ့ရှုပြီး ကိုယ့်အချစ်ကို လက်ခံပေးနော် .."

ကေး နှုတ်ခမ်းလေး ကိုက်ထားမိသည်။ အိမ်ထောင်ရေးသာယာဖို့အမိကလို့ ရှင်ပြောလာတာလား။

ဒီအိမ်ထောင်ရေးကို ရှင်ရော၊ ကျွန်မရော လိုချင်ခဲ့တာမို့လို့လား။

"ကိုယ့်ကို ပြန်ပြောပါဦး၊ ကိုယ့်ကို ဘယ်လိုသဘောထားလဲဆိုတာ .."

"ကေး အတွက်တော့ ယုံကြည်ဖွယ်မရှိတဲ့လူတစ်ယောက်ပဲ ပန်းသခင်၊ ရှင့်လောက် ပေါ့ပျက်ပျက်နိုင်ပြီး ဘယ်သူ့ကိုမှ လေးစားရမှန်းမသိတာ ရှင်ပဲ .."

သခင်က နားထောင်ပြီး နှုတ်ခမ်းတစ်ချက် မဲ့သွားသည်။ ပြီးတော့ ပြောမည်မြင့်ပြီးမှ စာပဲရိုက်ကာ ..

"အချစ်ကို မင်းယုံအောင် သက်သေပြဖို့တော့မရှိဘူး၊ ဒါပေမဲ့ ယုံပါလို့ပဲပြောချင်တယ်၊ မင်းကို ကိုယ်တကယ်ချစ်တာ .."

"မယုံဘူး၊ ရှင့်ရင်ထဲမှာ လေးတော်တို့အပေါ် မပြေတဲ့အမုန်းတွေ ရှိနေတာ ကေး သိတယ်၊ ပြီးတော့ ကေးက ဒုက္ခိတ၊ ခုတောင် ရှင် ပြောချင်နေတာတွေကို ကေး မကြားလို့ ရှင့်သူငယ်ချင်းတွေနဲ့ ဘယ်လောက်များ စိတ်ပျက်ညည်းညူနေပြီလဲ .."

"ကိုယ် မင်းကို ဘယ်တော့မှ စိတ်မပျက်ဘူး .."

ကေး သူ့ကိုတွန်းပစ်လိုက်ပြီး နေရာမှ ထရပ်လိုက်သည်။ သခင် ဘေးတိုက်ယိုင်သွားပေမယ့် ကေး လက်ဖျားလေးကို မိမိရရ ပြန်ဖမ်းထားလျက် ...၊



"ပြန်ထိုင်ကွာ .."

ပြောရင်း သူမ မကြားမှန်းသိကာ သူ ထရပ်လိုက်ပြီး ...၊

"ကိုယ့်ဖုန်းဘက်ထရီဒေါင်းသွားပြီ၊ ဖုန်းခဏပေး .."

"ဘာပြောတာလဲ .."

သခင်က ဖုန်းဘက်ထရီကိုပြကာ သူမ ခါးလေးကိုသိုင်းဖက်လိုက်လျှင် ..

"အို .. ဘာလုပ်တာလဲ"

ကေးက ရှောင်ထွက်လိုက်၏။ ပြန်ကြည့်လိုက်တော့ သခင့်လက်ထဲမှာ သူမရဲ့ဖုန်း ...။

ကိုယ့်အင်္ကျီအိတ်ကို ဖျတ်ခနဲ ပြန်စမ်းလိုက်မိရင်း ..

"ကေး ဘာမှမဖတ်ချင်တော့ဘူးနော်၊ သိလည်းမသိချင်ဘူး .."

"ဒါပေမဲ့ မင်းသိအောင် ပြောဖို့တော့ ကိုယ်ကြိုးစားရမှာပဲ"

သူမ မကြားနိုင်မှန်းသိလျက်နှင့် ပြန်ပြောမိကာ ဖုန်းကိုဖွင့်လိုက်သည်။

ကေးက ဘာမှမပြောတော့ဘဲ ရပ်ကြည့်နေလျက် ...၊

"ကေး ဘယ်တော့မှလည်း ဖုန်းကိုင်တာမဟုတ်ဘူး၊ အဲဒီ ရှင့်ဖုန်းကိုလည်း မကိုင်ချင်တော့ဘူး၊ ပြန်မပေးနဲ့တော့ .."

သခင် သူမပြောတဲ့စကားတွေကို အာရုံစိုက်နိုင်ခြင်းမရှိဘဲ ကေးရဲ့ဖုန်းထဲက မက်ဆေ့ချ်တွေကို ဖတ်လိုက်မိရင်း ...။

"ကေး .."

သူ ဖျတ်ခနဲလှည့်လာသည့်မျက်နှာမှာ အပြုံးအရယ်မဲ့နေခြင်းနှင့် ပတ်သက်၍ ကေး နားမလည်နိုင်ဖြစ်သွားသည်။ ထို့ပြင် သခင့် မျက်ဝန်းတွေက စူးရဲတင်းမာနေကာ ...၊

"မင်းဦးလေးတွေကို မင်းခေါ်ထားတယ် .. ဟုတ်လား"

သူ မေးလိုက်တာကို နားမလည်ပေမယ့် ဖုန်းထဲက မက်ဆေ့ချ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြလိုက်တော့ သူမကိုယ်တိုင် ပြန်ဖတ်၍ ..

"ဟုတ်တယ်၊ အဲဒါ နားကြပ်ပျောက် .."

"ကေး .."

ချစ်တော့လည်း ဖွတ်ပြောမည်။ ဖွတ်ချစ်သည်။ ဒေါသတွေပြချင်တော့လည်း အကြမ်းပတမ်း အားမနာ ..။

သခင်က ကေး လက်မောင်းလေးတစ်ဖက်ကို ဖိဆုပ်ကိုင်လိုက်၍ ..

"ဒီလူတွေကို အားမကိုးချင်လို့ မင်း ငါတို့မိသားစုထဲကို ဝင်လာခဲ့တာပဲလို့ ငါထင်နေတာ .."

သူ ဘာပြောနေမှန်းမသိပေမယ့် ဦးသူတော်တို့ကို မက်ဆေ့ချ်ပို့ထားလို့ ဒေါသတွေထွက်နေမှန်းတော့ ကေး နားလည်နေကာ ..၊

"ရှင် ဘာပြောနေတာလဲ၊ ဦးတော်ကို ကေး ခေါ်လိုက်တဲ့အတွက်လား"

"ဟုတ်တယ်၊ ငါပြောမယ်၊ ဒီစကားတွေကျတော့ မင်းကြားအောင်ငါ အော်နိုင်တယ်၊ မင်းရဲ့ ဦးလေးတွေ မင်း ဒီကိုပါလာတဲ့အတွက် တီတီဆီ ဘာတွေသွားပြီး ရာဇသံပေးကြသလဲ မင်းသိလား .."

သူ့အသံကို အဝေးကြီးက ထွက်ပေါ်နေသည့် အသံတစ်ခုလို သဲ့သဲ့လေး ကြားနေရသည်။ ဒါပေမဲ့ သိသွားလိုက်၊ ဘာတွေပြောနေမှန်း မသိဖြစ်သွားလိုက်။

"မင်းကြားလား၊ မကြားသေးရင်ပြော၊ ထပ်အော်ပေးမယ် .."

"ဟုတ်တယ်၊ အော်ဖို့လိုတယ် ကျွန်မက အကန်းပဲ .."

"မင်းကိုယ်မင်း အဲဒီစကားတွေပြောပြီး အားငယ်ချင်ယောင် ဆောင်မနေနဲ့ ခင်ဦးသျှောင်၊ တကယ်တော့ မင်း အားမငယ်ပါဘူး၊ မင်းနောက်ကလူတွေအားကိုးနဲ့ မင်းအမြဲတမ်း ရပ်တည်နေခဲ့တာ .."

ကိုယ့်ဘက်က သဲ့သဲ့ပေမယ့် သခင် ဒေါသတကြီးအော်နေတာကို သိလိုက်ကာ ကေး နောက်ကို ခြေလှမ်းထပ်ဆုတ်မိသည်။



ပြီးတော့ နားစိုက်ထောင်နေရင်း မကြားရဖြစ်လာသဖြင့် ရင်ထဲမှာ တနင့်နင့်ခံစားလာရသည်။ မျက်ရည်သည် အလိုအလျောက်ကျဆင်းလာခဲ့ရင်း ...

"ရှင် အော်ပြောမနေနဲ့တော့ သခင်၊ ရှင့်စကားတွေကို ကေး ကြားဖို့မလိုဘူး၊ ရှင်ဘာဖြစ်နေတယ်ဆိုတာ သိတယ် .."

"သိတယ်ဆိုရင်လည်း ရှင်းလေ၊ မင်း ဘာသဘောနဲ့ လှမ်းခေါ်လိုက်ရတာလဲ .."

သခင်က ဒေါသအတိုင်း ကျယ်လောင်နေသည့် သူ့အသံထက်ပို၍အော်ကာ ..

"ငါမထင်ခဲ့ဘူး၊ မင်းခံစားနေရတဲ့ မွန်းကျပ်မှုတွေ၊ မင်းမလိုချင်ခဲ့တဲ့ ပြည့်စုံလွန်ကဲမှုတွေ၊ အဲဒါတွေကနေ မင်းရုန်းထွက်ချင်နေတာလို့ပဲ ငါထင်ခဲ့တာ .."

ကေး မျက်နှာလေးက အံ့သြငေးမောနေခဲ့လျက် မျက်ရည်စက်တွေလည်း စွန်းထင်းနေခဲ့၏။ ဒါပေမဲ့ သူ့စိတ်တွေ ဖြောင်းဆန်အောင် ပူလောင်နေခဲ့သည့်နောက် သနားဖို့လည်း သတိမရ ..။

"မင်းရဲ့ ဦးလေးတွေ ငါတို့ထွက်လာတည်းက ဒီကိုတောင် မရောက်သေးဘူး၊ တီတီ့ဆီကို ရောက်သွားကြတာ၊ ဘာတွေပြောဆိုသွားလဲရော သိချင်သေးလား၊ အဲဒါတွေက ငါတို့တွေ မင်းအတွက် ရင်ဆိုင်ပေးမယ်လို့ ဆုံးဖြတ်ပြီး သူများပြောသမျှ ခံခဲ့ရတာတွေပဲ .."

".... .... ...."

"မင်းကတော့ ထစ်ခနဲရှိ ဦးသူတော်၊ ဦးသူမြတ်ဇို့ 'တ'၊ ငါတို့ကို မကျေနပ်ရင် ပြေးတိုင်၊ ဒီလိုစိတ်ကူးတွေနဲ့ကိုး .."

"ရှင်ဘာတွေမပြောနေနေ ရှင်ပြောနေတာတွေ ကေး မကြားဘူး.."

"ဘာ .."

"အဲဒီတော့ ပြောမနေနဲ့၊ လေးတော်တို့ကို ကေး ခေါ်လိုက်တဲ့ ကိစ္စ

www.burmeseclassic.com

www.burmeseclassic.com



ကလည်း ..”

“ဘာကိစ္စနဲ့မှ မင်း သူတို့ကို ခေါ်ဖို့မလိုဘူး ..”

“ရှင် ကေး ကိုမထိနဲ့”

“ထိတော့ ဘာဖြစ်သွားနိုင်သလဲ၊ ငါ မိန်းမယူထားတာ ဒေါ်ဒီဂရ လုပ်ပေးနေတာမဟုတ်ဘူး၊ မင်းကိုယ်တိုင် ငါ့အပေါ်မှာ ငါတို့တူဝရီး အပေါ်မှာ အထိန်းတော်တွေလို သဘောထားနေတာလား၊ ပြောစမ်းပါ”

ဆွဲလွှဲလှုပ်ခါခြင်းတွေကြောင့် လက်မောင်းသားတွေလည်း နာကျင်နေပါပြီ ..။

ကေး တလှိုက်လှိုက်ကြေကွဲလာခဲ့ရင်း မျက်ရည်တွေ တလိမ့်လိမ့် ကျလေသည်။

ပြီးတော့ နှုတ်ခမ်းကိုက်ထားသည့်ကြားက ရှိုက်သံတွေ ပွင့်အံ ထွက် လာခဲ့ပြီး ..

“လွှတ် .. ကေး ကိုလွှတ်၊ ရှင့်ကိုမုန်းတယ် ..”

“သိတယ်၊ မင်း ငါ့ကို နိုင်းဖတ်လို့သဘောထားတာ ငါသိတယ် ဒါကြောင့် မင်းဦးလေးတွေနဲ့ ရင်ဆိုင်မိတိုင်း ငါ လူရမ်းကားဖြစ်နေ တာသိလျက်နဲ့ မင်းတမင်ထွင်လိုက်တာ၊ မင်းရဲ့နားကြပ်ပျောက်တဲ့ ကိစ္စ အတွက် မင်းကို ...”

ပြောနေရင်း လည်ချောင်းတွေ နာကျင်လာခဲ့ပြီး ပင့်သက်တစ်ခ ရှိုက်မိ၏။ ပြီးမှ ...၊

“မင်းကို ငါ ကာကွယ်ပေးခွင့်ရချင်တယ်၊ မင်းအားမငယ်ရအောင် မင်းရဲ့နား ကြားကြား မကြားကြား ငါ့ရဲ့ မြတ်နိုးမှုမပျက်ဘူးဆိုတာ ငါဘယ်လောက်သည်းခံနိုင်တယ်ဆိုတာ ငါ့ဘက်က ပြခွင့်ရချင်တာ အခု မင်းရဲ့အားကိုးသမှုတွေက ငါနဲ့မှမဆိုင်ဘဲ ..”

ဒေါသတို့သည် တလိပ်လိပ်ပြန်ကြွလာခဲ့လျက် သူမ ပခုံးလေး ကို ဆောင့်လွှတ်မိကာ ...၊



“မင်းရင်ထဲမှာ ငါက ဘယ်လိုနေရာလဲဆိုတာ သိသွားပြီ၊ မင်း ဦးလေးတွေ ငါ့ကို ဒုက္ခပေးဖို့ ကြိုးစားသလို မင်းက ငါ့ကိုလောင်မြိုက် မယ့် သူတို့ရဲ့ အားဖြည့်လောင်စာ ..”

နာကျင်မှုတွေနဲ့ ထင်သလိုပြောနေသမျှ နားမကြားရသည့် ကေး ရဲ့ အာရုံထဲမှလည်း မဟုတ်တဲ့စကားလုံးတွေကျတော့ ကြားမိနေလျက် ဟုတ်တာလေးတွေကျတော့ မသဲကွဲ ..။

ထိုအခါ တစ်ယောက်နဲ့တစ်ယောက် နာကြည်းမှုတွေက ဆန့်ကျင် ဘက်ဝေးရာအရပ်ဆီသို့ အသီးသီးကျောခိုင်းထွက်ခွာဖို့သာ ..။

“ယော့ ..”

ကေး ဆတ်ခနဲ လှည့်ပြေးသွားသည်။ သူ လှမ်းဆွဲလိုက်ပေမယ့် မမီ။

“တောက် ..”

ကိုယ့်မျက်နှာကို ပွတ်သပ်ပစ်ရင်း လောင်မြိုက်နေသည့်မီးက ဘာ လေတိုက်နေ ... အားကောင်းနေခဲ့မှန်းမသိ ..။

ညနေခင်းအလင်းရောင်က ယုတ်လျော့ ဖျောကျသွားခဲ့လျက် တဟူးဟူးတိုးဝှေ့နေသည့် လေပြည်ကတော့ အားကောင်းနေဆဲဖြစ်သည်။

သူ့ရင်ထဲက မျှော်လင့်ခြင်းအလင်းရောင်တွေလည်း ညနေခင်းရဲ့ ပျောက်ကွယ်လုလု မှုန်ရီဖျအလင်းတစ်စလို ဖြစ်ခဲ့ပြီလား။

ကေး ကို သူချစ်သည်။ ဘာကြောင့်ချစ်မိသွားလည်း မသိပေမယ့် ဘာအကြောင်းနဲ့မှ ဆုံးရှုံးမခံနိုင်တော့အောင် ခိုင်မာစွာ ချစ်ခဲ့သည်က သေချာလေသည်။

ဒါပေမဲ့ သူမလေးကတော့ ဒီလိုမဟုတ်ပါလား ..။

အချစ်နဲ့ပတ်သက်ပြီး ချစ်သူခင်သူတွေ ပေါ်များလွန်းလို့ ငယ်ငယ် လေးတည်းက ‘ပန်းသခင်’ ဆိုတဲ့နာမည်က သူ့အတွက် အသင့်စောင့် နေသလိုလို လိုက်ဖက်စွာရှိနေခဲ့၏။

အချစ်ကို ရှာဖွေတတ်လာတဲ့ အရွယ်ရောက်တော့လည်း ပန်းသခင်

www.burmeseclassic.com

www.burmeseclassic.com



က ပန်းသခင်ပဲဖြစ်ကာ မိန်းမလှလေးတွေ ဝိုင်းဝိုင်းလည် ..။

ဒါပေမဲ့ ချစ်သူတွေ ဝိုင်းဝိုင်းလည်လောက်အောင် သူ မရှုပ်ခဲ့ပေ။

အချစ်နဲ့ ရှုပ်ပွေခြင်းက မအပ်စပ်ဘူးလို့လည်း ခံယူထားခဲ့၏။ ကေး ကို ချစ်မိနေမှန်း သိလိုက်ရသည့်အချိန်မှာ ထိုမိန်းကလေးသည် ကိုယ့်ရဲ့ဇနီးဖြစ်နေသည့်အတွက် ပို၍ကျေနပ်ခဲ့သည်။

မြတ်နိုးခြင်းတွေ အပြည့်အသိပ်နှင့် ရင်ခွင်တံခါး သူမအတွက် ဖွင့်ခဲ့ပြီးမှ ..။

"ဟေး .."

"သခင် .. ဟိုမှာ .."

စက်ဘီးနှစ်စီးနှင့် တောင်ငှနဲ့ ရွာသားလူလတ်တစ်ဦးတို့ ရောက်လာကြကာ ..၊

"ဘယ့်နှယ် အိမ်မပြန်ဘဲ ဒီဘက်ရောက်နေတာလဲ၊ ဟိုတစ်ယောက်ရော .."

"တွေ့လား၊ ငါတို့စိတ်ပူတဲ့အတိုင်းပဲ၊ သူတို့က ဒီလမ်းဘက်ကို ချိုးပစ်ခဲ့တာကွ .."

သူတို့ချင်းပြောရင်း ဟိုဒီလိုက်ကြည့်၍ ..၊

"ဟိုဘက်လမ်းကြားနောက်မှာ ကျွဲခြံရှိတယ် ညီလေးရ၊ မင်းတို့ကို အိမ်မှာမတွေ့လို့ စိတ်ပူသွားတာနဲ့ ဒီဘက်ရောက်နေမှာစိုးပြီး လိုက်လာတာ ..",

"ကျွဲခြံက ဘာဖြစ်လို့လဲ .."

"ကျွဲတွေက ရိုင်းတဲ့ကောင်တွေပါတယ်၊ ကျွဲထိန်းက အချိန်ပြည့် မူးနေတာ၊ သူ့ခြံနားကပ်ရင် လှမ်းအော်တယ်၊ မရရင် ကျွဲကို လောက်လေးနဲ့ထုတော့တာပဲ .."

စိတ်ညစ်နေသည့်ကြားထဲ ရွာခလေ့တွေ အထာတွေပြောနေတော့ နားထောင်ချင်စိတ်လည်းမဖြစ်မိ ..။



"ကျွဲကိုထုတယ်ဆိုတာ တခြားမဟုတ်ဘူး သခင်၊ ရိုင်းတဲ့ကျွဲကို လောက်လေးနဲ့ ဆော်လိုက်တော့ ရှူးခနဲဆို မည်းမည်းမြင်ရာ လိုက်တော့တာပေါ့ .."

သခင် ခေါင်းညိတ်လိုက်ပေမယ့် မပြုံးနိုင် မရယ်နိုင်နှင့် စက်ဘီး ခေါက်ဖြုတ်လိုက်ကာ ..၊

"ကျွန်တော်တို့က အဲဒီဘက်မသွားပါဘူး၊ ခုပဲ ပြန်လှည့်မလို့ .."

"ပြန်လှည့်ရင် အဲဒီဘက်ရောက်သွားမှာစိုးလို့ စိုးရိမ်တာကွ၊ ကျွဲခြံက ဟိုကြားလမ်းလေးရယ် .."

ဟင် ..။

သခင် ခေါင်းထဲမှာ ဒိန်းခနဲ မြည်သွားသည်။

ကေး ဘယ်ရောက်သွားပြီလဲ ..။

"တောင်ငှ .. မင်းတို့လာတာ ကေး ကိုမတွေ့ခဲ့ဘူးလား .."

"ခင်ဦးသျှောင်လား .. ဟော့အေး .."

ရင်ခုန်သံတွေက စည်တီးနေသလို တဒိန်းဒိန်းဆောင့်ခါလာ၏။ သူ စက်ဘီးပေါ်တက်ကာ ကေးထွက်သွားသည့်ဘက်ကို အတင်းနင်းထွက်ခဲ့၏။

"သခင် .. နေဦးလေ .."

"ကောင်မလေး အဲဒီဘက်ရောက်နေလို့လား"

တောင်ငှ တို့လည်း မျက်လုံးတွေပြူးကုန်ကာ စက်ဘီးတွေ ပြန်လှည့်ပြီးလိုက်ကြ၏။

ပြောင်းခင်းတချို့၊ ကိုင်းတောတချို့နှင့် လမ်းကြားလေးတွေ ရှိနေကြ၏။ သူမတို့ ဘယ်ကြားကနေ ထွက်လာခဲ့တယ်ဆိုတာ ခင်ဦးသျှောင် မသိတော့ပေ။

ညာဘက်မျက်လုံးက မမြင်ရသောကြောင့် ညာအတိုင်းတွေ့ထွက်လာသော လမ်းကြားကို သတိမထားမိခဲ့ခြင်းဖြစ်သည်။ ထို့ပြင် သခင့်ကို

www.burmeseclassic.com

www.burmeseclassic.com



စိတ်တိုနေရသဖြင့် ဘာကိုမှလည်း ကြည့်ရှုမှတ်သားဖို့ သတိမရ။

နောက်ကိုပြန်ကြည့်လိုက်တော့ လမ်းကွေ့မို့ သခင့်ကို မမြင်ရတော့ပေ။ ဒါပေမဲ့ သခင်နဲ့ သူမ သိပ်မဝေးသေးဘူးဆိုတာတော့ တွက်ကြည့်လိုက်မိ၏။ ရှေ့ကို ဆက်လျှောက်ခဲ့ရင်း ခပ်ယိုင်ယိုင်ခြံစည်းရိုးတန်းကြီးတစ်ခုကို မြင်လိုက်ရလျှင် ..

"ငါ ဒီနားက ဖြတ်ခဲ့မိသလား .."

မဖြတ်ခဲ့ပါဘူး လို့ ကိုယ့်ဘာသာ ပြန်ဖြေမိခဲ့သော်လည်း လမ်းပုံစံကျတော့ စက်ဘီးလမ်းလား၊ လူသွားလမ်းလေးလား ..။

"ဟေး .."

လှမ်းအော်လိုက်သံက သိပ်မကျယ်ပေမယ့် ကြားနိုင်လောက်သည့်အသံဖြစ်သည်။ ကေးကတော့ မကြားပေ ..။

ကျွဲခြံထဲက တဲအိမ်လေးတွင်းမှာ ပင်နီအင်္ကျီရင်ကွဲနှင့် ထိပ်ပြောင်ပြောင်လူတစ်ယောက်က တုတ်ရှည်ကြီးကိုင်လျက် ..။

"မြန်း .."

သူ့ဝါးကြမ်းခင်းကိုလည်း တအားဆောင့်ရိုက်လိုက်ရင်း ..။

"ဘာလာလုပ်တာလဲ၊ ဒါ ငါ့ပိုင်နက်နော်၊ ခုချက်ချင်းပြန်သွားလိုက်စမ်း .."

ကေး က မကြားဘဲ နေရာမှာပဲ ခြေစုံရပ်ကာ ခြံစည်းရိုးရှေ့ကနေ မြက်ခင်းလေးတွေ ပါးလျားပြီး လမ်းခွဲလေးတွေဖြစ်နေသည့်အတိုင်း ရွေးချယ်မရဖြစ်နေခဲ့၏။

ထိုစဉ် ..၊

"ဝှန်း .. ဖြောင်း .."

သူမ မျက်နှာမူထားသည့် ဝဲဘက်ထောင့်ကနေ ဦးချိုကားကားကြီးတွေနှင့် ကျွဲကြီးနှစ်ကောင် ကဆုန်စိုင်းထွက်လာကြ၏။

လမ်းအဖြစ်နဲ့ သူမ ကြည့်နေခဲ့တာက လမ်းမဟုတ်ဘဲ ကျွဲလူးအိုင်



ဖြစ်နေလေသည်။

ကေး နောက်ဆုတ် နောက်ဆုတ်နဲ့ ဘယ်ကိုပြေးရမှန်းမသိ။

ကိုယ့်ဆီကိုဦးတည်ပြီး ပြေးလာနေမှန်းသိလျက်နှင့် ကြက်သေသေသွားခဲ့တာဖြစ်၏။ သို့သော် အန္တရာယ်ဆိုသောအသိက နောက်ဆုံးအဖြစ်သတိရစေခဲ့လျက် ..

"လာကြပါဦး၊ ကယ်ကြပါဦးရှင် .."

သူမ မလွတ်နိုင်တော့မှန်းသိပေမယ့် နောက်ကျသည့်အသိကို အကဲဖြတ်နေချိန်မရ ..။

ခြေဦးတည့်သည့်အတိုင်း အတင်းပြေးမိလေသည်။ နားက ဘာသံမှမကြားရသည့်အဖြစ်သည် နောက်ကို တစ်ချက်ပြန်ကြည့်မိသည့် အဖြစ်ကို ပြုခဲ့မိလျက် ..

"အား .."

နီးကပ်နေသည့် ကျွဲကြီးတွေကိုမြင်လိုက်သော်လည်း ခြေခေါက်၍ ဒလိမ့်ခေါက်ကွေး လဲကျသွား၏။

သူမ မိုက်မဲစွာ ချက်ချင်းပြန်ကျုံးထမိလျှင် ကျွဲ၏ဦးချိုကြီးက သူမဆီသို့ ..။

"ကေး ..."

မမီနိုင်တော့မှန်းသိသည်နှင့် ရှေ့ဆုံးကကျွဲဆီကို စက်ဘီးနှင့် ပစ်တိုက်ပစ်လိုက်၏။

"ဒုန်း .."

"ဒွဲ ..."

စက်ဘီးက ဒုန်ပြန်ကာ ကျွဲလည်း ယိုင်ထွက်သွားသည်။ ထိုစဉ် ကေး ရဲ့လက်ကို ပြေးဆွဲပြီး ကုန်းနိမ့်ရှိရာ ပြေးထွက်ခဲ့၏။ ကျွဲကလည်း ဖိုမိုသောဒေါသအဟုန်ဖြင့် လိုက်လေသည်။

"ဟေး .. ဒီကို .. ဒီကိုဟ .."

www.burmeseclassic.com

www.burmeseclassic.com



တောင်ငှ တို့လည်း ပြေးလာကြကာ ကျွဲကို အာရုံပြောင်းဖို့ ကြိုးစားခေါ်ကြသည်။ သို့သော် ကျွဲ၏ဒေါသက သခင်မှတစ်ပါး ဘယ်သူ့ကိုမှ မမြင်တော့ဘဲ သခင့် နောက်ကိုသာ ...။

"မျက်စိမှိတ်ထား .."

ပြောရင်း ကော း ရဲ့ တစ်ကိုယ်လုံးကို တင်းနေအောင်ဖက်၍ ချိုင့်ဝှမ်းကြီးတစ်ခုထဲ လှိမ့်ချပစ်လိုက်၏။

"အား ..."

သူ့ခေါင်းမှာ ဖြောင်းခနဲ မီးပွင့်သွားသည်။

ဒါပေမဲ့ ကော းရဲ့ ရှူးရှူးရှရှအော်လိုက်သံကြောင့် စိုးရိမ်စိတ်က အသံနောက်ကိုပဲ ရှာဖွေမိ၏။

"ကော း .. ကော း ဘယ်မှာလဲ .."

"ကော း .. မင်း ဘာဖြစ်သွားတာလဲ .."

ကော း ကိုရှာနေရင်း ဘာမှလည်းမမြင်ဘဲ သူ ဘာကိုရှာဖွေပြီးခေါ်နေမိသည်မသိ။



## အခန်း [၃၉]

'တော်ပါသေးရဲ့' ဆိုသည့်စကားသံ နှုတ်မှရေရွတ်မိရင်း ဒေါ်ဝင့်ဝါနိုင် ခြေလှမ်းတွေ အပြေးတစ်ပိုင်းဖြစ်နေခဲ့၏။ ဆေးရုံရှေ့မှာ 'စော်ဝင်ဂေဟာ' က ကားတွေကိုမြင်လိုက်သဖြင့် အဲထဲမှာ ကော း တို့ ရှိနေသေးမှန်း သိလိုက်ရသော်လည်း ..

"ကျုပ်တို့ကလေး ပြန်ဖြစ်သွားပြီလို့ပြောတာပါ၊ ဘယ်သူမှမပိုင်သလို ဘယ်သူနဲ့မှလည်း မသက်ဆိုင်တော့ဘူး .."

"ကလေးတွေရဲ့အိမ်ထောင်ရေးကို ရှင်တို့ပါးစပ်ထဲမှာပဲ သေစေရှင်စေ လုပ်နေတာလား ဦးသူမြတ်"

"ဆိုပါတော့ .."

ဦးသူမြတ် ရဲ့မျက်နှာက တင်းမာနေသည်။ အခန်းတံခါးရှေ့ကနေ နည်းနည်းလေးမှ ရွှေ့ဖယ်မပေးဘဲ မားမားကြီးရပ်နေခဲ့လျက် ...။

"နောက်ထပ်တစ်ခုပြောချင်တာက သမီးရဲ့ ဆုံးဖြတ်ချက်ကို အမိကထားပြီး ကျုပ်တို့ ဦးစားပေးဆုံးဖြတ်ခဲ့သလို အခု သမီးရဲ့ ဆုံးဖြတ်ချက်

www.burmeseclassic.com

www.burmeseclassic.com



က ဒီတိုင်းဖြစ်သွားပြီဆိုတာပဲ ..''

ဒေါ်ဝင့်ဝါခိုင် တင်းခနဲ အံကြိတ်သည်။ လက်မှာချိတ်ထားသည့် အိတ်ကို လက်ဆန့်ချ၍ ကိုင်ထားလိုက်ကာ ..၊

"သူက ဆုံးဖြတ်မယ်ဆိုရင်လည်း သူတစ်ယောက်တည်း ဆုံးဖြတ်လို့မပြီးပါဘူး၊ အိမ်ထောင်တစ်ခုမှာ ..''

"အိမ်ထောင်ရေးစကားကို ခင်ဗျားထည့်မပြောနဲ့တော့ ဒေါ်ဝင့်ဝါခိုင်၊ ဒီအိမ်ထောင်ရေးက နတ်ရေးတဲ့ဖူးစာမဟုတ်ဘူးဆိုတာ ကျုပ်တို့ သိထားပြီးသားပါ''

"သိပါတယ်၊ ဒါပေမဲ့ ရှင်တို့လုပ်ရပ်က သိပ်ကို ဖိစီးလွန်းတယ်နော်၊ အစက ဘယ်လိုပဲစခဲ့ စခဲ့ အိမ်ထောင်တစ်ခုဖြစ်သွားပြီဆိုရင် လက်တွဲကြမယ့်နှစ်ယောက်နဲ့သာ သက်ဆိုင်တာပါ၊ ကေးကို သားနဲ့ စကားပြောခွင့်တော့ ..''

"အခု ခင်ဗျားနဲ့တောင် တွေ့ခွင့်မပေးဘူးဆိုရင် ခင်ဗျားတူ အတွက် ဘာကိုမျှော်လင့်နေသေးတာလဲ၊ ကျုပ်တို့ကလေးက ပန်းသခင် ဆိုတဲ့ နာမည်ကို ကြားတောင်မကြားချင်တော့ဘူး ..''

ထိုစဉ် ဦးသူတော် ရောက်လာကာ ..

"ဘာအတွက် ဧည့်ထောက်ခံနေတာလဲ ကိုမြတ် ..''

"ကျွန်မက ဧည့်သည်မဟုတ်ပါဘူး၊ ခင်ဦးသျှောင်ရဲ့ ..''

"ဘာမှမသက်ဆိုင်တော့ဘူးဆိုတာ ခုကစပြီးမှတ်လိုက်တော့ ဒေါ်ဝင့်ဝါခိုင်၊ ခင်ဗျားတူနဲ့ ထည့်လွှတ်လိုက်ပြီး လူငယ်တွေ မှောက်မှားကုန်အောင် ခင်ဗျား ကြိတ်ကြံတယ်၊ ဒါပေါ့ .. ကလေးက ဒုက္ခိတလေးပေမယ့် နတ်သမီးလောက်လှတဲ့ တော်ဝင်ဂေဟာက မင်းသမီးလေးတစ်ပါးကို''

"ရှင်တို့ပဲ လာထိုးထည့်ပြီး ရှင်တို့ပဲ နှုတ်သိမ်းနေကြတာ စကားကို



ဆင်ခြင်ပြောပါ ဦးသူတော်၊ ကျွန်မတို့ ဈေးထဲမှာ နေရာလုနေကြတဲ့ ဈေးသည်တွေမဟုတ်ပါဘူး ..''

"ဟွန့် ..''

ဦးသူတော့်က နှုတ်ခမ်းမဲ့ပြီး ခါးနှစ်ဖက်ထောက်လိုက်သည်။ ဒေါ်ဝင့်ဝါခိုင်က ရှေ့ထပ်တိုးလိုက်ရင်း ..၊

"သားက ဒီလောက်ထိ အနစ်နာခံပြီး ကယ်တင်ခဲ့တာတောင်မှ ရှင်တို့က ..''

"ထိခိုက်မိကြတာ အတူတူပါပဲ၊ ခင်ဗျား ဒါကို ရေးကြီးခွင်ကျယ် ထည့်ပြောပြီး အသားမယူစမ်းပါနဲ့၊ ခင်ဗျား ဘယ်လိုကြိုးစား ကြိုးစား ကျုပ်တို့ကလေးနဲ့ တွေ့ခွင့်ရဖို့ မမျှော်လင့်နဲ့ ..''

"တစ်ခုတော့ ပြောလို့ရပါတယ်၊ ခင်ဗျားသား ထိခိုက်နစ်နာတယ် ထင်ရင် ကိုကြီးရောက်လာရင် ကျုပ်တို့ ပြောပြလိုက်မယ်၊ ပန်းသခင် အတွက် ကိုကြီး ထည့်စဉ်း ..''

"ဦးသူတော် ..''

ညီအစ်ကိုနှစ်ယောက်ရဲ့ မောက်မာရိုင်းပျသော စကားတွေကြောင့် ဒေါ်ဝင့်ဝါခိုင် ဘယ်လိုမှ ဆက်လက်နားထောင်နိုင်စွမ်းမရှိတော့ဘဲ ဖြစ်လာခဲ့လျက် ..

"နစ်နာကြေးပေးဦးမလို့လား ဦးသူတော်၊ ပြောကြကြေးဆို ဒီစကားရပ်က သိပ်ကိုအကျည်းတန်တဲ့စကားနော်၊ ကျွန်မက သားရှင် ဖြစ်တဲ့ အတွက် ဦးသူတော် ပြောတဲ့စကားလုံးတွေထက် အကျည်းတန်တာတွေ အများကြီးပြောလို့ရတယ် ..''

ပြောလိုက်ရင်း နှုတ်ခမ်းကို တင်းခနဲ ဖိပိတ်ပြီး မဲ့သည်။

"ကျေးဇူးပြုပြီး နစ်နာကြေးလို့ သက်ရောက်တဲ့စကားလုံးမျိုး ထည့်မ

www.burmeseclassic.com

www.burmeseclassic.com



ပြောမိဖို့ ဆင်ခြင်ပါ၊ ရှင်တို့က ယောကျ်ားပီသလွန်းပြီး မိန်းမသားတစ်ယောက်အတွက် နစ်နာမှုတိုင်းကို မမြင်ပေမယ့် ကျွန်မက သမီးကို မိန်းမသားချင်း စာနာစိတ်နဲ့ နှုတ်ပိတ်နေပါ့မယ်၊ ဒါပေမဲ့ အတိုင်းအဲတာတစ်ခုပေါ့"

ဦးသူတော် မျက်နှာကြီး တင်းမာလာခဲ့သည်။

"ကျွန်မ အခုလာခဲ့တာ နစ်နာကြတာချင်း ယှဉ်ပြိုင်ကြဖို့ မဟုတ်ဘူး၊ အိမ်ထောင်တစ်ခုကွဲပြီဆိုရင် ရှင်တို့ဘယ်လောက်ချမ်းသာ ချမ်းသာ မိန်းကလေးတစ်ယောက်ရဲ့နစ်နာမှုကို ပြင်ဆင်ဖာထေးလို့မရပါဘူး"

"ကျုပ်တို့ဂရုမစိုက်ဘူးဆိုရင်ရော .."

"ဘယ်ဂရုစိုက်မလဲ၊ ရှင်တို့ တစ်ခုလပ်ဖြစ်မှာမှမဟုတ်ဘဲ .."

"ဒေါ်ဝင့်ဝါခိုင် .."

"တွေးကြည့်ဖို့ ပြောတာပါ၊ ဒီအိမ်ထောင်ရေးကို ရှင်တို့ ဘယ်လိုပုံစံနဲ့ပဲ ရေးခဲ့ ရေးခဲ့ အများအမြင်မှာ သူတို့က လင်မယားပဲ .."

"အများအမြင်မလိုဘူး၊ ခင်ဗျားရဲ့အဆိုပြုချက်တွေ လျှောက်လဲချက်တွေလည်း အရာထင်မှာမဟုတ်ဘူး၊ အဲဒီတော့ ခင်ဗျား ခုပြန်သွားလိုက်ပါ"

"မသွားနိုင်ဘူး ဦးသူမြတ် .."

ညီအစ်ကိုနှစ်ယောက်စလုံးကို ဒေါ်ဝင့်ဝါခိုင် ရဲရင့်စွာ ရင်ဆိုင်သည်။ တရားမမျှတခြင်းအတွက် သူမဘက်က ဘာကို ငဲ့ကွက်နေရမှာလဲ။

"ကျွန်မ ဦးကြီးမြတ်သူ ရောက်လာတဲ့အထိ စောင့်မယ်၊ ဒီကလေးနှစ်ယောက်ကို တွေ့ဆုံဆွေးနွေးခွင့်ပြုဖို့ ကျွန်မတောင်းဆိုမယ်"

"ကျုပ်တို့သမီးက .."

"သူဘာပြောမလဲ၊ သူ့ယောကျ်ားနားထောင်ပါလိမ့်မယ်၊ သူတို့ဘယ်လိုဆုံးဖြတ်မလဲ၊ သူတို့အခွင့်အရေးရှိတယ်"



"လုံးဝခွင့်မပြုနိုင်ဘူး၊ ကိုကြီးလည်း ခွင့်ပြုမှာမဟုတ်ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ပန်းသခင်ဆိုတဲ့ ခင်ဗျားတူက ကျုပ်တို့ကလေးနဲ့ မထိုက်တန်တဲ့ ယောကျ်ားဖြစ်နေလို့ပဲ"

စကားသံတွေကို သဲကွဲစွာ မကြားရပေမယ့် တစ်ခါတစ်ခါကျယ်လာသည့် စကားလုံးတွေက နားထဲဝင်နေသည်။

ကေး လူနာခုတင်ပေါ်မှာ ငုတ်တုတ်လေးထိုင်ရင်း ငိုလည်းမငို၊ မျက်ဝန်းတွေလည်း မလှုပ်ရှားဘဲ သက်မဲ့ခန္ဓာကိုယ်တစ်ခုလိုဖြစ်နေခဲ့သည်။

ဒေါ်ဝင့်ဝါခိုင်ပြောနေသမျှ သူမ မြင်ယောင်နေသည်က သခင့်မျက်နှာ။

နောက်ဆုံး ပေါက်ကွဲအော်ဟစ်နေသော သခင့်မျက်နှာသည် ဆေးရုံမှာ သူမ သတိပြန်မလည်ခင်တည်းက အသံတိတ်လှုပ်ရှားမှုတွေနဲ့ ခြောက်လှန့်နေခဲ့၏။

သတိရလာတော့လည်း သူမ ပထမဆုံးရှာဖွေမိတာက သခင် ..။

မျက်နှာကိုထပ်ကြည့်ပြီး ထပ်ပြီးစိတ်နာချင်သည်။ သူ့ကို ဘယ်လောက်ထိ စိတ်နာနေခဲ့ပြီကို မျက်နှာကိုသေချာကြည့်ပြီး ပြောခဲ့ချင်၏။

"ကေး .."

သူ့ရဲ့ဒေါသသံကို သူမ ကြားအောင် ပို့လွှတ်နိုင်ခဲ့သည်။ ပြီးတော့..၊

"မင်းဦးလေးတွေကို ခေါ်လိုက်တယ် ဟုတ်လား"

"မင်းကြားအောင် ငါအော်နိုင်တယ်"

"ကြားလား .. မကြားသေးရင် ထပ်ပြောမယ်"

"အားငယ်ချင်ယောင်ဆောင်မနေစမ်းပါနဲ့ .."

"ဘာတွေပြောသွားကြသလဲ မင်းသိလား"

"မင်းက ငါ့ကိုလောင်မယ့် အားဖြည့်လောင်စာ .."

"ဟင့် .."

www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရှားသော မျက်ဝန်းမှာ မျက်ရည်တွေ တစစ ပြည့်တက်လာသည်။ ပြီးတော့ တပေါက်ပေါက်ကျဆင်းကြ၏။

"ညီမ — ညီမ မငိုရဘူးလေ၊ မျက်လုံးက ခုမှခွဲစိတ်ထားတာ"

ပြန်ကန်းသွားပါစေ။ သူမ မမြင်ရ မကြားရဘဲ လုံးဝ ကန်းကုန်ပါစေ။

မြင်သလို ကြားသလိုဘဝနဲ့ မလိုချင် မနေချင်သော ဘဝထဲကို ပြန်ခုန်ဆင်းရမယ့်အစား ..၊

"ဖုန်းလာတယ် ညီမ၊ ပြောမလားဟင် .."

သူမအတွက်ရှိနေသော နားစ်လေးက အနားမှာ ဖုန်းကိုင်၍ ရပ်စောင့်နေ၏။ ကေး ခေါင်းခါလိုက်၏။ ဖေဖေ့ဆီကမှန်း သိသည်။ ဒါပေမဲ့ မပျော်ပါ။

ဒါပေမဲ့ ဖုန်းကို နောက်တစ်ခါ ငုံ့ကြည့်လိုက်မိ၏။ နားစ်လေးက ဖုန်းပြန်ထားဖို့ လှည့်လွှဲလိုက်ပြီးမှ ကေး ပြန်ကြည့်လိုက်တော့ ပြောမလားဆိုပြီး ပြန်ကမ်းပေးသည်။

သူမ ဒီတိုင်းပဲ ငေးစိုက်ကြည့်နေတော့ မျက်လုံးအောက်မှာပဲ ချထားပေးလိုက်၏။ ကေး မျက်လုံးထဲမှာ မြည်နေသည့်ဖုန်းသံမဟုတ်ဘဲ သခင့်အော်သံတွေဖြစ်နေသည်။

ဦးကြီးမြတ်သူ ဆိုသည့် နာမည်စာလုံးတွေအစား သခင် ရိုက်ထည့်နေသော စာလုံးတွေကို ပြန်မြင်နေခဲ့၏။

"မင်းကို အရမ်းချစ်တယ်"

"ကိုယ့်ကို ပြန်ချစ်မယ်မို့လားဟင် .."

"မင်းကို ဘယ်လိုချစ်မိသွားလဲမသိဘူး"

ကေး မျက်လုံးတွေကို မှိတ်ပစ်လိုက်မိသည်။ ဒါပေမဲ့ အာရုံထဲမှာ



သူပြောနေတဲ့ စာလုံးတွေက ပေါ်နေဆဲ ..။

"သက်သေပြစရာမရှိပေမယ့် ကိုယ်ချစ်တယ်" တဲ့ ..

ဘယ်ပြနိုင်မလဲ၊ ရှင့်ရင်ထဲမှာ ဟန်ဆောင်မှုတွေချည်းပဲ ရှိတာကို။

ခုပဲ ချစ်တယ်ပြောပြီး ချက်ချင်း အကြမ်းပတမ်း ထဖြစ်သွားခဲ့သည်။ ပြီးတော့ လူကို ကိုင်ပေါက်ရိုက်သတ်တော့မလို ဆွဲလွှဲလှုပ်ခါရမ်းနေပြီး..

"ဆေးထိုးရမယ် ညီမလေး၊ ခဏလှဲလိုက်နော်"

ထိုစဉ် ..

"ဒုန်း .."

"ဟော့ .. မင်း ခုနောက်ဆုတ်စမ်း"

"ဆေးရုံကို ဘာမှတ်နေလို့လဲ"

"ကေး .. ကေး ကိုယ့်ကို စကားပြောခွင့်ပေးပါ၊ မင်းမနေချင်ရင် ကိုယ်ခေါ်မထားပါဘူး၊ ကေး .. ခဏလေးပဲ ထွက်ခဲ့ပါ .."

သခင့် အရပ်ကမြင့်တော့ အခန်းတံခါးမှာ စတုရန်းကွက်တပ်ထားသည့် ချောင်းကြည့်မှန်ချပ်လေးမှာ သူ့မျက်နှာပေါ်နေသည်။ မျက်မှန်နက်နှင့် ချောမွေ့နေသည့်မျက်နှာက နဖူးမှာလည်း ပတ်တီးနှင့် ..။

သူနဲ့ ကေး တစ်ယောက်ကိုတစ်ယောက် မြင်နေရကာ ..

"ကေး .."

မှန်ချပ်ကို လက်ဖဝါးနဲ့ပွတ်၍ ခေါ်သည်။ လက်ဖျားနဲ့ ပုတ်ခေါ်နေ၏။

"ကိုယ် မင်းကို မေ့ဖျောက်ပစ်ဖို့ ချစ်တာမဟုတ်ဘူး၊ ကိုယ် တကယ်ချစ်ခဲ့တာ၊ ကိုယ့်ကို ဒီလောက်ထိ အပြစ်ပေးရရင် ကျေနပ်ပါ ကေးရယ် ကိုယ့်ကို ခဏလောက် ထွက်တွေ့ပါ .."

သူ့ကို ကေး အပြစ်ပေးခဲ့မိသလား ..။

www.burmeseclassic.com

www.burmeseclassic.com



ကျွဲခတ်တော့မည့် လက်မတင်လေးကနေ သူ ကယ်တင်ခဲ့သည်။ ပြီးတော့ သူမနဲ့သူ တခြားစီ လွင့်ထွက်သွားခဲ့ပြီး ကေး မျက်လုံးမှာ ဒဏ်ရာ ထပ်ရခဲ့၏။

သူ့မျက်နှာကို မရွေ့လျားသော မျက်ဝန်းတို့နှင့် ငေးကြည့်နေရင်း ကိုယ့်ရဲ့ ညာဘက်မျက်လုံးကို ပြန်စမ်းကြည့်မိသည်။ ဒီမျက်လုံးကိုပဲ ထပ်ပြီး ထိခိုက်မိသဖြင့် အရေးပေါ်ခွဲစိတ်ခဲ့ရသည်။

မျက်မမြင်ဝဋ်ကြွေးကနေ လွတ်မြောက်ချိန်တန်ခဲ့သဖြင့် သူမရဲ့ နောက်ထပ်ထိခိုက်မိခြင်းက မျက်လုံးကို အလင်းရောင်ပြန်ရစေခဲ့သည်။

သူမ မျက်လုံးနှစ်ဖက်စလုံး မြင်နေရပါပြီ။ ဒါပေမဲ့ ပျော်ရွှင်ခြင်းတွေ ကင်းမဲ့နေခဲ့လျက် ...၊

"စားလေ သမီး ... ရော့ ... ဒါလေးစားကြည့် ..."

"ကျွန်တော် အသားဖွဲ့ပေးလိုက်မယ် ..."

လူတွေအများကြီး စုဝေးသော ညစာထမင်းဝိုင်းလေး ...။

တောမှာတုန်းက သူမ နားကြပ်ပျောက်နေသဖြင့် မပျော်နိုင်ခဲ့ပေ။ အားလုံးရယ်မောပျော်ရွှင်နေကြချိန်မှာ သူမ ငိုနေခဲ့ရ၏။

ခုလိုအချိန်မှာများ သူမ ထိုနေရာမှာ ရှိနေခွင့်ရခဲ့မည်ဆိုလျှင် ...

"ကေး ..."

"ပန်းသခင် ... မင်းကို ဒီ့ထက်သည်းမခံတော့ဘူးနော်"

"ကျွန်တော် ကေး နဲ့ စကားမပြောရဘဲ မပြန်နိုင်ဘူး အန်ကယ်"

"ပြန်မယ် သား၊ မင်းမှာလည်း ဒဏ်ရာတွေနဲ့ ..."

"မပြန်ဘူး တီတီ၊ ကေးနဲ့ ကျွန်တော့်အိမ်ထောင်ရေးကို သူတို့ စခိုင်းခဲ့တာ၊ သူတို့သဘောကျ ဆိုခဲ့ ငိုခဲ့ရပြီးပြီ၊ ထင်သလို ဓာတ်သိမ်းပစ်ဖို့အထိ ခေါင်းငုံ့မခံနိုင်ဘူး ..."



ကေး နေရာမှ ထလျှောက်လာခဲ့သည်။ သူမရဲ့ဘေးမှာ [illegible] နီးနီးလေး ကပ်ပါလာသဖြင့် ...၊

"ကေး ... စကားပြောမလို့ ..."

နှာစ်ခြေလှမ်း တုံ့ခနဲ ရပ်ကျန်ရစ်ခဲ့သည်။ ကေး ရှေ့ကို ဆက်လျှောက်လာခဲ့၏။ လူတွေအများကြီးနဲ့ ပြောဆိုရယ်မောခွင့်၊ အုပ်စုဖွဲ့ပြီး သွားလာပျော်ပါးခွင့် ...။

ဒါတွေကို စွန့်လွှတ်လိုက်တော့ဖို့ သူမ ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

တကယ်တမ်း ကိုယ်လိုချင်တဲ့အရာတစ်ခုကို ပေးဆပ်မှုတစ်ခုခု မရှိဘဲ မရနိုင်ဘူးဆိုတာ နားလည်ခဲ့သည့်နောက် ...။

"ရှင့်ကို ကေး မတွေ့ချင်ဘူး ..."

တံခါးနဲ့ လက်တစ်ကမ်းလောက်မှာရပ်လိုက်ပြီး သူ့မျက်နှာကို တည့်တည့်ကြည့်၍ပြောမိသည်။

သခင့် စကားသံတွေနဲ့တကွ ပတ်ဝန်းကျင်သည် တိတ်ကျသွားခဲ့လျက် ...

"ကျွန်မ ကန်းနေတုန်းက ရှင့် နှုတ်ခမ်းတွေကိုကြည့်ပြီး နားထောင်ခဲ့ရတယ်၊ ခုလည်း ရှင် ကျွန်မကိုမြင်နေရတယ်ဆိုတော့ နားလည်မှာပါ"

"မဟုတ်ဘူး၊ အဲ့လိုတစ်ခွန်းတည်း ပြောလိုက်ဖို့မဟုတ်ဘူးလေ"

"ရှင် ခုထွက်သွားပါ"

"ကိုယ် မင်းကိုချစ်တယ် ကေး၊ ကိုယ်ဘာအမှားလုပ်မိလို့လဲ၊ ဒါသအလျောက် ကိုယ့်စကားတွေ လွန်သွားခဲ့ရင်တောင် ကိုယ် မင်းကို ဘယ်သောက်ချစ် ..."

"ဟိတ်ကောင် ..."

"ဘာလဲဗျာ ...၊ စကားပြောခွင့်လေးတောင် ... ကဲကွာ ..."

www.burmeseclassic.com

www.burmeseclassic.com



"အမလေး သား ..၊ သားလေး သွေးတွေ ပြန်ထွက်ကုန်ပြီ၊ မလုပ်နဲ့တော့ .. တော်တော့ သား .."

"ဝုန်း .. ဒုန်း .."

ကေး ခြေလှမ်း တံခါးနားကပ်သွားသည်။ အပြင်က ထိုးကြိတ်လဲပြိုသံတွေကြောင့် နားလေးတစ်ဖက် တံခါးမှာကပ်လိုက်လျှင် ..

"မလုပ်နဲ့ ညီမလေး၊ တံခါးကို အပြင်က ထိခိုက်လိုက်ရင် ညီမလေးနားကို ဒဏ်ဖြစ်သွားမှာ .."

နှာစ်က အသည်းအသန် နောက်ကို ပြန်ဆွဲခေါ်၏။ ကေး မျက်ဝန်းလေးတွေက တံခါးအပြင်ဘက်ကို ထွင်းဖောက်မြင်နေသလို ထိတ်လန့်လှုပ်ရှားနေကာ ..

"အပြင်မှာ .."

"လုံခြုံရေး ခေါ်လိုက်တာထင်တယ်၊ ပြီးသွားပါပြီ"

သခင့်ကို ဆွဲခေါ်သွားကြတာလား။

ကေးက နှာစ်ဆွဲထားသည့်လက်ကို ခါချပစ်လိုက်ပြီး တံခါးနားပြေးကပ်သည်။ ပြီးတော့ နားကပ်ထောင်၏။ နှာစ် နောက်ထပ်ဆွဲခေါ်ဖို့ ကပ်လာတော့ တွန်းဖယ်ပစ်လိုက်ကာ ..

"လေးတော် .. လေးတော်တို့ ရှိနေတာလား"

အပြင်မှာ အသံတွေ တိတ်ဆိတ်သွားခဲ့ပြီဖြစ်၏။ ကေး မျက်ဝန်းမှာ မျက်ရည်တွေ ချက်ချင်းပြည့်သိပ်လာကြသည်။

ပြီးတော့ ကျွဲချိုကားတားကြီးတွေနဲ့ သူမ ကြားကိုပြေးဝင်လာသည့် သခင့်မျက်နှာကို မြင်ယောင်လာ၏။

လုံခြုံရေးခေါ်ပြီး ဆွဲထုတ်တဲ့အထိလိုလို့လား။

ဒဏ်ရာတွေနဲ့လူကို ထိုးကြိတ်ဆုံးမတာ နည်းလမ်းကျသလား။



ကေးတို့ကိစ္စကို ကေးတို့ဘာသာ ရှင်းလို့မရဘူးလား။

တံခါးကို ထုပစ်လိုက်ရင်း ရှိုက်ငိုလိုက်မိသည်။ နှာစ်လေး ထပ်ပြီးလည်းမတားရဲတော့ဘဲ ခြေမကိုင်မိ လက်မကိုင်မိတွေ ဖြစ်နေလေသည်။

"ကေး သူနဲ့ပတ်သက်ဖို့ မကြိုးစားတော့ဘူး၊ အဲဒါကို ကေး ဘာသာဆုံးဖြတ်ခွင့်မရှိဘူးလား၊ သူ့ကို ဒီလိုနှိပ်စက်ဖို့လိုလို့လား၊ ဦးတော်တို့ကို မုန်းတယ်" တဲ့ ..။

သူမ ပြောနေသည့်စကားတွေကို နားထောင်ရင်း နှာစ်မျက်နှာက လိုက်ငိုတော့မယ့်အတိုင်း။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၄၀]

"နောက်ကပါလာတယ်ထင်တယ်"

"ဟုတ်တယ် ကိုလေး၊ ဘယ်လိုလဲ .. လူ့မြင်း   နရာအရောက်ပို့ပြီး ဆုံးမလိုက်ရမလား"

"မလုပ်နဲ့တော့ .."

"မလုပ်ရင် ဒီကောင်လေး တော်ဝင်ဂေဟာအထိ ပါလာမှာ .."

လမ်းပေါ်မှာ ရွှေအိုရောင် ပရာဒိုကားကြီးနှင့် ဦးသူတော်တို့ သွားနေလျက် အလယ်ကားသုံးစီးအကွာလောက်ကနေ အနက်ရောင် ဆာ့ဖ်ကားက မလွတ်တမ်းလိုက်နေသည်။

သူ့ကားကို ကေးလည်းသိသည်။ ထို့ကြောင့် ကျောက်ရုပ်လေးလို ထိုင်နေရင်းကနေ နောက်ကို လှည့်ကြည့်မိ၏။

ကေး လှည့်ကြည့်လိုက်တာကို ဦးသူမြတ်က အံ့ဩဟန်နှင့် နောက်လှည့်၍ ..

"သမီး ဘာလိုချင်လို့လဲ၊ ဘာရှာတာလဲ"



"ကလေးက နားကြပ်မှမရသေးတာ၊ မင်းကလည်း .."

ဒါပေမဲ့ ကေး နောက်လှည့်ကြည့်လိုက်တာ သူတို့ပြောတာကို ကြားလိုက်တဲ့အတိုင်း ..။

"ကိုလေး ဘယ်လိုထင်လဲ"

"ဘာလဲ .."

"ကျွန်တော်တို့ကလေးက တကယ်ပြတ်သားပါ့မလား"

"သူကိုယ်တိုင် မုန်းတယ်လို့ ပြောတာပဲကွ၊ အစကလည်း ချစ်သူတွေမှမဟုတ်တာ၊ ငါတို့သာ ဒီကောင့်ကို ပညာပေးချင်လို့ ထမင်းဝိုင်းတည်ခင်းပြီး စားခွင့်မရှိဘူးလို့ လုပ်ပစ်လိုက်တာ .."

"ကိုကြီးကလည်း .."

"ကိုကြီးက ကလေးအတွက် မကျေနပ်တာမှန်တယ်၊ ဒါပေမဲ့ ကိုခန့်ကို တကယ်စိတ်ဆိုးလို့မှမဟုတ်ဘဲကွ၊ ယုံကြည်စိတ်ချရတဲ့ လူရင်းတွေမို့လို့ ချို့ယွင်းချက်ရှိနေတဲ့ ကိုယ့်ကလေးကို အပ်တဲ့သဘောပဲ .."

"ဟုတ်လို့လား ကိုလေးရာ၊ ကိုကြီးပဲ ဒီဒေါသကို စခဲ့တာပါ"

ဦးသူတော်က ကားမောင်းနေရင်း မိန့်မိန့်ကြီးပြုံးလိုက်ပြီး ..

"မင်းမသိလို့ပါ၊ ငါတို့ကိုကြီးက ငါတို့လိုမဟုတ်ဘူး၊ လူကြီးလူကောင်း ပိုပြီးပီသတယ်၊ မိတ်ဆွေကောင်းကိုလည်း တန်ဖိုးထားတတ်တယ်၊ ကိုခန့်ကို သူ ဘယ်တော့မှ ဆုံးရှုံးခံမှာမဟုတ်ဘူး၊ ကိုယ့်ဝန်ထမ်းဆိုတာထက် ပိုတယ်၊ ဒါကြောင့် သူလုပ်လိုက်တာက တကယ်လက်ထပ်ပေးလိုက်တာပဲ"

"ဒါပေမဲ့ .."

"နောက်ထပ်တားမြစ်ချက်တွေ ထည့်လိုက်တာကတော့ မိန်းကလေးရှင်က လက်ထပ်ပေးတာဖြစ်တဲ့အတွက် ကလေးရဲ့ဂုဏ်သိက္ခာကို ကာကွယ်ထားခဲ့တာပဲ၊ သူတို့တကယ် ချစ်ခင်စုံမက်လာတဲ့အထိ ထိန်းသိမ်းစေလိုတဲ့သဘော .."

www.burmeseclassic.com

www.burmeseclassic.com



"အင်း .. ကျွန်တော်ထင်တော့ ထင်ပါတယ်၊ ကိုကြီးက ဒီက အကြောင်းတွေကိုတိုင်ရင် သိပ်မှန်းမထောင်တာ .."

ဦးသူမြတ်က ကေး မျက်နှာလေးကို လှည့်ကြည့်သည်။ ပြီးတော့ နောက်ကကားကိုလည်းကြည့်ကာ ..

"ကိုလေး .. ဒီကောင် လုံးဝကပ်လိုက်နေတာနော်"

"လိုက်ပေ့စေ၊ ကိုယ့်ခြံထဲထိပါလာရင် သူကြမ္မာငင်တာပဲ၊ ဘယ်တော့မှ ထောင်ထဲကမထွက်ရအောင် လုပ်ပစ်လိုက်မယ် .. ဟွန်း .."

"ဟုတ်တယ်၊ ကိုယ့်ခြံဝန်းပိုင်နက်ထဲမှာ ကိုယ့်ဥပဒေပဲ .."

ဦးသူမြတ် ကလည်း ကြိမ်းဝါးသည်။

"ကျွန်တော်စိုးရိမ်တာ တစ်ခုပဲရှိတယ်၊ ဒီကောင်လေးက လက်ရဲဖက်ရဲနဲ့ တစ်စက်မှ တွန့်ဆုတ်တာမရှိဘူး၊ သူနဲ့တွေ့ရင် ကလေး ပျော့ညံ့သွားမလားလို့၊ ရုပ်ရည်ကလည်း .."

"သေအောင်ချောပါစေကွာ၊ ကလေးစိတ်နာနေရင် ဒီကောင့် ရဲတင်းမှုတွေကပဲ မုန်းတီးစရာတွေဖြစ်လာမှာပါ၊ အဓိကက ဟုကိစ္စ ကလေး မသိဖို့ပဲ .."

ဦးသူမြတ်က မျက်လွှာလေးချပြီး တောင့်တောင့်လေးငြိမ်နေသည့် ကေး ကို တစ်ခါလှည့်ကြည့်ပြီးမှ ..

"သခင်က သူ့မျက်လုံးတစ်ဖက်က မျက်ကြည်လွှာပေးထားခဲ့တာ ထုတ်ပြောလိုက်ရင်တော့ .."

"ဘာမှကြိုပူမနေနဲ့ ကိုမြတ်၊ မာနကြီးတဲ့လူတွေရဲ့ မာနစိတ်ကို ဆွပေးရတာ လွယ်ပါတယ်၊ သူတို့ကလည်း ပေးဆပ်အနစ်နာခံတယ်လို့ ပြောခဲ့ပြီးပြီ၊ ဘယ်တော့မှ ထုတ်မပြောရဲအောင် ငါတို့ပြောနိုင်ဖို့ပဲလိုတယ် .."

"ကောင်းတယ်၊ ကလေးကိုရမှာပဲထင်ပြီး မျက်လုံးတစ်လုံး အခုံးခံလိုက်တာ .. ဟွန်း ..၊ ငါတို့ကလေးကို ဒီလိုနဲ့ အပိုင်ရမှာပဲလို့ ထင်နေ



တာ .."

"အလကား .. မတန်မရာမှန်းတဲ့ကောင် .."

"မတန်မရာမှန်းမိတာ ကေး မဟုတ်ဘူးလား ဦးတော် .."

"ဟင်!..."

"သမီး!..."

ကားက တစ်ချက်ခါရမ်းသွားကာ လမ်းဘေးကို ထိုးချရပ်သွားခဲ့သည်။

"သမီး ..."

ဦးသူတော်တို့ ခေါင်းချင်းတိုက်မတတ် နောက်ကို ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။ ကေးကလည်း နှစ်ယောက်စလုံးကို အေးစက်သော မျက်ဝန်းလေးတွေနှင့် ငေးစိုက်ကြည့်နေရင်း ...၊

"မျက်လုံးတစ်ဖက်မမြင်၊ နားလည်းမကြားရတဲ့ လှောင်ချိုင့်ထဲက ငှက်တစ်ကောင်ကို ဘုရင့်ပခုံးပေါ်မှာ တင်ပေးပြီး မစင်စွန့်နိုင်းတာမျိုး ကေးကသာ မတန်မရာမှန်းခဲ့တာပါ"

"သမီး .. သမီး နားတွေ .."

"ကေး နားတွေ သတိရလာတည်းက ,ကြားနေတာ .."

ဟင်!...

ဦးသူတော်နဲ့ ဦးသူမြတ်တို့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ရင်း ဘာစကားမှ မပြောနိုင်တော့ပေ။

ထိုစဉ် သခင့် ကားကလည်း သူတို့ကားရဲ့ရှေ့မှာ ခပ်စောင်းစောင်း ထိုးရပ်လိုက်၏။

ကေးရဲ့ မျက်ဝန်းလေးတွေ ထိုကားဆီ တစ်ချက်ဝေ့သွားသည်။ ပြီးတော့ ..

"သူ့မျက်လုံးတစ်ဖက် ကေးကိုပေးခဲ့တာတောင် ဘာတွေထပ်ပြီး ပေးစေချင်သေးတာလဲ၊ ကေးက ဘာအကြောင်းတွေနဲ့ ထပ်ပြီး မုန်းရဲ

www.burmeseclassic.com

www.burmeseclassic.com



ဦးမှာလဲ"

"မဟုတ်ဘူး သမီး၊ ဦးမြတ်တို့က သမီးလေးအတွက် .."

"သိပါတယ်"

ပြောလိုက်ရင်း တံခါးပေါ်မှာ လက်တင်လိုက်ကာ ..

"ဦးမြတ်တို့ ကေး ကိုချစ်တာ သိတယ်၊ ဒါပေမဲ့ သူ့ကို ကေး ချစ်နေတာကိုတော့ ဦးမြတ်တို့ မသိဘူး"

"သမီး .."

"ကေးကို ထပ်ပြီး တားဆီးပိတ်ပင်ဖို့ မကြိုးစားပါနဲ့၊ ဒီတစ်ခါ ကေး လိုချင်တာမရရင် ကိုယ့်ကိုယ့်ကိုယ် အသေခံပစ်မယ်"

သမီး ...။

သူတို့ ဒီတိုင်းကျန်ရစ်ခဲ့ကြသည်။ ကေး က တံခါးဖွင့်ပြီး ဆင်း၏။ သခင်ကလည်း သူမတို့ကားနားကို ရောက်နေပြီဖြစ်ကာ ..

"ကေး .."

တစ်ယောက်နဲ့တစ်ယောက်သည် ကားရဲ့ ရှေ့နဲ့နောက်မှာ ရပ်နေကြရင်း မယုံနိုင်စွာ ငေးကြည့်နေမိကြ၏။

သူ ဒီလောက်ထိ ကိုယ့်အပေါ် ပေးဆပ်ခဲ့လိမ့်မည်လို့ ကေး ဘယ်လို မထင်ခဲ့ပေ။

ခုတော့ သူ့နဖူးက ပတ်တီးကြားမှ စိမ့်ယိုနေသော သွေးစီးကြောင်းက ကေးရဲ့နှလုံးသားထိ စိမ့်ဝင်စီးမျောသွားသည့်နှယ် ...။

"သခင် .."

နှုတ်မှ ဖွဖွခေါ်ရင်း ရှေ့ကို တစ်လှမ်းတိုးမိသည်။ သူ့ရဲ့နဖူးက သွေးစီးကြောင်းက သူ့လည်ပင်းအထိ စီးကျနေတာကို ငေးရင်း ကေး မျက်ဝန်းမှာ မျက်ရည်တွေဝေ့တက်လာ၏။

သခင် ကလည်း ထိုနည်းတူ ...။

ဒီကားရှေ့မှာ သူအတိုက်ခံပြီး ကေးကို ခေါ်ထုတ်ရမှာလား၊ ကေး



နဲ့ တွေ့ခွင့်ရရင်ရော ဘယ်လိုဥပေက္ခာတွေနဲ့ ချုပ်ထားရစ်ခဲ့မှာလဲ။

စသည့် အတွေးတို့နှင့် စွန့်စားဖို့လည်း ဆုံးဖြတ်ခဲ့သည်။ ဒါပေမဲ့ သူမက သူ့ရှေ့မှာ ခြေစုံရပ်၍ ရီဝေစူးလက်သော မျက်ရည်ဝေ့သည့် မျက်ဝန်းလေးတွေနှင့် ရှိနေခဲ့ပြီး ..

သူမ ဘာပြောချင်တာလဲ၊ နောက်ဆုံးနှုတ်ဆက်ခွင့်နဲ့ ရောက်လာတာလား၊ ဘာတွေပြောခဲ့တာလဲ။

"သခင် .."

ကေး ရှေ့ထပ်တိုးသည်။ ပြီးတော့ သူ့မျက်နှာကိုမော့ငေးရင်း သူ့မျက်မှန်ကို ညင်သာစွာ ဆွဲယူလိုက်၏။ ထို့နောက် မျက်ဝန်းတို့ကို မော့ငေးနေရင်း ...၊

"ကေးကို ရှင် အဲလောက်ထိ ချစ်တာလားဟင် .."

"ကေး ရယ် .."

ပျော်တာလား၊ ကြေကွဲသွားတာလားမသိ ...။

သခင် ရင်ထဲမှာ လှိုက်ခနဲ စူးနင့်သွားခဲ့ရင်း သူမ ပခုံးလေးကို ဆွဲယူ၍ ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားလိုက်မိသည်။

"မင်းကို သိပ်ချစ်တယ် ကေး၊ မင်းရဲ့နားတွေ မကြားပေမယ့် ချစ်တယ်၊ မင်းအတွက် ကိုယ့်မျက်လုံးပေးလိုက်ရပေမယ့် ကျေနပ်တယ်၊ အခုရော .."

သူ ဖုန်းထုတ်လိုက်ပြီး စာတွေရိုက်နေသည်။ ကေး လည်း ဒီတိုင်းပဲ ကြည့်နေလိုက်၏။

"အခု မင်းသိလား၊ ကိုယ်က မျက်လုံးတစ်ဖက်မကောင်းဘူး၊ မင်းက နှစ်ဖက်စလုံးကောင်းသွားပြီ .."

"နောက်ထပ် မင်းအားငယ်ဖို့ မလိုတော့ဘူး .."

"ဒါပေမဲ့ ကိုယ့်ကိုပြန်ချစ်ဖို့တော့ စဉ်းစားပေးပါ၊ ကိုယ် ဘယ်တော့မှ မင်းကိုမအော်တော့ဘူး၊ မင်းသဘောမတူဘဲ ဘာတစ်ခုမှလည်း မကျူး

www.burmeseclassic.com

www.burmeseclassic.com



လွန်ဘူး၊ ကိုယ်တို့ ရည်းစားပြန်ထားကြမယ်လေ ..."

သူစားရိုက်နေသည့် ဖုန်းစခရင်ပေါ်ကို ကျွေး ရဲ့မျက်ရည်စက်လေးတွေ ခုန်ဆင်းသွားသည်။

သူ ချော့မလို့ သူမရဲ့ပခုံးလေးကိုဖက်လိုက်တော့ သွားလေးတွေပေါ်အောင် ရယ်နေသည့် မျက်နှာလေးမော့လာပြီး ..

"ရှင့်ကို ကေားချစ်တယ် သခင် .."

အချစ်နဲ့ ညီညွတ်ခြင်းသည် မှုဝေနားလည်ခြင်းသာ ဖြစ်သည်မို့ ..။

**လရောင်ကျူးရင့်**

www.burmeseclassic.com